www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## အမြီးကြီးမားမီးနဂါး



www.burmeseclassic.com

(၁၄)

# စွန့်လွှတ်ရခြင်း ဝေဒနာ

ယီတာသည် သိုင်းပညာစွမ်း လွန်စွာထက်သူဖြစ်လေသည်။

သို့သော် အဆိပ်မင်းသားကြီး စမ့်ဟူး၏သမီးကိုတော့ အထင်မသေးဝံ့ပေ။ အထင်မသေးဟုဆိုရမည်ထက် အထင်ကြီးနေသည်ဟူ၍သာ ပြောဆိုရပေတော့မည်။

ယခုတိုက်ပွဲမှာ လွန်စွာအရေးကြီးလှသည်။ အဆင်မသင့်လျှင် သေဆုံးနိုင်သည်။

ဤမျှအရေးကြီးသောအချိန်တွင် မိမိမှာ အဆိပ်မြူအဆိပ်မိနေသည်။

မြေပါကျင်လင်သည် ငယ်ရွယ်သလောက်ဉာဏ်သွားလှ၏။

သူမသည် အဆိပ်မင်းသားကြီး စမ့်ဟူး၏သမီးဖြစ်ရကား အဆိပ်မျိုးစုံ၊ လက်နက်မျိုးစုံ၊ လက်နက်ပုံးအမျိုးမျိုး ထုတ်သုံးရန်မှာ သေချာသလောက် ရှိနေသည်။

ထို့အပြင် သူမ၏သိုင်းပညာမှာလည်း အလွန်ဆန်းကြယ်နက်နဲပေလိမ့်မည်။

အဆိပ်မင်းသားကြီး စမ့်ဟူးသည် သိုင်းလောကတွင် သိုင်းကွက်အကောင်းဆုံး မကိုင်ဦးဒွေ့ျာင် ထိတ်ခေါင်တင် မဟုတ်ပါ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့သိုင်းပညာသည် ပရိယာယ်မာယာများလှသည်ဟု သိုင်းလောကဌ် ကျော်ကြားခဲ့ပေသည်။

ကျင်လင်သည် သူမဖခင်၏သိုင်းပညာကို အမွေခံရရှိထားမည်မှာ သေချာနေသည်။ ထို့ကြောင့် ဤမျှမောက်မာသောစကားကို ပြောဆိုခြင်း ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် ယိတာ့အနေဖြင့် အဆိပ်မင်းသားကြီး စမ့်ဟူး၏ သမီး မြွေပါကျင်လင်အား အနိုင်တိုက်ခိုက်ဖို့ မလွယ်ကြောင်း သုံးသပ်မိလေ၏။

ကျင်လင်သည် သံလှောင့်ချိုင့်ကြီးကို ကျောပေးပြီး မလှုပ်မယှက်ရပ်ကာ လက်တစ်ဖက်ကိုမြှောက်ပြီး ယိတာ၏လှုပ်ရှားမှုကို စောင့်ကြည့်နေမိလေ၏။

ယိတာက မြွေပါကျင်လင်နှင့် သူ့အကွာအဝေးကို တွက်ဆလိုက်၏။ ရှေ့ကို ခြေနှစ်ချောင်း လှမ်းတိုးလိုက်သည်။ သို့တိုင် အကွာအဝေးက အတန်ပင် ကွာလှမ်းနေသေးသည်။

ယိတာ သိသည် ... သူမသည် ကျင်လင်ကို ပေါ့ဆသော တိုက်ကွက်များနှင့် တိုက်ရန် မဖြစ်သလို အချိန်ဖြုန်းရန်လည်း မဖြစ်ချေ။

ဤနန်းတော်ပျက်ကြီးမှာ သူမ၏ဌာန ဖြစ်နေသည် မဟုတ်ပါလား။ သူမကို တိုက်သည်ဆိုလျှင် တစ်ကွက်ဆို ဆိုသလောက် ထိရောက်သော တိုက်ကွက်ဖြင့် တိုက်ရပေမည်။

ကျင်လင်သည် သူမ၏ခေါင်းမှ ဆံပင်များကို ဖြန့်ချလိုက်သည်။



သူမ၏ဆံပင်ထဲတွင် ရွှေရောင်ငွေရောင် လက်နေသည်ကို မြင်ရ၏။ ထိုရွှေရောင် ငွေရောင်များမှာ အခြားမဟုတ်ချေ။ လက်နက်ပုန်းကလေးများစွာကို ချိတ်တွယ်ထားခြင်း ဖြစ်လေသည်။

ယိတာက အချိန်မဖြုန်းတော့ချေ။ မြွေပါကျင်လင်၏ လက်ယာဘက် ခပ်ယွန်းယွန်းသို့ မြားတစ်စင်း ပစ်လွှတ်ပြီး ရုတ်တရက် လွှားခနဲ ခုန်ဝင်သွားလေသည်။

သူမသည် ကိုယ်တစ်ခြမ်းစောင်းလျက် နောက်တစ်ကြိမ် ခုန်ဝင်ပြန်၏။ ထိုခုန်ချက်သည် မြွေပါကျင်လင်ဆီသို့ ရောက်ရှိသွားလေသည်။ သူမသည် အတွင်းအားကို အကုန်ထုတ်လိုက်၏။

ကျင်လင်၏ဦးခေါင်းနှင့်ရင်ဘတ်ကို ကန့်လန့်ဖြတ်ရိုက်ချသည်။

သူမ၏ရိုက်ချက်မှာ အလွန်ပြင်းထန်လှရကား ကျင်လင်သည် လုံချရှောင်တိမ်းရသည်။ ထိုသို့ရှောင်တိမ်းချက်မျိုးမှာ အလွန်တရာ ရုပ်ပျက်ဆင်းပျက်နိုင်လှသည်။

သူမသည် ကြမ်းပြင်ပေါ်၌ ကိုယ်ကိုလိမ့်၍ ရှောင်ထွက်သွားရလေ၏။

'ထန်း ... ထလန်း ... ထန်း'

ယိတာ၏ ပြင်းထန်သောရိုက်ချက်သည် မြွေပါကျင်လင်အားမထိဘဲ သူ့နောက်မှ သံလှောင့်ချိုင့်ကြီးကို ထိသွားသည်။

ယိတာသည် အတွင်းအားကို အစွမ်းကုန်ထုတ်ထားသဖြင့် အတွင်းအားများသည် တဟူးဟူးထနေ၏။

သံလှောင်ချိုင့်ကြီးကို သူမ၏လက်ဝါး ထိခိုက်သွားရာ ပြင်းထန်သောအသံကြီး ထွက်ပေါ်လာပြီး နေရာနှစ်နေရာတွင် ချိုင့်ခွက်

www.burmeseclassic.com

www.burmeseclassic.com



ဝင်သွားသည်။ သံတိုင်များမှာ ပြင်းထန်စွာ တုန်ယင်သွားလေရကား ဆတ်ဆတ်ခါသော အသံကြီးသည် ထွက်ပေါ်လာလေ၏။

'ထန်း ... ထလန်း ... ထန်း'

အသံကြီးမှာ ပြင်းထန်လွန်းလှသဖြင့် လှောင့်ချိုင့်အတွင်းရှိ ကွမ်ယာမှာ နားနှစ်ဖက်ကို စုပိတ်ထားရသည်။

ယီတာ၏ပြင်းထန်သောအတွင်းအားနှင့် အဆင့်မြင့်သော သိုင်းကွက်ကို တွေ့လိုက်ရသောအခါ ကျင်လင်သည် တစ်ချက်စိုးရိမ်သွားလေ၏။ သူမသည် ယီတာ့ကို အထင်မသေးဝံ့တော့ချေ။

မြေပါမြီးကျာပွတ်ကို နောက်ကျော၌ သိမ်းဆည်းလိုက်သည်။ လက်ယာဘက်မှ နောက်ကျောရှိ အရာတစ်ခုကို ယူလိုက်သည်။

ဖြူဖွေးသော ပိုက်ကွန်တစ်ခုပေတည်း။

ပိုက်ကွန်မှာ ထူးခြားလှ၏။ ပိုက်ကွန်ကို ငါးမှျားချိတ်ပေါင်း မြောက်မြားစွာဖြင့် ရက်လုပ်ထား၏။

မည်သည့်နေရာထိထိ ငြိတွယ်မှာ သေချာနေသည်။ ထို ငါးမှျားချိတ်အားလုံးတွင် အသားဆွေး အရိုးကြေအဆိပ်ကိုလည်း သုတ်လိမ်းထားသည်။ ကြောက်မက်ဖွယ်ရာ လက်နက်ပေတကား။

ကျင်လင်သည် ငါးမှျားချိတ်ပိုက်ကွန်ကို ကျင်လည်စွာ ဆော့ကစားပြနေ၏။ သူမ ကျင်လည်စွာကစားပြပုံမှာ ဝါးတစ်ချောင်း ကို ကျွမ်းကျင်စွာ ကစားပြမှုနှင့် တူနေ၏။

ငါးမှျားချိတ်ပိုက်ကွန်သည် ထီးကဲ့သို့ ပွင့်ကားသွားသည်။ ဇေ့ယမ်းလိုက်သောအခါ မိုးပွင့်ကလေးများစွာ လွင့်ကြဲသကဲ့သို့ ထင်ရသည်။



ဆတ်ခနဲရိုက်ချသောအခါ တံမြက်စည်းတစ်ချောင်းကဲ့သို့ ရှေ့သို့မိုးကျလာသည်။

သိမ်းယူဆွဲလိုက်သောအခါ ကြိုးခွေတစ်ချောင်းလို ခွေလိမ် ပြီး သူမ၏လက်ထဲ ပါသွားသည်။

သူမသည် ထိုငါးမှျားချိတ်လက်နက်ကို အလွန်ကျွမ်းကျင်စွာ ကိုင်ဆွဲနိုင်ကြောင်း ယီတာ တွေ့ရှိရသည်။

ကျင်လင်သည် ငါးမှျားချိတ်ပိုက်ကွန်ကို ကစားပြနေသော် လည်း ရှေ့သို့ တိုးမလာခဲ့ပေ။

သူမ၏ကျောကိုမူ နန်းတော်ဟောင်းကြီး၏ ကျောက်သား နံရံအား အကာအကွယ်ယူထားပေ၏။

ကျင်လင်၏ထူးခြားမှုကို ယီတာ သတိပြုမိသည်။

ဤသို့ အကာအကွယ်ယူထားသူသည် ဟာစ်စုံတစ်ခုသော အားနည်းချက်ရှိနေပြီလားဟု ယီတာ တွေးမိသည်။

ယီတာက ပြင်းထန်သော ဒုတိယတိုက်ကွက်ဖြင့် ကျင်လင် ၏အစွမ်းကို စမ်းသပ်ရန် ဆုံးဖြတ်လိုက်၏။

ကျင်လင်၏ခန္ဓာကိုယ်သည် ရုတ်တရက် တောင်ပေါ်မှ ကျလာသော သစ်တုံးကြီး လိမ့်ဆင်းလာသလို ယီတာထံသို့ တိုးဝင် သွား၏။

ယီတာနှင့် မလှမ်းမကမ်းသို့ရောက်မှ ခုန်ပျံတက်ကာ သူမ ၏လက်မှ ငါးမှျားချိတ်ပိုက်ကွန်ဖြင့် ပစ်ထည့်လိုက်တော့သည်။

ယီတာက စမ်းသပ်ရန် စိတ်ကူးနေတုန်း ရှိသေးသည်။

ကျင်လင်က တိုက်ခိုက်ခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ငါးမျှားချိတ်ပိုက်ကွန်က အလွန် အရှိန်မြန်လှသည်။

သို့သော် ယီတာသည် ထိုပိုက်ကွန်ကို လျင်မြန်စွာ ရှောင်တိမ်းနိုင်လေ၏။

သံချိတ်များသည် ကျောက်သားပြင်၌ ဒုတ်ခနဲစိုက်ဝင်သွားသည်။ သံချိတ်များနှင့် ဆက်စပ်ထားသော သံမဏိနန်းကြိုးမျှင်မှာ တင်းခနဲဖြစ်သွား၏။

ကျင်လင်က နန်းကြိုးမျှင်ကို အားပြုဆွဲငင်လိုက်စဉ်မှာပင် ယီတာသည် ကျင်လင်ထံသို့ လှံတစ်ချောင်းပြေးလာသလို ပြေးဝင်လာ၏။

ကျင်လင်သည် သံမဏိပိုက်ကွန်ကို ဖြန့်ကားလိုက်သော်လည်း သံမဏိပိုက်ကွန်နန်းကြိုးများသည် ရုတ်တရက် တွန့်ခေါက်ကာ ပိုက်ကွန်ကို မဖြန့်နိုင်ဘဲ ဖြစ်သွားသည်။

ယီတာ၏ရိုက်ချက်များသည် တဝုန်းဝုန်းဖြင့် မုန်တိုင်းတိုက်သကဲ့သို့ ဝင်လာ၏။

ကျင်လင်၏ဆံပင်များကလည်း ရုတ်တရက် ဖြာခနဲ ဝဲလွင့်ကာ ယီတာ၏ခန္ဓာကိုယ်ကို ရစ်ပတ်လိုက်၏။

ယီတာ၏လက်ဝါးရိုက်ချက်တစ်ချက်သည် ကျင်လင်ကို ထိသွားသည်။

'ဝုန်း ...'

ကျင်လင်သည် တစ်ဖက်သို့ ယိမ်းယိုင်သွားသည်။ ယီတာမှာ ကျင်လင်၏ဆံနွယ်ကြားမှ ရုန်းထွက်နိုင်ခဲ့လေသည်။

'ရွှမ်း ...'



ကျင်လင်သည် လက်ဝဲဘက်မှ မြွေပါမြီးကျာပွတ်ကို ဖျတ်ခနဲ ဆွဲပြီး ယီတာအား ရိုက်ချလိုက်၏။ မြွေပါမြီးကျာပွတ်သည် ယီတာ၏ လက်ဝဲဘက်လက်မောင်း ကို ဖြတ်ထိသွား၏။

ယီတာ အသည်းခိုက်အောင် နာသွားသည်။ ပြင်းထန်သော ဝေဒနာကြောင့် ခန္ဓာကိုယ်ကို တစ်ပတ်လှိမ့်ပြီး ထွက်ခွာရ၏။

လက်မောင်းတွင် သွေးစီးကြောင်းကြီးတစ်ခု ဖြစ်ပေါ်နေသည်။ ဒဏ်ရာက မပြင်းထန်ချေ။

ကျာပွတ်၌ သုတ်လိမ်းထားသည့် အဆိပ်များကြောင့် ဤမျှ နာကျင်ခြင်းဖြစ်သည်။

အသည်းခိုက်အဆိပ် ...။

ထိုအဆိပ်ကို ကျင်လင်သည် မြွေပါမြီးကျာပွတ်တွင် သုတ်လိမ်းထားသည်။

ထိုအဆိပ်သည် အလွန်အမင်း နာကျင်မှုကို ခံစားစေသည်။

အမှန်မှာ ကျင်လင်သာ ယီတာ၏ လက်ဝါးရိုက်ချက်ဒဏ်ကို ခံရခြင်းဖြစ်သည်။

ခံရသူနှစ်ယောက်တွင် ကျင်လင်၏ခံစားချက်က မသက်သာပေ။ သူမ အတွင်းဒဏ်ပင် ရရှိသွားသည်။

သို့သော် ကျင်လင်သည် ဟန်မပျက် ဆက်ရပ်နေပေသည်။

ထို့ကြောင့် ယီတာက ကျင်လင် ဘာမျှမဖြစ်ဟုထင်ပြီး ဖြုံသွားခဲ့ရပေသည်။

ယီတာမှာ နာကျင်မှု လွန်စွာခံစားလိုက်ရသဖြင့် မျက်နှာတစ်ပြင်လုံး ရှုံ့မဲ့သွား၏။ မြေပြင်မှ လူးလိမ့်ထလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို တော်တော်ထိန်းသိမ်း၍ ထရ၏။ အတော်ကြာမှ အဆိပ်ဒဏ်ပြေသွား၏။ ယီတာကြည့်နေစဉ် အခန်းထဲ၌ မြူနှင်းများ ပိတ်ဖုံးလာသလို ဖြစ်လာသည်။

နှင်းငွေ့မြူငွေ့များသည် တကယ် ယှက်သန်းပိတ်ဖုံးလာသည်။ အငွေ့ဖြူများထဲတွင် ကျင်လင်သည် ပျောက်ကွယ်သွားတော့သည်။

မကြာမီ နန်းတော်ဟောင်းကြီးတစ်ခုလုံးကို အငွေ့ဖြူများ ဖုံးအုပ်လာတော့သည်။ ယီတာသည် အသက်ကို မရှူတော့ပေ။ အောင့်ထားလိုက်သည်။

အဖြူငွေ့များသည် အဆိပ်ငွေ့များ ဖြစ်နိုင်သည် မဟုတ်ပါလား။ နှင်းကဲ့သို့သော အဖြူငွေ့များထဲတွင် လူရိပ်တစ်ရိပ်ကို တွေ့ရ၏။

ကျင်လင်သည် တဖြည်းဖြည်းရှေ့သို့ တိုးလာနေသည်။ ယီတာ ငြိမ်သက်စွာ ရပ်တန့်ပြီး ကျင်လင်ကို အာရုံစူးစိုက်ထားသည်။

ကျင်လင်သည် သိုင်းကွက်ခင်းလျက် ရှေ့သို့ တိုးလာနေသည်။

ကျင်လင်၏သိုင်းကွက်များမှာ ထူးခြားဆန်းကြယ်သော သိုင်းကွက်များ ဖြစ်သည်။

သို့သော် သူမ၏သိုင်းကွက်များမှာ ခန္ဓာကိုယ်ရှေ့ပိုင်းကိုသာ ကာကွယ်ခြင်း၊ တိုက်ခိုက်ခြင်းဖြစ်ပါသည်။

နောက်ကျောဘက် ၌ လုံးဝလစ်ဟာနေသည်။

သူမသည် ထူးဆန်းစွာ သိုင်းပညာကို တစ်ခြမ်းတည်း သင်ထားခဲ့ပုံရသည်။ နောက်ကျောအတွက် သင်ကြားထားခဲ့ပုံ မရပေ။



ထို့ကြောင့် သူမသည် ယီတာနှင့်မတိုက်ခိုက်မီက အဒေါ်ချွန်အား ဝင်မတိုက်စေရန် ကတိတောင်းခဲ့ခြင်းပင်။

သူမက ယီတာနှင့် ယှဉ်ပြိုင်တိုက်ခိုက်နေစဉ် အဒေါ်ချွန်က သူမအား နောက်ကျောမှ ဝင်ရောက်တိုက်ခိုက်ပါက သူမ မရှုမလှ ရှုံးမှာ သေချာပေသည်။

ယီတာသည် ပရိယာယ်များကြားမှ ထိုးဖောက်တိုက်ခိုက်လာသော ကျင်လင်၏ လက်ဝါးရိုက်ချက်များကို ဆီး၍ခံလိုက်ရ၏။

လက်ဝါးရိုက်ချက်က တည့်တည့်ကျမလာပေ။ အဆင့်ဆင့် ၁း ယ်ညာ ပြောင်းလဲပြီး ရုတ်တရက် ယီတာ၏ လက်ကောက်ဝတ်ကို ကုတ်ဆွဲလိုက်၏။

ယီတာမှာ သူမ၏လက်ကောက်ဝတ် ကုတ်ဆွဲမခံရအောင် နောက်သို့ ခုန်ရှောင်လိုက်စဉ် ရုတ်တရက် အဖြူရောင်အငွေ့များသည် အပြာနုရောင်သို့ ပြောင်းလဲသွားလေ၏။

ကျင်လင်၏ ထူးခြားသော အစီအရင်များပေတည်း။

ယီတာသည် ပြောင်းလဲသွားသော အငွေ့များကြား၌ ရုတ်တရက် အမြင်အာရုံ မှုန်ဝါးသွားသည်။

အသက်မရှူဘဲနေရခြင်းနှင့် အတွင်းအားကို အစွမ်းကုန် မမြှင့်နိုင်သော အခြေအနေတွင် ကျင်လင်သည် မြွေပါတစ်ကောင်ကဲ့သို့ နောက်ကျောဘက်မှ ခုန်အုပ်လိုက်တော့သည်။

ယီတာသည် မတတ်နိုင်တော့ပေ။

တကယ့် သေရေးရှင်ရေးပင်။

သူမသည် ကိုယ်ကို လှန်ချလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



သူသေကိုယ်သေ တိုက်ကွက်ကိုထုတ်ပြီး လက်နှစ်ဖက်ကို ဆန့်ထုတ်လိုက်၏။

အံ့ဩစရာကောင်းသော လှုပ်ရှားမှုကို ကျင်လင်ပြုလုပ်သည်။ ကျင်လင်သည် လေထဲမှာပင် အပေါ်သို့ တစ်ဆင့်ခုန်တက်လျက် ဆန့်တွန်းလိုက်သော ယီတာ၏လက်နှစ်ဖက်ပေါ်သို့ ခြေစုံခုန်တက်ရပ်လိုက်၏။

သူမသည် ယီတာ၏ဦးခေါင်းကို သူမ၏လက်နှစ်ဖက်ဖြင့် စုံညှပ်ရိုက်ချလိုက်လေ၏။

သေကွက် ...

ယီတာ၏ သေကွက်ပင်။

သို့သော် ယီတာသည် ခွန်အားကို အားကုန်ထုတ်ကာ ထိုအသေတိုက်ကွက်ကြားမှ သူမ၏ဦးခေါင်းကို အောက်သို့ နှိမ့်ချလိုက်၏။

စုံညှပ်လိုက်သော လက်နှစ်ဖက်ကြားမှ ယီတာ၏ဦးခေါင်းသည် လွတ်ထွက်သွား၏။

သို့သော် နောက်ဆက်တွဲဝင်လာသည့် ကျင်လင်၏ ခြေကန်ချက်ကိုတော့ သူမ မရှောင်နိုင်ပေ။

ခြေကန်ချက်သည် ယီတာ၏ပခုံးနှင့်ကျောပြင်ကို ဆက်တိုက်ထိသွား၏။

"အင့် ..."

'ဝုန်း ...'

ယီတာသည် သုံးပတ်လည်၍ လွင့်စဉ်သွားလေ၏။



"သခင်မလေး"

အဒေါ်ချန်သည် ထိတ်လန့်တကြား အော်ဟစ်လိုက်သည်။

သူမ အလွန်စိုးရိမ်သွားသည်။

သခင်မလေးယီတာ ဤသို့ ခံရတာမျိုး သူမ မကြုံဖူးခဲ့ပေ။

ယခုတော့ တိုက်ခိုက်မှုအားလုံးသည် ရပ်တန့်သွား၏။ အပြာရောင်အငွေ့များသည် လွင့်ပြယ်သွားချေပြီ။

ကျင်လင်သည် ခါးထောက်၍ မားမားမတ်မတ်ရပ်နေသည်။ သူမသည် အောင်နိုင်သူ၏အကြည့်ဖြင့် ကြည့်လျက်ရှိသည်။

ယီတာသည် လဲကျနေရာမှ အားယူ၍ ဖြည်းညင်းစွာ ထလာသည်။ ယီတာသည် လက်ကာပြလိုက်၏။

အဒေါ်ချန်သည် ခြေလှမ်းများ တုံ့ခနဲရပ်သွား၏။

ယီတာက သူမပခုံးပေါ်သို့ စိုက်ဝင်နေသော စကြာလက်နက်ပုန်းကလေးများကို နုတ်ပစ်လိုက်၏။

ကျင်လင်သည် သူမ၏ခြေထောက်နှင့်ကန်ပြီးနောက် သူမ၏ ဆံပင်များကို ခါသွားခဲ့သည်။

ထိုအခါ ဆံပင်မှ လက်နက်ပုန်းများသည် ယီတာ၏ပခုံးကို စိုက်ဝင်သွားခဲ့ခြင်းဖြစ်သည်။

ခြေကန်ချက်မှာ အလွန်တရာ ပြင်းထန်လှ၏။ ယီတာ၏ အတွင်းအားများ ဆုတ်ယုတ်သွားရသည်။

အဖြူရောင်အဆိပ်ကလည်း နှစ်ဆတိုး၍ တန်ခိုးပြလာသည်။ သူမ ပို၍ အင်အားဆုတ်ယုတ်လာရသည်။

ပခုံး၌စိုက်သော လက်နက်ပုန်းများကလည်း အဆိပ်စွမ်းပြ

www.burmeseclassic.com

www.burmeseclassic.com



ပေဦးမည်။ သူမသည် ခန္ဓာကိုယ်တွင်း၌ အဆိပ်များ အများအပြား တိုးတက်လာပေဦးမည်။

ကျင်လင်က ...

"ယီတာ ရှင်ရှုံးပြီထင်တယ်၊ ဘယ်လိုသဘောရသလဲ"

ယီတာသည် အတန်ကြာ တွေဝေနေ၏။ နောက်ဆုံး သူမသည် သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း ... ငါရှုံးပြီ"

"ရှင့်ကို ကျွန်မသဘောကျတယ်၊ ခပ်ပြတ်ပြတ်ပဲ၊ ဒီလိုဆိုရင် ကွမ်ယုအတွက် ဖြေဆေးပေးပေတော့"

လီတာ ပခုံးတွန့်လိုက်၏။

"ရှင်ကလည်း အဒေါ်ချန်အတွက် ဖြေဆေးကို ပေးလေ"

ယီတာက ကွမ်ယုအတွက် စိမ်းပြာရောင် ဆေးပုလင်းကို အဒေါ်ချန်အား ပေးလေ၏။

အဒေါ်ချန်သည် ယီတာထံမှ ဆေးပုလင်းကိုယူပြီး ကျင်လင်ထံ လျှောက်သွား၏။

ကျင်လင်ကလည်း ခပ်ပြတ်ပြတ်ပင်။ အဒေါ်ချန်အတွက် အဆိပ်မြူဖြေဆေးကိုပေးပြီး စိမ်းပြာရောင်ဆေးရည်ကို လှမ်းယူထားလိုက်သည်။

ထို့နောက် အသေအချာ သိမ်းဆည်းလိုက်၏။

◈ ◈ ◈



## (၁၁)

အဒေါ်ချန်သည် အဆိပ်မြူဖြေဆေးကို သခင်မလေးယီတာအား ရိုသေစွာ လှမ်းပေးလေ၏။

"ဒီဖြေဆေးကို သခင်မလေးပဲ သောက်လိုက်ပါ၊ ကျွန်မက အသက်ကြီးပါပြီ၊ ကျွန်မ သေလို့လည်း ဘယ်သူမှ ဝမ်းမနည်းတော့ပါဘူး။ ကျွန်မ အသေခံတာ ပိုပြီး သဘာဝကျပါတယ်"

ယီတာသည် ပြုံး၍ ခေါင်းခါလေ၏။

"ကျေးဇူးတင်ပါတယ် အဒေါ်ချန်၊ ဖြေဆေးကိုတော့ ရှင်ပဲ သောက်ပါ၊ ကျွန်မ ချက်ချင်းမသေပါဘူး။ အမြန်ဆုံးသေရင် ခြောက်လကျမှ သေမှာပါ၊ ဒီတော့ ကျွန်မ ချက်ချင်းမသေသေးဘူး၊ ရှင် အမြန်ဆုံး ထမ်းခေါ်ဖို့ ပြင်ဆင်ပေတော့"

"သခင်မလေးရယ်"

"ကျွန်မကိုယ်ထဲကအဆိပ်အတွက် ဖြေဆေးကို ကျွန်မဖော်စပ်နိုင်ပါလိမ့်မယ်လို့ ကျွန်မယုံကြည်တယ်၊ ဖော်စပ်နိုင်အောင်လည်း ကျွန်မ ကြိုးစားမယ်၊ ရှင် ကျွန်မကို ကူညီပေါ့"

သူမသည် ထိုသို့ပြောပြီး ကွမ်ယုထံသို့ နူတ်ဆက်သော အကြည့်ဖြင့် တစ်ချက်လှမ်းကြည့်လိုက်သည်။

သူမ ကွမ်ယုကို မကယ်နိုင်တော့ပြီ။

ထိုအချိန်တွင် နန်းတော်အတွင်းသို့ မည်သည့်အချိန်

www.burmeseclassic.com

www.burmeseclassic.com

တိတ်တဆိတ် ရောက်နေမှန်းမသိသော လူတင်းသည် သံလှောင့်ချိုင့်ကြီး နောက်ကွယ်မှ ဖြည်းညင်းစွာ ထွက်ပေါ်လာလေ၏။

သူသည် မြွေပါကျင်လင်ထံသို့ တိတ်တဆိတ်ချဉ်းကပ်နေသည်။

ထိုမြင်ကွင်းကိုတွေ့ရသော ယီတာသည် ရုတ်တရက် အံ့အားသင့်သွား၏။ ငေးကြောင်ကြည့်နေမိသည်။

လူတင်းမှာ ချွတ်နင်းချဉ်းကပ်လာနေသည်။

သူသည် မြွေပါကျင်လင်၏ နောက်ကျောဆီသို့ ရောက်လာသည်။

ထိုအခါ သူသည် လက်နှစ်ဖက်ကိုမြှောက်၍ သူ၏နာမည်ကျော် အဲဆိပ်လက်ဝါးဖြင့် အားကုန်လွှဲကာ ကျင်လင်၏ကျောပြင်ကို ရိုက်ချလိုက်တော့၏။

'ဝုန်း'

"အား "

ကျင်လင်သည် ရှေ့သို့ငိုက်စင်းလဲကျသွားလေ၏။

လူတင်းက ...

"သေပေတော့ ...ငါ့ငန်းမြွေတွေကို ဒုက္ခပေးတဲ့ဟာမ"

လက်ကို မြှောက်လေ၏။ ထိုအခါ ယီတာက စူးရှကျယ်လောင်စွာ အော်ဟစ်တားမြစ်သည်။

"ရပ်လိုက်စမ်း လူတင်း ... လူတင်း ရပ်လိုက်"

မြွေဘုရင် လူတင်း၏လက်သည် လေထဲတွင် ရပ်တန့်သွားလေ၏။ ယီတာက ...



"ကျွန်မ တစ်ယောက်ချင်းတိုက်မယ်လို့ သူ့ကို ကတိပေးထားတယ်၊ ရှင် ဝင်မရှုပ်နဲ့"

လူတင်းက ...

"သခင်မလေး ကတိပေးတာတွေ ဘာတွေမသိဘူး။ ကျုပ်ကတော့ ကျုပ်ငန်းမြွေတွေကို ဒုက္ခပေးထားလို့ သူ့ကိုတိုက်တာ"

"ကျောဘက်က တိုက်တာကတော့ သိုင်းသမား မပီသပါဘူး"

"နိုင်ရာနဲ့ ကိုင်ရမှာပဲ၊ သူ့ကို ရှေ့ကတိုက်ရင် ကျုပ် ခံသွားရမှာပေါ့"

လူတင်းသည် မည်သို့ပင်ဖြစ်စေ ယီတာ၏အမိန့်ကို မလွန်ဆန်ဝံ့ချေ။ ထို့ကြောင့် အံကြိတ်ကာ နောက်ဆုတ်ရပ်လိုက်လေသည်။

ကျင်လင်သည် လဲကျနေရာမှ ဖြည်းညင်းစွာအားယူ ထလိုက်၏။

သူမသည် လူတင်းကို တစ်ချက်မျှ မကြည့်ချေ။

သူမသည် အဆိပ်ဖြေဆေးသုံးလုံးကို ထုတ်၍သောက်လိုက်၏။

လူတင်း၏ အဆိပ်လက်ဝါးကြောင့် ခန္ဓာကိုယ်အတွင်းသို့ ရောက်ရှိလာသည့် အဆိပ်များကို သူမ၏ အဆိပ်ဖြေဆေးက နိုင်နင်းမှာသေချာသည်။

သို့သော် လူတင်း၏ အတွင်းအားသုံး၍ ရိုက်လိုက်သော လက်ဝါးရိုက်ချက်ဒဏ်ကမူ ပြင်းထန်လှသည်။

ထိုရိုက်ချက်ကြောင့် သူမ၏ခန္ဓာကိုယ်ထဲ၌ အတွင်းဒဏ်ရာ ပြင်းထန်စွာ ရရှိသွားပေပြီ။ အချိန်ကြာမြင့်စွာ ကုစားရပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



လှတင်းသည် သူမ၏အားနည်းချက်ရှိသော နောက်ကျောဘက်မှဝင်ရောက်တိုက်ခိုက်သောကြောင့် ဤသို့ရိုက်နိုင်ခြင်းဖြစ်သည်။

သူမအနေဖြင့်လည်း မည်သို့မျှမကာကွယ်နိုင်ခြင်းဖြစ်သည်။

ဘေးမှ သို့မဟုတ် ရှေ့မှတိုက်လျှင်တော့ လှတင်း မရဏာပြည်သို့ ချဉ်းနင်းသွားရမည်ဖြစ်ပေသည်။

ကျင်လင်က ယီတာအား ပြုံးပြလိုက်သည်။

"ကျွန်မအသက်ကို ဝင်ကယ်တဲ့အတွက် ကျေးဇူးတင်ပါတယ် ယီတာ၊ ရှင်က ကျွန်မအသက်ကို ဝင်ကယ်တဲ့အတွက် ကျွန်မစိတ်ပြောင်းသွားပါပြီ၊ ရော့ ... ရှင့်အတွက် အဆိပ်ဖြေဆေးလုံး၊ ဒါကျွန်မရဲ့ ဖြူစင်တဲ့ မေတ္တာလက်ဆောင်ပါ"

အခေါ်ချွန်သည် ကျင်လင်ကမ်းပေးသည့် အဆိပ်ဖြေဆေးများကို ယူ၍ သခင်မ၏ လက်ထဲထည့်လိုက်၏။

ယီတာသည် ဖြေဆေးလုံးများကို လက်ထဲတွင်ကိုင်၍ အတန်ကြာ ငိုင်နေမိသည်။

ကျင်လင်က ...

"ကဲ ... ရှင်တို့နဲ့ ကျွန်မ စာရင်းရှင်းပြီးပြီဖြစ်တဲ့အတွက် ကျွန်မရဲ့ နန်းတော်ထဲက ရှင်တို့ ထွက်သွားကြပါတော့"

သူမသည် ပြတ်ပြတ်သားသားပင် နှင်လွှတ်လေ၏။ ယီတာက ...

"အင်း ... ငါတို့ ချက်ချင်းပဲ ထွက်သွားမှာပဲ၊ ဒါပေမဲ့ မင်းကို တစ်ခုတော့ မေးချင်တယ်"

"ဘာမေးမလို့လဲ"



"မင်းဟာ အလွန်ထူးဆန်းတဲ့ သိုင်းပညာတွေ တတ်မြောက်ထားပေမယ့် မင်းရဲ့နောက်ကျောကိုတော့ မင်း မကာကွယ်နိုင်ခဲ့ဘူး။ အဲဒါကို ငါအံ့ဩနေတာ၊ အဲဒါ ဘာဖြစ်လို့လဲ"

ကျင်လင်က မချိပြုံးပြုံးလိုက်သည်။

"အဲဒါ ကျွန်မရဲ့ လျှို့ဝှက်ချက်ဆိုပါတော့ရှင်၊ ဒီလျှို့ဝှက်ချက်ကို ကျွန်မ ဘယ်သူ့ကိုမှ မပြောခဲ့ဘူး။ ဒါပေမဲ့ ရှင့်ကိုတော့ ကျွန်မ ဖွင့်ပြောပါမယ်"

"ကျွန်မဖခင်ကြီး စမ့်ဟူးက ကျွန်မကို မယုံကြည်လို့ သိုင်းပညာ တစ်ခြမ်းကိုပဲ သင်ပေးခဲ့တယ်၊ ဒါကြောင့် ကျွန်မရဲ့ ကျောဘက်က အမြဲအားနည်းနေတာပါ၊ ကျွန်မလည်း ဖခင်ကြီးကို စိတ်နာပြီး ကျွန်မနာမည်ကို မြွေပါကျင်လင်လို့ နာမည်ပြောင်းလိုက်တယ်၊ ကျွန်မဖခင်ကြီး သိသွားတဲ့အခါ ကျွန်မကို သမီးအဖြစ်က စွန့်လွှတ်လိုက်တယ်၊ ကျွန်မကလည်း ဒီတောထဲက နန်းတော်ပျက်ထဲမှာ တစ်ယောက်တည်း လာနေတယ်၊ ကျွန်မဖခင်ကြီးက ကျွန်မကို မချစ်ဘူးလေ"

ကျင်လင်သည် တစ်ချက်ရှိုက်လိုက်၏။

ထို့နောက် ...

"ကဲ ... ရှင်တို့ ပြန်ပေတော့၊ ကျွန်မကိုယ်ထဲမှာ အတွင်းဒဏ်ရာ ရနေတယ်၊ ခံနိုင်ရည်အားက အတော်နည်းလာပြီ၊ ခွန်အားရှိတုန်း ကွမ်ယုကို ဖြေဆေးတိုက်ရဦးမယ်"

ကျင်လင်သည် ရီဝေစွာကြည့်ရင်း ပြောမိသည်။

ထိုအခါ ယီတာက လက်ပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ချန်နှင့် လူတင်းတို့သည် ယီတာကို ဖေးမကာ နန်းတော်ဟောင်းထဲမှ ထွက်ခွာသွားကြတော့၏။

ယီတာသည် နောက်သို့လှည့်ရင်း ကွမ်ယုဆီသို့ တစ်ချက်လှည့်ကြည့်သေးသည်။

ထို့နောက် ...

အံကိုတင်းတင်းကြိတ်ပြီး ခေါင်းငိုက်စိုက်ချလိုက်သည်။

စွန့်လွှတ်ခြင်းကြောင့် ရရှိသောဝေဒနာသည် ယီတာ၏ရင်ကို ခန္ဓာကိုယ်မှရရှိသော ဒဏ်ရာဒဏ်ချက်များထက် ပို၍နာကျင်စေပေသည်။

◈ ◈ ◈



(၅၆)

## အတိတ်ဇာတ်ကြောင်း

ကျင်လင်ထံမှ ပြန်လာခဲ့ပြီးနောက် ယီတာသည် အဆိပ်မြူမြေဆေးကို မသောက်ခဲ့ချေ။

သူမသည် အဆိပ်မြေဆေးကို အဘယ်ကြောင့် မသောက်ပါသနည်း။

မြွေခုနစ်ကောင်ကျောင်းတိုက်၏ မြေအောက်ခန်းထဲတွင် သူမသည် အဆိပ်မြူမြေဆေးကို စမ်းသပ် ဖော်ထုတ်နေသည်။

အဒေါ်ချန်ဟာ လိုအပ်သမျှကို အနီးအနား၌ ဆောင်ရွက်ပေးလျက်ရှိသည်။

မည်သည့်ဆေးမြစ်ကို လိုသနည်း။

အဒေါ်ချန် ယူဆောင်ပေးရသည်။

ယခင်ကတည်းက အဒေါ်ချန်သည် ယီတာ၏ဘဏ္ဍာစိုးသဖွယ် ဖြစ်နေလေရာ ယီတာ အဆိပ်မိနေသောအခါ အဒေါ်ချန်ကသာ အစစအရာရာ တာဝန်ယူနေရတော့သည်။

မြွေခုနစ်ကောင်ကျောင်းတိုက် မြေတိုက်ခန်းထဲသို့ ရောက်ရှိသူတစ်ဦးမှာ လူတင်းဖြစ်လေသည်။

သူသည် ...

www.burmeseclassic.com

www.burmeseclassic.com



သခင်မယီတာ၏အမိန့်ကို နာခံခဲ့ကြောင်း ကျင်လင်ကို အသေမသတ်ခဲ့ခြင်းက သက်သေပြနေ၏။

ထို့ကြောင့် သခင်မယီတာသည် လူတင်းကို ကြည်ဖြူစွာ လက်ခံထားခဲ့သည်။

လူတင်းကလည်း အခြားသို့ထွက်ခွာမသွားဘဲ အဒေါ်ချန်နှင့်အတူ သခင်မယီတာအတွက် လိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းပေးနေလေသည်။

သခင်မယီတာသည် မည်ကဲ့သို့သောလူစားမျိုးဖြစ်ပါသနည်း။

သခင်မယီတာ၏ အတွင်းသဘောမနောကို အစင်းသိ အတွင်းသိသူမှာ အဒေါ်ချန်ပင်ဖြစ်ပါလေ၏။

သခင်မယီတာသည် အလွန်စိတ်ကြီးသူဖြစ်ပြီး အလွန်မာနကြီးသူလည်း ဖြစ်သည်။

သူမသည် ပြိုင်ဘက်ဖြစ်သော ကျင်လင်ပေးသည့် ဆေးများကို ယူဆောင်လာခဲ့သော်လည်း ဆေးကိုမူ လုံးဝမသောက်ဘဲနေသည်။

သူမသည် အဆိပ်ဒဏ်ကို အလူးအလဲခံစားနေသည်။

သို့သော် ...

အဆိပ်ဒဏ်က သူမကို မည်မျှဖိစီးနှိပ်စက်ပါစေ။ သူမသည် ကျင်လင်ပေးသောအဆိပ်ဖြေဆေးကို လုံးဝမသောက်ချေ။

သူမသည် မြေခုနစ်ကောင်ကျောင်းမြေတိုက်ရှိ အဆိပ်ကျမ်းဟူသမျှကို မွှေနှောက်ဖတ်ကာ သူမကိုယ်တိုင် အဆိပ်ဖြေဆေးကို ဖော်စပ်နေသည်။



သို့သော် ...

အဆိပ်မြူဆေးကို ဖော်စပ်ရန် မရနိုင်သေးဘဲ ရှိလေ၏။

ယီတာသည် တစ်နေ့တခြား ဝေဒနာဆိုးရွားလာကာ လမ်းပင် မလျှောက်နိုင်တော့ချေ။

အဆိပ်ဖြေဆေးကလည်း ဖော်စပ်ရန် မရသေးချေ။

စမ်းသပ်သောအဆိပ်ဖြေဆေးအမျိုးမျိုးကို ဖော်စပ်ပြီးတိုင်း သူမ ရဲရဲဝံ့ဝံ့ သောက်ချ၏။

အဆိပ်ဖြေဆေးတိုင်း အခါးချည်းသာ ဖြစ်သည်။

သူမသည် မျက်နှာမရှုံ့မမဲ့ဘဲ ဆေးအကုန်လုံးကို သောက်ချသည်။

သူမ၏ကိုယ်ခန္ဓာအတွင်းရှိ အဆိပ်များ မပြေပျောက်သော်လည်း သူမ၏သွေးသားများကား ထူးခြားစွာပြောင်းလဲခဲ့သည်။

အဆိပ်ဖြေဆေးအမျိုးမျိုး တစ်ကိုယ်လုံးသို့ပျံ့နှံ့ကာ ပန်းသွေးရောင်လွှမ်းသော အသားအရေမျိုး ဖြစ်လာတော့သည်။

ခန္ဓာကိုယ်အတွင်း၌မူ အဆိပ်မြူသည် တစ်နေ့တခြား တိုးပွားလာကာ လူကို တစ်စတစ်စနှင့် ဒုက္ခပေးလာနေတော့သည်။

အဒေါ်ချန်နှင့်လူတင်းတို့နှစ်ဦးစလုံးက မိမိ၏အသက်ကို အချည်းနှီး အဆုံးအရှုံးမခံရန် အကြိမ်ကြိမ် တောင်းပန်ကြသည်။

ကျင်လင်ပေးသည့် အဆိပ်ဖြေဆေးကို သောက်ပါရန် အကြိမ်ကြိမ်မေတ္တာရပ်ခံကြသည်။

သို့သော် ...

ယီတာ၏မာနမှာ ကြောက်မက်ဖွယ်ကောင်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် အဆိပ်ဖြေဆေးကို လုံးဝမသောက်ပေ။

သူမသည် တုန်တုန်ချည့်ချည့်နှင့် ထကာ အဆိပ်ဖြေဆေးကိုသာ ဖော်စပ်နေသည်။

လူတင်းနှင့် အခေါချွန်တို့သည် မေတ္တာရပ်ခံ၍မရသော သခင်မလေး ယီတာကို မျက်ရည်အဝိုင်းသားနှင့် ဟင်းချကာ ကြည့်နေရတော့သည်။

ယီတာ အဆိပ်ဖြေဆေး မဖော်စပ်သောအချိန်တွင် အခေါချွန်နှင့်လူတင်းတို့သည် အနားရကြလေ၏။

သူတို့သည် မြေတိုက်ခန်းထဲ၌ အခန်းများစွာရှိသဖြင့် တစ်ခုသောအခန်းထဲတွင်ထိုင်ကာ အေးအေးဆေးဆေး စကားပြောခွင့်ရကြသည်။

◈ ◈ ◈



(၁၃)

အခေါချွန်က ...

"လီလီတင်းရယ် ... ရှင့်ဖြစ်ပုံပျက်ပုံကလေးကို ပြောပြပေးပါဦးကွယ်"

လူတင်းက ...

"ချွန်လေး မှတ်မိသေးသလားဟင် ...ကိုယ်တို့ ဖူစီပန်းဥယျာဉ်ထဲ မြောက်ဘက်ရေကန်ကို သွားကြတာလေ"

ထိုစဉ်က လူတင်းသည် အရွယ်ခပ်ငယ်ငယ်။

အခေါချွန် (ခေါ်) ချွန်ကလေးလည်း အရွယ်ခပ်ငယ်ငယ်။

သူတို့နှစ်ယောက် အရွယ်ကောင်းစဉ်က အဖြစ်အပျက်ကို လူတင်းက ပြန်လှန်ပြောနေခြင်းဖြစ်သည်။

ထိုစဉ်က မြောက်ဘက်ရေကန်ရှိ ကြိုးကြာငှက်များကို လီလီတင်းနှင့် ချွန်တို့သည် သွားရောက်ကြည့်ရှုနေကြလေသည်။

သူတို့နှစ်ဦးမှာ သံယောဇဉ်ကြီး ရစ်ပတ်တွယ်နှောင်ပြီး ချစ်နေကြသူများဖြစ်ရာ ချစ်သူတို့ဘာသာဘာဝ ကလူကျီစယ်စကားများ ပြောဆိုနေကြပေသည်။

ချွန်သည် အမြဲတမ်း စိတ်အားငယ်နေသူ ဖြစ်၏။

လီလီတင်းသည် ချွန်ကို အမြဲတမ်း အားပေးနေရ၏။

စိတ်ဓာတ်မြှင့်တင်ပေးနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ချွန်သည် မိဘမဲ့ မိန်းမပျိုတစ်ဦးဖြစ်လေ၏။

သူမ၏ဆရာကား ဟိုရီစင်တည်း။

ဟိုရီစင်သည် သူမကို သိုင်းပညာသင်ကြားပေးနေစဉ် ကွယ်လွန်သွားသဖြင့် ချွန်သည် လောကအလယ်၌ တစ်ကောင်ကြွက်ဖြစ်၍ ကျန်ရစ်ခဲ့လေ၏။

သူမ စိတ်ဝေဒနာ ခံစားနေရခြင်းမှာလည်း အကြောင်းမဲ့ မဟုတ်ချေ။ သူနှင့်ပတ်သက်သမျှ တစ်နည်းမဟုတ်တစ်နည်းဖြင့် သေဆုံးနေကြရသဖြင့် သူနှင့် ထပ်မံပတ်သက်လာသူတိုင်း သေဆုံးရမည်ဟူ၍သာ စိတ်စွဲလမ်းနေပေသည်။

ပထမဆုံး သေဆုံးသူမှာ ချွန်၏သူငယ်ချင်းဖြစ်သော ရှာချူးပေတည်း။ ရှာချူသေဆုံးသည်မှာ ဖျားနာ၍ဖြစ်သည်။

ဒုတိယ သေဆုံးသူများမှာ ချွန်၏မိဘနှစ်ပါး ဖြစ်လေသည်။ မိဘနှစ်ပါးမှာ ပင်လယ်ခရီးတွင် နှစ်ယောက်စလုံး ရေနစ်၍ သေဆုံးကြသည်။ လှေကြီးမှာ ပင်လယ်တွင် နစ်မြုပ်သွားခဲ့ရသည်။

တတိယ ပျောက်ဆုံးသွားသူမှာ ချွန်နှင့် စေ့စပ်ထားသော ထူပေ့ပင်တည်း။ ထူပေ့သည် ပျောက်ဆုံးသွားသည်လား၊ သေဆုံးသွားသည်လား ချွန် မသိနိုင်ခဲ့ပေ။ ထူပေ့၏အလောင်းကိုတော့ မမြင်ခဲ့ရချေ။

စတုတ္ထသေဆုံးသွားသူမှာ သူမ၏သိုင်းပညာသင်ပေးသည့် ဆရာဟိုရီစင်ဖြစ်သည်။ ဟိုရီစင်မှာလည်း မည်သည့်အကြောင်းကြောင့်မှန်းမသိဘဲ ရုတ်တရက် ကွယ်လွန်သွားခဲ့သည်။

သူမနှင့်ပတ်သက်၍ သေဆုံးသွားသူများမှာ စုစုပေါင်း ငါး



ယောက်တိတိ ရှိသည်။

သူမသည် သူမ၌ ကျိန်စာကျရောက်နေသည် အထင်ရှိသွားသည်။ သူမအပေါ်၌ ကျရောက်နေသည့် ကျိန်စာကြောင့် သူမနှင့် ပတ်သက်သူများ သေဆုံးကြရသည်ဟု သူမ ထင်မြင်နေသည်။

"လီလီတင်းရယ် ... ရှင် ကျွန်မကို စွန့်ပစ်သွားစမ်းပါ၊ တစ်နေ့နေ့ ရှင့်အပေါ် ကျိန်စာကျရောက်နေမယ်၊ အို ... ကုန်ကုန် ပြောလိုက်မယ် ... ရှင့်ကို ကျွန်မ မသေစေချင်ဘူး။ မသေစေချင်လို့ပါ ရှင်ရယ်"

"ချွန်လေးရာ ... သူတို့သေကြတာက သေရမယ့်အကြောင်း တွေ ရှိလို့ပါကွယ်၊ သက်သက်သေကြတာ မဟုတ်ပါဘူး"

လီလီတင်းက ချစ်သူချွန်အား ဥပါဒါန်စိတ်အစွဲအလမ်းများ မထားရန်နှင့် ချွန်နှင့်ပတ်သက်သူများ သေရခြင်းမှာ တိုက်ဆိုင်မှုသာ ဖြစ်ကြောင်း ရှင်းပြနေရသည်။

ထိုသို့ရှင်းပြနေစဉ် ဖူစီပန်းဥယျာဉ်ထဲ၌ ထူးခြားမှုများ ဖြစ်ပေါ်နေသည်။ ဤသည်ကို ချစ်သူနှစ်ဦး သတိမထားမိကြချေ။

ဖူစီပန်းဥယျာဉ်၏ချယ်ရီပင်များအောက်၌ အလံတိုင်ကလေးများ ကျောတွင် စိုက်ထောင်လွယ်ပိုးထားသော ထူးဆန်းသည့်လူများ တစ်ယောက်ပြီးတစ်ယောက် ထွက်ပေါ်လာလေသည်။

သူတို့၏ကျောတွင် အလံတိုင်များရှိရာ ထိုအလံများမှာ မြားတံကလေးများဖြစ်ကြောင်း တွေ့ရှိနေရသည်။

ထိုမြားတံများတွင် ပိုးအလံများကို ချည်နှောင်ထား၏။

အလံများမှာ အနီရောင်ချည်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအနီရောင်ပိုးအလံပေါ်၌ အနက်ရောင်ပိုက်ကွန် ဖြန့်ကျက်နေပုံကို ပန်းချီရေးဆွဲထားသည်။

ဤလူများမှာ ... 'တောင်ပေါ်မြားနက်ဂိုဏ်း' ၏ ဂိုဏ်းခွဲ ... ပိုက်ကွန်အဖွဲ့မှ ဖြစ်လေသည်။

တောင်ပေါ်မြားနက်ဂိုဏ်း ...။

ထိုဂိုဏ်းကား မည်သို့သောအဖွဲ့အစည်း ဖြစ်သနည်း။

ထိုဂိုဏ်းသည် အလွန်ရက်စက်ကြမ်းကြုတ်သောဂိုဏ်း ဖြစ်သည်။ ထိုဂိုဏ်းတည်နေရာမှာ 'တန်ဆဲဆန်အဲ့' ခေါ် လက်ဝါးစောင်းတောင်ပေါ်တွင် ဖြစ်သည်။

လက်ဝါးစောင်းတောင်သည် အလွန်မြင့်မား မတ်စောက်သောတောင်ဖြစ်သည်။ သစ်ပင်များ လွန်စွာထူထပ်သည်။

မြင့်လည်းမြင့် သစ်ပင်များလည်း လွန်စွာထူထပ်သောကြောင့် လူသူအရောက်အပေါက် အလွန်နည်းလှတော့၏။

သူတို့သည် ထိုတောင်ပေါ်ရှိ ဂူများတွင် နေထိုင်ကြ၏။

ထိုဂူများထဲတွင် တောင်ပေါ်မြားနက်ဂိုဏ်းချုပ်ကြီးနှင့် ဂိုဏ်းသားများ နေထိုင်ကြသည်။

ထိုဂိုဏ်းမှာ အမှောက်လမ်းသိုင်းလောကကို အနှောင့်အယှက်ပေးနေသောဂိုဏ်း ဖြစ်လေသည်။ အထူးသဖြင့် ...

တောင်ပေါ်မြားနက်ဂိုဏ်းသည် မြေပြန့်သိုင်းသမားများ၏ သိုင်းကျမ်းများကို တိုက်ခိုက်လုယက်ပြီး အပိုင်သိမ်းလေ့ရှိပေသည်။

ထိုဂိုဏ်းသည် အလွန်ထက်မြက်သော သိုင်းကျမ်းများကို လွန်စွာမြတ်နိုးခုံမင်လေသည်။



သိုင်းကျမ်းများကို သိမ်းပိုက်တိုက်ခိုက်ခြင်း၏ ရည်ရွယ်ချက်မှာ သိုင်းပညာရပ်အချင်းချင်း ပေါင်းစပ်ပြီး သူတို့၏မူလ မြားနက်ပညာရပ်ကြီးကို ပိုမိုအစွမ်းထက်လာစေရန် ပြည့်ဆည်းတည်ဆောက်ကြခြင်းပေတည်း။

ထိုဂိုဏ်းတွင် ပညာရပ်များ များစွာပေါင်းစည်းနေခြင်းကြောင့် အလွန်ထူးဆန်းသော သိုင်းကွက်ဆန်းများ၊ တိုက်ခိုက်မှုနည်းလမ်းများ ရှိလေသည်။

ချယ်ရီပင်များအောက်မှ တောင်ပေါ်မြားနက်ဂိုဏ်းသားများသည် တစ်ဦးကိုတစ်ဦး အချက်ပြလိုက်ကြပြီး အပင်များအောက်မှ ထွက်လာကြသည်။

သူတို့သည် ရေကန်ထဲမှ ကြိုးကြာများကို ကြည့်နေသည့် လီလီတင်းနှင့် ချန်ကို ဝိုင်းပတ်လိုက်ကြသည်။

အချစ်စိတ်မွှန်နေကြသော လီလီတင်းနှင့်ချန်တို့သည် ထိုသို့ ရန်သူများ ပေါ်ပေါ်ထင်ထင် ဝိုင်းပတ်လာသောအခါမှ တွေ့မြင်လာကြတော့သည်။

ထိုအခါ လီလီတင်းသည် ချစ်သူချန်၏ရှေ့မှ ရပ်လိုက်လေသည်။

ပိုက်ကွန်အဖွဲ့သားတစ်ဦး ရှေ့သို့ တိုးလာသည်။

အကျီလက်မောင်းပေါ်တွင် ကြက်သွေးရောင် ပဝါစကို စည်းနှောင်ထားရာ ခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း သိနှင့်ပေသည်။

သူက ...

"ချန် ...မင်းကို ငါတစ်ခုမေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ချန်က မဲ့ပြုံး ပြုံးလိုက်သည်။

"ဟင်း ... ဟင်း ... ဟင်း ရှင်တို့ မေးတိုင်း ကျွန်မက ဖြေရမှာလား"

ထိုလူ ဒေါသဖြစ်သွားသည်။

"ဖြေရမယ် ... မဖြေရင် နင်တို့ သေလူဖြစ်သွားမယ်"

ချန်က ရယ်မောလေသည်။

"ကျွန်မကို ဘယ်သူမှ မပိုင်ဘူး၊ ကျွန်မဖြေချင်မှ ဖြေမယ်"

"မဖြေလို့ မရဘူး၊ မင်းဆရာ ဟိုရီစင်ရဲ့ 'ပေဝှာကျွမ်းကျင်ချွမ်း' လို့ခေါ်တဲ့ ချယ်ရီပွင့်ဒေသသိုင်းပဒေသာလို့ခေါ်တဲ့ ကျမ်းရှိတယ် ... အဲဒါ ဘယ်မှာလဲ"

ထိုသူသည် အလွန်ခက်ထန်စွာ ပြောလိုက်လေသည်။

'ပေဝှာကျွမ်းကျင်ချွမ်း' ခေါ် ချယ်ရီပွင့်ဒေသ သိုင်းပဒေသာကျမ်းသည် အမှန်တကယ်ပင် ချန့်ထံ၌ ရှိနေပေသည်။

ချန်၏ဆရာ ဟိုရီစင်သည် ရုတ်တရက် မကွယ်လွန်မီက မည်သည့်အကြောင်းကြောင့်မှန်း မသိရဘဲ ထိုသိုင်းပဒေသာကျမ်းကို ချန်ထံပေးအပ်ပြီး တစ်လတိတိ လုံခြုံစွာ သိမ်းဆည်းထားရန် ပေးအပ်ထားခဲ့သည်။

တစ်လမပြည့်မီမှာပင် ချန်၏ဆရာ ဟိုရီစင် ကွယ်လွန်သွားခဲ့သောကြောင့် ချယ်ရီပွင့်ဒေသ သိုင်းပဒေသာကျမ်းသည် ချန့်လက်ဝယ် ကျန်ရှိနေခဲ့ရခြင်း ဖြစ်ပေသည်။

ထိုသိုင်းပဒေသာကျမ်းတွင် ထူးခြားချက်သုံးချက် ရှိ၏။

ပထမထူးခြားချက်မှာ ဤသိုင်းကျမ်းကို ပြုစုထားရာတွင် ပန်းချီ



ရုပ်ပုံ လုံးဝမပါဝင်ခြင်းဖြစ်သည်။

ဒုတိယထူးခြားချက်မှာ တရုတ်ဘာသာစကားကို သင်္ကေတဘာသာနှင့်ပေါင်းရန် စကားဝှက်ငါးမျိုးဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

တတိယထူးခြားချက်မှာ စကားဝှက်များဖြင့် အခန်းငါးခန်း ပိုင်း၍ ရေးသားထား၏။

ထိုအခန်းငါးခန်းကို ရွှေရောင်၊ ငွေရောင်၊ ပတ္တမြားရောင်၊ မြစိမ်းရောင်နှင့် နီလာရောင်ဟူ၍ အရောင်ငါးမျိုး ခွဲခြားသုတ်လိမ်းထား၏။ ထိုသို့သော ထူးခြားချက် ပါရှိသည်။

ချန်၏ဆရာ ဟိုရီစင်သည် နီလာရောင်အပိုင်းမှ စကားဝှက်ကိုသာ ဖတ်ရှုနိုင်သဖြင့် သိုင်းပဒေသာကျမ်း၏ ငါးပုံတစ်ပုံကိုသာ ဖတ်ရှုနိုင်သူဟု အသိအမှတ်ပြုနိုင်ပေသည်။

သူသည် သိုင်းပဒေသာ ကျမ်း၏ ငါးပုံတစ်ပုံကိုသာ တတ်ကျွမ်းသော်လည်း မြေပြန့်၌ နာမည်ကျော်သော ထိပ်တန်းသိုင်းသမားအဖြစ် ရပ်တည်နိုင်ခဲ့သည်။

ဤသည်ကိုကြည့်၍ သိုင်းပဒေသာကျမ်း၏အစွမ်းကို သိရှိနိုင်သည်။

ဆရာဟိုရီစင်သည် မိဘမဲ့ဖြစ်သော ချန်ကို များစွာ သနားကြင်နာခြင်း ရှိ၏။ သူမကို သမီးရင်းသဖွယ် စောင့်ရှောက်ခဲ့၏။

ထို့အပြင် နီလာရောင်အပိုင်း၏ စကားဝှက်များကို သင်ကြားပေးခဲ့လေရာ ချန်သည် နီလာရောင်အပိုင်းကို ဖတ်ရှုမှတ်သားနိုင်ခဲ့သည်။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



## (၁၈)

"မေးနေတာ မကြားဘူးလား ချန်"

အေးစက်မာကျောသော စကားသံသည် ထွက်ပေါ်လာသည်။

ချန်သည် လီလီတင်း၏ နောက်ကွယ်၌ ရပ်နေရာမှ ရှေ့တိုးထွက်လာလေ၏။

"ရှင်တို့ တောင်ပေါ်မြားနက်ဂိုဏ်းက မဟုတ်လား။ ရှင်တို့အကြောင်း သိုင်းလောကသားအားလုံးက သိနေကြပြီ၊ ရှင်တို့ဟာ ကျွန်မဆရာ ဟိုရိုစင်ရဲ့ သိုင်းကျမ်းကို ရှင်တို့သိမ်းပိုက်ဖို့ လာတာ မဟုတ်လား။ ရှင်တို့လက်ကို ကျွန်မသိုင်းကျမ်းကို မအပ်နိုင်ဘူးရှင့်"

ထိုလူက အေးအေးစက်စက် ရယ်မောသည်။

"ဟား ... ဟား ... ဟား ... သိုင်းကျမ်းမအပ်နိုင်ရင် မင်းအသက်ကို ယူသွားရလိမ့်မယ်"

"ကျွန်မအသက်က သိုင်းကျမ်းနဲ့စာရင် ဘာမှတန်ဖိုးမရှိဘူး၊ ရှင်တို့ အချိန်မရွေးယူနိုင်တယ်၊ လာခဲ့လေ ကျွန်မအသက်ကို လာယူလှည့်ပါ"

ချန်သည် သူမ၏ဆရာ လက်ဆောင်ပေးထားသည့် နှစ်ဖက်သွား ဓားရှည်ကို ဆွဲထုတ်လိုက်သည်။

'ရွှမ်း ..'



သူမသည် ဓားနှင့် သိုင်းကွက်ခင်းရင်း ဝိုင်းရံထားသူများကို ကြည့်လိုက်၏။

"လာပါ ... ကျွန်မအသက်ကို လာယူပါ၊ ရှင်တို့အသက်လည်း ပေးဖို့ မမေ့မြောကြပါနဲ့နော်"

လီလီတင်းသည် ချန်နှင့် ရင်ပေါင်တန်း ရပ်လိုက်၏။

"ချန်ကို အန္တရာယ်ပြုသူမှန်သမျှ ကျုပ်ရဲ့ ရန်သူပဲ၊ ကျုပ်ရဲ့ ကိုးခွမှိန်းကို ကျော်နိုင်ရင် ကျော်ကြပေါ့"

လီလီတင်းသည် အသွားကိုးခွရှိသော မှိန်းကြီးကို တဝိုးဝိုး ဝှေ့ယမ်းရင်း ပြောလေ၏။ ဗိုက်ကွန်အဖွဲ့ခေါင်းဆောင်က ...

"စိတ်ချ ... ငါတို့က မရရတာ ယူသွားရမှာပဲ၊ သိုင်းကျမ်းကို လိုချင်လို့လာတယ်၊ မင်းတို့က မပေးနိုင်ဘူးလို့ ပြောနေတယ်၊ အဲဒီတော့ မင်းတို့ရဲ့အသက်ကို ယူသွားမှာပဲ"

သူသည် လက်ကို ဝှေ့ယမ်း၍ အချက်ပြ၏။ ဗိုက်ကွန်အဖွဲ့သားများသည် ရှေ့သို့ တိုးထွက်လာတော့သည်။

အဖွဲ့ခေါင်းဆောင်က လက်ညှိုးနှစ်ချောင်း ထောင်ပြလိုက်၏။ ထိုအခါ ကျန်အဖွဲ့သားများ နောက်၌ နေရစ်ခဲ့ကြပြီး အဖွဲ့သားနှစ်ယောက်သာ ရှေ့သို့ တိုးထွက်လာကြသည်။

သူတို့နှစ်ဦးစလုံး ရိုးရိုးဓားရှည်နှစ်ချောင်းကိုသာ ကိုင်ဆောင်ထားကြ၏။

ချန်သည် မိမိချစ်ခင်နှစ်သက်သူများ တစ်ဦးပြီးတစ်ဦး သေဆုံးနေသဖြင့် အလွန့်အလွန် စိတ်ဓာတ်ကျနေချိန် ဖြစ်သည်။

သေရန် အဆင်သင့်ဖြစ်နေသော အချိန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူမသည် မတွန့်မဆုတ်သောစိတ်ဓာတ်ဖြင့် တိုက်ခိုက်ရန် ပြင်ဆင်နေသည်။

သူမသည် ရန်သူများကို သူသေကိုယ်သေ ဝင်ရောက် တိုက်ခိုက်ရန် ဝန်မလေးဘဲရှိနေသည်။ ထို့ကြောင့် ရန်သူများက သူမထံရောက်ရှိမလာမီ သူက ခုန်ဝင်သွားလေ၏။

'ဝိုး ... ဝှစ် ... ဝှစ်'

သူမသည် နှစ်ဖက်သွားဓားကို စုံကိုင်ကာ ဘယ်ပြန်ညာပြန် ခုတ်ချလိုက်သည်။ မမျှော်လင့်သည့် ပြင်းထန်သော တိုက်ကွက်ကြောင့် ပိုက်ကွန်အဖွဲ့သားနှစ်ယောက်မှာ အံ့အားသင့်သွား၏။

သူတို့သည် ဓားချက်များကို မှောက်၍ ခုခံလိုက်ရသည်။

ဟိုရီစင် လက်ဆောင်ပေးထားသည့် နှစ်ဖက်သွားဓားသည် အလွန်မာကျောသည့် သံတစ်မျိုးဖြစ်သည့်အပြင် သူမကလည်း အတွင်းအားကို အကုန်ထည့်၍ ခုတ်လိုက်ခြင်းဖြစ်၍ ပိုက်ကွန်အဖွဲ့သားများ၏ဓားများသည် ချွင်ခနဲ ကျိုးသွားလေ၏။

ဓားကျိုးသွားသည့် ပိုက်ကွန်အဖွဲ့သား နှစ်ယောက်သည် ဆက်မတိုက်ဝံ့တော့ချေ။ နောက်သို့ ခုန်ဆုတ်သွားလေ၏။

နောက်မှ တစ်ဦးသည် ရှေ့သို့တိုးထွက်လာပြီး ချွန်၏ဓားကို ဟန့်တားလိုက်သည်။

ချွန်က ဝင်လာသောဓားကို ဘေးသို့ပန်းထွက်ကာ ရှောင်လိုက်သည်။ ဓားသည် ချွန်ကိုမထိဘဲ အားလွန်သွား၏။

ထိုအခါ ချွန်က နှစ်ဖက်သွားဓားဖြင့် ထိုးလိုက်ရာ နှစ်ဖက်သွားဓားက ရန်သူ၏ နှလုံးသားကို ထိုးဖောက်ဝင်ရောက်သွားလေ၏။



"အား ..."

ဓားကျိုးများကိုကိုင်၍ နောက်ဆုတ်သွားသော ပိုက်ကွန်အဖွဲ့သားများသည် သူတို့လူ ကျဆုံးသွားသည်ကို မြင်သောအခါ လွန်စွာ ဒေါသဖြစ်သွားကြ၏။

ဓားကျိုးကိုင် လူတစ်ယောက်သည် ဒေါသတကြီး ရှေ့သို့ ခုန်ထွက်လာရာ လီလီတင်းက သူ၏ ကိုးခွမှိန်းကြီးဖြင့် ထိုးချလိုက်လေ၏။

သူသည် ချွန်ကို ဒေါသဖြစ်၍ ဝင်လာခြင်းဖြစ်ရာ လီလီတင်း၏ ကိုးခွမှိန်းကြီးကို မရှောင်နိုင်တော့ချေ။

"အား ..."

ကိုးခွမှိန်းကြီးသည် သူ့ရင်ခွင်အား ထိုးဖောက်ဝင်ရောက်သွားလေ၏။ ရန်သူနှစ်ယောက် ကျသွားသောအခါ ရန်သူများသည် ရုတ်တရက် ငြိမ်သက်သွားလေ၏။

ရန်သူ့ထိုးစစ်သည် တန့်သွားလေ၏။

"တောက် ..."

ပိုက်ကွန်အဖွဲ့ခေါင်းဆောင်သည် တောက်ခေါက်လိုက်လေသည်။ ပိုက်ကွန်အဖွဲ့သားများသည် တစ်ယောက်ချင်း နှစ်ယောက်ချင်း ရှေ့သို့ မတက်ကြတော့ချေ။ အားလုံးပြို၍ တက်ကြတော့သည်။

လီလီတင်းသည် သွေးများပေကျံနေသော ကိုးခွမှိန်းကြီးဖြင့် ပိုက်ကွန်အဖွဲ့ခေါင်းဆောင်ကို ထိုးချလိုက်၏။

ပိုက်ကွန်အဖွဲ့ခေါင်းဆောင်သည် သိုင်းပညာ အလွန်ကောင်းဟန် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကိုးခွမှိန်းကြီး ရင်ဝသို့ ရောက်ခါနီးမှ ရှောင်လိုက်သည်။

ထိုအခါ နောက်မှ ပိုက်ကွန်နှစ်ခု ပျံဝဲလာသည်။

ထိုပိုက်ကွန်နှစ်ခုသည် ကိုးခွမှိန်းကြီးကို အုပ်မိသွား၏။

ရန်သူဂိုဏ်းသားနှစ်ယောက်သည် ပိုက်ကွန်ကို အပြင်းအထန် ဆွဲယူကြသည်။ လီလီတင်းကလည်း သူ၏ ကိုးခွမှိန်းကြီးကို အပြင်းအထန် ပြန်ဆွဲသည်။

လွန်ဆွဲသကဲ့သို့ ဆွဲနေကြရာမှ နှစ်ယောက်ဆီသို့ ကိုးခွမှိန်းကြီး ပါသွားသည်။

လီလီတင်းသည် သူ၏ကိုးခွမှိန်းကြီးအား လက်လွှတ်လိုက်ရလေသည်။

ထိုသို့ လွန်ဆွဲသကဲ့သို့ အပြိုင်ဆွဲနေစဉ် ပိုက်ကွန်အဖွဲ့ခေါင်းဆောင်သည် ဝုန်းခနဲခုန်ကာ ကန်ထည့်လိုက်သည်။

'ဝုန်း ...'

လီလီတင်းသည် ခါးကို အကန်ခံလိုက်ရသည်။ သူသည် ဘေးသို့ လဲကျသွားသည်။

ပိုက်ကွန်အဖွဲ့ခေါင်းဆောင်သည် အလွန်လျင်မြန်စွာ ခုန်ဝင်လာပြီး လီလီတင်းကို အကြောပိတ်လိုက်လေ၏။

ချန်ကတော့ သူသေကိုယ်သေတိုက်ကွက်များဖြင့် ပြင်းထန်စွာ တိုက်ခိုက်နေသည်။

ရန်သူများမှာ အရိုးကြေကြေ အရေခန်းခန်း တိုက်ခိုက်နေသည်။ ချန်အား တုဖက်မပြိုင်နိုင်ဘဲ ရှိနေသည်။



ပိုက်ကွန်အဖွဲ့ခေါင်းဆောင်သည် လက်မြှောက်၍ အချက်ပြလိုက်သည်။

ထိုအခါ ပိုက် ကွန်အဖွဲ့သားများထံမှ ပိုက်ကွန်များ လွှားခနဲ လွှားခနဲ ထွက်လာသည်။ ချန်အပေါ် အုပ်မိုးသွားလေတော့သည်။

ချန်သည် ဒေါသတကြီး ရုန်းကန်သည်။ ထိုသို့ ရုန်းကန်လေ ခြေလက်များမှာ ငြိတွယ်လေလေဖြစ်သည်။ နောက်ဆုံး သူမ အားအင်များ ကုန်ခန်းသွားပြီး ငြိမ်သက်သွားရလေသည်။

"ဟား ... ဟား ... ဟား ... မင်း ဘာတတ်နိုင်သေးသလဲ"

ပိုက်ကွန်အဖွဲ့ခေါင်းဆောင်သည် အော်ဟစ်ရယ်မောပြီး ချန့်ကို အကြောပိတ်လိုက်လေသည်။

သူသည် သူ့နောက်မှ ဂိုဏ်းသားများကို အမိန့်ပေးလိုက်သည်။

"သူတို့ နှစ်ယောက်စလုံးကို ထမ်းပြီး ခေါ်လာခဲ့ကြ၊ ဒီမှာ အချိန်ဆိုင်းလို့ မဖြစ်ဘူး။ ဖူစီဥယျာဉ်ထဲက အမြန်ထွက်ကြမယ်၊ တောင်ဘက်က လူသံတွေကြားနေရတယ်၊ အရပ်သူအရပ်သားတွေဆိုရင်တော့ ကိစ္စမရှိဘူး။ ငါတို့ပြိုင်ဘက်ဂိုဏ်းသားတွေဖြစ်မှာ စိုးရတယ်"

ချန်၏ ခန္ဓာကိုယ်နှင့် လီလီတင်း၏ ခန္ဓာကိုယ်ကို ဂိုဏ်းသားများက ထမ်းယူလိုက်ကြသည်။ သူတို့သည် ဖူစီဥယျာဉ်ထဲမှ အလျင်အမြန် ထွက်ခွာသွားကြလေသည်။

ချန်၏မခံချင်စိတ်များသည် တစ်ကိုယ်လုံး၌ ကြွတက်နေသည်။ ပေါက်ထွက်မတတ် ဖြစ်နေသည်။ သို့သော် သူမ အနည်းငယ်မျှ လှုပ်၍မရပါ။ သူမသည် ခေါင်းသာ လှုပ်၍ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် အံ့ကြိတ်နေမိလေသည်။

သူမသည် လီလီတင်းကို သယ်ဆောင်လာသည်ကိုလည်း တွေ့ရသည်။

လီလီတင်းကို သူမ အကြိမ်ကြိမ်ပြောခဲ့သည် ... သူမကို စွန့်ခွာသွားပါ ... ဟု။ လီလီတင်းက သူမကို စွန့်ခွာမသွားချေ။

ယခုတော့ လီလီတင်း သေရပေတော့မည်။

ပိုက်ကွန်အဖွဲ့သားများသည် ကျဆုံးခဲ့သော သူတို့အဖွဲ့သား နှစ်ဦး၏ အလောင်းကိုလည်း ဖူစီဥယျာဉ်ထဲတွင် မထားခဲ့ပေ။ သူတို့ ဂိုဏ်းသားများက သယ်ဆောင်ခဲ့ကြသည်။

တောင်ပေါ်မြားနက်ဂိုဏ်းသည် အလွန်သိုသိပ်သော စည်းကမ်းများရှိသည်။ ထိုစည်းကမ်းချက်များမှာ အလွန်တင်းကျပ်လှသည်။ ဂိုဏ်းသားများကလည်း တိတိကျကျ လိုက်နာကြသည်။

ထိုသို့လိုက်နာဆောင်ရွက်ခြင်းကြောင့် သူတို့၏ လုပ်ဆောင်ချက်များသည် သိုင်းလောက၌ မည်သည့်အခါမျှ သဲလွန်စ မကျန်စေခဲ့ပေ။

ထိုကဲ့သို့ ဂိုဏ်း၏ခြေရာလက်ရာများကို သတိထား ဆောင်ရွက်ခြင်း၊ ဖျောက်ဖျက်ခြင်း ရှိခဲ့သောကြောင့် အထက်လမ်း သိုင်းလောကသားများသည် တောင်ပေါ်မြားနက်ဂိုဏ်းကို စွပ်စွဲရန် တစ်ကြိမ်တစ်ခါမျှ သက်သေများ မရဖူးခဲ့ပေ။

တောင်ပေါ်မြားနက်ဂိုဏ်းသည် ... မဟုတ်တာမှန်သမျှ အကုန်လုပ်လေ့ရှိသော်လည်း သိုင်းလောကအတွင်း၌ မည်သည့်အစွန်းအထင်းမျှ မပေါ်ခဲ့ဖူးပေ။



တောင်ပေါ်မြားနက်ဂိုဏ်း ဤမျှ သက်တမ်းရှည်ကြာစွာ စည်ပင်တိုးတက်လာရခြင်းမှာ ဂိုဏ်း၏လုပ်ဆောင်ချက်များကို သိုသိုသိပ်သိပ်လုပ်ဆောင်ခြင်းသည်လည်း တစ်ကြောင်းအပါအဝင် ဖြစ်လေသည်။

သူတို့သည် ချန်နှင့်လီလီတင်းတို့ကို သယ်ဆောင်လာကြရာ 'ကွီဆေး' တောစပ်သို့ ရောက်ရှိလာကြလေသည်။

ကွီဆေးဆိုသည်မှာ အုံ့မခန်းဆန်းကြယ်ခြင်းဟု အဓိပ္ပာယ်ရလေသည်။

ဤကွီဆေးတောစပ်၏တောင်ဘက်တွင် လက်ဝါးစောင်းတောင်ရှိပြီး မြောက်ဘက်တွင် ပင်လယ်စိမ်းရှိ၏။

ထိုပင်လယ်စိမ်းတွင် လွန်စွာကြောက်မက်ဖွယ်ရာကောင်းသော ဂိုဏ်းတစ်ဂိုဏ်းရှိသည်။

ထိုဂိုဏ်းမှာ 'နတ်သမီး' သိုင်းဂိုဏ်း ဖြစ်ပေသည်။

ထိုနတ်သမီးသိုင်းဂိုဏ်းကို အထက်လမ်းသိုင်းလောကကလည်း လန့်ကြသည်။ အောက်လမ်းသိုင်းလောကကလည်း ကြောက်ရွံ့ကြသည်။

ထိုနတ်သမီးဂိုဏ်းသည် သူတို့ကိုယ်သူတို့ အစိမ်းရောင်ဂိုဏ်းဟု သမုတ်ထားကြသည်။

ထိုဂိုဏ်းသည် သိုင်းလောက၌ လျှို့ဝှက်အသိပ်သည်းဆုံးဂိုဏ်းဖြစ်၏။ အထက်လမ်းဂိုဏ်းလောကသည် နတ်သမီးဂိုဏ်းကို ငြိုငြင်ကြသော်လည်း နတ်သမီးဂိုဏ်းသည် အထက်လမ်းသိုင်းလောကနှင့် ထိတွေ့ဆက်စပ်မှု မရှိသလောက် ရှားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အောက်လမ်းသိုင်းလောကနှင့်တော့ ထိတွေ့ဆက်စပ်မှု အသင့်အတင့်ရှိသည်။

ထိုဂိုဏ်းသည် ရက်စက်ရာတွင် အလွန်ရက်စက်ပြီး သနားကြင်နာလျှင်လည်း အလွန်သနားကြင်နာတတ်ခြင်းကြောင့် နာမည်ကြီးခြင်း ဖြစ်သည်။

အဆိုးနှင့်အကောင်း ဒွန်တွဲနေသည့်အဖွဲ့ဟု ဆိုရပေတော့မည်။

အုံ့မခန်းဆန်းကြယ်သော ကွီဆေးတောအုပ်ထဲ၌ ထူးဆန်းသောသတ္တဝါများ ရှိခြင်းကြောင့်လည်းကောင်း၊ ထူးဆန်းသော သိုင်းပညာ၊ အတွင်းအား၊ သမထသိုင်းအား အစရှိသည့် သိုင်းပညာများကို လေ့ကျင့်လိုကြသည့် အချို့သောသိုင်းပညာရှင်ကြီးများ ရှိခြင်းတို့ကြောင့်လည်းကောင်း၊ တောအုပ်အတွင်းရှိ သစ်ပင်စားပင်များသည် အကိုင်းချင်းခတ် အရွက်ချင်းခတ်၍ အသံပြု မြိမ်းခြောက်တတ်ခြင်းကြောင့်လည်းကောင်း၊ လူသားစား နွယ်ရှင်များ၏ တွန့်လိမ်လှုပ်ရှားနေပုံကြောင့်လည်းကောင်း ကွီဆေးတောအုပ်ကြီးမှာ အုံ့မခန်း ဆန်းကြယ်သောတောအုပ်ကြီး ဖြစ်၍နေတော့သည်။

ဤကွီဆေးတောအုပ်ကို လူတော်တော်များများက ရှောင်ကြဉ်တတ်ကြ၏။

မရှောင်လျှင်လည်း တောအုပ်အတွင်း တစ်နည်းမဟုတ်တစ်နည်း ဒုက္ခရောက်တတ်ပေသည်။

ကွီဆေးတောအုပ်အတွင်းသို့ ပိုက်ကွန်အဖွဲ့ မဝင်ပေ။ တောစပ်တစ်နေရာ၌ ရပ်လိုက်၏။



အဖွဲ့ခေါင်းဆောင်က ချန်နှင့်လီလီတင်းတို့အား သယ်ဆောင်လာသူနှစ်ယောက်ကို အမိန့်ပေးလိုက်၏။

"ကဲ ... အဲဒီနှစ်ယောက်ကို အဲဒီသစ်ပင်တစ်ပင်ဗီ အောက်မှာ ချထားလိုက်၊ ပူးကပ်တော့ မထားနဲ့"

သယ်ဆောင်လာသူများသည် အမိန့်အတိုင်း ချထားလိုက်ကြ၏။

"အဲဒီမြေကွက်လပ်မှာ ကျင်းနှစ်ကျင်း တူးလိုက်၊ ငါတို့ ဂိုဏ်းသားနှစ်ယောက်ကို မြှုပ်လိုက်၊ အကျဉ်းရုံးပြီး ဒီလိုပဲ သင်္ဂြိုဟ်ရမှာပဲ"

ပိုက်ကွန်ဂိုဏ်းသားများသည် ကျင်းနှစ်ကျင်း တူးကြလေသည်။

ထို့နောက် ဂိုဏ်းသားနှစ်ယောက်ကို အကျဉ်းရုံးပြီး မြှုပ်နှံသင်္ဂြိုဟ်လိုက်ကြရ၏။

ပိုက်ကွန်အဖွဲ့သားများသည် သူတို့အဖွဲ့သားအချင်းချင်း အတော်စည်းလုံးကြသည်။

အတော်လည်း ခင်ခင်မင်မင် ရှိကြသည်။

သိုင်းဂိုဏ်းသားများဆိုသည်မှာ ဤသို့ ခင်မင်မှုတရားဖြင့် စည်းရုံးခြင်း မဟုတ်ပေ။ အကြောက်တရားဖြင့် စည်းရုံးခြင်းဖြစ်သည်။

ယခု သူတို့ဂိုဏ်းသားနှစ်ဦး သေဆုံးရခြင်းကြောင့် သူတို့သည် ချန်နှင့် လီလီတင်းကို မျက်ထောင့်နီကြီးများဖြင့် ကြည့်လိုက်ကြ၏။

အဖွဲ့ခေါင်းဆောင်သာမရှိလျှင် သူတို့သည် ယခုလောက်ဆိုလျှင် ချန်နှင့်လီလီတင်းကို သတ်ပြီးဖြစ်ပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ခေါင်းဆောင်က သတ်ရန်အမိန့်မပေးသောကြောင့် သူတို့သည် လက်စာယားယားဖြင့် ချန်နှင့်လီလီတင်းတို့အား သည်အတိုင်း ကြည့်နေကြရတော့သည်။

ဂိုဏ်းသားနှစ်ဦးအား သင်္ဂြိုဟ်ခြင်းအမှု ပြီးစီးသောအခါ အဖွဲ့ခေါင်းဆောင်သည် ချန်နှင့်လီလီတင်းတို့ရှေ့သို့ ရောက်ရှိလာကြ၏။ အဖွဲ့ ခေါင်းဆောင်က ...

"ချန် ... မင်းကို စဉ်းစားဖို့အချိန်နည်းနည်း ပေးလိုက်မယ်"

ချန်က ...

"ရှင်တို့ ဘာမှပြောမနေနဲ့၊ ကျွန်မတို့ကို သတ်မလို့ ခေါ်လာတယ်မဟုတ်လား ... သတ်လိုက်"

"ဟား ... ဟား ... ဟား ... ဒီလို ဘယ်သတ်မှာလဲ၊ ငါတို့က မင်းတို့ကို အေးအေးဆေးဆေး သေခွင့်မပေးနိုင်ဘူး"

ချန် မျက်နှာပျက်သွားလေ၏။ အဖွဲ့ခေါင်းဆောင်က ...

"ငါပြောတာကို နားထောင်စမ်းပါဦး ... ချယ်ရီပင် သိုင်းပဒေသာကျမ်းကို ကျုပ်တို့လက်အပ်ရင် မင်းနဲ့ မင်းချစ်သူ လီလီတင်းကို ပြန်လွှတ်ပေးမယ်၊ သိုင်းကျမ်းကို မအပ်ရင်တော့ လီလီတင်းကို မင်းရှေ့မှာပဲ ညှဉ်းပန်းနှိပ်စက်ပြီး သတ်မယ်၊ ကဲ ... ချန် ... ငါပြောတာ ကြားတယ်မဟုတ်လား၊ မင်းစဉ်းစားပြီး အဖြေပေးတော့"

သူသည် တင်းမာစွာ ပြောကြားလေ၏။

ချန်သည် အလွန် စိုးရိမ်ပူပန်သွားသည်။ သူ့အား သတ်မည်ဆိုပါက သူမ မမှုပါ။ သတ်လျှင် သေလိုက်ရုံသာရှိသည်။

သူမ၏ချစ်သူ လီလီတင်းကိုတော့ သူမ မသေစေလိုပါ။



ထို့ကြောင့် လီလီတင်းအား စိုးရိမ်ပူပန်စွာ လှမ်းကြည့်လေ၏။ လီလီတင်းသည် ထိုစကားများကို ကြား၏။

လီလီတင်းက ချန်အား လှမ်းပြောသည်။

"သူတို့ပြောတာကို မယုံနဲ့ချန်၊ မင်းက သိုင်းကျမ်းကို ပေးသည်ဖြစ်စေ, မပေးသည်ဖြစ်စေ သူတို့က တို့ကိုသတ်မှာပဲ၊ ဒါကတော့ မြေကြီးလက်ခတ်မလွဲဘဲ၊ သူတို့ဟာ တောင်ပေါ်မြားနက်ဂိုဏ်းအဖွဲ့ပဲ၊ သူတို့လုပ်ဆောင်ချက်ကို ဘယ်တော့မှ သဲလွန်စမကျန်စေရဘူး။ ငါတို့ကို လွှတ်လိုက်ရင် သူတို့ ဘာတွေလုပ်ခဲ့တယ်ဆိုတာ သိုင်းလောကမှာ သတင်းပျံ့သွားမှာပေါ့၊ ငါတို့ကို သူတို့ မလွှတ်ဘူးဆိုတဲ့ အဓိကအကြောင်းကို ပြောပြမယ်၊ မင်းနဲ့ငါနဲ့ဟာ သူတို့ဂိုဏ်းသားနှစ်ဦးကို သတ်ပင်ခဲ့ကြပြီ ဆိုတာပဲ၊ သူတို့ဂိုဏ်းသားကို မသတ်ရင်လည်း သူတို့လိုချင်တာ မရရင် သတ်မှာပဲ၊ အခု သူတို့ဂိုဏ်းသားနှစ်ဦးကို သတ်လိုက်ပြီဆိုတော့ ငါတို့ကို အသက်နဲ့ကိုယ်တွဲပြီး ဘယ်တော့မှ ပြန်လွှတ်မှာ မဟုတ်တော့ဘူး၊ လက်စားချေတဲ့အနေနဲ့ ပြန်သတ်မှာပဲ၊ ချန် ... မင်းကို ငါနှုတ်ဆက်ပါတယ်၊ သိုင်းကျမ်းကို သူတို့လက်ထဲ အပါမခံနဲ့ ... ငါတို့ အသေခံကြစို့"

လီလီတင်း၏ ရဲရဲတောက်စကားကြောင့် အဖွဲ့ခေါင်းဆောင် ဒေါသဖြစ်သွားလေ၏။

"အသေခံချင်တဲ့ကောင် ... အရင်သေကွာ"

အဖွဲ့ခေါင်းဆောင်သည် ...

အလွန်ဒေါသဖြစ်သွားရကား လီလီတင်း၏ ခန္ဓာကိုယ်ကို ကျားလက်သည်းချောင်းနှင့် ဆွဲကုတ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



လီလီတင်းမှာ အဝတ်အစားများ စုတ်ပြတ်ထွက်သွားလေသည်။

ကျားလက်သည်းချောင်းသည် အဝတ်များကိုသာမက လီလီတင်း၏အသားများကိုပင် ကုတ်ခြစ်ဆွဲသွားသည်။

ထိုအခါ လီလီတင်း၏ကိုယ်မှာ သွေးရဲရဲသံရဲရဲဖြစ်သွားတော့သည်။ လီလီတင်းမှာ သတိလစ်မေ့မြောသွားလေ၏။

အဖွဲ့ခေါင်းဆောင်က ...

"ဒီကောင့်ကို ဟိုမြေကွက်လပ်ထဲ သယ်သွားကွာ၊ အရှင်လတ်လတ် မီးရှို့ပစ်လိုက်၊ သေချင်တဲ့ကောင်ကို မှတ်လောက်သားလောက်အောင် လုပ်ပစ်ရမယ်"

ဝိုက်ကွန်အဖွဲ့သားများသည် လီလီတင်းကို ကွက်လပ်ထဲသို့ ဆွဲချသွားလေ၏။

သတိလစ်မေ့မြောနေသော လီလီတင်းမှာ ဘာမျှ မသိချေ။

သူတို့သည် မီးရှို့ရန်အတွက် သစ်ကိုင်းချောက်များ၊ သစ်တိုသစ်စများကို သယ်ဆောင်နေကြ၏။

ထိုစဉ် ...

မမျှော်လင့်သော ထူးဆန်းသည့် အဖြစ်အပျက်ကြီး ပေါ်လာလေတော့၏။

ကွီဆေးတောအုပ်ကြီးမှာ အလွန်နက်လှသဖြင့် တောစပ်ပင်ဖြစ်သော်လည်း ထူးဆန်းသည့်သတ္တဝါမျိုးစုံ ရှိလေသည်။

ထို့ကြောင့် တောအုပ်အတွင်းမှ ကြီးမားသော မြွေကြီး တစ်ကောင်သည် တရှူးရှူးတရှဲရှဲဖြင့် ကွက်လပ်ထဲသို့ ဝင်လာတော့သည်။



ထိုအခါ ဝိုက်ကွန်အဖွဲ့သားများသည် ကြောက်လန့်ပြီး နောက်ဆုတ်သွားကြလေ၏။

မြွေကြီးသည် လီလီတင်း၏ခန္ဓာကိုယ်အနီးတွင် သွားရပ်သည်။

ထို့နောက် လီလီတင်းအား စတင်ဝါးမျိုလေတော့သည်။

ချန်သည် ထိတ်လန့်တကြား အော်ဟစ်မိလေ၏။

"ရှင်တို့ ... ရှင်တို့ ဘာလုပ်နေတာလဲ၊ မြွေကြီးကို မောင်းထုတ်ပစ်ပါတော့လား"

အဖွဲ့ခေါင်းဆောင်သည် တဟားဟားနှင့် သဘောကျနေလေ၏။

"ကောင်းတယ်ဟေ့ ... ဒီကောင်ကို မီးလောင်တိုက်သွင်းတာထက် မြွေစာကျွေးတာက ပိုကောင်းတယ်၊ မီးလောင်တိုက်သွင်းရင် မင်းတို့ အလုပ်ရှုပ်နေဦးမယ်"

ချန်မှာ မကြည့်ရဲချင် မြင်လျှက်သား ဖြစ်နေတော့၏။

မြွေကြီး သည် လီလီတင်းအား ခြေထောက်မှ စတင်မျိုနေလေပြီ။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



## (၁၉)

## မြွေဘုရင်

လူတင်းသည် အတိတ်မှဇာတ်ကြောင်းကို ပြန်လှန်ပြောပြပြီး သက်ပြင်းချလိုက်လေသည်။

"ဒါတွေဟာ မင်းနဲ့ငါ ကြုံတွေ့ခဲ့ရတာပဲ၊ ဒါတွေကို မင်း မှတ်မိမယ်လို့ ထင်ပါတယ်"

"ကျွန်မရင်ထဲမှာ အမြဲတမ်း သတိရနေတဲ့ အဖြစ်အပျက်တွေပါရှင်၊ ကျွန်မ ဘယ်တော့မှ မမေ့ဘူး"

"အေး ... ဒီလိုဆိုရင် ငါ ဆက်ပြောပြမယ်၊ ငါ ဘယ်လို မြွေဘုရင်လူတင်း ဖြစ်လာတယ်ဆိုတာကိုပေါ့"

"ပြောပြစမ်းပါရှင်ရယ် ... ကျွန်မ နားထောင်နေပါတယ်"

လူတင်းသည် သူ့အဖြစ်အပျက်များကို ဆက်လက်ပြောကြားလေတော့၏။ သူက ဆက်မပြောခင် ...

"ငါ သတိမေ့နေတဲ့အချိန်မှာ မြွေကြီးက ငါ့ကို စမျိုတာပေါ့နော်"

"ဟုတ်တယ်လေ၊ ရှင့်ခြေထောက်ကို စမျိုတာပဲ၊ နောက်မကြာခင် သတိရလာတာပဲ"

"ဟုတ်တယ် .... ငါ သတိရလာတယ်"



သူသည် ဆက်ပြောကြားလေတော့၏။

"ငါလည်း သတိရလာရော၊ အဝေးက မြွေသံတစ်သံကို ကြားလိုက်ရတယ်လေ၊ မင်းလည်း ကြားမှာပေါ့"

"ကြားပါတယ် လီလီတင်းရယ်"

မြွေသံ တဖြည်းဖြည်းနီးကပ်လာသောအခါ ပိုက်ကွန်အဖွဲ့ခေါင်းဆောင်သည် မျက်စိမျက်နှာပျက်၍ ပျာယာခတ်လာသည်။

သူ့လူများကို လက်ပြ၍ အမိန့်ပေးလိုက်သည်။

"မြန်မြန်ဆုတ်ကြဟေ့ ... အဲဒီမြွေသံဟာ မြွေကေရာဇ်ဟူးရဲ့ ပလွေသံပဲ၊ ဇကေရာဇ်ဟူးနဲ့က အင်မတန်ကြီးတဲ့ ရန်ငြိုးရှိတယ်၊ မင်းတို့ သိတယ်မဟုတ်လား ... ချန်ကို ထမ်းခဲ့၊ တို့သွားကြမယ်"

ပိုက်ကွန်အဖွဲ့သားများသည် ချန်ကိုထမ်း၍ ဆုတ်ခွာသွားကြသည်။

လီလီတင်းသည် သူ့ခြေထောက်ကို အလွန်ကြီးမားသော စပါးကြီးမြွေတစ်ကောင်က မျိုနေကြောင်း သိရသောအခါ အလွန်ထိတ်လန့်သွားလေ၏။

သို့သော် ... သူ့ကို အကြောပိတ်ထားသဖြင့် သူ မည်သို့မျှ လှုပ်ရှား၍မရချေ။ ကြောက်စိတ်သည် တစ်ကိုယ်လုံး လွှမ်းခြုံသွား၏။

သူ အလွန်ချောက်ချားနေချိန်မှာပင် မြွေသံသည် သူ့အနီးသို့ ရောက်လာလေ၏။

လီလီတင်း လှမ်းကြည့်လိုက်သည် ... အဘိုးအို တစ်ဦး။

အဘိုးအို၏ ငွေရောင်တောက်နေသော မုတ်ဆိတ်ကြီးသည် သူ၏ရင်ဘတ်ပေါ် ကျနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအို၏မျက်နှာသည် ဥပမိရုပ် ကောင်းသည်။ သနားကြင်နာတတ်သော မျက်လုံးများ ရှိသည်။

လီလီတင်းသည် အဘိုးအိုကိုမြင်ရသောအခါ ရင်ထဲချမ်းမြေ့သွားပြီး သူ့အားမျိုနေသည့် မြွေကြီးကိုပင် မေ့သွားသည်။

အဘိုးအိုက ...

"ငါ့သား ... ဘာမှမပူပါနဲ့၊ မင်းကို ငါကယ်မယ်၊ ဒီမြွေလောက်တော့ ငါက ဂရုမစိုက်ပါဘူး ... အသေးအဖွဲ့ပါ"

ထိုစကားကိုကြားပြီးနောက် လီလီတင်း သတိလစ်သွားလေသည်။

သူသတိလစ်သွားခြင်းမှာ အကြောင်းမဲ့ သတိလစ်သွားခြင်း မဟုတ်ပေ။ လီလီဘင်းအား ကုတ်ဆွဲလိုက်သည့် ကျားလက်သည်းချောင်း၏ အစွယ်များ၌ အဆိပ်တစ်မျိုးပါရှိရာ လီလီတင်းမှာ အလွန်နာကျင်သောခံစားမှုကို ခံစားရပြီး သတိလစ်သွားရခြင်း ဖြစ်လေ၏။

သူ သတိပြန်ရလာသောအခါ ငှေပှာချမ်းတောင်၏ အလွန်နွေးထွေးသော လိုဏ်ဂူတစ်ခုထဲသို့ ရောက်ရှိနေကြောင်း တွေ့လိုက်ရသည်။

သူ မျက်လုံးဝေ့ကြည့်လိုက်သောအခါ လိုဏ်ဂူကြီးအတွင်း၌ လူ့အသုံးအဆောင်ပစ္စည်းများ ပြည့်စုံစွာရှိနေကြောင်း တွေ့ရှိရသည်။

ကြမ်းပြင်သည် ကျောက်သားဖြင့် မဟုတ်ချေ။ ချည်ကြမ်းစောင်များ ခင်းကျင်းထားသဖြင့် ဤလိုဏ်ဂူကြီး၌ နေထိုင်သူမှာ ပစ်စလက်ခတ်နေထိုင်သူမဟုတ်ကြောင်း လီလီတင်း သိရှိရသည်။

လီလီတင်းသည် သူ့ကိုယ်သူ စစ်ဆေးကြည့်လိုက်သည်။



ကျားလက်သည်းချောင်း၏ ဒဏ်ရာဒဏ်ချက်များကို ဆေးနီများ ထည့်ပေးထားသည်။ မြွေမျိုခံရသည့် ခြေထောက်အောက်ပိုင်းကို အမည်းရောင်ဆေးများ သုတ်လိမ်းပေးထားသည်။

သူ့တစ်ကိုယ်လုံး လှုပ်ရှား၍ရကြောင်း တွေ့ရှိရသည်။

"အင်း ... ငါ့ကို ကယ်လာတာ ဟိုအဘိုးအိုပဲဖြစ်မှာပဲ၊ ပိုက်ကွန်အဖွဲ့ခေါင်းဆောင်ပြောသွားတဲ့ မြွေဧကရာဇ်ဟူးဆိုတာပဲ ဖြစ်ရမယ်"

သူသည် မြွေဧကရာဇ်ကို မတွေ့ရပေ။

သူသည် ကြမ်းပြင်အောက်ခြေကို သေချာစွာ ကြည့်လိုက်သောအခါ သူသည် ရင်ထိတ်သွားလေ၏။

အကြောင်းမှာ လိုဏ်ဂူထဲရှိ အသုံးအဆောင်များကြား ခင်းထားသည့်ချည်ကြမ်းထည်များကြား၌ မြွေများ ရွေ့လျားသွားနေသည်ကို တွေ့ရလေ၏။

မြွေများမှာ အရွယ်အစားမျိုးစုံ၊ အမည်မျိုးစုံ ဖြစ်လေသည်။

လီလီတင်းမှာ လန့်အော်မိမတတ်ဖြစ်သွားသည်။

အကြောင်းမှာ ...

သူ၏ ဆန့်တန်းထားသော ခြေထောက်ပေါ်၌ မြွေနက်ကြီးတစ်ကောင် လျှောက်၍ ဖြတ်သန်းသွားသောကြောင့်ပင်။

သူသည် လဲလျောင်းနေရာမှ ပတ်ဝန်းကျင်သို့ ကြည့်နေခြင်းဖြစ်ရာ မြွေနီတစ်ကောင်သည် သူ့ရင်ဘတ်ပေါ်မှ ဖြတ်ကျော်သွားပြန်၏။

လီလီတင်းမှာ မြွေမျိုသည့်ဘေးမှ ကင်းဝေးသွားခဲ့ပြီဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း မြေပေါက်ခံရမည့်ဘေးမှ မလွတ်သေးဘဲ ဖြစ်နေပြန်လေ၏။ သူသည် အသက်ကို အောင့်ထားမိသည်။

ထိုစဉ် ရယ်သံတစ်သံကို ကြားလိုက်ရလေ၏။

"ဟား ... ဟား ... ဟား"

သူသည် မျက်နှာကိုမရွေ့လျားရဲချေ။ မျက်လုံးအစုံကိုသာ ရွေ့လျားရဲသည်။ မုတ်ဆိတ်ဖြူကြီးကို လက်ဖြင့်သပ်၍ ဝင်လာသော မြေဧကရာဇ်ဟူးကို တွေ့လိုက်ရလေ၏။

သူသည် လီလီတင်း ကြောက်လန့်နေသည်ကိုကြည့်ပြီး တဟားဟား ရယ်နေသည်။

သူ၏လက်တစ်ဖက်၌ ခြင်းတောင်းကြီးတစ်ခုကို ဆွဲထားသည်။ သစ်သီးဝလံများ ပါရှိသောခြင်းဖြစ်သည်။ သူသည် သစ်သီးဝလံများကို သွားရောက်ခူးဆွတ်ခြင်း ဖြစ်ဟန်ရှိသည်။

သူသည် လီလီတင်းအနီးတွင် ထိုင်ချလိုက်ပြီး ...

"မင်း ဘာမှကြောက်ဖို့ မလိုပါဘူးကွယ်၊ မင်းရဲ့ လက်ခုံပေါ်ကို ကြည့်လိုက်စမ်း"

မြေဧကရာဇ်ဟူး၏ အပြောကြောင့် ... လီလီတင်းသည် သူ့လက်ခံပေါ်သို့ ကြည့်လိုက်သည်။ လက်ခုံပေါ်၌ ဆေးနီများဖြင့် ရေးထိုးထားသော ပင့်ကူရုပ် ကိုးကောင်ကို တွေ့ရှိရလေ၏။

"တွေ့လား ပင့်ကူနီကိုးကောင်"

"ဟုတ်ကဲ့ ... တွေ့ပါတယ် ခင်ဗျာ"

"အဲဒါဟာ ငါ့ရဲ့ မှုပိုင် ဆေးကေရာစ်ပဲကွယ့်"

"ဟုတ်ကဲ့ ..."



"မင်းကို ဘယ်လိုမြေမျိုးမှ မကိုက်နိုင်တော့ဘူး"

လီလီတင်း၏ရင်ထဲ၌ မွန်းကျပ်မှုများ ပြေလျော့သွားလေ၏။ စောစောကပင် သူ့ရင်ဘတ်နှင့် ခြေထောက်များပေါ် မြွေများ ဖြတ်ကျော်သွားကြပြီ မဟုတ်ပါလား။

ထိုမြွေများသည် ပင့်ကူနီဆေးများကြောင့် သူ့အားအန္တရာယ် မပြုကြခြင်း ဖြစ်ပေလိမ့်မည်။

"ကဲ ... မင်း ထထိုင်နိုင်ပြီ"

လီလီတင်း ထထိုင်လိုက်၏။

"မင်းဘေးမှာ ပုံထားတဲ့ မင်းအဝတ်တွေကို ဝတ်လိုက်"

လီလီတင်းသည် ပုံထားသည့် အဝတ်များကို ကောက်ဝတ်လိုက်၏။

"မင်းချွတ်လိုက်တဲ့ အဝတ်တွေကို ပုံထားလိုက်၊ ပြီးမှ လွှင့်ပစ်ရမယ်၊ ကဲ ... ရော့ သစ်သီးဝလံတွေကို စားပေတော့၊ မြွေကိုက်ခံရပြီးတဲ့လူတို့ မြွေမျိုခံရပြီးတဲ့လူတွေဟာ သစ်သီး သစ်ဥ သစ်ဖုတွေကို စားသင့်တယ်၊ အေးလေ ... လူတိုင်းလူတိုင်း သစ်သီးသစ်ရွက်စားရင် ဘာရောဂါမှ မဖြစ်ဘူးပေါ့ကွယ်၊ တကယ်တော့ လူတိုင်းစားသင့်တာပါ၊ လူတွေက အသားငါးတွေကိုချည်း စားနေကြတယ်"

လီလီတင်းသည် မြွေဧကရာဇ်အဘိုးအိုကျွေးသော သစ်သီးများကို အားပါးတရ စားလေတော့၏။ သူသည် အလွန်ဆာလောင်မွတ်သိပ်နေသည် မဟုတ်ပါလား။

"မင်းနာမည် ဘယ်လိုခေါ်သလဲကွယ့်"

"ကျွန်တော့်နာမည် လီလီတင်းပါခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုယ်ပေါ်က ကျားလက်သည်းချောင်းဒဏ်ရာတွေက တောင်ပေါ်မြားနတ်ကိုးကွယ်သားတွေရဲ့ လက်ချက်မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ၊ တောင်ပေါ်မြားနတ်ကိုးကွယ်သားတွေ ဒုက္ခပေးသွားတာပါ၊ ကျွန်တော့်ချစ်သူ ချန်ပိုင်တဲ့ သိုင်းကျမ်းတစ်ခုကို လိုချင်လို့ ကျွန်တော်တို့ကို ညှဉ်းပန်းနှိပ်စက်တာပါပဲ ခင်ဗျာ၊ ကျွန်တော့်ကို မြွေမျိုတာကိုလည်း ဒီအတိုင်း ကြည့်နေကြပါတယ်၊ တော်တော်လည်း ရက်ရက်စက်စက်လုပ်တဲ့ ဂိုဏ်းသားတွေပါ ခင်ဗျာ"

"တောင်ပေါ်မြားနတ်ကိုးကွယ် ရက်စက်ပုံတွေကတော့ စာဖွဲ့လောက်ပါတယ်၊ သူတို့လိုချင်တဲ့ သိုင်းကျမ်းကို ရသွားသလားကွယ့်"

"ရမသွားပါဘူး ခင်ဗျာ၊ သူတို့က ကျွန်တော့်ကို ညှဉ်းမယ်၊ ကျွန်တော့်ချစ်သူဆီက သိုင်းကျမ်းကို တောင်းမယ်၊ ဒီလို အစီအစဉ် လုပ်ကြတာကိုး ခင်ဗျာ၊ အဲဒီမှာတင် ကျွန်တော်က ကျွန်တော့်ချစ်သူကို လှမ်းပြောတယ်၊ သိုင်းကျမ်းကိုမပေးနဲ့ ပေးလည်းသတ်မှာပဲ၊ ကျွန်တော်တို့က သူတို့ဂိုဏ်းသားနှစ်ယောက်ကို သတ်ပြီးပြီကိုး၊ အဲ ... ဒီမှာတင် သူတို့အဖွဲ့ခေါင်းဆောင်က ကျွန်တော့်ကို မီးရှို့ဖို့ အမိန့်ပေးပါလေရော၊ ကံဆိုးချင်တော့ မြွေကြီးရောက်လာပြီး ကျွန်တော့်ကိုမျိုတယ်၊ ဆရာကြီးရဲ့ မြွေသံလည်းကြားရော သူတို့ဟာ ကျွန်တော့်ချစ်သူချန်ကိုသယ်ပြီး ထွက်ပြေးသွားကြတာပဲ၊ အခုလောက်ဆိုရင် ကျွန်တော့်ချစ်သူ ချန်လည်း သေလောက်ရောပေါ့ခင်ဗျာ"

လီလီတင်းသည် ပြောရင်း မျက်ရည်များ စီးကျလာလေတော့၏။

မြွေကေရာဇ်ဟူးက နှစ်သိမ့်၏။



"မင်း ပမ်းနည်းမနေပါနဲ့ကွာ၊ ဒီလိုပဲ ကိုယ့်စိတ်ကို ကိုယ်ဖြေပေါ့"

"မဖြစ်နိုင်ပါဘူးခင်ဗျာ၊ ကျွန်တော့်ချစ်သူချန်ဟာ သူ့ကြောင့် ကျွန်တော်သေမယ်လို့ချည်း စိတ်ဓွဲလမ်းနေရှာပါတယ်၊ အခုတော့ ကျွန်တော်မသေဘဲ သူသေသွားရရှာပါပြီ"

"ဟ ... မင်းချစ်သူတစ်ယောက်တည်း သေရတာ မဟုတ်ပါဘူးကွာ၊ ငါလည်း မင်းလိုပဲ ဇနီးဆုံးရှုံးရတဲ့လူပါ၊ ငါ့ဇနီး ထူပေ့တုန်း တစ်ယောက် တောင်ပေါ်မြားနတ်ကိုးကွယ်လက်ချက်နဲ့ သေခဲ့ရတာကွ၊ မင်းနဲ့ငါနဲ့ ဘဝတူတွေပါကွာ"

"ဗျာ ...."

လီလီတင်း အံ့ဩသွားလေ၏။

အဘိုးအိုကို သူကြည့်သည်။

အဘိုးအိုသည် မမြင်ရသည့်အဝေးတစ်နေရာသို့ ငေးမော ကြည့်နေသည်။

"ဆရာကြီးရဲ့ဇနီးကိုလည်း မြားနတ်ကိုးကွယ်က သတ်ခဲ့တယ် ဟုတ်လားခင်ဗျာ"

"အေး ... ဟုတ်တယ်၊ ငါ့မြားနတ်ကိုးကွယ်ဟာ အင်မတန်ကြီးတဲ့ ရန်ငြိုးဖွဲ့ခဲ့ပြီးပြီ၊ အဲဒါကြောင့် မင်းကိုလည်း မြားနတ်ကိုးကွယ် လက်ချက်နဲ့ မသေအောင် ငါ ကယ်တင်ခဲ့တာပေါ့၊ မင်းကိုယ်ပေါ်က ကျားလက်သည်းချောင်းဒဏ်ရာတွေ တွေ့ကတည်းက မင်းဟာ မြားနတ်ကိုးကွယ်ရဲ့ သားကောင်ဖြစ်ခဲ့ပြီဆိုတာ ငါသိတာပေါ့၊ ဒီကြားထဲ အကြောပိတ်ခံထားရပြီး မြွေမျိုနေတော့ ငါဟာ မြားနတ်ကိုးကွယ်သား

www.burmeseclassic.com

www.burmeseclassic.com



တွေကို အထပ်ထပ် မှန်းမိတာပေါ့ကွာ၊ ရက်စက်သမှ အတော်ရက်စက်တဲ့ကောင်တွေပေါ့"

"ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော့်ရင်ထဲမှာ မြားနက်ဂိုဏ်းကို အမုန်းတရားတွေက ငြီးငြီးတောက်လောင်နေမိပါတယ် ခင်ဗျာ၊ ဒီကောင်တွေ ဘာကောင်တွေလဲ၊ ဒီကောင်တွေကို ကျွန်တော် လက်စားမချေနိုင်ဘူးလား၊ ဒီကောင်တွေကို ဘယ်တော့မှ ကျွန်တော် အခဲမကျေဘူး"

လီလီတင်းသည် အံကြိတ်၍ ပြောလိုက်မိလေ၏။

"ကောင်းတယ်၊ ဒီဂိုဏ်းသားတွေဟာ အမှုန့်ကြိတ်ပစ်လောက်တဲ့လူတွေကွ"

"ကျွန်တော်က အမှုန့်ကြိတ်ပြီး အရည်ဖျော်ပစ်ချင်ပါတယ်"

"အဲဒီလိုဆိုရင် ငါတို့နှစ်ယောက်ဟာ ရည်ရွယ်ချက်တူပြီးပေါ့"

"တူပါတယ်ခင်ဗျာ၊ ဆရာကြီးကလည်း ဇနီးဆုံး၊ ကျွန်တော်ကလည်း ချစ်သူဆုံးဆိုတော့ ဘဝတူတွေပဲခင်ဗျာ၊ ဒီတော့ ရည်ရွယ်ချက်ချင်းလည်း တူရမှာပေါ့"

မြွေဇကေရာစ်ဟူးသည် မုတ်ဆိတ်ရှည်ကြီးကို သပ်ခါ စဉ်းစားနေလေ၏။

"ဒီမှာ ...လူလေး"

"ပြောပါ ခင်ဗျာ"

"မင်းကို ငါ အကြံပေးချင်တာ တစ်ခုရှိတယ်ကွယ်"

"အမိန့်ရှိပါ ဆရာကြီးခင်ဗျာ"



"မင်းရဲ့ သိုင်းပညာတွေ အရည်အချင်းတွေက အတော်နိမ့်နေတယ်ကွယ့်"

"ဟုတ်ပါတယ် ... ခင်ဗျာ၊ ကျွန်တော့်ချစ်သူချန်ကိုတောင် ကျွန်တော် မမီပါဘူးခင်ဗျာ"

"မြားနက်ဂိုဏ်းဟာ သူ့လက်ရာ ခြေရာတွေကို သိုင်းလောကမှာ မကျန်ရစ်အောင် ခြေရာဖျောက်တတ်တယ်ဆိုတာ မင်းသိတယ် မဟုတ်လား"

"သိပါတယ် ခင်ဗျာ"

"မင်း အသက်ရှင်နေတာကို သူတို့ ဘယ်လိုမှ ခွင့်မပြုနိုင်ဘူးကွယ့်၊ မင်းအသက်ရှင်ပြီး သိုင်းလောကမှာ ကျန်နေရင် သူတို့အကြောင်းကို မင်းပြောတော့မှာပဲလို့ သူတို့ တွက်မှာပေါ့၊ ဒီတော့ မင်းကို သူတို့ မရမက လိုက်သတ်မှာသေချာတယ်၊ မင်းကိုထပ်ပြီး ဒုက္ခပေးလိမ့်မယ်၊ မင်းရဲ့အသက်အန္တရာယ်ဟာ စိုးရိမ်နေရပြီ"

"ကျွန်တော်ကလည်း သူတို့ကို သတ်မှာပဲခင်ဗျာ၊ တစ်ယောက်သေရင် အရင်း၊ နှောက်တစ်ယောက်ထပ်သတ်နိုင်ရင် အမြတ်၊ ဒီလိုပဲ ကျွန်တော်တွေးပါတယ် ခင်ဗျာ"

"ကြိုက်ပြီး၊ အဲဒီလိုစိတ်ထားမျိုးမှ ငါကြိုက်တာ၊ ကဲ ... မင်းနာမည်ပြောင်းရမယ်"

"ဆရာကြီး အကြံပေးတဲ့အတိုင်း ကျွန်တော်လိုက်နာပါမယ် ခင်ဗျာ၊ ကျွန်တော့်နာမည်ကို လူတင်းလို့ နာမည်ပြောင်းလိုက်ပါမယ်"

"ကောင်းတယ် ...လူတင်းဆိုတဲ့နာမည်ဟာ လက်စားချေခြင်းဆိုတဲ့စကားနဲ့လည်း နီးစပ်တယ်၊ ဒီကောင်တွေကို လက်စားချေနေ့

www.burmeseclassic.com

www.burmeseclassic.com



လူပေါ့။ အခုမင်းရောက်လာတော့ ငါ့ဘဝဟာ ပိုကောင်းသွားတယ်"

လီလီတင်းမှာ မြွေဘုရင်လူတင်းဘဝသို့ ပြောင်းလဲရောက်ရှိသွားပုံပင်ဖြစ်သည်။

"နောက်တစ်ချက်က မင်းမျက်နှာကို သူတို့မှတ်မိနိုင်တယ်၊ ဒါကြောင့် မင်းမျက်နှာတစ်ခုလုံးကို မြွေဆေးအမည်းတွေနဲ့ ငါ ထိုးနှံပေးမယ် ... စုတ်တံနဲ့ ထိုးတဲ့ဆေးပေါ့၊ ဒါမှ ဆေးစွမ်းလည်း ရ၊ မင်းမျက်နှာကို လည်း သူတို့ မမှတ်မိနိုင်တော့ဘူးပေါ့"

ဤသို့ဖြင့် မျက်နှာတွင် စုတ်ဆေးမည်းများ ပြည့်နှက်နေသည့် လူတင်းဘဝသို့ရောက်ရှိသွားလေတော့၏။

သူ့ရုပ်ကို တောင်ပေါ်မြားနတ်ကိုဏ်းသားတို့ မမှတ်မိတော့ချေ။

မြွေဆေးသည် အဆိပ်များကို အသုံးပြုထားသည့်ဆေးများဖြစ်သည်။

သူသည် ထိုအဆိပ်များ၏ဒဏ်ကိုလည်း အလူးအလဲ ခံစားရသေးသည်။

ထိုဝေဒနာမှ လွန်မြောက်သောအခါ လူတင်း၏အသံသည် မူလအသံမဟုတ်တော့ဘဲ အလွန်သေးငယ်စူးရှသောအသံအဖြစ်သို့ ပြောင်းလဲသွားတော့၏။

ဤသည်မှာ သူ့အတွက် ပိုကောင်းပေသည်။

တောင်ပေါ်မြားနက်ကိုဏ်းသားများသည် လီလီတင်းကို ရှာဖွေကြသော်လည်း လုံးဝမတွေ့ရှိရတော့ပေ။

မြွေကေရာစ်ဟူးက ...



"ငါ မင်းကို မြွေပညာ သင်ပေးလိုက်မယ်၊ မင်းရဲ့သိုင်းပညာဟာ အဆင့်နိမ့်နေတယ်၊ ဒါပေမဲ့ မင်းလက်စားချေတဲ့အခါမှာ မြွေပညာနဲ့ လက်စားချေပေးသလိုဖြစ်အောင် ကတိတောင်းရတာ၊ မင်းဆန္ဒလည်း ပြည့်ဝတာပေါ့ကွာ"

လီလီတင်းမှာ သူ့အတွက် အကောင်းဆုံးလမ်းကို ရွေးပေးနေခြင်းဖြစ်ကြောင်း သိရှိလိုက်သည်။

သူ ဘာလုပ်ရမည်နည်း။

သူ အသက်ရှင်နေသရွေ့ တောင်ပေါ်မြားန[illegible]ကိုဏ်းကို လက်စားချေရန်သာ ရှိသည် မဟုတ်ပါလော။

"ကောင်းပါတယ်ခင်ဗျာ၊ ကျွန်တော် ဆရာကြီးရဲ့အကြံဉာဏ်ကို သိပ်သဘောကျပါတယ်၊ ဒီအတိုင်း ကျွန်တော် ဆောင်ရွက်ပါ့မယ်"

ဟူးက ...

"မင်းသိအောင် ငါပြောထားမယ်၊ ငါ့နာမည် မြွေကေရာစ်ဟူးကွ၊ လူအများခေါ်ကြတဲ့ နာမည်ပေါ့ကွာ၊ မြွေကေရာစ်မပါရင်တော့ ဟူး တစ်လုံးတည်းပေါ့"

လီလီတင်းက ခေါင်းညိတ်၏။

"ပိုက်ကွန်ခေါင်းဆောင်က ဆရာကြီးနာမည်ကို ပြောသွားပါတယ် ခင်ဗျာ၊ ကျွန်တော် ကြားလိုက်မိပါတယ်"

သူသည် ထိုအချိန်မှစ၍ လူတင်းအဖြစ် မြွေပညာများကို သင်ကြားလေတော့၏။ နောက်ဆုံး ...

သူသည် မြွေဘုရင်လူတင်း ဖြစ်လာလေတော့သည်။

သူသည် မြွေဖမ်းနည်း၊ မြွေများကို ယဉ်ကျေးအောင် သွန်

www.burmeseclassic.com

www.burmeseclassic.com

သင်နည်း၊ မြွေများကို အမိန့်နာခံတတ်အောင် လေ့ကျင့်ပေးနည်း၊ မြွေတို့၏သဘာဝ၊ မြွေအမျိုးကွဲများ၏ ခြားနားချက်များ၊ မြွေဆိပ်အမျိုးမျိုးနှင့် အန့်ခံကောင်းသော ငန်းစောင်းမြွေကြီးများအကြောင်းကို လက်တွေ့သင်ကြားခဲ့ရသည်။ မြွေဘုရင်လူတင်း ဖြစ်လာအောင်လည်း ဟူးက သူ့အား သင်ကြားပေးခဲ့သည်။

မြွေများအကြောင်း ကုန်စင်အောင် သိကျွမ်းခဲ့ပြီးနောက် သူသည် ဆရာဖြစ်သူ မြွေဧကရာဇ်ဟူးအား ရှိခိုးကန်တော့သည်။

သူ သိုင်းလောကအတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ရှိခိုးကန်တော့ခြင်း ဖြစ်သည်။

"အေး ... ကောင်းတယ်၊ မင်း သိုင်းလောကကို ဝင်သွားနောက်ပြီး ပထမတောင်ပေါ်မြားနက်ဂိုဏ်းသားတွေကို လက်စားချေရမယ်၊ ဒုတိယ မင်းလုပ်ရမယ့်အလုပ်က လက်စားချေခြင်းပဲ၊ တတိယ မင်းလုပ်ရမယ့်အလုပ်ကလည်း လက်စားချေခြင်းပဲ"

မြွေဧကရာဇ်ဟူးက သူ့အား ထိုသို့ ဩဝါဒပေးလိုက်လေသည်။

သိုင်းလောကသားများက ထူးခြားသောပညာဖြင့် ရောက်ရှိလာသည့် မြွေဘုရင်လူတင်းကို ဝိုင်းဝန်းကြိုဆိုကြလေ၏။ လူတင်းအမည်ကို သိုင်းလောကသားအားလုံးက သိရှိသွားကြသည်။

လူတင်းသည် သိုင်းလောက၌ ကျင်လည်ကျက်စားရင်း တောင်ပေါ်မြားနက်ဂိုဏ်းသားများ ဖောက်ထွက်ရောက်ရှိလာတတ်သည့် ကျွဲဆေးတောစပ်သို့ မကြာခဏ ရောက်ရှိချောင်းမြောင်းတတ်သည်။



တစ်ကြိမ်ခံခဲ့ရဖူးသော လူတင်းသည် အလွန်စိတ်ရှည်လေသည်။ သူ၏စိတ်ရှည်လက်ရှည် စောင့်ဆိုင်းတတ်မှုကြောင့် တစ်နှစ်တွင် မြားနက်ဂိုဏ်းသားများနှင့် တွေ့ဆုံခွင့်ရရှိသွားလေသည်။

ထိုတွေ့သည့် သုံးကြိမ်စလုံး မြွေပညာရပ်ဖြင့် မြားနက်ဂိုဏ်းသားများ၏ဝိညာဉ်ကို ခြွေခဲ့သည်ချည်းဖြစ်လေ၏။

မြားနက်ဂိုဏ်းသားများသည် လူတင်း၏လက်ချက်ဖြစ်သည်ဟု မယူဆချေ။

သူတို့အပေါ် အကြီးအကျယ်ရန်ငြိုးဖွဲ့ထားသည့် မြွေဧကရာဇ်ဟူး၏လက်ချက်ဖြစ်သည်ဟု ယူဆကြသည်။

တစ်ကြိမ်လည်း မဟုတ်၊ နှစ်ကြိမ်လည်း မဟုတ်၊ သုံးကြိမ်တိုင်တိုင် မြားနက်ဂိုဏ်းသားများ သေဆုံးရသောအခါ မြားနက်ဂိုဏ်းချုပ်သည် ဟူးအား တွေ့ရာသင်္ချိုင်း ဓားမဆိုင်းဘဲ သုတ်သင်ရန် အမိန့်ထုတ်လေတော့၏။

ယင်းအခြေအနေကို ဟူးသည် လွန်စွာသဘောကျနေလေသည်။

မြားနက်ဂိုဏ်းသားများကို ယခင်က သူကလိုက်ရှာပြီး သုတ်သင်နေရသည်။ ယခုတော့ ပြောင်းပြန်ဖြစ်သွားသည်။ မြားနက်ဂိုဏ်းသားများက သူ့ကို ခြေရာခံလိုက်ရှာနေကြသည်။

သူနေထိုင်သည့် ဝေဟူချမ်းတောင်ခြေသို့ သတင်းအနံ့ခံရောက်လာသူ မြားနက်ဂိုဏ်းသားအားလုံးကို စောင့်ဆိုင်းရှင်းလင်းသုတ်သင်ပစ်နေတော့သည်။

"ဟား ... ဟား ... ဟား၊ သေကြ ... သေကြ ..လာကြ

www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ တစ်ဂိုဏ်းလုံးကို ငါဖြိုပစ်မယ်"

မြွေကေရာစ်ဟူးသည် ကျယ်လောင်စွာရယ်ရင်း အော်ဟစ်နေလေတော့၏။

မှန်သည်။

ဆယ်နှစ်မျှကြာသောအခါ မြားနက်ဂိုဏ်းသားများမှာ ကုန်သလောက်ဖြစ်သွားတော့သည်။

မြွေဘုရင်လူတင်းက တိတ်တဆိတ် လုပ်ကြံလိုက်၊ မြွေကေရာစ်ဟူးက လုပ်ကြံလိုက်၊ အပြန်အလှန် လုပ်ကြံနေကြသောကြောင့် မြားနက်ဂိုဏ်းသားများမှာ ပြောင်သလင်းခါသလောက် ဖြစ်သွားသည်။

နောက်ဆုံး မြားနက်ဂိုဏ်းချုပ်ကြီးကိုယ်တိုင် လက်ဝါးစောင်းတောင်ပေါ်မှ ဆင်းသက်လာပြီး ဟူးကို တောနင်းရှာဖွေတော့သည်။

ထိုသတင်းကို လူတင်းက ရရှိသည်။

သူသည် သိုင်းလောကတွင် ကျင်လည်နေသူ မဟုတ်ပါလော။ သည်သတင်းကို သူ ရရှိပေလိမ့်မည်။ သူသည် မြွေကေရာစ်ဟူးထံ အပြေးအလွှားရောက်ရှိလာလေသည်။

"ဟား ... ဟား ... ဟား ... လာပစေပေါ့တပည့်ရာ၊ အဲဒါ အကောင်းဆုံးပဲ၊ နောက်ဆုံး စာရင်းရှင်းတမ်းထုတ်ရုံတာပေါ့"

မြွေကေရာစ်ဟူးသည် မုတ်ဆိတ်မွေးရှည်ကြီးကို ပွတ်သပ်ကာ ပြောလိုက်သည်။

ဤသို့ဖြင့် မြားနက်ဂိုဏ်းချုပ်ကြီးအား လူတင်းတို့ ဆရာတပည့်နှစ်ယောက်သည် ဝေယူချမ်းတောင်ခြေမှ အသင့်စောင့် ကြိုနေကြလေ၏။



မြားနက်ဂိုဏ်းချုပ်သည် လက်ထောက်ဂိုဏ်းချုပ် ငါးဦးအပါအဝင် လက်ရွေးစင်သိုင်းပညာရှင်သုံးဦးဖြင့် စုစုပေါင်းကိုးဦး ဝေယူချမ်းတောင်ခြေသို့ ရောက်ရှိလာကြလေသည်။

မြွေကေရာစ်ဟူးနှင့် မြွေဘုရင်လူတင်းတို့သည် ထိုကိုးဦးကို မကြောက်မရွံ့ချေ။ ရဲရဲဝံ့ဝံ့ ရင်ဆိုင်တိုက်ခိုက်၏။

ကေရာစ်ဟူးမှာ ကံဆိုးလှစွာ တိုက်ပွဲတွင် ကျဆုံးသွားခဲ့ရသည်။ မြားနက်ဂိုဏ်းချုပ်၏ လက်ထောက်ငါးယောက်ကို အနိုင်တိုက်ပြီးမှ မြားနက်ဂိုဏ်းချုပ်လက်ချက် မိသွားခြင်းဖြစ်သည်။

ထိုအခါ မြားနက်ဂိုဏ်းချုပ်နှင့် လက်ရွေးစင်သိုင်းပညာရှင်သုံးဦးသည် လူတင်းကိုသတ်ရန်သာ ကျန်ရှိတော့သည်။

သို့သော် လူတင်းကလည်း မခေပေ။

မီးကုန်ယမ်းကုန် ခုခံနေသည်။

ထိုအချိန်တွင် ဝေယူချမ်းတောင်ခြေသို့ ငှက်နက်ကလေးတစ်ကောင်သည် စူးရှစွာအော်ဟစ်ပြီး ရောက်ရှိလာလေသည်။

ထိုငှက်ကလေးနောက်မှ မျက်နှာအမာရွတ်နှင့် ရုပ်ဆိုးဆိုးဆံရှည်လူငယ်တစ်ဦး ကပ်ပါလာ၏။ ထူးခြားသည့် ငှက်ကလေး၏ အော်သံကြောင့် မြားနက်ဂိုဏ်းချုပ်သည် တိုက်ပွဲကို ဆက်မတိုက်ဘဲ ရပ်တန့်လိုက်သည်။ လူတင်းကား သက်သာရာရသွား၏။

အမှန်တကယ် ဆက်တိုက်လျှင် သူ မုချသေဆုံးရပေတော့မည်။ အဘယ်ကြောင့်ဆိုသော် သူ ခြေကုန်လက်ပန်းကျနေပြီ မဟုတ်ပါလား။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



## (၆၀)

လှတင်းသည် သက်ပြင်းတစ်ချက်ချကာ အနီးရှိသစ်ပင်ကြီး တစ်ပင်ကို ကျောမှီရပ်လိုက်၏။ ကျောမှီရပ်ခြင်းမှာ သူရပ်နိုင်သေးကြောင်း သက်သေပြသလိုဖြစ်သည်။

အမှန်တော့ သူ ခြေပစ်လက်ပစ် ပစ်လှဲချလိုနေပေသည်။

သူသည် အသက်ကိုမှန်အောင် မနည်းရှူရှိုက်နေရသည်။ သူ့တစ်ကိုယ်လုံးလည်း သွေးများစေးထန်းလျက် နီရဲစွတ်စိုနေသည်။

ငှက်နက်ကလေးသည် မျက်နှာအမာရွတ်နှင့် ရုပ်ဆိုးဆိုးလူငယ်၏ အင်္ကျီလက်စရှည်အတွင်း ဝင်ရောက်ပျောက်ကွယ်သွား၏။

တောင်ပေါ်မြားနက်ဂိုဏ်းချုပ်သည် ရုပ်ဆိုးဆိုးလူငယ်ဘက်သို့ လှည့်လိုက်၏။

“ရုပ်ဆိုး မားချားအို ... သင် အဘယ်ကြောင့် ကျွန်ုပ်အားနှောင့်ယှက်ရပါသလဲ”

သူသည် ခက်ထန်စွာဖြင့်မေးလေ၏။ ရုပ်ဆိုးမားချားအိုက..

“မြားနက်ဂိုဏ်းချုပ် ... သင် ပြန်ပြင်ပြောစမ်းပါ၊ ကျုပ်ဒီနယ်မြေကို ဒီနေ့ သိမ်းပိုက်လိုက်ပြီ၊ သင်နေရပ်ကို ချက်ချင်းပြန်ပါ၊ ဒီနေ့ဟာ သရဲနေ့ဆိုတာ အသင်မေ့နေပြီလား”

“ဟင် ...”

မြားနက်ဂိုဏ်းချုပ်သည် ဟင်ခနဲဖြစ်သွား၏။ ထို့နောက် ...



“ဒီနေ့ ... ဒီနေ့ ...”

“ဟုတ်တယ် ... ဒီနေ့ သရဲနေ့ပဲ”

“ကျွန်ုပ်မေ့နေတယ်ဆိုတာ ဝန်ခံတယ်၊ သင့်မားချားအိုအစစ်ဖြစ်ကြောင်း တခြားသက်သေများရော ရှိပါသလား”

“ဪ ... သင်က ဒီလိုလား၊ ရပါတယ် ... ဒီမှာ သင်မြင်တွေ့လိုတဲ့ သက်သေခံ တံဆိပ်တော်”

ရုပ်ဆိုးမားချားအိုသည် လက်ထဲမှ ရွှေရောင်ဝင်းနေသော တံဆိပ်ကို မြှောက်ပြလေ၏။

ရွှေရောင်ဝင်းနေသောတံဆိပ်ကား သုံးပြည်ထောင်ခေတ်အတွင်းမှ စူးမင်းနေပြည်တော် နန်းတွင်းတံဆိပ်ပင်တည်း။

“ယုံပါပြီ ... ကျုပ် အခုပဲ ဒီကထွက်သွားပါတော့မယ်”

မြားနက်ဂိုဏ်းချုပ်က ပြောလိုက်လေ၏။

ရုပ်ဆိုးမားချားအိုသည် သူ၏တံဆိပ်ကို ပြန်သိမ်းလိုက်သည်။ သို့သော် လက်သည် လှစ်ခနဲ လှုပ်ရှားသွားလေ၏။ သူ၏ အင်္ကျီအိတ်အတွင်းမှ သံလုံးသုံးလုံးကို နှိုက်ထုတ်၍ ပစ်ခတ်လိုက်ခြင်းဖြစ်သည်။

သံလုံးသုံးလုံးသည် သုံးနေရာခွဲ၍ မြားနက်ဂိုဏ်းချုပ်ဆီသို့ ပြေးဝင်လေ၏။

မြားနက်ဂိုဏ်းချုပ်သည် ပြေးရှောင်ရန် စဉ်းစားလိုက်သည်။ သို့သော် သံလုံးနှစ်လုံးက သူရှောင်မည့်နေရာသို့ ပြေး၍ ပိတ်ဆို့ခြင်းကြောင့် တတိယနေရာသို့ အလုအယက် ခုန်ရှောင်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

"ဘုန်း ..."

"အင့် ..."

တတိယသံလုံးသည် မြားနက်ဂိုဏ်းချုပ် ပြေးရှောင်သည့် တတိယနေရာသို့ ပြေးဝင်လာသည်။

ထိုအခါ ပန်းကိုသံလုံးထိမှန်ပြီး နောက်သို့လန်ကျသွားသည်။

သူသည် ကျွမ်းထိုး၍ ချက်ချင်းထနိုင်သော်လည်း ဂိုဏ်းချုပ်ကြီးတည်းဟူသော ကာယကံမြောက်ပျက်သွားရသည်။

သူကဲ့သို့ ဂိုဏ်းချုပ်ကြီးမှာ မည်သည့်အခါမျှ ဤကဲ့သို့ အဖြစ်မခံသင့်ပေ။ ရုပ်ဆိုးမားချားအိုက ...

"ကျုပ်ရဲ့ အင်မတန်ရိုးစင်းတဲ့ သံလုံးပစ်ကွက်ကိုတောင် လွတ်အောင်မရှောင်နိုင်ဘဲနဲ့ နောက်တစ်ကြိမ်မှာ ကျုပ်ကိုတွေ့ရင် စစ်လားဆေးလား မလုပ်ပါနဲ့၊ ခုချက်ချင်း ဒီကထွက်သွားပါ"

သူသည် ထိုသို့ပြောလိုက်သော်လည်း မြွေဘုရင်လူတင်း၏ ရှေ့သို့ ခုန်ဝင်သွားလေသည်။ ထို့နောက် လူတင်းအား မျက်နှာချင်း ရပ်ပြီး ဖြစ်နေလေသည်။

သူသည် အဘယ်ကြောင့် လူတင်းရှိရာသို့ ခုန်ဝင်သွားသည်ကို မည်သူကမျှ မသိချေ။

လူတင်းက လှုပ်ရှားဟန် ပြင်လိုက်သော်လည်း ရုပ်ဆိုးမားချားအိုက မြွေဘုရင်လူတင်း ၏ဦးခေါင်းကို စွန်လက်သည်းကုပ်လက်များဖြင့် အုပ်ကိုင်ပြီးဖြစ်နေလေ၏။ ထို့ကြောင့် လူတင်းမှာ မလှုပ်သာ မလှန့်သာ ဖြစ်သွားရတော့သည်။



မြားနက်ဂိုဏ်းချုပ်မှာ လူတင်းအား လက်စသိမ်းသတ်ပစ်ချင်သော်လည်း ရုပ်ဆိုးမားချားအို ကြားထဲမှာခံနေသည့်အတွက် မသတ်နိုင်ဘဲ ဖြစ်ခဲ့ရသည်။

"ကျုပ်သွားမယ်"

ထိုသူ ပြောပြီး ထူးဆန်းသော သိုင်းပညာရှင်သုံးဦးနှင့်အတူ ထွက်ခွာသွားလေတော့သည်။ သူသည် ဂိုဏ်းချုပ်ကြီးတစ်ယောက် သံလုံးနှင့် အပစ်ခံရသည်ဟူသည့် အဖြစ်ဆိုးကြောင့် ဤသို့ အလျှော့ပေး ထွက်ခွာသွားခြင်းဖြစ်သည်။

ရုပ်ဆိုးမားချားအို ပစ်ခတ်ခဲ့သည့်သံလုံးမှာ ရုတ်တရက်ကြည့်လျှင် မည်သည့်ပရိယာယ်မျှ မပါဟုထင်ရန်ရှိသည်။ သို့သော် ဤသို့မဟုတ်ပါချေ။ သံလုံးပစ်ကွက်၌ ပရိယာယ်မာယာ အများကြီးပါသည်။

ရုပ်ဆိုးမားချားအိုသည် မြားနက်ဂိုဏ်းချုပ်၏ ကိုယ်နေဟန်ထားကို ကြိုတင်တွက်ချက်ခြင်း၊ လုံးဝ မထင်မှတ်သောအချိန်၌ အနီးကပ်တိုက်ခိုက်ခြင်း၊ တစ်ပြိုင်တည်း ပစ်လွှတ်ခြင်းဖြစ်သော်လည်း သံလုံးရောက်ရှိချိန်များ မတူညီခြင်း၊ တိမ်းရှောင်နိုင်မည့် သုံးနေရာသို့ တိတိကျကျ ခွဲလွှတ်နိုင်ခြင်း၊ အတွင်းအားကို အစွမ်းကုန်ထည့်ထားခြင်းသည့်အချက်များကြောင့် မြားနက်ဂိုဏ်းချုပ်ကြီးမှာ အငိုက်မိသွားခြင်းဖြစ်လေသည်။

သို့သော် မားချားအိုသည် ထိုသံလုံးများကို ပေါ့ပေါ့ဆဆ ပစ်လိုက်ဟန် လုပ်ဆောင်ထားခဲ့သည်။ တကယ်တော့ မားချားအိုသည် အထက်ကဆိုခဲ့သည့်အတိုင်း အစစအရာရာ အားလုံးကို တွေးပြီး အလေးအနက်ပစ်ခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် မြွားနက်ဂိုဏ်းချုပ်သည် မားချားအိုကို အလွန် အထင်ကြီးသွားသည်။

မားချားအို သရုပ်ဆောင်သည်မှာ လွန်စွာထိမိသွားသည် မဟုတ်ပါလား။ ထို့ကြောင့် သူ ထွက်ပြေးသွားခြင်းဖြစ်သည်။

ယခု မားချားအိုသည် လူတင်း၏ဦးခေါင်းကို စွန်လက်သည်း ကုပ်ဖြင့် ချုပ်ကိုင်ထားလေပြီ။

လူတင်းက သူ့ဦးခေါင်း မည်သည့်အချိန်မှာ ပေါက်ကွဲကြေမွ သွားမည်နည်းဟု တွေးနေလေသည်။

သို့သော် ယခုအချိန်အထိ မားချားအိုသည် အန္တရာယ်မပြု သေးချေ။

"လူတင်း ... ခင်ဗျားအသက်ကို မြွားနက်ဂိုဏ်းချုပ်လက်ထဲ က ကျုပ် ကယ်တင်ခဲ့ပြီးပြီ၊ ခင်ဗျားက ကျုပ်ကို သစ္စာခံမယ်ဆိုရင် မြွားနက်ဂိုဏ်းချုပ်လက်ကလည်း ကျုပ် အကာအကွယ်ပေးမယ်၊ ခင်ဗျားအသက်ကိုလည်း ကျုပ် မသတ်ဘူး။ ဒီလိုမှ မဟုတ်ရင်တော့ ခင်ဗျားအသက်ကို ကျုပ် အခုသတ်ရမှာပဲ"

မားချားအိုက ခြိမ်းခြောက်လိုက်လေသည်။ လူတင်းသည် အသက်သေရမည်ကိုတော့ သိပ်မကြောက်လှပေ။

သို့သော် စဉ်းစဉ်း စားစားနှင့် ပြောသည်။

"ကျုပ် ခင်ဗျားကို သစ္စာခံရင် မြွားနက်ဂိုဏ်းကို ကလဲ့စား ချေနေတဲ့အလုပ်ကို ဆက်လုပ်ခွင့်ရှိမလား"

ထိုအခါ မားချားအိုက ရှင်းပြသည်။

"ကျုပ်ကို ခင်ဗျား သစ္စာခံခြင်းဟာ ကျုပ်အလိုရှိတဲ့အခါ ခင်



ဗျားကို ခေါ်ယူစေနိုင်းဖို့ပဲဖြစ်တယ်၊ တခြား ဘယ်ကန့်သတ်ချက်မှ မရှိဘူး။ ဘယ်တားမြစ်ချက်မှ မရှိဘူး။ ကျုပ် အသုံးလိုတဲ့အခါ ခိုင်းစေဖို့ပဲ ဖြစ်တယ်"

လူတင်းသည် သက်ပြင်းချလိုက်သည်။

"ကောင်းပါပြီ ဒီလိုဆိုရင် လူတင်းဟာ ခင်ဗျားရဲ့သစ္စာကို ခံယူလိုက်ပါပြီ"

ထိုအခါ ရုပ်ဆိုးမားချားအိုသည် လူတင်း၏ဦးခေါင်းကို လွှတ် လိုက်သည်။

သူသည် အကျီလက်စရှည်အတွင်းမှ ငှက်နက်ကလေး တစ် ကောင်ကို ဆွဲထုတ်လိုက်သည်။ ငှက်နက်ကလေးသည် မဟူရာ ခဲလေးအလား မည်းနက်နေသည်။

သူသည် ထိုငှက်နက်ကလေးအား လူတင်းအား လှမ်းပေး လေ၏။

"ဒီငှက်နက်ကလေးဟာ ကျုပ်ရဲ့အထိမ်းအမှတ်သင်္ကေတပဲ၊ သူ့ကို ယဉ်ကျေးအောင် သင်ပေးပြီးသားဖြစ်တယ်၊ ကျုပ်နဲ့ ဆက် သွယ်ဖို့ဆိုရင် ဒီငှက်ကလေးကိုသာ လွှတ်လိုက်၊ ဒီငှက်ကလေးဟာ ကျုပ်ဆီ မရောက်ရောက်အောင် ပျံသန်းလာလိမ့်မယ်၊ ခင်ဗျားဆီမှာ ဒီငှက်ရှိနေသရွေ့ ကျုပ်ကို မတွေ့တွေ့အောင် ရှာနိုင်လိမ့်မယ်၊ ဒီငှက် နက်တွေဟာ ပင်လယ်သမုဒ္ဒရာခြားနေပါစေ၊ သူတို့အချင်းချင်း ဆက် သွယ်နိုင်ကြတယ်"

လူတင်းသည် ငှက်ကလေးကို သူ့အကျီအိတ်အတွင်း ထည့် သွင်းထားလိုက်၏။ လူတင်းက ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီငှက်ကလေးတွေဟာ အစာမစားဘဲနဲ့တော့ နေနိုင်မှာမဟုတ်ဘူး။ သူတို့ကို အစာတော့ ကျွေးရမှာပဲ၊ ဒီငှက်နက်တွေ ဘာကို စားသောက်ကြသလဲ"

"စမုန်စေ့ကလေးတွေကို ကျွေးဖို့လိုတယ်"

"ကောင်းပြီ"

"ကျုပ် တစ်ခုပြောစရာရှိသေးတယ်"

"ဘာများလဲ"

"ခင်ဗျားဟာ ကျုပ်ကို ရုပ်ဆိုးမားချားအိုအဖြစ်ပဲ သိထားတယ်"

"ခင်ဗျားမှာ အသွင်ဘယ်နှစ်မျိုး ရှိနေလို့လဲ"

"ခင်ဗျားကြည့်လေ"

သူသည် ရုပ်ဆိုးမားချားအိုမျက်နှာတုကို ဆွဲချွတ်လိုက်လေ၏။ လှပချောမွေ့သော မိန်းကလေးတစ်ယောက်၏ရုပ်ရည် ထွက်ပေါ်လာသည်။

"ကျွန်မနာမည် ယီတာပဲ၊ ရှင်မှတ်ထားပါ။ ကျွန်မရဲ့ မျက်နှာမူရင်းပဲ၊ ရှင် နောင်တွေ့ရင် ရုပ်ဆိုးမားချားအိုမျက်နှာနဲ့ တွေ့ချင်တွေ့မယ်၊ ယီတာမျက်နှာနဲ့ တွေ့ချင်တွေ့မယ်၊ ကြုံသလို ဆက်ဆံပေါ့ ... ဟုတ်ပြီလား"

လူတင်းသည် ခေါင်းညိတ်လိုက်လေ၏။

အထက်ပါအဖြစ်အပျက်များမှာ လူတင်းခေါ် လီလီတင်း၏ အဖြစ်အပျက်များပေတည်း။

◈ ◈ ◈



## (၆၁)

## သံမဏိ မိန်းကလေး

လူတင်းက ...

"ကဲ ... ငါရဲ့ အတိတ်စာတ်ကြောင်းကို ပြောပြပြီးပြီ၊ ခင်းရဲ့ နောက်ကြောင်းကိုလည်း ပြောပြပါဦး"

"ဟုတ်တယ် ...ကျွန်မဖြစ်ပျက်ခဲ့တာတွေကိုလည်း ပြန်ပြောပြရမယ်၊ ရှင်လည်းသိချင်မှာပေါ့"

အခေါ်ချွန်သည် သူမ၏အဖြစ်အပျက်များကို ဆက်လက်ပြောလေတော့သည်။

ချွန်ကို ပိုက်ကွန်အဖွဲ့သားများသည် ထမ်းခေါ်ဆောင်သွားကြလေ၏။ သူတို့သည် မြွေဓကေရာဇ်ဟူးအား ရင်မဆိုင်ရဲကြချေ။

သူတို့သည် ကွီဆေးတောအုပ်အတွင်းသို့ ဝင်သွားကြခြင်းဖြစ်သည်။ ကွီဆေးတောအုပ်ထဲ၌ မြားနက်ဂိုဏ်းချုပ်ကြီးက စောင့်ကြိုနေလေ၏။ အဖွဲ့ခေါင်းဆောင်သည် ဒူးထောက်လျက် အခြေအနေအားလုံးကို အစီရင်ခံသည်။

"ချွန်ကို ဖမ်းမိလာတာကို ငါသဘောကျတယ်၊ ဟူးကို မင်းတို့ ရှောင်လာတာလည်း မှန်တယ်၊ သူနဲ့တွေ့ရင် မင်းတို့ သေမှာပဲ"

မြားနက်ဂိုဏ်းချုပ်ကြီးသည် ချွန်ကို လက်ပြောင်းရယူ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ထုံးစံအတိုင်းလုပ်ကြ"

မြားနက်ဂိုဏ်းချုပ်ကြီးက အမိန့်ပေးလိုက်သည်။

ထိုအခါ မြားနက်ဂိုဏ်းသားများသည် ချန်၏မျက်နှာကို အဝတ်ဖြင့် စည်းနှောင်ထားပြီး ထမ်း၍ သယ်ဆောင်သွားကြလေ၏။

ချန်သည် လမ်းခရီးကို မမြင်ရချေ။ မည်သည့်နေရာသို့ သွားနေမှန်း သူမ မသိရချေ။ သူတို့သည် တစ်ရက်နှင့်တစ်ည ခရီးထွက်ပြီးမှ ခရီးပန်းတိုင်ကို ရောက်ရှိကြလေ၏။

ခရီးပန်းတိုင်ကား မြားနက်ဂိုဏ်းဌာနချုပ်တည်း။

ချန်ကို မျက်လုံးများ ဖွင့်ပေးလိုက်သောအခါ သူမသည် လက်ဝါးစောင်းတောင်ပေါ်သို့ရောက်ရှိနေကြောင်း တွေ့ရှိရသည်။

တောင်ပေါ်မြားနက်ဂိုဏ်းသားတို့သည် တောင်ပေါ်၌ဂူကြီးများ ထွင်းဖောက်နေကြောင်း တွေ့ရှိရသည်။

တောင်ပေါ်၌ တစ်ခါ တစ်ရံ နှင်းများကျဆင်းတတ်သည်။ နှင်းများကျဆင်းသည့်အခါ တစ်တောလုံး နှင်းများ ဖြူဖွေးနေတတ်ပေသည်။ သို့သော် မြားနက်ဂိုဏ်းသားတို့နေထိုင်သည့် ဂူများမှာမူ နွေးနွေးထွေးထွေးရှိနေသည်။

ဌာနချုပ်သို့ရောက်သည်နှင့် ချန်အား ဂိုဏ်းချုပ်ကြီးကိုယ်တိုင် စစ်ဆေးလေတော့၏။

မြားနက်ဂိုဏ်းချုပ်ကြီးကား သိုင်းလောက၌ အလွန် လျှို့ဝှက်မြင်းကြောင့် နာမည်ကြီးသည်။

သူ့အမည်မှာ ရွှန်ရွှန်ကျို ဖြစ်လေ၏။ ရွှန်ရွှန်ကျိုက ...

"နင် သေချင်သလား။ ရှင်ချင်သလား။ ရှင်ချင်ရင် ကျမ်းတအုပ်ပေးပါ၊ သေချင်ရင်တော့ နင့်သဘောပဲ"



ချန်က ပြတ်သားစွာ ပြောလိုက်သည်။

"ကျွန်မ သေချင်ပါတယ်"

"လူတိုင်း မသေချင်ကြဘူး၊ ဘဝကို မက်မောကြတာချည်းပဲ၊ နင် အရမ်းမပြောနဲ့"

"ကျွန်မ သေချင်ပါတယ်"

ရွှန်ရွှန်ကျိုသည် သေချင်သလား၊ ရှင်ချင်သလား မေးခွန်းကို သုံးကြိမ်တိတိ မေးလေ၏။ ချန်သည် သဘောထား မပြောင်းလဲခဲ့ချေ။ သုံးကြိမ်စလုံး သေချင်ပါတယ်ဟု ဖြေသည်။

"ကောင်းပြီ"

ရွှန်ရွှန်ကျိုက ထိုမျှသာပြောပြီး လက်ပြလိုက်၏။ ထိုအခါ ညှဉ်းပန်းနှိပ်စက်ရာ၌ ကျော်ကြားသော လူ့ဘီလူးကြီးများ ရောက်ရှိလာသည်။ ဂိုဏ်းချုပ်ကြီး ရွှန်ရွှန်ကျိုသည် ချန်အား အကြောဖွင့်ပေးကာ လူ့ဘီလူးကြီးများလက်သို့ အပ်လိုက်လေ၏။

လူ့ဘီလူးကြီးများသည် ချန့်တစ်ကိုယ်လုံးမှ အဝတ်အစားများကို ဆုတ်ဖြဲကာ ခန္ဓာကိုယ်အနှံ့အပြား သံပူရဲရဲနှင့် အကြိမ်ကြိမ်ကပ်နေလေတော့၏။ လူ့အသား၏ ညှော်နံ့သည် ရှူးရှူးဝါးဝါး ထွက်ပေါ်လာလေသည်။

နောက်ဆုံး ချန်သည် သတိလစ်မေ့မြောသွားလေတော့သည်။ ထိုအခါကျမှ တစ်နေ့တာ ညှဉ်းပန်းမှုအစီအစဉ် ပြီးဆုံးသွား၏။ လူ့ဘီလူးကြီးများသည် နောက်တစ်နေ့တွင်လည်း အချိန်မှန်ရောက်ရှိလာ၏။ လူများက မပြောင်း။ နှိပ်စက်ညှဉ်းပန်းမှုကသာ ပြောင်းသည်

www.burmeseclassic.com

www.burmeseclassic.com



၏။ မီးလောင်ဒဏ် ရာများနှင့် ချန်ကို နှင်းတောထဲပစ်ချထား၏။

သွေးဆုတ်ဖြူရော် အေးခဲသေလုချိန်ရောက်မှ နှင်းတောထဲက ပြန်လည်တူးဖော်သည်။ မီးပြင်းပြင်းနှင့် အပူတိုက်ပြန်သည်။ ယင်းသို့ အပူတစ်လှည့် အအေးတစ်လှည့် ညှဉ်းပန်းနှိပ်စက်ရာ ချန်မှာ မခံနိုင်တော့ဘဲ အပြင်းဖျားလေတော့သည်။ သုံးရက်လုံးလုံး ဆေးမတိုက်ဘဲပစ်ထားရာ နောက်ဆုံး အသက်ရှူရပ်လုလု အချိန်အခါမှ ဆေးတစ်ခွက် လာတိုက်တော့သည်။ ချန်မှာ ဝဋ်ကြွေးမကုန်သေးပေ။

ပြန်လည်ကျန်းမာလာပြီး အစားအသောက်များ စားသောက်လာနိုင်ခဲ့သည်။ ဂိုဏ်းချုပ်ကြီးရွှန်ရွှန်ကျိုသည် ကိုယ်တိုင်လာရောက်ကြည့်ရှုလေ၏။ ရွှန်ရွှန်ကျိုက ...

"သူ့ကို အသက်မသေစေနဲ့၊ ညှဉ်းပန်းနှိပ်စက်မှုကို လျှော့"

ထိုစကားကို ချန် ကြားမိသည်။ သူ အသက်မသေနိုင်တော့ဟု အားတက်မိသည်။ သူသည် သူ့အသက်ကို နှမြောလှ၍တော့ မဟုတ်ချေ။ သူ့အသက်ကို ဖတ်ရွက်တစ်ရွက်ကဲ့သို့သာ သဘောထားသည်။ သူသည် လီလီတင်းကိုယ်စား တောင်ပေါ်မြားနက်ဂိုဏ်းကို လက်စားချေလိုသောကြောင့် ဖြစ်သည်။

မြားနက်ဂိုဏ်းကို လက်စားချေနိုင်ခွင့်မရှိဘဲသာ သေသွားပါက ထိုအခွင့်အရေးကို ဆုံးရှုံးသွားမည် မဟုတ်ပါလား။ သူမသည် ပြန်လည်ကျန်းမာလာ၏။ ကျန်းမာလာသောအခါ ညှဉ်းပန်းနှိပ်စက်မှုသည် ပြန်လည်ရောက်ရှိလာပြန်၏။

ကျာပွတ်များ၊ သံဆူးခတ်များ၊ နာကျင်ဆေးများ၊ စိတ်ချောက်ချားစေသော [illegible]သားများ။ နေ့စဉ်ရက်ဆက် ညှဉ်းပန်းနှိပ်စက်မှု



ခံရသဖြင့် သူမသည် အသက်မြှော့မြှော့သာ ရှိတော့သည်။

နေ့များ၊ညများကို သူမ မမှတ်မိတော့ပေ။ နောက်တစ်ကြိမ် ဂိုဏ်းချုပ်ကြီးရွှန်ရွှန်ကျိုကိုယ်တိုင် လာကြည့်သည်။

"ဟင် ..."

ဂိုဏ်းချုပ်ကြီးသည် အလွန်အံ့သြသွားလေ၏။ သူသည် ချန်ကို ကြည့်၍ မမှတ်မိချေ။ အလွန်အံ့သြနေမိသည်။ ချန်၏မည်းနက်ရှည်လျားသော ဆံပင်များမှာ ယခုတော့ ဖွေးဖွေးဆွတ်ဆွတ်ဖြူလေပြီ။

မျက်နှာပေါ်မှ နုပျိုမှုများသည် ပျောက်ဆုံးသွားခဲ့ပြီး အဘွားအိုတစ်ဦးထက်ပင် ရင့်ရော်နေတော့သည်။ ခန္ဓာကိုယ်အလှများလည်း ဆုံးရှုံးသွားသည်။ ပိန်ချုံးချည့်နဲ့လျက် ရှိနေလေပြီ။ ဂိုဏ်းချုပ်ကြီး ရွှန်ရွှန်ကျိုသည် လူတစ်ယောက် ဤမျှပြောင်းလဲသွားသည်ကို မမြင်ဖူးခဲ့ချေ။ ရွှန်ရွှန်ကျိုက ...

"ချန် ... နင်ဆက်ပြီး ညှဉ်းပန်းနှိပ်စက် ခံနိုင်ပါဦးမလား"

ချန် တည်ငြိမ်သော မျက်နှာထားဖြင့် ပြောသည်။

"ကျွန်မ ပြောခဲ့သားပဲ၊ ကျွန်မ အသေခံသွားမယ်လို့၊ ကျွန်မ သေရမှာ မကြောက်ပါဘူး။ အခု ရှင်တို့ ဒီလောက်နှိပ်စက်နေတာပဲ၊ ကျွန်မခံနိုင်တာကို ကြည့်ပေါ့"

"နင် ... ငါ့လက်ထဲကို သိုင်းကျမ်းမအပ်ဘူးလား"

"ရှင်တို့ ကျွန်မအသက်ကိုပဲ ရလိမ့်မယ်"

ရွှန်ရွှန်ကျိုသည် သက်ပြင်းချလိုက်၏။ သူသည် လက်ထောက်ဂိုဏ်းချုပ်ဘက်သို့လှည့်ကာ အမိန့်ပေးလိုက်သည်။

"ချန်ကို မနှိပ်စက်နဲ့တော့၊ ညှဉ်းပန်းနှိပ်စက်မှုတွေကိုရပ်လိုက်၊

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဥယျာဉ်စိုက်ခင်းဘက်မှာ အလုပ်ကြမ်း လုပ်ထားခိုင်းလိုက်"

သူသည် ချန့်ကို အသေအချာ စိုက်ကြည့်ကာ ...

"နင့် ပင်မသွေးကြောတွေကို တစ်ဝက်ပိတ်ခိုင်းပြီး အလုပ်ကြမ်းလုပ်ခိုင်းရမယ်၊ နင် တစ်သက်လုံး ဒီလိုအလုပ်ကြမ်းတွေပဲ လုပ်နေရမယ်၊ နင့်ဘဝ ပြန်လွတ်လပ်ချင်တယ်ဆိုရင်တော့ ငါ့လက်ထဲ သိုင်းကျမ်းအပ်ပါ၊ ငါ နင့်ကို စိတ်ရှည်လက်ရှည်နဲ့စောင့်မယ်၊ နင် စိတ်ပြောင်းရင် ငါ့ကို အကြောင်းကြားလိုက်"

ချန်သည် ဥယျာဉ်စိုက်ခင်း၌ အလုပ်ကြမ်းလုပ်ရလေ၏။ သူမသည် ထိုဥယျာဉ်၌ ရှစ်နှစ်ကြာ အလုပ်လုပ်ခဲ့ရသည်။ တစ်နည်းဆိုသော် ဂိုဏ်းချုပ်ကြီး ရွှန်ရွှန်ကျိုသည် ချန်ကို စောင့်ဆိုင်းခဲ့သည်မှာ ရှစ်နှစ်ကြာမြင့်ခဲ့ရခြင်းဖြစ်သည်။

ချန်သည် သိမဖာိကဲ့သို့ မာကြောလှသော မိန်းကလေးဖြစ်သည်။ သူမသည် အရှုံးမပေးဘဲ အံခဲ၍လုပ်သည်။ သူမ၏စိတ်ဓာတ်ရော၊ ကိုယ်ဓာတ်ရော ပိုမိုမာကျောကြံ့ခိုင်လာတော့သည်။

ချန်၏နှလုံးသားသည် သိမဖာိတမျှ မာကျောလာခဲ့လေပြီ။ စိတ်ရှည်ရှည်စောင့်ဆိုင်းမည်ဆိုသော ရွှန်ရွှန်ကျိုသည် စိတ်မရှည်နိုင်တော့ပေ။ ရွှန်ရွှန်ကျိုသည် ချန့်ထံသို့ရောက်လာလေ၏။

"ချန် ... နင့်ကို ငါစိတ်မရှည်တော့ဘူး။ ငါ နောက်ခြောက်လ တိတိပဲ စောင့်တော့မယ်၊ နင် ဆက်ပြီး ခေါင်းမာနေမယ်ဆိုရင်တော့ နင် လူ့ဘဝမှာ ဆက်ရှိနေတာဟာ ငါ့အတွက် စိတ်အနှောင့်အယှက် ဖြစ်စရာကောင်းနေပြီ၊ ဒီတော့ ခြောက်လပြည့်လို့မှ ထူးခြားမလာဘူးဆိုရင် နင့်ကို ငါသတ်ပစ်မယ်"



ဂိုဏ်းချုပ်ကြီး ရွှန်ရွှန်ကျိုက ပြတ်သားစွာ ပြောလိုက်လေ၏။ ချန်သည် ရွှန်ရွှန်ကျို ပြန်သွားပြီးနောက် အသေအချာ စဉ်းစားလေ၏။ သည်တစ်ခါ ရွှန်ရွှန်ကျိုသည် အမှန်ကို ပြောသွားခြင်းဖြစ်သည်။

ခြောက်လပြည့်လျှင် သူ သေရပေတော့မည်။ အမှန်တော့ သူမ မသေချင်ပါ။ ချစ်သူလီလီတင်းအတွက် သူမ အနိုင်စက်ခံထားရသည့်အတွက် မြားနက်ဂိုဏ်းကို လက်စားချေလိုသည်မှာ တစ်ပိုင်းသေမျှ မတတ်ဖြစ်နေသည်။ ထို့ပြင် သူသည် သိုင်းကျမ်းကို ဂိုဏ်းချုပ်ကြီး ရွှန်ရွှန်ကျိုလက်ထဲသို့ မအပ်နိုင်ပါ။ လီလီတင်းသည် သိုင်းကျမ်းကို မအပ်နှံဟု ပြောခဲ့သည် မဟုတ်ပါလော။

မိမိဘာလုပ်ရမည်နည်း။ သိုင်းကျမ်းအပ်နှံရမည့် နည်းလမ်းမှအပ ကျန်နည်းလမ်းများကို ရှာဖွေပြီး နည်းကုန်းလမ်းကုန်လုပ်ရပေမည်။ လွတ်မြောက်ရန် အခွင့်အလမ်းရှိလျှင် အစောင့်အကြပ် အလွန်ထူထပ်လှသော လက်ဝါးစောင်းတောင်ပေါ်မှ ထွက်ပြေးတန် ထွက်ပြေးရပေလိမ့်မည်။

သူမ ကြည့်ရှုရသမျှတော့ အစောင့်အကြပ်များသည် ထူထဲလှပေသည်။ လွတ်မြောက်ရန်နည်းလမ်း မမြင်ပေ။ သည်နေရာမှ လွတ်မြောက် ရန် အရေးကြီးလှသည်။ ရာသီဥတု မည်မျှကြမ်းကြမ်း၊ ခရီးလမ်း မည်မျှကြမ်းကြမ်း အရေးမကြီးချေ။ အစောင့်အကြပ်များ လက်မှ လွတ်မြောက်ဖို့သာ အရေးကြီးသည်။

ထိုအချိန်တွင် ရွှန်ရွှန်ကျိုထံသို့ ရုပ်ဆိုးမားချားအိုထံမှ စာတစ်စောင် ရောက်ရှိလာလေ၏။ စာမှာ သုံးပြည်ထောင်ခေတ်အတွင်းမှ စူမင်းနေပြည်တော်၏တံဆိပ် ရိုက်နှိပ်ထားသောစာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စာတွင် ...

မြားနက်ဂိုဏ်းချုပ် ...

ချယ်ရီပွင့်ဒေသ သိုင်းပဒေသာကျမ်းကို လိုချင်လျှင်
ချွန်နှင့် လဲလှယ်လိုကြောင်း၊ လဲလှယ်မည့်နေရာမှာ
ကွဲဆေးတောအုပ်ထဲတွင် ဖြစ်သည်။ အချိန်မှာ
ယခု ဆယ့်လေးရက် ဖြစ်သည်။

မားချားအို

စာတွင် အချိန်အတိအကျ ပါရှိပေသည်။ ရွှန်ရွှန်ကျိသည် စာကိုဖတ်ရှုပြီးနောက် စာထဲမှာပါသော အချက်အလက်များကို လက်ခံကြောင်း၊ လဲလှယ်မည့်နေ့တွင် လာခဲ့မည်ဖြစ်ကြောင်းတို့ကို အကြောင်းပြန်ကြားလိုက်လေသည်။ ရက်ချိန်းနေ့မတိုင်မီ ရွှန်ရွှန်ကျိသည် ချွန်ထံသို့ ရောက်ရှိလာလေ၏။

"ချွန် ... နင် မလွတ်မြောက်ချင်ဘူးလား"

"လွတ်မြောက်ချင်တယ်၊ ဒါပေမဲ့ သိုင်းကျမ်းတော့ မအပ်နိုင်ဘူး"

"သိုင်းကျမ်းမအပ်လည်း ကိစ္စမရှိပါဘူး။ ငါမေးတာကိုသာ နင် မှန်မှန်ဖြေပါ"

"မေးပါ ... ဖြေနိုင်ရင် ဖြေပါ့မယ်"

"ချယ်ရီပွင့်ဒေသ သိုင်းပဒေသာကျမ်းကို အရောင်ငါးမျိုး စကားဝှက်ငါးမျိုးနဲ့ ခွဲခြားရေးသားထားတယ်ဆိုတာ ဟုတ်သလား"

"ဟုတ်ပါတယ်"

"နင်လည်း နင့်ဆရာဆီက အပြာရောင်စကားဝှက်ကို သင်ကြားတတ်မြောက်ခဲ့ပြီးပြီ မဟုတ်လား"



"ရှင့်ကို ဘယ်သူပြောသလဲ"

ချွန်သည် အငွန်အံ့သြသွားလေ၏။

သူမ လွတ်ခနဲ ပြန်ပြောလိုက်သည့်စကားတွင် ဝန်ခံလိုက်သည့် စကားအဓိပ္ပာယ်ပါသွားသည်။

"အဲဒီသိုင်းကျမ်းတော့ ငါမရသေးဘူး၊ ဒါပေမဲ့ အဲဒီအပြာရောင်စကားဝှက်ကိုတော့ တတ်ထားချင်တယ်၊ နင် ငါ့ကို အဲဒီအပြာရောင်စကားဝှက် သင်ပေးရင် နင့်ကို ငါ လွတ်မြောက်ခွင့်ပေးမယ်"

ချွန် တွေဝေသွားသည်။

သူမအနေဖြင့် သိုင်းကျမ်းအပ်ရမည့်အလုပ်ကို မလုပ်ချင်ပါ။ လီလီတင်း၏စကားကို ဖျောက်ဖျက်ရာ လည်း ကျမည်။ သူ့ဆရာ၏ သူ့အပေါ် ယုံကြည်ကိုးစားမှုကို ဖောက်ဖျက်ရာလည်း ကျမည်။

ဤသိုင်းကျမ်းဖြင့် မြားနက်ဂိုဏ်းချုပ် ထပ်မံကြီးကျယ်သွားမည်ကိုလည်း သူမ မလိုလားပါ။ သိုင်းကျမ်းပေးအပ်မည့်အလုပ်က လွဲလျှင် မည်သည့်အလုပ်ကိုမဆို သူမ လုပ်နိုင်သည်။

ယခု သိုင်းကျမ်းဖတ်သည့် စကားဝှက်များကို သင်ကြားပေးခြင်းသည်လည်း သိုင်းကျမ်းကို ပေးလိုက်သကဲ့သို့ အရေးပါကြောင်း သူမ စဉ်းစားမိသည်။ သို့သော် မည်သည့်နည်းနှင့်ဖြစ်စေ သိုင်းကျမ်းကို မြားနက်ဂိုဏ်းချုပ် မရမှသာ ဖြစ်ပေလိမ့်မည်။

သိုင်းကျမ်းရရှိသွားပါက လေးရောမြားပါ ရရှိသွားသကဲ့သို့ ဖြစ်သွားပေလိမ့်မည်။ သူမသည် ချစ်သူလီလီတင်းကိုလည်း သတိရ တောင်ပေါ်မြားနက်ဂိုဏ်းကို လက်စားချေလိုစိတ် အလွန်ပြင်းထန်

www.burmeseclassic.com

www.burmeseclassic.com



လာရကာ သူ၏လွတ်မြောက်မှုကို စကားဝှက်နှင့် လဲလှယ်မည်ဟု ဆုံးဖြတ်မိလေ၏။

ချန်က မြားနက်ဂိုဏ်းချုပ်ကြီးအား သေချာစွာ ကြည့်သည်။

"ကျွန်မရဲ့ လွတ်မြောက်မှုနဲ့ စကားဝှက်နဲ့ လဲမယ်၊ ရှင့်ဘက်က ဘယ်လို အာမခံနိုင်မလဲ"

မြားနက်ဂိုဏ်းချုပ်သည် တစ်ဖက်တွင် ချန်နှင့် ချယ်ရီမှင့်ဒေသသိုင်းကျမ်းကို လဲလှယ်ရန် စိစဉ်ထားပြီးဖြစ်၍ သေချာပေါက် အာမခံလေ၏။

"ငါ ကျိန်တွယ်ပြီး အာမခံတယ်၊ ဂိုဏ်းချုပ်ကြီးရဲ့စကားပဲ ဒီလောက်တော့ နင်ယုံသင့်တယ်"

ချန်အနေဖြင့် ရွှန်ရွှန်ကျီအပေါ် ယုံကြည်မှုမရှိသော်လည်း သူမ သည့်ထက်ပို၍ ဘာမျှမတတ်နိုင်ခဲ့ပေ။ သူမသည် အကျဉ်းသား ဖြစ်နေသည် မဟုတ်ပါလော။ အကျဉ်းသားဆိုသည်မှာ သူတို့လက်ခုပ်ထဲက ရေပင်။ ရွှန်းရွှန်းကျီ ...

"စကားဝှက်သင်ရင် ဘယ်နှစ်ရက်ကြာမလဲ"

ချန်က ချက်ချင်းပြောသည်။

"အနည်းဆုံး သုံးရက်ကြာမယ်"

"ဟင် ... ဒီလိုဆိုရင် ဒီနေ့ကစ သင်မှဖြစ်မယ်၊ ဟေ့ ... ဂိုဏ်းသားတွေ ချန်ကို အဝတ်အစားအသစ်တွေပေးလိုက်၊ အစားကောင်းအသောက်ကောင်းတွေလည်း ကျွေးလိုက်"

ချန်သည် ရွှန်ရွှန်ကျီ သဘောကောင်းလာပုံကို တွေးရခက်ကြီး ဖြစ်နေသည်။ အကြောင်းတစ်ခုခု ရှိရမည်ဟု တွေးထင်မိသော်လည်း မည်သည့်အကြောင်းဟု ချန် တွေး၍မရပေ။



ရွှန်ရွှန်ကျီသည် စကားဝှက်သင်ကြားသောနေ့များ၌ အလွန်လော၍ အလွန်အာရုံစိုက်နေကြောင်း တွေ့ရသည်။ သူသည် ချန့်ထံသို့ နံနက်အစောကြီးရောက်လာပြီး ညဉ့်နက်သန်းခေါင်အထိ ချန့်ကို သင်ကြားခိုင်းခဲ့လေ၏။

ထိုသုံးရက်အတွင်း ချန်သည် အကောင်းဆုံး အဝတ်အစား၊ အကောင်းဆုံး အစားအစာများကို စားသုံးရသည်။ သုံးရက်မြောက်သောနေ့တွင် စကားဝှက်သင်ကြားခြင်းအမှုမှာ ပြီးစီးသွားသည်။ သူတို့သည် ချန်၏မျက်လုံးများကို အဝတ်စည်းစေပြီး လူတစ်သိုက်နှင့်အတူ လက်ဝါးစောင်းတောင်ပေါ်မှ ဆင်းသက်လာကြ၏။

တောင်ခြေရောက်မှ ချန်၏မျက်လုံးအဝတ်များကို ဖြေပေးသည်။ တောင်ခြေတွင် မြင်းဆယ့်နှစ်ကောင်ကသည့် မြင်းရထားကြီးကို တွေ့ရသောအခါ ချန် အံ့သြသွား၏။ သူ ကြာကြာ မအံ့သြလိုက်ရချေ။ ဂိုဏ်းချုပ်ကြီး ရွှန်ရွှန်ကျီက တွန်းတင်လိုက်၏။ ထို့နောက် မြင်းရထားကြီး ထွက်ခွာလေတော့၏။

ဂိုဏ်းချုပ်ကြီးနှင့်အဖွဲ့သားများမှာ အားလုံးဆယ့်နှစ်ယောက်တိတိ ရှိလေ၏။ ချန်သည် ဂိုဏ်းချုပ်ကြီး မည်သည့်နေရာ သွားသည်ကို စဉ်းစားနေလေ၏။

သူတို့သည် တစ်ရက်မျှ ခရီးပြင်းနှင်ရ၏။ မကြာမီ ကွီဆေးတောအုပ်သို့ ရောက်ရှိလာကြလေ၏။ နံနက်မိုးလင်းသည်နှင့် ရက်ချိန်းနေ့သည် စေ့ရောက်သွားပြီဖြစ်၏။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



## (၆၂)

ဂိုဏ်းချုပ်ကြီးရွှန်ရွှန်ကျိုနှင့်အဖွဲ့သည်လည်း အတိအကျပင် ချိန်းဆိုထားသည့်နေရာသို့ ရောက်ရှိနေပြီ ဖြစ်သည်။

ရုပ်ဆိုးမားချားအိုကိုသာ ရွှန်ရွှန်ကျို မျှော်နေမိသည်။

မကြာမီ သစ်ပင်တစ်ပင်ပေါ်မှ ရုပ်ဆိုးမားချားအို ခုန်ဆင်းလာလေ၏။

"ဂိုဏ်းချုပ်ကြီး ကတိအတိုင်း ချုန် ပါလာရဲ့လား"

မားချားအိုက မေးသည်။ ဂိုဏ်းချုပ်ကြီး ရွှန်ရွှန်ကျိုက ...

"ဟော့ ... ချုန်ကို ခေါ်လာခဲ့စမ်း"

ဂိုဏ်းသားများသည် ချုန်ကို ခေါ်လာ၏။

ချုန်ကား အဘွားအိုတစ်ဦးကဲ့သို့ ဖြစ်နေလေပြီ။

"ဒါ ... ချုန်လား"

ရွှန်ရွှန်ကျိုက ...

"ဟုတ်တယ် ချုန်ပဲ၊ မယုံရင် သူ့ကိုမေးကြည့်ပါ"

ချုန်က တည်ငြိမ်စွာပြောသည်။

"ကျွန်မ လောကရဲ ဘယ်လောက် ခံလိုက်ရသလဲဆိုတာ ကျွန်မရဲ့ ပြောင်းလဲသွားတဲ့ ရုပ်ရည်ကိုသာ ကြည့်ပါတော့၊ ကျွန်မဟာ အသက်သိပ်မကြီးသေးပါဘူး၊ ဒါပေမဲ့ ကျွန်မ အဘွားအိုတစ်ဦး ဖြစ်နေပါပြီ၊ ကျွန်မရဲ့ကိုယ်ပေါ်က ဒဏ်ရာတွေကို တစ်နေ့ အခွင့်ကြုံရင်



ပြပါဦးမယ်"

"ကျွန်မ ယုံပြီ"

မားချားအိုသည် ဆေးရောင်ငါးမျိုးဖြင့် ရေးသားထားသည့် 'ချယ်ရီပွင့်ဒေသသိုင်းပဒေသာကျမ်း' ကို ထုတ်ပြလိုက်သည်။ ထို့နောက် ရင်ဘတ်ကြားထဲသို့ ပြန်ထည့်လိုက်လေ၏။ မားချားအိုးက...

"ကျုပ်ကလည်း ကျုပ်ကတိအတိုင်း သိုင်းကျမ်းကို ယူလာပါတယ်၊ ဒါပေမဲ့ သိုင်းကျမ်းနဲ့ ချုန်ကို မလဲခင် ကျုပ်တောင်းဆိုချင်တာ တစ်ခုရှိတယ်"

"ဘာကို တောင်းဆိုချင်တာလ"

"တောင်ပေါ် မြွားနက် ဂိုဏ်းချုပ်ကြီးကို ကျုပ်တို့လိုမြေပြန့်သိုင်းသမားတွေ အင်မတန် တွေ့ရခဲပါတယ်၊ တွေ့တုန်းတွေ့ခိုက်မှာ အလေ့ာင်းစားလုပ်ပြီး သိုင်းပညာ ဖလှယ်ရရင် ကောင်းမှာပဲလို့ ကျုပ်တွေ့မိလို့ပါ"

မားချားအိုအနေဖြင့် မည်မျှစကားလှအောင် ပြောပါစေ ဆိုလိုရင်းကတော့ သိုင်းပညာယှဉ်ပြိုင်ရန် စိန်ခေါ်ခြင်းပင် ဖြစ်ပါတော့သည်။ ရွှန်ရွှန်ကျိုအား ရေငတ်တုန်း ရေတွင်းထဲ လိမ့်ကျခြင်းပင်။ သူသည် မားချားအို၏ စိန်ခေါ်မှုကို အကြိုက်တွေ့သွားပေ၏။

မားချားအိုဆိုသောလူငယ်မှာ အသက်သိပ်ကြီးပုံ မရသေးပေ။ သူ့ကို ခိဝိန်ခြွေလိုက်နိုင်လျှင် သိုင်းကျမ်းကို ရရှိရုံသာမက ချုန်ကိုလည်း ပြန်လွှတ်ပေးရန် မလိုတော့ချေ။

"မားချားအို ... မင်းရဲ့စိန်ခေါ်မှုကို ကျုပ် လက်ခံတယ်၊ အရှုံးအနိုင်ပေါ်မှာ လောင်းကြေးက ဘယ်လိုလဲ"

www.burmeseclassic.com

www.burmeseclassic.com



မားချားအိုက ...

"ကျုပ်ရှုံးရင် ကျုပ်အသက်နဲ့ ချန်အသက်ကို ခင်ဗျားစိတ်ကြိုက် စီရင်နိုင်တယ်၊ ကျုပ် နိုင်ရင်တော့ ကျုပ်ရှိတဲ့ နေရာတိုင်းမှာ ခင်ဗျားနေခွင့် မရှိတော့ဘူး။ ဘယ်နေရာကိုပဲရောက်ရောက် ခင်ဗျား ရှောင်ထွက်ပေးရမယ်လို့ ကတိပေးရမယ်"

ရွှန်ရွှန်ကျိုသည် ထိုစကားကို အတန်ကြာအောင် စဉ်းစားနေ၏။ သူသည် လုံးဝမရှုံးနိုင်ဟု တွက်လိုက်သောကြောင့် မည်သည့် အလောင်းကစားကိုမှ သူ မမှုတော့ချေ။

"ကောင်းပြီ ... ကျုပ်သဘောတူတယ်"

ထို့နောက် မားချားအိုနှင့် ရွှန်ရွှန်ကျိုတို့၏ သိုင်းပြိုင်ပွဲ စတင်လေတော့၏။ မည်သူမျှ လက်နက်မကိုင်ကြပေ။

ထိပ်သီးအဆင့်သိုင်းပြိုင်ပွဲမှာ ဤသို့သာဖြစ်သည်။

ပြိုင်ပွဲစလျှင်စချင်း မားချားအို၏ ရင်ဘတ်၌ ဟာကွက်ကြီး တစ်ခု ဖြစ်ပေါ်နေသည်ကို ရွှန်ရွှန်ကျို မြင်ရလေသည်။

ရွှန်ရွှန်ကျိုသည် ထိုအခွင့်အရေးကို လက်လွှတ်မခံပေ။ သူသည် လက်ဝါးဖြင့် ရိုက်ချလေ၏။ မားချားအိုက မရှောင်ချေ။

"ဂိုဏ်းချုပ်ကြီး သတိထားပါ ... သတိထားပါ၊ ကျုပ်ရင်ဘတ်ထဲမှာ သိုင်းကျမ်းရှိတယ် ... သိုင်းကျမ်းရှိတယ်၊ ချယ်ရီပွင့်ဒေသ သိုင်းပဒေသာကျမ်းရှိတယ်၊ ဂိုဏ်းချုပ်ကြီးရဲ့ လက်ဝါးရိုက်ချက်မိသွားတာနဲ့ သိုင်းပဒေသာကျမ်း ပျက်စီးသွားမှာပဲ"

မားချားအိုက အော်ဟစ်သတိပေးလိုက်သည်။

ရွှန်ရွှန်ကျိုမှာ ထိတ်လန့်သွားပြီး သူ့လက်ကို အချိန်မီ ရုပ်



လိုက်ရ၏။ သူ့အနေဖြင့် သိုင်းကျမ်းကိုတော့ အပျက်အစီးမခံနိုင်ချေ။

သူ့လက်ဝါးသည် လေထဲ၌ ရပ်တန့်နေသော ဘစ်ခဏ၌ မားချားအိုသည် အခွင့်အရေးတစ်ခု ရသွားသည်။ သူသည် ရွှန်ရွှန်ကျို၏ လက်ဖဝါးထဲသို့ အဆိပ်အပ်သုံးချောင်း စိုက်သွင်းလိုက်၏။

ရွှန်ရွှန်ကျိုသည် သူ့လက်ကို ပြန်ရုပ်သိမ်းလိုက်သောအခါ အဆိပ်အပ်သုံးချောင်းသည် စိုက်ဝင်ခဲ့ပြီးလေပြီ။ ပြင်းထန်သော အဆိပ်များဖြစ်ရကာ ရွှန်ရွှန်ကျိုသည် ချက်ချင်း မိုက်ခနဲ ဖြစ်သွားလေ၏။ မားချားအိုသည် နောက်သို့ ခုန်ဆုတ်သွား၏။

ရွှန်ရွှန်ကျိုသည် သူ တစ်စုံတစ်ခုဖြစ်သွားကြောင်း သိလိုက်သည်။ အဆိပ်အပ်ဝင်သွားကြောင်းကိုတော့ သူ မသိပေ။

မားချားအိုက အရုပ်ဆိုးလှသောအပြုံးကို ပြုံးလိုက်ပြီး ...

"ဂိုဏ်းချုပ်ကြီး ရှုံးပြီဗျ"

ရွှန်ရွှန်ကျိုသည် သူ့ကိုယ်ကို လဲမကျအောင် ထိန်းနေရ၏။ သူသည် ခေါင်းညိတ်ပြလိုက်၏။

"ဂိုဏ်းချုပ်ကြီး ကတိတည်မှာလား"

"တည်မယ်"

"ကောင်းပြီ ... ဒီလိုဆိုရင် ချန်ကို ဒီဘက်လွှတ်လိုက်ပါ"

"သိုင်းကျမ်းကို မပေးတော့ဘူးလား"

"ပေးပါ့မယ်"

မားချားအိုသည် သိုင်းကျမ်း နှိုက်ထုတ်ယူပြီး ဂိုဏ်းချုပ်ကြီး ရွှန်ရွှန်ကျိုအား ပေးလိုက်လေ၏။

"ရော့ ..."

www.burmeseclassic.com

www.burmeseclassic.com



ရွှန်ရွှန်ကျိုက သိုင်းကျမ်းကိုယူလိုက်ပြီး သူ့ရင်ခွင်ထဲသို့ ထည့်လိုက်လေ၏။ သူသည် ချန်ကို မားချားအိုဘက်သို့ လွှတ်လိုက်သည်။ မားချားအိုသည် ချန့်ကို သူ့နောက်ကျောတွင် ထားလိုက်၏။ ရွှန်ရွှန်ကျိုမှာ လဲကျသွားမည်ကဲ့သို့ ဖြစ်သွားသည်။

သူသည် ခန္ဓာကိုယ်ကို လဲမကျအောင် ထိန်းသိမ်းနေရသည်။ သူ့ခန္ဓာကိုယ်တွင်း၌ အဆိပ်တန်ခိုးများ ပြနေလေပြီ။

ရွှန်ရွှန်ကျိုသည် တင်ပျဉ်ခွေ ထိုင်ချလိုက်၏။ အတွင်းအားဖြင့် အဆိပ်များကိုထုတ်ရန် ဖြစ်လေသည်။ မားချားအိုသည် ရွှန်ရွှန်ကျိုအနီးသို့ လှစ်ခနဲ တိုးကပ်သွားပြီး ဆေးသုံးလုံးကို ရွှန်ရွှန်ကျို၏လက်ထဲသို့ ထည့်ပေးလိုက်၏။

ရွှန်ရွှန်ကျို ၏လက်ထဲသို့ ဆေးသုံးလုံး ရောက်ရှိသွားသည်ကို ရွှန်ရွှန်ကျို၏ နောက်လိုက်များ လုံးဝ မမြင်လိုက်ကြချေ။ မားချားအိုက ရွှန်ရွှန်ကျိုသာ ကြားစေနိုင်သောလေသံကလေးမျှဖြင့် ပြောသည်။

"ဂိုဏ်းချုပ်ကြီး ... ဂိုဏ်းချုပ်ကြီးရဲ့ လက်ဖဝါးထဲကို အလွန်သေးငယ်တဲ့ အဆိပ်အပ်သုံးချောင်း စိုက်ဝင်သွားပါပြီ၊ ဒီအတွက် ဂိုဏ်းချုပ်ကြီး အဆိပ်တက်တာပါ၊ အတွင်းအားထုတ်ရင် အဲဒီအဆိပ်တွေက ပိုပြီးထကြွလာပါလိမ့်မယ်၊ မယုံရင် အတွင်းအားထုတ်ကြည့်ပါ၊ အခု ပေးတာကတော့ ဖြေဆေးသုံးလုံးပါ၊ သောက်ကြည့်ပါ၊ ဂိုဏ်းချုပ်ကြီးရဲ့အဆိပ်တွေကို သူတို့က ဖြေပေးလိမ့်မယ်"

ရွှန်ရွှန်ကျိုသည် ဆေးသုံးလုံးကို မည်သူမျှမမြင်အောင် သောက်ချလိုက်လေ၏။ ခန္ဓာကိုယ်အတွင်းမှ အဆိပ်များ သိသိသာသာ ငြိမ်သက်သွား၏။ မားချားအိုပြောသည့်စကား မှန်နေလေပြီ။



မားချားအိုက ပြုံးလိုက်၏။ အောင်နိုင်သူ၏အပြုံးမျိုးဖြစ်သည်။

"အခု အဆိပ်တွေ ငြိမ်သက်သွားပြီ မဟုတ်လား"

ရွှန်ရွှန်ကျိုက ခေါင်းညိတ်၏။ မားချားအိုက ...

"အခု ဂိုဏ်းချုပ်ကြီး သောက်လိုက်တာ အဆိပ်ဖြေဆေးအစစ်တော့ မဟုတ်ဘူး"

"ဘာ ..."

ဂိုဏ်းချုပ်ကြီးရွှန်ရွှန်ကျိုသည် အထိတ်တလန့် အော်လိုက်လေ၏။

"ဒါ ... ဒါဖြင့် ဘာဆေးလဲ"

"သုံးနှစ်ခံ အဆိပ်တားဆေးပါ"

"ဒါ ... ဒါဖြင့် ..."

"ဘာမှ လုပ်ဖို့မလိုပါဘူး။ သုံးနှစ်ပြည့်တိုင်း အဆိပ်တားဆေးကို ကျုပ် လာပို့ပါ့မယ်၊ ဒီနေရာမှာပဲ အမြဲတမ်းဆုံကြတာပေါ့။ ဒီနေရာက တော်တော်သာယာပါတယ်"

"ဟင် ... ဒီလိုဆိုရင် ကျုပ်ကို မင်းက နှောင်ကြိုးတည်းထားသလို ဖြစ်နေမှာပေါ့"

"အဲဒီလို မဖြစ်ချင်ရင် ကိုယ့်ဘာသာ အဆိပ်ဖြေဆေးတွေ့အောင်ရှာပေါ့။ သုံးနှစ်ဆိုတာ နည်းတဲ့အချိန်မဟုတ်ဘူး။ ခင်ဗျားတွေ့အောင် ရှာနိုင်ပါလိမ့်မယ်"

ရွှန်ရွှန်ကျိုမှာ ခေါင်းငိုက်စိုက်ကျသွားလေတော့၏။

ထို့နောက် ရွှန်ရွှန်ကျို ခေါင်းမော့လာ၏။

"ကောင်းပါပြီ၊ ကျုပ်တို့ သုံးနှစ်တစ်ကြိမ် ဒီတောအုပ်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆုံကြတာပေါ့"

ဂိုဏ်းချုပ်ကြီး ရွှန်ရွှန်ကျိုမှာ အားမတန်၍ မာန်လျှော့သည့်စကားကို ဆိုရလေ၏။ မားချားအိုက ...

"ကျုပ်ကိုသာ အမြဲတမ်း အသက်ရှည်ကျန်းမာအောင် ဆုတောင်းပေးနေပါ၊ သုံးနှစ်ပြည့်တိုင်း ကျုပ် ဒီတောအုပ်ကိုရောက်အောင် လာခဲ့ပါ့မယ်"

"မင်း မေ့နေခဲ့ရင် ..."

"စိတ်ချပါ၊ ကျုပ် ဘယ်တော့မှ မမေ့ပါဘူး"

အထက်ပါစကားများကို သူတို့နှစ်ဦးသည် လေသံနှိမ့်၍ ပြောနေကြသဖြင့် ရွှန်ရွှန်ကျို၏နောက်လိုက်များ မကြားနိုင်ချေ။ မားချားအိုက တမင်လေနှိမ့်၍ ပြောခြင်းဖြစ်သည်။

သူတို့ဂိုဏ်းချုပ်ကြီးကို မားချားအိုက အဆိပ်ဖြင့် ထိန်းချုပ်ထားကြောင်း သူတို့၏ဂိုဏ်းသားများ မသိစေလိုပေ။

"ကဲ ... ကျုပ်သွားမယ်"

မားချားအိုက ပြောပြီး ချန်ကို ခေါ်ယူထွက်ခွာသွားပေသည်။ ဂိုဏ်းချုပ်ကြီး ရွှန်ရွှန်ကျိုမှာလည်း ထွက်ခွာသွားကြသည်။ အုပ်စုနှစ်စုသည် ကျောခိုင်းသွားကြခြင်းဖြစ်၍ ဝေးရာသို့ လျင်မြန်စွာ ရောက်ရှိသွားကြလေ၏။ သူတို့ချည်း ရှိသောအခါ မားချားအိုက သူ၏မျက်နှာတုကိုခွာပြီး သူမ၏ရုပ်သွင်အမှန်ကို ပြသလိုက်သည်။

"ကျွန်မရဲ့မူလရုပ်ရည်ကို ရှင်မြင်ပြီ မဟုတ်လား၊ ကျွန်မဟာ သခင်မယီတာပါပဲ"

သခင်မယီတာဖြစ်ကြောင်း ချန် သိရှိလိုက်ရလေပြီ။



မားချားအို ပေးလိုက်သည့် 'ချယ်ရီပွင့်ဒေသသိုင်းပဒေသာ' ကျမ်းမှာ အတုကြီးဖြစ်သည်။ သိုင်းပဒေသာကျမ်းအတုဖြင့် ချန်ကို လှဲလှယ်ကယ်တင်လိုက်ခြင်းဖြစ်သည်။ အကြောင်းစုံသိရသောအခါ ချန့်သည် ယီတာကို လွန်စွာကျေးဇူးတင်သွားလေ၏။

သူမသည် ယီတာထံ သစ္စာခံလိုက်သည်။ ယီတာကလည်း ချန်အား သူမ၏လက်စွဲတော် အဖြစ် ယုံယုံကြည်ကြည် သုံးစွဲသည်။ ချန်သည် ဆံပင်များ ဖြူဖွေးနေခြင်း၊ ရုပ်ရည်ရင့်ရော်ခြင်းတို့ကြောင့် အခြားလူများက အဒေါ်ချန်ဟူ၍ ခေါ်ကြလေ၏။

ထိုမှ 'အဒေါ်ချန်' ဟူသောအမည် တွင်သွားလေတော့သည်။ ရွှန်ရွှန်ကျိုသည် သူ၏ဌာနချုပ်ဖြစ်သော လက်ဝါးစောင်းတောင်ပေါ်ရောက်သောအခါ သူ့ရင်ဘတ်ထဲမှ သိုင်းကျမ်းကို အလျင်အမြန် ထုတ်လေ၏။ သူသည် တစ်ရွက်ချင်းလှန်၍ စစ်ဆေးသည်။

ထိုအခါမှ အတုကြီးဖြစ်ကြောင်း သိရှိရတော့သည်။

သူ့အနေဖြင့် ထိုအကြောင်းကို ဖွင့်ပြောလျှင် သိက္ခာကျ အရှက်ကွဲရုံသာ ရှိတော့မည်ဖြစ်၍ သူသည် ထိုကိစ္စကို မသိကျိုးကျွန်ပြုနေလိုက်ရတော့သည်။

သူ ... ယခုတစ်ကြိမ် မားချားအိုနှင့် တွေ့ဆုံသည့် အဖြတ်ကား အဆိပ်ဖြင့် ထိန်းချုပ်ခံရခြင်းသာ ဖြစ်တော့သည်။

ထိုအဖြစ်အပျက်များကား ချန် "ခေါ်" အဒေါ်ချန်၏ ပြန်ပြောင်းပြောပြသော အတိတ်ဇာတ်ကြောင်းများပေတည်း။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



(၆၃)

## တောတွင်းအခြေအနေ

ယီတာကား တုန်တုန်ချည့်ချည့် ဖြစ်နေသည်။

သူမ၌ အဆိပ် များက ဖိစီးနေပြီ မဟုတ်ပါလော။

သူမသည် အဆိပ်ဒဏ်ကို အလူးအလဲ ခံစားနေရ၏။ အခြေအနေကား မကောင်းတော့ပေ။

ထိုစဉ် သူသည် အလွန်ခက်ခဲစွာ အဆိပ်၏ဆေးတစ်မျိုးကို ဖော်စပ်နိုင်ခဲ့လေ၏။

သူမတွင် ကျင်လင်ပေးလိုက်သည့် အဆိပ်ဖြေဆေး ရှိသော်လည်း သူမ မသောက်ပေ။

သူမသည် ကျင်လင်အား ရှုံးသွားသဖြင့်လည်းကောင်း၊ ကွမ်ယုအား ထားရစ်ခဲ့ရသဖြင့်လည်းကောင်း ကျင်လင်အား သူမ မုန်းတီးမိလေ၏။ ရန်ငြိုးကိုထားမိသည်။

ထို့ကြောင့် ရန်သူက ပေးထားသည့် အဆိပ်ဖြေဆေးကို မသောက်၊ အသေသာခံမည်။ သူမဘာသာ အဆိပ်ဖြေဆေး ဖော်စပ်ခဲ့ခြင်းဖြစ်၏။

ယခု နောက်ဆုံးဖော်စပ်လိုက်သော အဆိပ်ဖြေဆေးမှာ အနီရောင်ဖြစ်သည်။ အနံ့က စူးရှပြင်းထန်လှ၏။



အဒေါ်ချန်သည် မျက်ရည်များစီးကျလျက် တောင်းပန်သည်။

"သခင်မလေး ဒီအဆိပ်ဖြေဆေးက အန္တရာယ်များဖြစ်မလားမသိဘူး။ သခင်မလေးရဲ့ အနံ့ကလည်း ပြင်းရှာန်စူးရှလိုက်တာ၊ အရောင်ကလည်း အနီရောင်ကြီး၊ မသောက်ပါနဲ့ သခင်မလေးရယ် နော်၊ ကျင်လင်ပေးလိုက်တဲ့ အဆိပ်ဖြေဆေးကိုပဲ သောက်လိုက်ပါနော်"

ယီတာသည် ခွန်အားယုတ်လျော့နေသဖြင့် စကားပင် မပြောနိုင်တော့ပေ။ ခေါင်းကိုသာ ခါယမ်းပြရှာသည်။

သူမသည် တုန်တုန်ချည့်ချည့်လက်များဖြင့် သူမ ဖော်စပ်ထားသည့် အဆိပ်ဖြေဆေးကိုသာ လက်ညှိုးထိုးပြ၏။

အဒေါ်ချန်သည် ဘာမျှမတတ်နိုင်တော့ပေ။

ယီတာဖော်စပ်ထားသည့် အဆိပ်ဖြေဆေးကိုသာ ယီတာ နှုတ်ခမ်းဝသို့တေ့ကာ တိုက်ကျွေးလိုက်ရတော့သည်။

ယီတာက တကယ့်ယီတာပေတည်း။

စိတ်ခေတ်က တကယ်မာကျောသော မိန်းကလေးဖြစ်သည်။ သူမသည် သူမ ဖော်စပ်ထားသည့် အဆိပ်ဖြေဆေးကို အကုန်အစင်သောက်၏။ ထို့နောက် မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားသည်။

"အား"

သူမ လန့်ကျသွား၏။

အဒေါ်ချန်နှင့် လူတင်းတို့မှာ ယီတာကို စိုးရိမ်တကြီး ပွေ့ထူမိကြ၏။ ယီတာတစ်ကိုယ်လုံး ပူခြစ်လာပြီး ချွေးအလွန် ထွက်လာ၏။ အသက်ရှူလည်း ပြင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပါဦး လီလီတင်းရယ် ... သခင်မလေး သေတော့မယ်နဲ့တူတယ်"

အဒေါ်ချန်သည် ငိုယိုရင်း လူတင်းကို ပြောလိုက်လေ၏။

"မတတ်နိုင်ဘူး ချန်လေးရယ်၊ သခင်မလေးဟာ အသက်သာ အသေခံသွားမယ်၊ မြွေပါ ကျင်လင်ပေးတဲ့ ဆေးကိုတော့ သောက်မှာမဟုတ်ဘူး။ အခု သူသေတော့ မသေသေးပါဘူး ဒါပေမဲ့ သေမယ်ရှင်မယ်ဆိုတာလည်း ငါမသိဘူးကွယ်၊ သူ့ကံကြမ္မာအတိုင်းပဲပေါ့"

အဒေါ်ချန်မှာ သခင်မယီတာအား သံယောဇဉ်တွယ်နေသူဖြစ်သည့်အလျောက် ငိုယို၍သာ နေတော့သည်။

မကြာမီ ယီတာ၏ကိုယ်လုံးလေးသည် တဆတ်ဆတ်တုန်လာသည်။ ထို့နောက် ငြိမ်သက်သွားပြန်သည်။

ယီတာ၏ ခန္ဓာကိုယ်ဘယ်ဘက်အခြမ်းသည် တဖြည်းဖြည်းစိမ်း၍ မည်းသွားသည်။ သခင်မယီတာ အသက်ရှူမြန်လာသည်။

မြွေဘုရင်လူတင်းက ...

"သခင်မလေး အသက်ရှူပြန်မှန်လာပြီ၊ ဆေးမှန်တွေ့သွားပြီနဲ့တူတယ်"

အဒေါ်ချန်သည် ခြေမကိုင်မိလက်မကိုင်မိဖြစ်သွားသည်။

"ကဲ ... သခင်မလေး အိပ်ပါစေ၊ ငါတို့ သူ့ကို စောင့်ကြည့်နေကြတာပေါ့"

သူတို့သည် သခင်မလေး ယီတာအား ခေါင်းအုံးပေါ် ပြန်ချပေးလိုက်သည်။ သခင်မလေးယီတာသည် အိပ်ပျော်သွားလေပြီ။



ဆေးမှန်တွေ့သွားသည့်သဘောဖြစ်သည်။

သို့သော် မျက်နှာမှစ၍ ခန္ဓာကိုယ်ဘယ်ဘက်တစ်ခြမ်းကား မည်း၍သွားလေသည်။ သခင်မလေး ရုပ်ပျက်သွားချေပြီ။

အဒေါ်ချန်ကား ရှိုက်၍ ရှိုက်၍ ငိုနေလေသည်။ အတန်ကြာသော် သခင်မလေးယီတာ နိုးလာသည်။ ယီတာက ...

"အဒေါ်ချန် ... ကျွန်မ နေကောင်းသွားပါပြီ၊ အဆိပ်တွေပြေသွားပြီ"

သူမက ဝမ်းသာအားရပြောလေတော့သည်။ အဒေါ်ချန်နှင့် လူတင်းတို့မှာ တစ်ခြမ်းမည်း တစ်ခြမ်းဖြူဖြစ်နေသော သခင်မယီတာ၏မျက်နှာကိုကြည့်ပြီး မပျော်နိုင်ကြပါ။

အဒေါ်ချန်က တရှုပ်ရှုပ် ငိုနေပါသည်။

"ရှင်တို့ မပျော်ကြဘူးလားဟင် ... ရှင်တို့ မပျော်ကြဘူးလား"

အဒေါ်ချန်ကား ရှိုက်ကြီးတငင် ငို၍သာနေသည်။

ထိုအခါ သခင်မယီတာသည် သူ့ကိုယ်သူ သံသယရှိသွားသဖြင့် ထ၍ ကြေးမုံမှန်တစ်ချပ်ကို ယူကြည့်မိလေ၏။ ထိုအခါ ယီတာမှာ ကြက်သေသေသွားတော့သည်။ ထို့နောက် သူမကိုယ်သူမ ယူကျုံးမရစွာဖြင့် သည်းထန်စွာ ငိုကြွေးလေတော့သည်။

ယီတာသည် သူမ၏ ရုပ်ရည်အလှကို အလွန်မြတ်နိုးသူဖြစ်သည်။ အဆိပ်ဖြေဆေးသည် ခန္ဓာကိုယ်အတွင်း ရှိ အဆိပ်မြူကို နိုင်နင်းခဲ့သော်လည်း ဆေး၏ပြင်းထန်မှုကြောင့် အရေပြားအောက်ရှိ သွေးကြောများ ပြောင်းလဲသွားခဲ့ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏မျက်နှာတစ်ခြမ်းမှာ ပါးရဲထိုးထားသကဲ့သို့ မည်း၍သွားပေသည်။ သူမသည် ကြေးမုံမှန်ချပ်အား လွှင့်ပစ်လိုက်သည်။

"ဖြောင်း ... ချလွမ်"

"တောက် ..."

သူမသည် တက်ခေါက်လိုက်မိသည်။ မြွေပါကျင်လင်အား အမုန်းကြီး မုန်းတီးမိလေ၏။ သူမသည် ယခင်က မြွေပါကျင်လင်အား ရန်ငြိုးဖွဲ့ထားခဲ့သည်။ ယခုကဲ့သို့ ရုပ်ပျက်ဆင်းပျက် ဖြစ်သွားရသောအခါ ဆိုဖွယ်ရာ မရှိတော့ပေ။ သူမသည် မားချားအို၏ မျက်နှာတုကို ကောက်ကိုင်လိုက်သည်။

ဩော် ... ကျွန်မဟာ ရုပ်ဆိုးမားချားအိုပုံသဏ္ဌာန် အမြဲရုပ်ဖျက်မိနေခဲ့တာဟာ ကိုယ့်ဘဝကိုယ် နိမိတ်ဖတ်သလို ဖြစ်နေပါလား။ သူမသည် မျက်နှာတုကိုကြည့်ရင်း ကြေကွဲစွာ ပြောနေမိသည်။

"သခင်မလေးရယ် ကံတရားပေါ့ကွယ်"

ယီတာသည် ခေါင်းယမ်းလိုက်သည်။

"ကံတရားမဟုတ်ဘူး အဒေါ်ချန်၊ ဒါဟာ ကံတရားမဟုတ်ဘူး။ မြွေပါကျင်လင်ကို ကျွန်မ ပြန်အနိုင်ယူမယ်၊ ကွမ်ယုကို သူ့လက်ထဲက ပြန်လုမယ်၊ အဲဒါ ကျွန်မ ဆုံးဖြတ်ချက်ပဲ"

သူမသည် မာကျောပြတ်သားစွာ ပြောလိုက်လေ၏။

◈ ◈ ◈



(၆၄)

ကျင်လင်သည် နန်းတော်ဟောင်းကြီးတစ်ခုအတွင်းရှိ အခန်းတစ်ခုထဲ၌ လဲလျောင်းနေလေ၏။ သူမသည် လူတင်း အတွင်းအားသုံး၍ ရိုက်လိုက်သော လက်ဝါးဒဏ်ချက်ကြောင့် ခန္ဓာကိုယ်အတွင်း၌ ပြင်းထန်စွာ ဒဏ်ရာရခဲ့ခြင်းဖြစ်သည်။

အချိန်ကြာမြင့်စွာကုစားမှ အနည်းငယ် သက်သာရာရခဲ့သည်။ သူမ အနားယူနေရသည်။ ဆိုးတော့ မဆိုးလှပါ။ ဤသို့ အနားယူခြင်းဖြင့် အတွင်းဒဏ်ရာသည် တဖြည်းဖြည်း ပပျောက်သွားမည် ဖြစ်ပေသည်။

ကွမ်ယုသည် ဆန်ပြုတ်တစ်ခွက်ကို ယူလာ၏။ ထို့နောက် ကျင်လင်အား ဆေးတစ်ခွက်တိုက်ရန် ပြင်ဆင်သည်။

"ဆေးတစ်ခွက် သောက်လိုက်နော်"

ကွမ်ယုက ပြောလေ၏။ ကျင်လင်က ခေါင်းညိတ်သည်။ သူမသည် ဆေးသောက်ပြီးနောက် ဆန်ပြုတ်ကို မြိန်ရေယှက်ရေ သောက်လေ၏။ ကွမ်ယုသည် ကျေးဇူးတရားကို သိတတ်သော လူငယ် ဖြစ်သည်။

သူသည် ကျင်လင်တိုက်ကျွေးသောဆေးကြောင့် သူ ပြန်လည်ကောင်းမွန်လာသည်ဟု သိရှိထားသောကြောင့် ကျင်လင်အပေါ် ကျေးဇူးဆပ်ရန် ဝတ္တရားရှိသည်ဟု မှတ်ယူထားသူ ဖြစ်၏။ သူသည် ကျင်လင်၏ကျောပြင်ကို ဆေးလိမ်းပေးရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်လင်၏လိုအပ်ချက်ဟူသရွေ့ကို ကွမ်ယုက ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်။ ကျင်လင်သည် ငယ်ရွယ်သူ ဖြစ်သည်။ ကွမ်ယုလည်း ငယ်ရွယ်သူ ဖြစ်သည်။

သို့သော် ကွမ်ယုက ကျင်လင်အား ကျေးဇူးရှင်တစ်ယောက်အဖြစ် ဆက်ဆံသော်လည်း ကျင်လင်ကမူ ကွမ်ယုအား တောင့်ငါးရာမေတ္တာနှင့်ချစ်နေမိလေ၏။ လုပ်ငန်းများအားလုံး လုပ်ကိုင်ပြီးစီးသွားသောအခါ ကျင်လင်က ကွမ်ယုအား သူမအနီးတွင်ထိုင်စေသည်။

"ကွမ်ယု၊ ရှင် ကျွန်မကို ပြုစုနေရတာ ငြီးငွေ့နေပြီလားဟင်"

ကျင်လင်က မေးလိုက်၏။ ကွမ်ယုက ...

"မဟုတ်တာ ကျင်လင်ရယ်၊ ကျွန်တော် မငြီးငွေ့ပါဘူးဗျာ၊ ကျွန်တော့်အနေနဲ့ ကျွန်တော့်ကျေးဇူးရှင်အပေါ် ပြုစုနေရတာ ဘာမှငြီးငွေ့စရာ အကြောင်းမရှိပါဘူးဗျာ"

"အို ... ရှင်က ကျွန်မကို ကျေးဇူးရှင်နဲ့ မပြောပါနဲ့လို့ ကျွန်မပြောထားတယ်၊ အကယ်၍ ကျေးဇူးရှင် မဟုတ်ဘူးဆိုရင် ကျွန်မကိုရှင် ခုလို မပြုစုဘူးဆိုပါတော့"

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်အနေနဲ့ ဘာမှမပတ်သက်တဲ့ မိန်းကလေးတစ်ဦးကို လမ်းမှာ ခုက္ခရောက်တာတွေ့ရင်လည်း ကူညီရမှာပါပဲ၊ အခုဟာက တခြားသူမှ မဟုတ်ဘဲ၊ ကျင်လင့်အပေါ် ကျွန်တော် ခင်မင်မှုကလည်း ရှိနေတော့ အခုလို ပြုစုပေးနေရတာကို ကျွန်တော် ပျော်ရွှင်ပါတယ်ဗျာ"

ကွမ်ယု၏စကားကြောင့် ကျင်လင် ဝမ်းသာအားရ ဖြစ်သွားလေ၏။ အမှန်က မြွေပါကျင်လင်သည် ကွမ်ယု၏ လိုလေသေးမရှိ ပြုစုယုယချက်များကြောင့် လုံးဝနီးပါး ပြန်ကောင်းနေချေပြီ။



မြွေဘုရင်လူတင်း၏ ရိုက်ချက်မှာ ပြင်းထန်၏။ ထို့ကြောင့် အတွင်းဒဏ်ရာ ရသွား၏။ သို့သော် ဆေးစားခြင်း၊ အတွင်းအားဖြင့် ကုသခြင်းတို့ကြောင့် ဒဏ်ရာမှာ ပျောက်သလောက် ဖြစ်နေပေပြီ။ ပြန်လည်ကျန်းမာနေပေပြီ။

သို့သော် သူမသည် ကွမ်ယု၏ပြုစုယုယမှုများကို သာယာနေသဖြင့် မကျန်းမာသယောင် ဟန်ဆောင်နေခြင်း ဖြစ်တော့သည်။ ကျင်လင်က ...

"ရှင် ပျော်နေတယ်ဆိုပြီး တစ်ချက်တစ်ချက် ငေးငိုင်နေတာကို ကျွန်မ တွေ့ပါတယ်၊ ရှင် ဘယ်သူ့ကို သတိရနေလို့လဲ၊ ရှင့်ရဲ့သခင်မယီတာကို သတိရနေလို့လား"

ထိုမေးခွန်းကြောင့် ကွမ်ယု၏မျက်နှာမှာ ရဲခနဲ ဖြစ်သွားသည်။ အမှန်ကို ဝန်ခံရလျှင် ကွမ်ယုသည် ယီတာကို အလွန်သတိရနေလေ၏။

သို့သော် သူသည် ကျင်လင်အား အမှန်အတိုင်း ဝန်ခံ၍မဖြစ်ချေ။ ကျင်လင်သည် သခင်မယီတာအား ပြိုင်ဘက်အဖြစ် သဘောထားနေကြောင်း သူသိပေသည်။ သူမသည် မုသားသုံးလိုက်ရသည်။ မုသားမပါ လက်ာမချောဟု ဆိုကြသည် မဟုတ်ပါလော။

"ကျွန်တော့်မိဘများက ကျွန်တော် အိမ်ပြန်မရောက်တဲ့ရက်တွေများလို့ စိတ်ပူပန်နေကြမှာပါ၊ အဲဒါကို တွေးပြီး ကျွန်တော် စိတ်ပူပန်မိတာပါ၊ တခြား ဘာအကြောင်းမှ မရှိပါဘူး"

ကျင်လင်သည် အဖတစ်ကွဲ သမီးတစ်ကွဲနေရသော်လည်း ကွမ်ယု၏စကားကိုကြားသောအခါ ကွမ်ယုအပေါ် ကရုဏာသက်သွား၏။ ကျင်လင်သည် သူမ၏ဖခင် စမ့်ဟူးအကြောင်း တွေးမိပြီ

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်မျှ ငိုင်သွား၏။ သူမက ...

"ရှင့်မိဘများ စိတ်မပူအောင် ကျွန်မ အကြောင်းကြားပေးပါ့မယ်"

ကွမ်ယုသည် စိတ်ပူသွား၏။

"မဟုတ်တာ ကျင်လင်ရယ်၊ ခင်ဗျား အိပ်ရာထဲကတောင် မထနိုင်ဘူး မဟုတ်လား။ ဘယ့်နှယ်လုပ်ပြီး ကျွန်တော့်မိဘများဆီကို အကြောင်းကြားနိုင်မှာလဲ"

ကွမ်ယုအနေဖြင့် သူမ သွားရောက်ကြောင်း အကြောင်းကြားမည်ထင်သဖြင့် စိတ်ပူပန်စွာ တားမြစ်သည်။ ကျင်လင်သည် ဤနန်းတော်ကြီး၌ တစ်ဦးတည်းနေသူဖြစ်ကြောင်း သိသည်။ မည်သူ့ကိုမျှလည်း စေခိုင်းရန်အကြောင်းမရှိချေ။ ကျင်လင်က ...

"ကျွန်မကိုယ်တိုင် သွားစရာ မလိုပါဘူး၊ ကျွန်မမှာ မိတ်ဆွေကောင်းတွေ ရှိပါတယ်"

ကွမ်ယုအနေဖြင့် သူမ၏စကားအဓိပ္ပာယ်ကို မရှင်းလင်းဘဲ ဖြစ်နေ၏။

"ကျွန်တော့်အမြင်မှာတော့ ခင်ဗျားတစ်ယောက်တည်း ရှိနေတာပဲ"

ကျင်လင်က ရယ်မောလျက် ပြောဆိုသည်။

"ရှင်ကတော့ ကျွန်မရဲ့ အရင်းနှီးဆုံး ယောက်ျားလေးသူငယ်ချင်း ဆိုပါတော့၊ ရှင့်အပြင် ကျွန်မမှာ ပိုခင်ရမယ့် သူ မရှိတော့ပါဘူး၊ ဒါပေမဲ့ ကျွန်မဟာ တစ်ကောင်ကြွက် မဟုတ်ဘူး။ အသိုင်းအဝိုင်းနဲ့ပါ၊ ကျွန်မမှာ အဖော်တွေရှိပါတယ်၊ မကြာခင် ရှင်မြင်ရမှာပါ၊ စောင့်ကြည့်ပါဦး"



ကျင်လင်သည် နန်းတော်ရင်ပြင်သို့ ကွမ်ယုကို ထွက်ခိုင်းသည်။

"ရှင် ရင်ပြင်ကို ထွက်လိုက်ပါ၊ နောက်ပြီး မီးပုံကြီးတစ်ပုံဖိုပါ"

ကွမ်ယုသည် ဘာမျှစောဒကမတက်ဘဲ မီးပုံကြီး တစ်ပုံဖိုပေးလေ၏။ မီးပုံကြီးသည် မီးတောက်မီးလျှံများ တဟုန်ဟုန်နှင့် တက်လာတော့သည်။ ကွမ်ယုသည် မီးဖိုပြီးနောက် ကျင်လင်အားပြန်လည်အကြောင်းကြား၏။

"ကွမ်ယု ... ဒီဆေးမှုန့်တွေကို မီးပုံထဲ ဖြူးလိုက်ပါ၊ အစိမ်းတောက် မီးလျှံတွေ တက်လာပြီး အစိမ်းရောင် မီးခိုးတွေ တက်လာလိမ့်မယ်"

ကွမ်ယုသည် ကျင်လင်၏အမိန့်ပေးသည့်အတိုင်း ဆောင်ရွက်သည်။ သူမပြောသည့်အတိုင်း အစိမ်းရောင် မီးတောက်မီးလျှံများနှင့် အစိမ်းရောင်မီးခိုးများ တက်လာတော့မည်။

အမှန်ကတော့ ကျင်လင်သည် ကွမ်ယုအား အချက်ပြခိုင်းလိုက်ခြင်း ဖြစ်ပါသည်။ မီးခိုးများကို ကျင်လင် သိစေချင်သူများမြင်ပြီး နန်းတော်ပျက်ဆီသို့ ရောက်လာစေရန် စီမံလိုက်ခြင်းဖြစ်ပါသည်။

မကြာမီ နန်းတော်ဟောင်းကြီးအတွင်းသို့ ခြေသံမကြားရဘဲ ဝင်လာသော အမျိုးသမီးကြီးသုံးယောက်ကို တွေ့ရတော့သည်။ ထိုအမျိုးသမီးကြီးများကား ခဲသားရောင်ဝတ်စုံများကို ဝတ်ဆင်ထားကြ၏။ အလွန်ဝသော မိန်းမကြီးများ ဖြစ်ကြသည်။

သူတို့သည် ကွမ်ယုအား တစ်ချက်ကြည့်ပြီး အံ့ဩသွားဟန်ပြသည်။ ထို့နောက် ကျင်လင်ရှိရာသို့ လျှောက်သွားကြလေ၏။

"ဘာများ ခိုင်းစရာရှိလို့ပါလဲရှင်"

www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးယောက်စလုံး ကျင်လင်ကို အလွန်ရှိသေဟန်ရှိသည်။ သူတို့သည် ကျင်လင်အား ရိုကျိုးစွာမေးလိုက်သည်။ ကျင်လင်သည် ကွမ်ယုအား တစ်ချက်ကြည့်လိုက်၏။

"ကွမ်ယု ... ရှင့်မိဘနှစ်ပါးအမည်နဲ့ နေထိုင်တဲ့ရွာကို ပြောပြပါဦး။ ဒါမှ သူတို့ ရှာပေးနိုင်လိမ့်မယ်"

ကွမ်ယုသည် သူ၏မိဘနှစ်ပါးအမည်နှင့် နေထိုင်သော ရွာကို ပြောပြ၏။

"ရွာက ချာအိုချွမ်မြို့နဲ့ သိပ်မဝေးပါဘူး၊ ချာအိုချွမ်မြို့က သွားရင် တစ်နေ့ခရီးလောက်ပဲ ရှိပါတယ်"

ကွမ်ယု အပြည့်အစုံ ပြောပြလိုက်သည်။ မိန်းမဝံကြီးများသည် ကွမ်ယု၏ မိဘများထံသို့သွားရောက်ပြီး ကွမ်ယုအတွက် စိတ်မပူရန် အကြောင်းကြားပေးကြမည်ဖြစ်သည်။

ကျင်လင်က လက်ဖြင့် အချက်ပြလိုက်သောအခါ အလွန်ဝသော မိန်းမကြီးများသည် ခန္ဓာကိုယ်အလေးချိန်နှင့် မလိုက်အောင် ပေါ့ပါးဖျတ်လတ်စွာ ထွက်သွားကြလေ၏။

"ကဲ ... ရှင် ဘာမှစိတ်သောက ရောက်နေစရာ မလိုတော့ဘူး။ ရှင့်မိဘတွေ စိတ်အေးသွားရအောင် ကျွန်မမိတ်ဆွေတွေ ရှင့်မိဘထံ အကြောင်းကြားပေးလိမ့်မယ်၊ ရှင် စိတ်အေးလက်အေးနေနိုင်ပါပြီ"

ကွမ်ယုမှာ မရိုပြုံးမိသည်။ သူသတိရသည်မှာ သူ့မိဘများ မဟုတ်။ သခင်မယ်ဒီတာသာ ဖြစ်သည်။

◈ ◈ ◈



(၆၅)

သို့သော် မြွေပါကျင်လင်က သူ့မိဘများ စိတ်မပူစေရန် အကြောင်းကြားပေးသည်။

ကွမ်ယုက ...

"အခုလို ကျွန်တော့်ကိုကူညီတာ ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်မိဘများ အကျိုးအကြောင်း သိပြီးတဲ့နောက် ကျွန်တော် သောကရောက်ဖို့ မလိုတော့ပါဘူး"

သူသည် ပြုံး၍ ပြောလိုက်ရ၏။

"ဒီလိုဆိုရင် ကျွန်မနဲ့ အတူနေရခိုက်မှာ ပျော်ပျော်ပါးပါး နေစမ်းပါရှင်"

သူမသည် ကွမ်ယုအား ရွှန်းရွှန်းစားစားကြည့်၍ ပြောလိုက်၏။ ကွမ်ယုသည် မြွေပါကျင်လင်၏အကြည့်ဒဏ်ကို မခံနိုင်ပေ။

ထို့ကြောင့် သူသည် မျက်လွှာချလိုက်လေ၏။

"ကျွန်တော် ကြမ်းသွားတိုက်လိုက်ဦးမယ်"

ထို့နောက် သူသည် အခန်းနံရံရှိ ဖုန်မှုန့်များနှင့် ကြမ်းပြင်ကို အဝတ်ပွတ်တိုက်ရန်ဟု အကြောင်းပြလျက် မြွေပါကျင်လင်အနီးမှ ထွက်ခွာသွားလေတော့၏။

ကွမ်ယု ... သူမအနီး၌ မရှိသောအခါ မြွေပါကျင်လင်၏ မျက်နှာ၌ အလိုမကျဟန် ထွက်ပေါ်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကွမ်ယုသည် ထိုမျက်နှာကို သိရှိသည်။

သိရှိသော်လည်း မတတ်နိုင်ချေ။ သူသည် မြွေပါကျင်လင်အား ကျေးဇူးရှင်တစ် ယောက်၊ ခင်မင်သူတစ်ယောက်အနေဖြင့်သာ ဆက်ဆံနိုင်သည်။ ချစ်သူတစ်ယောက်အဖြစ် မဆက်ဆံနိုင်ချေ။

သူသည် လုပ်စရာရှိသည်တို့ကိုသာ အဆက်မပြတ် လုပ်ဆောင်ပေးလေ၏။

ဤသို့ဖြင့် ညမှောင်လာသည်။

ကွမ်ယု၏အလုပ်များလည်း နားရသည်။ ညအခါ ကွမ်ယုသည် မြွေပါကျင်လင်အား လူစောင့်သကဲ့သို့ စောင့်အိပ်ရသည်။

ကွမ်ယုမှာ မြွေပါကျင်လင်အား ပြုစုစောင့်ရှောက်ရခြင်း အလုပ်များကို အဆက်မပြတ်လုပ်ရခြင်းတို့ကြောင့် မကြာမီ နှစ်ခြိုက်စွာ အိပ်ပျော်သွားသည်။

တောတောင်ကြီးအတွင်းရှိ နန်းတော်ပျက်ကြီးမှာ ညအခါ မည်မျှတိတ်ဆိတ်အေးချမ်းမည်ကို တွေးကြည့်၍ သိနိုင်ပေသည်။

အိပ်မပျော်သူတစ်ယောက်ရှိသည်။

မြွေပါကျင်လင်တည်း။

မြွေပါကျင်လင်၏ဘဝမှာလည်း လွန်စွာကရုဏာသက်စရာကောင်းသည်။ ဖခင်ဖြစ်သူနှင့် မသင့်တင့်သဖြင့် တောတောင်ကြီးအတွင်း တစ်ယောက်တည်းလာနေရာမှ သံယောဇဉ်တွယ်ရမည့်သူကို တွေ့လာရခြင်းဖြစ်သည်။

သူသည် ကွမ်ယုကို တစိမ့်စိမ့်ကြည့်ကာ သံယောဇဉ်များ တစ်ရစ်ပြီးတစ်ရစ် တွယ်နှောင်မိသည်။



အချစ်ဆိုသည်မှာ မီးကဲ့သို့ ပူလောင်လှသည် မဟုတ်ပါလား။

ကွမ်ယုမှာ တစ်နေ့ခင်းလုံး ပင်ပင်ပန်းပန်းလုပ်ကိုင်ထားသဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်နေသည်။ လူငယ်တစ်ယောက်ဖြစ်သည့်ပြင် ဤနန်းတော်ပျက်ကြီးအတွင်း၌ မည်သည့်ဘေးအန္တရာယ်မျှ မရှိဟု သိထားလေရာ ကွမ်ယုသည် စိတ်လွတ်ကိုယ်လွတ် အိပ်စက်နေလေသည်။

မီးဖိုမှတောက်လောင်နေသော မီးတောက်မီးလျှံများသည် ကွမ်ယု၏မျက်နှာပေါ်သို့ ရောင်ပြန်ဟပ်လျက်ရှိလေ၏။

ကွမ်ယုသည် ချောမောလှပသူဖြစ်ရာ သူ၏မျက်နှာအား မီးမောင်းထိုးပြသကဲ့သို့ ရှိနေလေ၏။

မြွေပါကျင်လင်သည် မီးအရှိန်ကောင်းစွာ တောက်လောင်နေသော မီးပုံကြီးကိုကြည့်ရင်း အတွေးများဝေနေမိ၏။

သူ့ ကွမ်ယုအပေါ် သံယောဇဉ်ဖြစ်လာခြင်းသည် မီးရှိန်ကောင်းအောင် မီးခဲကလေးများ စတင်ထည့်သွင်းသကဲ့သို့ ဖြစ်နေမည်လားဟု သူမ တွေးနေမိသည်။

"ဟင်"

မြွေပါကျင်လင်သည် သက်ပြင်းချလိုက်၏။

တစ်ဖက်သို့စောင်းပြီးအိပ်ပျော်ရန် ကြိုးစားအိပ်လိုက်သည်။

ညဥ့်အတော်နက်မှ သူမ အိပ်ပျော်သွားလေတော့သည်။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



(၆၆)

## စိမ်းကားသွားသော သူငယ်ချင်း

ဟန်ရှင်သည် အများက သူရူးဟု ခေါ်နေသည့် အဘဖူးထံမှ သိုင်းပညာသင်ယူခွင့်ရခဲ့သည်။ အဘဖူးသည် တောင်ကျွန်းသိုင်းဆရာကြီး လီယွမာပြောသကဲ့သို့ အရူးကြီးတစ်ယောက်သဖွယ် လှည့်လည်သွားလာရင်း သိုင်းပညာများကို ချောက်ချားဆည်းပူးခဲ့သူဖြစ်သည်။

ထို့ကြောင့် သူ့သိုင်းပညာအဆင့် မည်မျှရှိသည်ကို မည်သူမျှ မဆိုနိုင်ကြပေ။ အဘဖူးသည် သူတတ်မြောက်ထားသည့် သိုင်းပညာထဲမှ ဟန်ရှင် လိုက်မီနိုင်သည့် ပညာရပ်များကို အိတ်သွန်ဖာမှောက် သင်ပေးခဲ့သည်။ ဤနေရာတွင် ယိတာနှင့်အဘဖူးသည် ကွာခြားလှပေသည်။

ယိတာသည် သူတပည့် ဟူအင်ချုန်ကို ပညာကုန်သင်မပေးချေ။ သူသင်နိုင်သည့် အတိုင်းအတာအထိ သင်မပေးချေ။ အဘဖူးကတော့ ထိုသို့မဟုတ်ပေ။ ဟန်ရှင် သင်နိုင်သမျှ အကုန်သင်ပေးသည်။ ဟန်ရှင် လိုက်နိုင်သမျှ သိုင်းပညာ အကုန်အစင် သင်ပေးသည်။

ထို့ကြောင့် ဟန်ရှင်သည် သိုင်းပညာ ထူးချွန်တတ်မြောက်လာပြီး သိုင်းသမားကောင်းတစ်ယောက် ဖြစ်လာလေတော့သည်။ သင်ကြားပေးသော ဆရာ၏အချိန်ပေးမှု၊ ဂရုစိုက်စေတနာထားမှုတို့သည် လိုလိုလားလား အားကြိုးမာန်တက် သင်ကြားသော တပည့်

BURMESE CLASSIC .com



ဖြစ်သူအတွက် ရှေ့သို့တိုးရန်အကြောင်းသာ ရှိတော့သည်။

ဟန်ရှင်သည် သိုင်းပညာ အတော်ပြည့်ဝသွားသောအခါ အဘဖူးထံခွင့်ပန်ပြီး ထွက်ခွာလာလေ၏။ သူသည် အတောင်အလက်စုံသော ငှက်ကဲ့သို့ ဖြစ်လာလေပြီ။ သိုင်းလောကထဲ တောင်ပံဆန့်ပျံဝဲရန် ကြံစည်လာတော့သည်။

သို့သော် သူမသည် သိုင်းလောကထဲသို့ မဝင်သေးချေ။ သူမ စိန်ခေါ်ထားသည့် ယိတာ၏တပည့် ဟူအင်ချုန်နှင့် ယှဉ်ပြိုင်ပြီးမှသာ သိုင်းလောကထဲသို့ ဝင်မည်ဟု ဆုံးဖြတ်ထားလေသည်။

သူမသည် ယိတာထံသို့ စာတစ်စောင်ရေးသည်။ မြွေခုနစ်ကောင်ကျောင်းတိုက်၏ အနောက်ဘက်၌ သွားရောက်ကပ်ထားခဲ့သည်။ ထိုစာကို ယိတာ တွေ့ရှိလေ၏။

ယိတာ ...

ကျွန်မ စာရေးလိုက်တယ်။ ကျွန်မသည် အဘဖူး၏ထံတွင် တပည့်အဖြစ်ခံယူသည်ကို ရှင်တို့တွေ့မြင်ပြီးဖြစ်၍ ကျွန်မ အထူးရေးပြမနေလိုတော့ပါ။ ယခု ကျွန်မသည် အဘဖူး၏ပညာအချို့ကို ရရှိခဲ့ပါပြီ။ ကျွန်မနှင့်ဟူအင်ချုန်သည် သိုင်းပညာ စတင်လေ့ကျင့်သည့်ရက်သည် အတူတူပင် ဖြစ်ပါသည်။

တစ်နေ့သောအခါ ယိတာ၏တပည့်က အဘဖူး၏တပည့်ကို ကျိန်းသေနိုင်ရမည်ဟု ရှင့်ပါးစပ်မှ ဖွင့်ဟပြောဆိုခဲ့ဖူးသည်ကို ရှင် အမှတ်ရလိမ့်မည်ဟု ကျွန်မ ယုံကြည်ပါသည်။ ယခု ကျွန်မ အဆင်သင့်ဖြစ်ပါပြီ။ ရှင့်တပည့်ဖြစ်သူ ဟူအင်ချုန်ကို ကျွန်မနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရန် ကျွန်မ စိန်ခေါ်ပါသည်။

ရှင့်အနေဖြင့် ဆရာတစ်ဦးပီပီ ကျွန်မ စိန်ခေါ်ပွဲ ထမြောက်အောင်မြင်အောင် စီမံစန့်ခွဲပေးစေလိုပါသည်။

ဟန်ရှင်

www.burmeseclassic.com

www.burmeseclassic.com



ဟန်ရှင်၏စာသည် ယီတာအား ဆွေ့ဆွေ့ခုန် ဒေါသထွက်စေ၏။ သူမသည် ကျင်လင်နှင့် သွားရောက်တိုက်ခိုက်မည့် အစီအစဉ်ကို ပယ်ဖျက်လိုက်သည်။ ဟန်ရှင်နှင့် ဟူအင်ချန်တို့၏ တိုက်ပွဲဖြစ်မြောက်အောင် စီမံခန့်ခွဲတော့သည်။

◈

တောင်သုံးလုံးလွင်ပြင်။ ယခုအခါ တောင်သုံးလုံးလွင်ပြင်၌ မည်သူမျှ မရှိတော့ချေ။ ခြသေ့်သရဖူသိုင်းပြိုင်ပွဲ ပြီးဆုံးသွားကတည်းက လူမရှိတော့သည်မှာ ယခုအထိပင် ဖြစ်သည်။

သို့သော် သုံးနှစ်ပြည့်လျှင်တော့ သိုင်းလောက၏အရေးကြီးသော သိုင်းပြိုင်ပွဲကြီး တစ်ပတ်ပြန်လည်လာပေဦးမည်။ ယခုလွင်ပြင်အနှံ့ပေါက်နေသော မြက်ပင်ရိုင်းကြီးများမှာ လူတစ်ရပ်ခန့်ရှည်သည်။ သို့သော် လေတိုက်သဖြင့် လူ့ခါးဝက်ခန့် ယိုင်လဲနေကြသည်။ ထိုတဟူးဟူးတိုက်ခတ်နေသော လေပြည်ထဲတွင် လူနှစ်ဦးသည် မျက်နှာချင်းဆိုင် ရပ်နေလေ၏။ ဟူအင်ချန်နှင့်ဟန်ရှင်။ အလွန်ချစ်ခင်ကြသော သူငယ်ချင်းနှစ်ဦး။

ယခု တိုက်ခိုက်ရန် မျက်နှာချင်းဆိုင်နေကြပေပြီ။ ဟူအင်ချန်၏နောက်တွင် အားပေးကြည့်ရှုသူ သုံးဦးရှိသည်။ ယီတာ၊ အဒေါ်ချန်နှင့် လူတင်းတို့ ဖြစ်ကြသည်။ ဟန်ရှင်ဘက်တွင် တစ်ယောက်မျှမရှိချေ။ ဟန်ရှင်သည် မည်သူ့ကိုမျှ မကြောက်ရွံ့ဘဲ ရဲရဲဝံ့ဝံ့ စိန်ခေါ်ခြင်း ဖြစ်သည်။

ဟန်ရှင်သည် လက်တစ်ဖက်ကို ဖြည်းညင်းစွာ ဆန့်ထုတ်လိုက်၏။ အတွင်းအားလုံးလည်း မြှင့်လိုက်သည်။ မြင့်တက်လာသော အတွင်းအားများကြောင့် ခန္ဓာကိုယ်အတွင်း အပူငွေ့များ ထွက်ပေါ်



လာလေ၏။ အပူငွေ့များ တရှိန်းရှိန်း ထွက်လာသည်ကို ဟူအင်ချန်၊ ယီတာ၊ အဒေါ်ချန်နှင့် လူတင်းတို့အားလုံး တွေ့ရှိကြရသည်။ ယီတာ အံ့အားသင့်နေ၏။

ကာယကံရှင်ဖြစ်သော ဟူအင်ချန်က ပို၍ပင် အံ့အားသင့်နေသည်။ ဟူအင်ချန်သည် ယီတာတိုက်ကျွေးသည့် အတွင်းအားတိုးဆေးများကြောင့် အတွင်းအားများ တိုးတက်လာသော်လည်း ဟန်ရှင်ကဲ့သို့ အပူငွေ့များ တရှိန်းရှိန်းထအောင်တော့ အတွင်းအားများ တိုးတက်မလာချေ။

ထို့ကြောင့် အတွင်းအားအရာတွင် ဟန်ရှင်က ဟူအင်ချန်ထက် မြင့်နေသည်ကို အမြင်အားဖြင့် သိမြင်နေကြရလေပြီ။ ဟူအင်ချန်က ဟန်ရှင်အား ပြုံးပြလိုက်၏။ ဟန်ရှင်က ဟူအင်ချန်ကို မတွေ့မြင်ဖူးသေးသော သူစိမ်းတစ်ရံဆိကဲ့သို့ ကြည့်နေသည်။

သူမ၏မျက်နှာကြောကား တင်းမာလှသည်။ ဟူအင်ချန်၏ ရင်ထဲ၌ ဖျတ်ခနဲ ဖြစ်သွားသည်။ ဟန်ရှင်သည် ကွမ်ယုအပေါ်တွင် အစဉ်မျက်နှာသာပေးသလောက် မိမိအပေါ် မာကျောစွာ ဆက်ဆံတတ်ကြောင်းကို တဒင်္ဂအတွင်း ပြန်လည်စဉ်းစားမိလေသည်။

ယခုလည်း မိမိအား ဤသို့စိန်ခေါ်တိုက်ခိုက်ရန်ထက် မိမိနှင့် သိုင်းပညာချင်းဖလှယ်ရန်သာ သူမ ဆောင်ရွက်သင့်သည်။ ယခု ယီတာအား စာနှင့်ရေး၍ စိန်ခေါ်ခြင်းမှာ မလုပ်သင့်သော အလုပ်ဖြစ်သည်။

သူမ အသာစီးရရှိပါက ညှာလိမ့်မည်မဟုတ်ကြောင်း သူ တွေးမိလေ၏။ ထို့ကြောင့် ဤတိုက်ပွဲတွင် အပြင်းအထန်တိုက်ပြီး အနိုင်ယူသင့်သည်ဟု သူ ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဟူအင်ချန်သည် အခြေခံသိုင်းကွက်တစ်ကွက်ကို လှုပ်ရှားပြီး အတွင်းအားကို ထုတ်လိုက်၏။ သူ၏ခန္ဓာကိုယ်မှ အပူငွေ့များ တထောင်းထောင်း ထွက်လာသဖြင့် သူ အားတက်သွားမိသည်။

အတွင်းအားပညာ၌ သူသည် ဟန်ရှင်ကို မီလုမိခင်ရှိနေပြီ မဟုတ်ပါလော။ ဟန်ရှင်သည် အတွင်းအားကို သုံးဆင့်အထိ ထုတ်နိုင်သော်လည်း နှစ်ဆင့်တည်းသာ ထုတ်ကြောင်းကို ဟူအင်ချန် မသိပေ။

သူ၏ဆရာမယီတာလည်း မရိပ်မိချေ။ ယီတာ၏စိတ်ထင်၌ ဟန်ရှင်သည် အတွင်းအားအကုန်ထုတ်ထားပြီဟုသာ ထင်နေမိသည်။ တိုက်ပွဲစရန် နှစ်ဦးသား သိုင်းကွက်များ ခင်းကြ၏။

ဟန်ရှင်၏လက်ရိပ်များ ဖြာထွက်သွားသည်။ ယပ်တောင်ကြီးတစ်ခု ဝှေ့ယမ်းလိုက်သည့်နှယ် ဟန်ရှင်၏လက်ရိပ်များက ဖြာထွက်သွား၏။ ထိုအခါ ဟူအင်ချန်၏လက်ဝါးစောင်းနှင့်လက်ချောင်းများ တိုက်ကွက်သည် ဟန်ရှင်၏လက်ရိပ်များအတွင်းသို့ ထိုးဖောက်ဝင်သွားလေ၏။

ထိုတိုက်ကွက်သည် ဟန်ရှင်ကို ပြင်းထန်စွာ ထိနိုက်ရမည်ဖြစ်သည်။ သို့သော် ဟူအင်ချန်၏လက်ဝါးစောင်းနှင့်လက်ချောင်းများ တိုက်ကွက်သည် လေကိုသာ ရိုက်မိသွား၏။ ဟူအင်ချန် ထိတ်ခနဲဖြစ်သွားသည်။ သူ၏လက်ကို ဆွဲထုတ်ရန် ကြိုးစားသည်။

ထိုအခါ ဟူအင်ချန်၏လက်သည် ပိုက်ကွန်များ စေးကပ်သည့်အရာများထဲသို့ နှိုက်မိသည့်လက်ပမာ ပြန်လည်ဆွဲထုတ်မရဘဲဖြစ်နေတော့သည်။ လက်ဖြင့်မရလျှင် ခြေထောက်နှင့်ပေါ့။

ဟူအင်ချန်သည် မာန်သွင်းလိုက်ပြီး 'ခြေစကြာ ပန်းနေကြာ' သိုင်းကွက်ကိုဆွဲထုတ်၍ ပြင်းထန်သောခြေကန်ချက်ကို ထုတ်လိုက်၏။



ဟန်ရှင်သည် နောက်ဆုတ်ရမည့်အစားရှေ့သို့ပင် တိုးလာသည်။

သူ့ခြေကန်ချက်သည် ဖွဲအိတ်ကြီးကို ကန်လိုက်ရသကဲ့သို့ဖြစ်သွားပြီး ဟူအင်ချန်၏အတွင်းအားများ လျော့ပါးသွားသလို ခံစားလိုက်ရသည်။

"သွားစမ်း"

ဟန်ရှင်သည် အော်ဟစ်ရင်း တွန်းထုတ်သည်။ ဟူအင်ချန်သည် ကျွမ်းပစ်၍ နောက်သို့ ခုန်ထွက်သွားလေသည်။ သူအကျကောင်းသွားသည်။ မြေပြင်ပေါ်သို့ ခြေထောက်ဖြင့် ကျသွားသည်။

ရှုံးနိမ့်နိုင်သော သိုင်းကွက်တစ်ခုပင်။ သူ သင်ခန်းစာယူရမည်ဖြစ်ကြောင်း ဟူအင်ချန် ကောင်းကောင်းသိလိုက်၏။ သူသည် ဟန်ရှင်ကို ဆန္ဒစော၍ တိုက်ခိုက်ရန်မလိုကြောင်း။ ထိုသို့တိုက်ခိုက်လျှင် သူပင် ရှုံးနိမ့်နိုင်ကြောင်း သူ သိသွားသည်။ ယခုတစ်ကြိမ်တွင် ဟန်ရှင်က လက်ဦးမှုကိုရယူပြီး တိုက်ခိုက်သည်။

သူမ တိုက်ကွက်မှာ ပန်းလိပ်ပြာ ဝတ်ရည်စုတ်တိုက်ကွက်ပင်ဖြစ်သည်။ ပန်းလိပ်ပြာကလေးများ တဖျပ်ဖျပ်နှင့် ဝတ်ရည်စုတ်နေသောပုံသဏ္ဌာန်မျိုးဖြစ်သည်။ ဟန်ရှင်၏ တိုက်ကွက်ထဲမှ ဟူအင်ချန်က ကမန်းကတန်း ရုန်းထွက်လိုက်ရသည်။

သူ သတိကြီးသောကြောင့်သာ ရုန်းထွက်နိုင်ခဲ့ခြင်းဖြစ်သည်။ ဟူအင်ချန်သည် မိုးကြိုးခုနစ်ချက် သိုင်းကွက်ကိုထုတ်၍ တန်ပြန်တိုက်ခိုက်၏။ မိုးကြိုးခုနစ်ချက်သိုင်းကွက်မှာ ခြေလက်အစုံ ခုနစ်ချက်ဆင့်၍ တိုက်ခိုက်ခြင်းဖြစ်သည်။ သို့သော် ဟန်ရှင်၏ 'ဝဲသြဃ'ဟူသည့် သိုင်းကွက်ထဲ၌ မိုးကြိုး ခုနစ်ချက် သိုင်းကွက်သည် ပျောပါသွားသည်။ ယီတာက ...

www.burmeseclassic.com

www.burmeseclassic.com



"ဟူအင်ချန် နောက်ဆုတ်လိုက်"

သူမက အော်ဟစ်သတိပေးသော်လည်း အချိန်မမီတော့ပေ။ ဟူအင်ချန်သည် ဝဲညြဃ တိုက်ကွက်၌ လွင့်ပါကာ တစ်ကိုယ်လုံး မြောက်တက်သွားလေ၏။ သူသည် ပင်စည်၌ ဆူးနက်များ ပေါက်နေသည့် ကန္တာရချုံပင်များအကြားသို့ ကျသွားလေ၏။

"အား"

ဟူအင်ချန်၏ အသံနက်ကြီးဖြင့် အော်သံသည် ထွက်ပေါ်လာသည်။ သူတို့ မြုံပင်များအကြားမှ ထွက်လာသောအခါ သွေးရဲရဲသံရဲရဲဖြင့် မျက်နှာကို လက်ဖဝါးဖြင့်အုပ်၍ ထွက်လာလေသည်။

ဟူအင်ချန်သည် ဒယီးဒယိုင်ဖြစ်နေသည်။ ဟူအင်ချန် ရှုံးနိမ့်သွားပေပြီ။ ယိတာသည် ရှုံးနိမ့်သွားသော ဟူအင်ချန်ထံသို့ ခုန်ဝင်သွား၏။ ဟူအင်ချန်၏ဒဏ်ရာကို စစ်ဆေးသည်။ မျက်နှာတစ်ခြမ်းတွင် ကန္တာရဆူးများ စိုက်ဝင်သွားကြောင်း တွေ့ရှိရသည်။

အသက်အန္တရာယ် မစိုးရိမ်ရသော်လည်း ဉပဓိရုပ်ကို ပျက်သွားစေခဲ့လေပြီ။ ဆရာတူတပည့် ဖြစ်သွားလေပြီ။ ယိတာလည်း မျက်နှာတစ်ခြမ်း မည်းသွားပြီး အလှပျက်သွား၏။ ဟူအင်ချန်သည်လည်း မျက်နှာတစ်ခြမ်း ပျက်စီးသွားလေပြီ။

ယိတာသည် သူ၏တပည့်ဖြစ်သူ ရှုံးနိမ့်ခြင်းအတွက် အလွန်ဒေါသဖြစ်နေပြီး ရှက်ရွံ့ဟန်လည်း ပေါ်လွင်နေခဲ့၏။ သူမ အပြောကြီးခဲ့သလို ဖြစ်သွားသည် မဟုတ်ပါလား။

"ကဲ ... ငါတို့ပြန်မယ်"

ယိတာက အမိန့်ပေးလိုက်၏။ ဟူအင်ချန်သည် ဒဏ်ရာများကို ပဝါဖြင့်အုပ်ရင်း ဟန်ရှင်အား တစ်ချက်လှမ်းကြည့်လိုက်၏။



ဟူအင်ချန်၏အကြည့်ကား ငယ်ပေါင်းသူငယ်ချင်းကို ကြည့်သည့်အကြည့် မဟုတ်တော့ချေ။ သူ့အကြည့်တွင် ဒေါသမီးပွင့်ကလေးများ လင်းလက်နေလေ၏။ မည်သူကမျှ ဟန်ရှင်ကို နှုတ်မဆက်ချေ။

ယိတာ ဦးဆောင်ပြီး ထွက်ခွာသွားကြသည်။ ဟန်ရှင်သည် လေတဟူးဟူးတိုက်နေသည့် တောင်သုံးလုံးလွင်ပြင်၌ ကျန်နေရစ်ခဲ့၏။ အတန်ကြာမှ သူသည် တစ်ချက်ပြုံးလိုက်၏။ နာကြည်းနေဟန်မဲ့ပြုံးပေတည်း။

◈

ဟန်ရှင်သည် အဘဖူးထံမှ ပညာစုံသင်ခဲ့ရ၏။ သိုင်းပညာရပ်အပြင် သိုင်းလောက၌ မရှိမဖြစ်လိုအပ်သော ပညာရပ်တစ်ခုကိုပါ အဘဖူးက သူမအား သင်ပေးရသည်။ ထိုပညာကား ရုပ်ဖျက်ပညာတည်း။ ရုပ်ဖျက်ပညာ သို့မဟုတ် ရုပ်ပြောင်းရုပ်လွှဲပညာ။ အဘဖူး၏ ရုပ်ဖျက်ပညာသည် ထိပ်တန်းအဆင့်မြင့်ပညာရပ်တစ်ခု ဖြစ်သည်။

ယခု ဟန်ရှင်သည် လူပျိုတစ်ယောက်ပမာ ရုပ်ဖျက်ထားသည်။ သူ့အား မည်သူကမျှ မိန်းကလေးဟု ထင်မည်မဟုတ်ချေ။ သူသည် ယောကျ်ားကလေးပမာ ရုပ်ဖျက်ပြီး ချာအိုချွမ်မြို့အတွင်း လှည့်လည်သွားလာနေသည်။

ဤသို့ သွားလာနေခြင်းမှာ အကြောင်းမဲ့ မဟုတ်ချေ။ လူတစ်ယောက်ကို ရှာဖွေနေခြင်း ဖြစ်လေ၏။ စားသောက်ဆိုင်တစ်ခုအတွင်းဝယ် ဟန်ရှင်တွေ့လိုသောလူကို တွေ့ရသည်။ ဟန်ရှင်သည် ဆိုင်တွင်းသို့ ဝင်သွားလေ၏။ ထိုလူသည် စားသောက်ဆိုင်၏ ထောင့်ကျကျစားပွဲတွင် ထိုင်နေသည်။ မျက်နှာတစ်ခြမ်းကို ပတ်တီးစည်းထားသည်။ ထိုသူကား 'ဟူအင်ချန်' ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဟန်ရှင်သည် ဟူအင်ချုန်ကို လိုက်ရှာနေခဲ့သည်။ ဟူအင်ချုန်ကမူ ဟန်ရှင်ကို မမှတ်မိချေ။ ဟန်ရှင်က ရုပ်ဖျက်ထားသည် မဟုတ်ပါလား။ ဟန်ရှင်သည် ဟူအင်ချုန်၏စားပွဲတွင် ဝင်ထိုင်လိုက်သည်။ ဟူအင်ချုန်က မော့ကြည့်သည်။

"ဟေ့လူ ... ဟိုမှာ ထိုင်ခုံလွတ်တွေ အများကြီးရှိတယ်၊ သွားထိုင်ပါလား၊ ဘယ့်နှယ် ... သူများထိုင်တဲ့ စားပွဲမှာ လာထိုင်ရသလဲ"

ဟန်ရှင်က ...

"စိတ်မရှိပါနဲ့ နောင်ကြီးရယ်၊ ခင်ဗျားအတွက် သတင်းတစ်ခု ပေးစရာရှိလို့ပါ၊ နို့မဟုတ်ရင် ကျွန်တော် လာမထိုင်ပါဘူး"

"ခင်ဗျားက ကျုပ်ကို သိလို့လား"

"ကျွန်တော် သိပါတယ် ခင်ဗျာ၊ နောင်ကြီးက သိုင်းသမား ဟူအင်ချုန် မဟုတ်လား"

"ဟုတ်တယ်"

"နောင်ကြီးနဲ့ အတူသွား အတူလာနေတဲ့ ဟန်ရှင်ဆိုတဲ့ မိန်းကလေးကို တောင်သုံးလုံးလွင်ပြင်မှာ တစ်နေ့က တွေ့ခဲ့ပါတယ်"

ဟူအင်ချုန်သည် အဝေးသို့ မျှော်ကြည့်လိုက်၏။ တင်းမာခက်ထန်သော ဟန်ရှင်၏မျက်နှာထားကို တွေ့မြင်မိသည်။ သူ့ရင်ထဲ မျက်ခနဲနာကျင်သွား၏။ ဩော် ... သူကြင်မှ ကိုယ်ကြင်ရမည်ပဲ။ သူကသာ အမြဲတမ်း လိုက်လိုက်လျှောလျှောနေခဲ့ရသည်တို့ကို ပြန်လည်တွေးမိလာ၏။

"အင်း ... အဲဒါ ဘာဖြစ်သလဲ"

"နောင်ကြီးနဲ့ သူနဲ့က အရင်က တတွဲတွဲ သွားလာနေသူတွေဆိုတော့ ..."



"သူ့အကြောင်းထားလိုက်ပါဗျာ၊ ခင်ဗျား သတင်းလာပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ရော့ ... အရက်သောက်ပါဦး"

ဟန်ရှင်သည် ဟူအင်ချုန်တိုက်သည့်အရက်ကို ကောက်ယူမော့ချလိုက်၏။

"အား ... အရက်က ကောင်းလိုက်တာ၊ အရက်တိုက်တဲ့အတွက် နောင်ကြီးကို သတင်းတစ်ခုပေးရဦးမယ်"

"ဘာသတင်းလဲ"

"နောင်ကြီးရဲ့သူငယ်ချင်း ကွမ်ယုကို ကွီဆေးတောအုပ်ထဲမှာ မကြာမကြာတွေ့ကြရသတဲ့"

ဟူအင်ချုန်က ခေါင်းခါယမ်းလိုက်သည်။

"ဟုတ်မယ် မထင်ပါဘူးဗျာ၊ ကွမ်ယုဟာ အခု မြွေခုနစ်ကောင် ကျောင်းမှာမရှိဘူးဗျ၊ ကျုပ်သိရသလောက်ကတော့ မြွေခုနစ်ကောင် တောနက်ထဲက နန်းတော်ဟောင်းကြီးတစ်ခုမှာ ရောက်နေတယ်၊ အဲဒီမှာ ကျင်လင်ဆိုတဲ့ မိန်းကလေးနဲ့ ကျုံရစ်နေတာပဲ၊ ဘယ်လိုလုပ်ပြီး ကွီဆေးတောအုပ်ထဲ ရောက်နိုင်ပါ့မလဲ"

"အင်း ... လူတူမရှား နာမည်တူမရှားဖြစ်နေတယ် ဆိုပါတော့လေ၊ ကျွန်တော် လူမှားတာပဲ ဖြစ်ပါလိမ့်မယ်"

ဟန်ရှင်သည် စကားကို လျှောချလိုက်၏။ သူသိချင်သည့် သတင်းကို သိရပြီးမဟုတ်ပါလား။ ဟန်ရှင်သည် စားပွဲထိုးကို လှမ်းခေါ်လိုက်၏။ ဟူအင်ချုန် မှာကြားထားသည့် အစားအစာများနှင့် အရက်အိုးများကို ရှင်းပေးလိုက်သည်။ ဟူအင်ချုန် အံ့အားသင့်သွား၏။ ဟန်ရှင်ကား ဆိုင်အပြင်လမ်းမပေါ်သို့ ရောက်ရှိသွားလေပြီ။

◈ ◈.◈

www.burmeseclassic.com

www.burmeseclassic.com



(၆၇)

## နန်းတော်တွင်းတိုက်ပွဲ

မြေခုနစ်ကောင် တောနက်ကြီးထဲရှိ နန်းတော်ဟောင်းကြီး၏ မနီးမဝေး သစ်ပင်ပေါ်ရှိ တစ်စုံတစ်ယောက်သည် တိတ်တဆိတ်ပုန်းကွယ်၍ စောင့်ကြည့်အကဲခတ်နေပေသည်။

သူ စောင့်ကြည့်နေသည်မှာ သုံးရက်မျှရှိလေပြီ။ သူသည် ထိုသုံးရက်လုံးလုံး နန်းတော်ဟောင်းကြီး၏ အရှေ့အနောက် တောင်မြောက်ဘယ်ညာကို လှည့်ပတ်ကြည့်ရှုခဲ့ပြီးဖြစ်သည်။

နန်းတော်ဟောင်းကြီးအတွင်းမှ တစ်ရက်လျှင်တစ်ကြိမ် အပြင်ထွက်လာတတ်သည့် ကွမ်ယုကိုလည်းကောင်း၊ နန်းတော်ဟောင်းကြီးအတွင်းတွင် လုံးလုံးမကျန်းမာဟန်ဆောင်နေသော မြေပါကျင်လင်သည် ကွမ်ယုမရှိသည့်အခိုက်၌ လမ်းလျှောက်ခြင်း၊ အကြောဖြေခြင်းများ ပြုလုပ်နေသည်ကိုလည်းကောင်း၊ ရံဖန်ရံခါ ရောက်ရှိလာသော မိန်းမဝဝကြီးများနှင့်ကျင်လင်တို့ တိတ်တဆိတ် တီးတိုးတိုင်ပင်ကြသည်ကိုလည်းကောင်း ထိုစောင့်ကြည့်နေသူသည် အားလုံးကို တွေ့မြင်ခဲ့ရလေ၏။

သူ လှည့်ပတ်ကြည့်ရှုရာတွင် အထူးသတိထားရပေသည်။ အဘယ်ကြောင့်ဆိုသော် ကျင်လင်သည် ဤတောကြီးအတွင်း၌ အပ်ကျသည်ကအစ သိရှိနေသောကြောင့်တည်း။



သစ်ပင်များနောက်ကွယ်မှ ချောင်းကြည့်ရာတွင်လည်းကောင်း၊ သစ်ပင်များပေါ်မှ ချောင်းကြည့်ရာတွင်လည်းကောင်း၊ ကျင်လင်သတိမပြုမိစေရန် အထူးသတိထားရသည်။ စိတ်ရှည်လက်ရှည်စောင့်ကြည့်နေသူမှာ အခြားသူမဟုတ်ပေ။ ဟန်ရှင်ပေတည်း။

လေးရက်မြောက်သောနေ့တွင် ဟန်ရှင်သည် ပုန်းကွယ်နေသောနေရာမှ သီသာထင်ရှားစွာ ထွက်လာလေ၏။ သူသည် လျှို့ဝှက်ပုန်းကွယ်မနေတော့ပေ။ ပေါ်ပေါ်ထင်ထင်ကြီး ထွက်လာသည်။ နန်းတော်ဟောင်းကြီးအတွင်းသို့ ခြေလှမ်းကျဲကြီးများဖြင့် ဝင်ရောက်လာလေတော့၏။ ကွမ်ယု အံ့အားသင့်သွားသည်။

"ဟင် ... ဟန်ရှင် ... မင်း ဘယ်လိုရောက်လာတာလဲဟင်"

ဟန်ရှင်က ပြုံးပြီး ...

"ရှင့်ဆီကို လာတာပေါ့၊ တမင် စုံစမ်းပြီး လိုက်လာတာရှင့်"

"ဘယ်လိုလုပ်ပြီး ဒီတောထဲဝင်လာရတာလဲကွ၊ ဒီတောမှာ သားကောင်ကြီးတွေ ပေါတယ်ကွ၊ အဖော်လည်း မပါဘူး"

ကွမ်ယုသည် ဟန်ရှင်အတွက် အမှန်စိုးရိမ်၍ ပြောခြင်းဖြစ်သည်။ သူသည် ဟန်ရှင် သိုင်းပညာတတ်ကျွမ်းနေသည်ကို မသိချေ။ ဟန်ရှင်က ...

"အဲဒါတွေ ထားလိုက်စမ်းပါ၊ အဲဒါက အရေးမကြီးပါဘူး။ ကျွန်မ အခု ဘာကြောင့် ရောက်လာတယ်ဆိုတာကို သိလား"

"ဘာကြောင့်လဲ"

"အခု ရှင့်ကို ပြန်ခေါ်သွားဖို့ ကျွန်မရောက်လာတာရှင့်၊ ကျွန်မနဲ့ ပြန်လိုက်ခဲ့"

www.burmeseclassic.com

www.burmeseclassic.com



ကွမ်ယုသည် နောက်သို့လှည့်ကြည့်သည်။ ဤသို့ဆိုလျှင် မြေပါကျင်လင်သည် သူ့ကို မည်သို့မျှ ခွင့်ပြုလိမ့်မည် မဟုတ်ပေ။ သူသည် ထိုစကားကို ကျင်လင်ကြားသွားမည်ကို အလွန်စိုးရိမ်လေ၏။

"အမယ် ... ရှင်က စိုးရိမ်နေပြန်ပြီ၊ ရှင်က မလိုက်ချင်ဘူးလား"

"အမယ်လေး ... ဟန်ရှင်ရယ်၊ ငါ ဒီမှာနေရတာ ငြီးငွေ့လှပါပြီ၊ ဒါပေမဲ့ ဒီမှာ မကျန်းမာတဲ့ လူနာတစ်ယောက်ရှိနေတယ်၊ သူ့ကို ပြုစုနေတာ"

"ဘယ်မှာလဲ ... မကျန်းမာတဲ့ လူနာက"

"အခန်းထဲမှာလေ၊ မြေပါကျင်လင်လို့ခေါ်တယ်"

ကွမ်ယု ပြောနေစဉ် ကျင်လင်သည် အခန်းထဲမှထွက်လာလေ၏။

"တွေ့ရတာ ဝမ်းသာပါတယ် ဟန်ရှင်"

ကျင်လင်က နှုတ်ဆက်လိုက်လေ၏။ ဟန်ရှင်က ...

"ကျွန်မကတော့ ရှင့်ကိုတွေ့ရတာ ဝမ်းမသာပါဘူး"

ကျင်လင် အံ့ဩသွား၏။

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ ရှင်က ကျွန်မသူငယ်ချင်းတစ်ဦးဖြစ်တဲ့ ကွမ်ယုရဲ့ လွတ်လွတ်လပ်လပ်နေရမယ့် အချိန်တွေကို ရှင်က နေမကောင်းဟန်ဆောင်ပြီး ခိုးဝှက်ယူထားလို့ပဲ"

ပွင့်လင်းစွာ ပြောလိုက်သည့် ဟန်ရှင်၏စကားကြောင့် ကျင်လင်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"ရှင် ..."

သူမ၏နှုတ်မှ အာမေဋိတ်သံလည်း ထွက်လာသည်။



ကွမ်ယုသည် မြေပါကျင်လင် ဟန်ဆောင်နေသည်ကို သဘော မပေါက်ပေ။ သူသည် အရာရာကို အရိုးခံအတိုင်းကြည့်တတ်သည်။ ထို့ကြောင့် ဟန်ရှင်၏စကားကို စိတ်ဝင်စားသွား၏။

"ဟန်ရှင် ... မင်း ဘာပြောလိုက်တာလဲ"

"မြေပါကျင်လင် ဟန်ဆောင်နေတာကို ပြောတာ"

"သူ ဘာဖြစ်လို့ ဟန်ဆောင်ရမှာလဲ"

"သူ အိပ်ရာထဲမှာ လဲနေတယ်လေ၊ အဲဒါ တကယ်မဟုတ်ဘူးရှင့်"

"သူ အတွင်းဒဏ်ရာ ရထားတယ်၊ မြွေဘုရင်လူတင်းက ရိုက်လိုက်တာ"

"မြွေဘုရင် လူတင်း ရိုက်လိုက်တဲ့ဒဏ်ချက် ပျောက်လောက်နေပါပြီ၊ ရှင့်အမျိုးသမီးကို မေးကြည့်ပါဦး"

ကွမ်ယုသည် မြေပါကျင်လင်ကို ကြည့်လိုက်သည်။ ဟန်ရှင်က ဆက်ပြောသည်။

"သူက ရှင့်ကို သံယောဇဉ်တွယ်နေတယ်၊ ကျွန်မ သိတာပေါ့၊ ကျွန်မတို့က မိန်းမချင်းပဲ၊ ရှင့်ကို သူ့အနားက မခွာစေချင်ဘူး။ အဲဒါကြောင့် သူနေမကောင်းဟန်ဆောင်နေတာ၊ ရှင် ပြန်မသွားအောင် ရှင့်ကို အချိန်ဆွဲထားတာပဲ"

ကျင်လင်သည် ဝုန်းခနဲ ခုန်ထွက်လာသည်။

"ဒီမယ် ရှင်ဘယ်သူလဲ၊ ကျွန်မဘာသာ နေမကောင်းလို့ ဟန်ဆောင်ဆောင်, ဖျားလို့ပဲ ဟန်ဆောင် ဟန်ဆောင် ရှင့်အပူ တစ်ပြားသားမှ မပါဘူး။ ခုချက်ချင်း ဒီကထွက်သွားစမ်း။ ဒါ ကျွန်မ ပိုင်နက်နယ်မြေ"

www.burmeseclassic.com

www.burmeseclassic.com



ကျင်လင်က ဒေါသဖြင့်အော်သည်။ ဟန်ရှင်ကား ရဲရဲတောက် ဟန်ရှင်တည်း။

"ရှင်ပြောတဲ့အတိုင်း ကျွန်မ ဒီအဆောက်အအုံထဲက မထွက်ဘူးဆိုရင် ရှင် ဘာလုပ်မလဲ ... ပြော"

"ဘာလုပ်မလဲ၊ နင့်ကို ငါသတ်မှာပေါ့"

"စမ်းကြည့်လိုက်ရအောင်၊ ကျွန်မက အဲဒီလို အပြောကြီးတဲ့ လူတွေကို ချိုးနှိမ်ချင်နေတာ၊ ဟိုမှာလဲ အပြောကြီးတဲ့လူတစ်ယောက်ကို ချိုးနှိမ်ပြီးပြီ၊ အပြောနဲ့အလုပ် မညီတော့ ဝပ်သွားတာပဲ"

ကွမ်ယုသည် ဟန်ရှင်တစ်ယောက် သိုင်းပညာတတ်မြောက်ထားသည်ဟု မသိချေ။ သူသည် အလွန်စိုးရိမ်သွား၏။ ကွမ်ယုက ...

"ဟန်ရှင် မင်း အရမ်းမလုပ်နဲ့နော်၊ ကျင်လင်က သိုင်းပညာ အများကြီးတတ်တယ်"

ဟန်ရှင်က မဲ့ပြုံး ပြုံးရင်း ...

"ကျွန်မ ဒီတောကြီးထဲကို အရောက်လာတာကို ကြည့်ပါလား။ ရှင် စဉ်းစားကြည့်ပေါ့၊ ကျွန်မ သူ့ကို ဂရုမစိုက်ပါဘူး"

ဟန်ရှင်သည် ရှေ့သို့ ထွက်လာလေသည်။ ကျားသစ်ပို့မတစ်ကောင်နှယ်တည်း။ ကျင်လင်လည်း ရှေ့သို့ထွက်လာသည်။ ခြင်္သေ့တစ်ကောင်နှယ်တည်း။ သူတို့သည် နန်းတော်ဟောင်း ရင်ပြင်ထဲ၌ အပြင်းအထန် တိုက်ခိုက်ကြတော့သည်။

ဟန်ရှင်သည် ကျင်လင်၏အစွမ်းကို မသိချေ။ ထို့ကြောင့် တိုက်ခိုက်သောအခါ ကျင်လင်ကို အနိုင်မယူနိုင်ဘဲ ဖြစ်နေတော့သည်။ ကျင်လင်ကလည်း အံ့သြသွားသည်။

သူမ အထင်သေးသော ပြိုင်ဘက်ဖြစ်သူ ဟန်ရှင်သည်



သိုင်းပညာ အလွန်တတ်မြောက်ကြောင်း တွေ့ရှိရသဖြင့် ပေါ့ပေါ့ဆဆ မတိုက်ရဲတော့ချေ။ နှစ်ဦးသား အပြင်းအထန် တိုက်ခိုက်နေကြသည်။ သူတို့သည် အချိန်ကြာမြင့်စွာ တိုက်လိုက်နေကြသော်လည်း အရှုံးအနိုင် ပေါ်မလာပေ။

ထိုစဉ် ကျင်လင်သည် လူတင်းက ကျောကိုရိုက်ထားသည့် ဒဏ်ရာပြန်ပေါ်လာသည်။ ထို့ကြောင့် ခါးတစ်ဖက် အနည်းငယ်စောင်းသွား၏။ ကွမ်ယုသည် အနေအထားပျက်သွားသော ကျင်လင်၏ ကိုယ်နေဟန်ထားကို တွေ့ရသဖြင့် အော်ဟစ်တားဆီးလိုက်သည်။

"နှစ်ယောက်စလုံး ရပ်လိုက်စမ်း"

တိုက်ပွဲသည် ရပ်တန့်သွား၏။ သူက ဆက်၍အော်သည်။

"တစ်ယောက်နဲ့တစ်ယောက် ရန်သူမဟုတ်ဘဲနဲ့ ဘာကြောင့် တိုက်ခိုက်နေရတာလဲ"

ဟန်ရှင်နှင့်ကျင်လင်တို့မှာ စောင့်ကြည့်နေကြသေး၏။ သို့သော် တိုက်ကား မတိုက်ကြတော့ချေ။ ဟန်ရှင်က ...

"ကဲ ... ရှင့်သဘောထားက ဘယ်လိုရှိသလဲ၊ ဆက်တိုက်ချင်သေးသလား။ ဒါမှမဟုတ် ကွမ်ယုကို ကျွန်မနဲ့ ထည့်လိုက်မှာလား"

ကျင်လင်ကား သာမန်မိန်းကလေး မဟုတ်ပေ။ ဖခင်နှင့်ခွဲခွာပြီး တောကြီးမျက်မည်းထဲ တစ်ယောက်တည်း လာနေဝံ့သော မိန်းကလေးဖြစ်သည်။ သူမ၏စိတ်ဓာတ်သည် အလွန်မာကျောလေသည်။ သူမ မည်သို့ဒဏ်ရာရနေပါစေ ကွမ်ယုကသာ ဤနေရာ၌ နေခဲ့မည်ဆိုလျှင် သူမ အသေအကျေ တိုက်ခိုက်ပေမည်။

သို့သော် ကွမ်ယုက ဤနေရာ၌ မနေချင်ကြောင်း သူမ သိနေသည်။ သူမသည် ညှိုးငယ်စွာဖြင့် ကွမ်ယုကို ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကွမ်ယု ... ရှင်ကလည်း ပြန်ချင်နေပြီ မဟုတ်လား"

ကွမ်ယု ခေါင်းငုံ့သွားသည်။

"ကျွန်မ သိပါတယ်ရှင်၊ ရှင် ပြန်ချင်နေပါပြီ၊ ကွမ်ယု ... ရှင့်အပေါ် ကျွန်မ ဘယ်လိုသဘောထားတယ်ဆိုတာ ရှင် ရိပ်စားမိပါလိမ့်မယ်၊ ရှင့်အပေါ် ကျွန်မထားတဲ့ သံယောဇဉ်က ဘဝတစ်သက်တာလုံး နိုင်မြဲပါတယ်၊ ရှင့်အနေနဲ့ ကျွန်မကို သတိရနေရင် ဒီနန်းတော်ဟောင်းကြီးဆီကို အချိန်မရွေး ပြန်လာနိုင်ပါတယ်၊ ရှင် ဒီကိုပြန်လာချင်စိတ် ရှိပါစေလို့ပဲ ကျွန်မ ဆုတောင်းပါတယ်"

သူမသည် ပင်ပန်းနွမ်းနယ်စွာ ပြောလေတော့၏။ ကွမ်ယုက

"ကျင်လင် ... ကျွန်တော် ခင်ဗျားကို အမြဲသတိရနေမှာပါ၊ ဒါပေမဲ့ ခုအချိန်မှာ ကျွန်တော်ဟာ နေရပ်ကို ပြန်မရောက်တာ ကြာပါပြီ၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး"

မြေပါ ကျင်လင်၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာသည်။ သူမသည် ကွမ်ယု အတွင်းအားဆေးများ ထကြွစဉ်က အဖြစ်အပျက်များ၊ အတွင်းအားဖြေဆေးတိုက်ပြီး သူမကို ကူညီပြုစုပုံများကို ပြန်လည်အမှတ်ရလာလေ၏။ သူမ၏ရင်ဆို့သွားသည်။ သူမသည် သူမ၏စီးကျနေသော မျက်ရည်များကို ကွမ်ယု မမြင်အောင် တစ်ဖက်သို့ လှည့်လိုက်ရ၏။ သူမသည် ရှိုက်သံဖြင့် စိုးနင့်စွာ ပြောလိုက်၏။

"ရှင် ... သွားချင်သွားတော့လေ"

ကွမ်ယုသည် မြေပါကျင်လင်၏ ခွင့်ပြုသံကို ကြားရလေသည်။ ကွမ်ယုက ...

"ကျွန်တော် သွားမယ်"



မြေပါကျင်လင်က ကျောပေးရပ်နေရာမှ ခေါင်းညိတ်ပြလိုက်လေ၏။ သူမသည် ကွမ်ယုအား အလွန်ခင်တွယ် သံယောဇဉ်ရှိနေသည်။ ကွမ်ယု သွားမည်ဆိုသဖြင့် ရင်ကွဲမတတ် သူမ ခံစားရလေသည်။ သူမသည် ကွမ်ယု ခွဲထွက်သွားသည်ကို မကြည့်ရက်ချေ။ ကွမ်ယုနှင့် ဟန်ရှင်တို့သည် နန်းတော်ဟောင်းကြီးမှ ထွက်ခွာလာကြလေ၏။ သူတို့ သစ်တောအတွင်း တော့်တော်ကလေး လျှောက်လာကြသည်။ ဟန်ရှင်က ...

"ကျွန်မ ဒီကိုလာတာ မြင်းနဲ့လာတာ"

ဟန်ရှင်သည် သူမ၏မြင်းကြီးကို သွားခေါ်လိုက်၏။ ထို့နောက် မြင်းဇက်ကြိုးကိုဆွဲ၍ ကွမ်ယုနှင့် ယှဉ်တွဲလမ်းလျှောက်လာသည်။ သူတို့နှစ်ယောက်သည် စကားတပြောပြောနှင့် လမ်းလျှောက်လာလေ၏။ ကွမ်ယုသည် ကျင်လင်ကို မချစ်သော်လည်း သံယောဇဉ်တော့ ဖြစ်နေပေသေးသည်။ နန်းတော်ဟောင်းကြီးကို လှည့်ကြည့်လှည့်ကြည့်နှင့် ဖြစ်နေသည်။

"ရှင်က ကျင်လင်ကို သံယောဇဉ်မှမပြတ်ဘဲ"

ကွမ်ယုက ရှင်းပြ၏။

"သံယောဇဉ် ဘယ်ပြတ်မလဲ၊ ငါ့အတွင်းအားတွေ ထကြွသောင်းကျန်းစဉ်တုန်းက သူပဲ ငါ့ကို ကယ်ထားတာ၊ နောက်ပြီး သူပဲ ဖြေဆေးတိုက်တယ်၊ သူ့ကျေးဇူးတွေ ငါ့အပေါ် အများကြီးရှိတယ်"

ကွမ်ယုက ရုတ်တရက် မေးမြန်းလိုက်၏။

"ဟန်ရှင် ... မင်း ဘယ်တုံးက သိုင်းပညာကို အဆင့်မြင့်မြင့် တက်နေတာလဲ၊ ငါဖြင့် သိပ်အံ့ဩတာပဲ၊ ကျင်လင်က အတွင်းအား ရနေလို့နော်၊ မဟုတ်ရင် မင်းမလွယ်ဘူး သူ့ပညာ သိပ်ကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟန်ရှင်က ...

"ရှင် အဘစုးဆိုတဲ့ အဘကိုသိလား"

'အရှုးကြီးလို နေရာတကာလျှောက်သွားနေတဲ့ အဘိုးကြီးလေ'

"သူ မရူးပါဘူး"

"ဖြစ်ချင် ဖြစ်နိုင်တာပေါ့၊ သိုင်းလောကမှာ အတုအယောင်တွေ သိပ်ပေါတာပဲ"

"အဲဒီ အဘစုးရဲ့ ကျေးဇူးပေါ့၊ သူဟာ ကျွန်မကို သိုင်းပညာတွေ အိတ်သွန်ဖာမှောက် သင်ပေးတယ်လေ၊ ကျွန်မကလည်း ကြောင်ပုစွန်စား ကြွပ်ကြွပ်ဝါးဆိုတာလို သူသင်ပေးသမျှကို နေ့မအိပ် ညမအိပ် သင်ယူတာပဲ၊ ဒါကြောင့် ကျွန်မ အခုလို ဖြစ်လာတာပေါ့"

"အင်း ... မင်းကို သူ့တပည့်အဖြစ် လက်ခံတယ်လို့ တောင်သုံးလုံး လွင်ပြင်မှာ ပြောခဲ့တာ ငါ မှတ်မိပါတယ်"

"အဘစုးဟာ တပည့်တစ်ယောက်မှ မရှိခဲ့ဖူးဘူး"

"မင်းဟာ အဘစုးရဲ့ ပထမဆုံး တပည့်တစ်ယောက်ပေါ့"

"နောက်ဆုံးတပည့်လည်း ဖြစ်ချင်ဖြစ်နိုင်ပါတယ်"

"ကောင်းတယ်၊ ဆရာတစ်ယောက်ဆီမှာ တပည့်တစ်ယောက်ပဲရှိတာ ကောင်းတယ်၊ နို့မဟုတ်ရင် ပြဿနာရှုပ်လာတတ်တယ်၊ ဒါထက် ဟူအင်ချုန်တစ်ယောက်တော့ သိုင်းပညာ တော်တော်တတ်မြောက်နေပြီလား။ ငါ မြွေခုနစ်ကောင် ကျောင်းတိုက်မှာ ရှိနေတုန်းကလည်း သူနဲ့ကို မတွေ့ရဘူး"

ထိုမေးခွန်းကိုကြားလိုက်ရသောအခါ ဟန်ရှင် မျက်နှာပျက်သွားလေ၏။ သူမသည် ထိုမေးခွန်းကို မဖြေချင်ပေ။

"အင်း ..."



သူမသည် ထိုမျှသာပြော၏။

"မင်းဥစ္စာက ဘာအင်းလဲဟ၊ မင်းနဲ့သူနဲ့က အခင်ဆုံးပဲ၊ သူ့အကြောင်းကို မင်း သိရမှာပေါ့"

ဟန်ရှင်သည် သက်ပြင်းချလိုက်လေ၏။ သူမ ရှင်းပြရပေတော့မည်။ သူမ ပြောမပြဘဲ သူ့ဘာသာသိရှိသွားပါက ကွမ်ယုသည် ပို၍အထင်လွဲသွားနိုင်သည်။

"ဟူအင်ချုန်ဟာ သူ့ဆရာ ယိတာရဲ့ကျေးဇူးကြောင့် သိုင်းပညာတွေကို အဆင့်မြင့်မြင့် တတ်နေပါပြီ၊ ဒါပေမဲ့ ..."

သူမသည် ဒါပေမဲ့ဟုပြောပြီး စကားရပ်သွား၏။

"မင်းဟာက အဆုံးမရှိ ဘာမရှိနဲ့ ဆုံးအောင် ပြောပါဟ"

ကွမ်ယုက လောဆော်လိုက်၏။ သူမသည် ဟူအင်ချုန်နှင့် သိုင်းပြိုင်ဆိုင်ကြပုံ၊ ဟူအင်ချုန် ရှုံးနိမ့်သွားပြီး မျက်နှာတွင် အတွင်းဒဏ်ရာရသွားပုံ၊ ဟူအင်ချုန်သည် သူမအပေါ် စိတ်နာကြည်းသွားပုံတို့ကို ဟန်ရှင်က ပြန်ပြောင်းပြောပြလေ၏။

ပြောပြနေစဉ် ဟူအင်ချုန်က အကြည့်စိမ်းစိမ်းများနှင့် ကြည့်သွားပုံတို့ကို ပြန်လည် မြင်ယောင်လာမိလေ၏။ ကွမ်ယုသည် အဖြစ်အပျက်များကို သိရှိရပြီးနောက် အလွန်စိတ်မကောင်းဖြစ်သွားသည်။ သူ့သူငယ်ချင်းများသည် သိယောစဉ် မရှိကြတော့။

ဟန်ရှင်နှင့်ဟူအင်ချုန်တို့သည် အတွဲဆုံးသူငယ်ချင်းများ ဖြစ်၏။ ထိုသူငယ်ချင်းနှစ်ယောက်သည် အမုန်းဆုံးရန်သူများ ဖြစ်သွားကြပေပြီ။ သူတို့သည် ရှေ့ဆက်၍ သူငယ်ချင်းများအဖြစ် လက်တွဲသွားနိုင်ပါဦးမည်လော။ ကွမ်ယု မတွေးတတ်တော့ချေ။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



## (၆၈)

## သိခွင့်ရခြင်း

မြင်းက တစ်ကောင်တည်း။ သို့သော် မြင်းကြီးမှာ ကြီးမား ထွားကျိုင်းသောမြင်းကြီး ဖြစ်သည်။ မြင်းကြီးသည် လူနှစ်ယောက်ကို သူ့ကျောပေါ်တွင် တင်လာသည်။ သူတို့သည် နန်းတော်ဟောင်းကြီး နှင့် အတော်ကွာသောနေရာကိုရောက်မှ မြင်းကြီးကို တက်စီးကြခြင်း ဖြစ်သည်။ သူတို့ကား ကွမ်ယုနှင့် ဟာန်ရှင်တို့တည်း။

မြေခုနစ်ကောင်တောင်တန်းကြီးမှာ သစ်ပင်များ ထူထပ်စွာ ပေါက်ရောက်နေသဖြင့် မြင်းကို စီးချင်တိုင်းစီး၍မရပေ။ ချုံနွယ်များ၊ သစ်ပင်ကြီးများကို ရှောင်တိမ်း၍ စီးနင်းသွားနေရသည်။ တောကြီး မှာ ထိတ်ဆိတ်ငြိမ်သက်နေသည်။

သို့သော် တောတိရစ္ဆာန်များ၏အော်သံ၊ ငှက်များ၏အော် သံများကို ကြားနေရသည်။ တောကြီး အတွင်း၌ အသံတစ်သံကသာ လွှမ်းမိုးနေသည်။ ထိုအသံမှာ ဟာန်ရှင်၏အသံသာတည်း။

ဟာန်ရှင်သည် ခရီးလမ်းစဉ်တစ်လျှောက်လုံး ကွမ်ယုကို စကားပြောလာသည်။ ကွမ်ယုမှာ အင်း ... ဟင့်အင်း ဟူ၍သာ ပြော နိုင်သည်။ တစ်နေရာအရောက်၌ ဒရယ်ကလေးတစ်ကောင်သည် ချုံထဲမှ လန့်ဖျပ်ပြေးသွားသဖြင့် မြင်းကြီး အနည်းငယ်လန့်သွား သည်။ ဟာန်ရှင်သည် မြင်းကြီးကို ချော့လိုက်ရ၏။



ကွမ်ယုသည် ဟာန်ရှင်၏စကားကိုသာ နားထောင်လာ သည်။ ဟာန်ရှင်၏အသံက လွင်မြူးနေ၏။ ရင်ထဲက ရွှင်ပျနေသဖြင့် မျက်နှာသည်လည်း အကြည်လင်ဆုံး ဖြစ်နေသည်။ ဟာန်ရှင် ပျော်နေ သည်။ သူမသည် ကွမ်ယုကို အလွန်အောက်မေ့လာသည်။

ဟာန်ရှင်နှင့်သူသည် ဤသို့ တစ်ကြိမ်မျှ ခရီးမသွားခဲ့ဘူးပေ။ ယခု သူတို့သည် ခရီးထွက်သကဲ့သို့ ဖြစ်နေသည်။ ကွမ်ယုမှာ သူမ ပြောသည့်စကားအားလုံးကို စိတ်ပါဝင်စားစွာ နားထောင်ရင်း လိုက်ပါ လာသည်။ ဟာန်ရှင်က ...

"အဘရှူးကို အစ်ကို ဘယ်လိုထင်သလဲ"

ဟာန်ရှင်သည် ကွမ်ယုကို အခေါ်အဝေါ်ပြောင်းလဲသွားပေ ပြီ။ အစ်ကိုဟု သူမက ခေါ်သည်။ ကွမ်ယုကလည်း အလိုက်သင့် အလျားသင့်ပင် ညီမဟု ခေါ်လေ၏။ တောတောင်ရိပ်များသည် သူတို့၏ စိတ်ဓာတ်များကို ပိုမိုလွတ်လပ်ပွင့်လင်းစေခဲ့သည်။

အာရုံသစ်များကို စိတ်ကူးယဉ်စေသည်။ နှလုံးသားများကို နူးညံ့စေခဲ့သည်။ ဟာန်ရှင်သည် ကွမ်ယုကိုကြည့်သည်။ ကွမ်ယုက လည်း ဟာန်ရှင်ကိုကြည့်သည်။ အကြည့်ချင်းဆုံမိကြသည်။ ဟာန်ရှင် ရှက်စနိုးဖြစ်သွားလေ၏။

"အစ်ကိုကတော့ အဲဒီတုန်းက အဘရှူးကို တွေ့တော့တွေ့ တယ်၊ သာမန်အရူးကြီးလို့ပဲ ထင်ခဲ့မိတယ်"

ကွမ်ယုက ပြန်ပြောဖြစ်လေ၏။ ဟာန်ရှင်က ...

"အဘရှူးက တမင်အရူးယောင်ဆောင်နေတာ အစ်ကိုရဲ့၊ သူက လူကောင်းပါ၊ သူ့ရဲ့ သိုင်းပညာဟာ သိပ်ကောင်းပါတယ်"

"အင်း ... သူက ဘာကြောင့် အရူးယောင်ဆောင်ရတာလဲ

www.burmeseclassic.com

www.burmeseclassic.com



မသိဘူးနော်"

"အဘဟာ နယ်လှည့်ပြီး သိုင်းပညာရပ်ဆန်းတွေကို ရှာဖွေဆည်းပူးနေတာပါ။ သိုင်းပညာရပ်ဆန်းတွေကိုလည်း ရှာဖွေတွေ့ရှိခဲ့တယ်၊ နောက်တစ်ချက်က ...

"နောက်တစ်ချက်က ဘာလဲ"

"လောကကြီးထဲကို မထင်မရှားနဲ့ အရှုးယောင်ဆောင်ပြီး လှည့်တဲ့အခါမှာ လောကကြီးရဲ့ ပကတိအခြေအနေမှန်တွေကို အဖုံးအကွယ်မရှိဘဲ မြင်တွေ့ခဲ့တယ် အစ်ကိုရဲ့"

"ကဲ ... အဘက လောကကြီးရဲ့ ပကတိအခြေအနေကို တွေ့မြင်အောင် ကြိုးစားတာကိုး ..."

"ဒါပေမဲ့ သူဟာ လောကကြီးအကြောင်း အကုန်အစင် မသိခဲ့သေးဘူးတဲ့"

"ဟာ ... ဒီလောက် အချိန်ပေးပြီး လှည့်လာတာတောင် လောကကြီးအကြောင်း အကုန်အစင်မသိဘူးတဲ့လား"

"လောကကြီးဟာ လေ့လာလို့ မကုန်နိုင်အောင် ကျယ်ဝန်းလှသတဲ့ အစ်ကို"

"ဒါကတော့ သူက ပိုသိမှာပေါ့"

"အဖြူရောင်အဝတ်အစားတွေရဲ့ အောက်မှာ မည်းနက်နေတဲ့ နှလုံးသားတွေ ရှိနေသတဲ့"

"လူရှိုစိတ်ကောက် ဆိုတာမျိုးပေါ့လေ"

"ကြမ်းတမ်းတဲ့ အဝတ်အစားအောက်မှာ ဖြူဖွေးနူးညံ့တဲ့ နှလုံးသားတွေ ရှိနေပြန်သတဲ့"

"လူဖြောင့်စိတ်တိုဆိုတာပဲ"



"အပေါ်ယံကြည့်ပြီး ဆုံးဖြတ်ရုံနဲ့ မမှန်နိုင်ဘူးတဲ့ အစ်ကို"

"အစ်ကိုတို့က ငယ်ပါသေးတယ်၊ အပေါ်ယံကြည့်ပြီး အကောင်းအဆိုးကို မခွဲခြားနိုင်သေးပါဘူး"

"အတွင်းကို နက်နက်ရှိုက်မှ အမှန်ကို ရေးရေးမြင်ရသတဲ့၊ ကြေးဖလားဟာ ရွှေခွက်ထက် အရောင်ပိုလက်နေသလို မွှေးရနံ့မဲ့တဲ့ ပန်းကလည်း ပိုပြီး ရောင်စုံတောက်ပသတဲ့၊ ကျောက်သံပတ္တမြားတွေ စီထားတဲ့ ဓားဟာ သံသားသိပ်မကောင်းတာကို မကြာခဏ တွေ့ကြုံရမယ်လို့ အဘစူးက ညီမကို ဆုံးမခဲ့ပါတယ် အစ်ကို"

"လေးလေးနက်နက် မှတ်သားထိုက်တဲ့ စကားတွေပဲ"

"အဘစူးဆီမှာ ညီမ သိုင်းပညာသင်ရတယ်၊ တကယ်ဆင်းရဲပင်ပန်းတာပဲ၊ ဒါပေမဲ့ ကိုယ်က လိုချင်တော့ မညည်းမညူသင်ရတာပေါ့၊ ဒါပေမဲ့ လက်ပန်းကျသွားတာပဲ၊ ညီမဖြင့် အသက်ရှင်မှ ရှင်ပါ့မလားလို့တောင် ထင်မိပါတယ်"

"ပင်ပန်းခက်ခဲမှုတွေကို မကျော်လွှားဘဲနဲ့ ထူးချွန်တဲ့ သိုင်းသမားကောင်းမဖြစ်နိုင်ဘူး ညီမ"

"ဟုတ်ပါတယ် အစ်ကို၊ အခုတော့ ညီမ သဘောပေါက်သွားပါပြီ၊ အခက်အခဲဆုံး အပင်ပန်းဆုံး လေ့ကျင့်ခန်းတွေဟာ အထူးချွန်ဆုံး စွမ်းရည်တွေကို ပိုင်ဆိုင်စေနိုင်တယ်ဆိုတာ ညီမသိပါပြီ"

သူတို့သည် စကားပြောရင်း ဆီးတောသီးများ ဝေညွတ်နေသည့် ဆီးတော်ပင်ကြီးတစ်ပင်အောက်သို့ ရောက်လာလေ၏။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



## (၆၉)

"အစ်ကို ကြည့်စမ်း ... ဆီးတော်သီးတွေ ဝေနေတာပဲ ... စားချင်စရာကြီး။ ဆီးတော်သီးတွေ ခူးပေးပါလား အစ်ကို"

ကွမ်ယုက မြင်းပေါ်မှ ဆင်းလိုက်၏။

"ညီမ ... ဆီးတော်သီးတွေကိုခူးပြီး မြေပေါ် ပစ်ချပေးမယ်၊ ဆီးသီးဆိုတာ မြေနဲ့ထိမှ စားလို့ရှိတာ ညီမရဲ့"

ကွမ်ယုသည် ဆီးတော်သီးများကို ခူးချပေးနေသည်။

ဟန်ရှင်က ရယ်မောပျော်ရွှင်လျက် လိုက်လံကောက်ယူနေသည်။ အတန်ကြာလျှင် ...

"တော်ပြီ အစ်ကို ... တော်ပြီ၊ ဒီမှာ အများကြီးရနေပြီ၊ ဒီမှာ ထိုင်ပြီး ဆီးတော်သီး စားကြရအောင် ... လာ"

မြင်းကို ခေတ္တအနားပေးထားခြင်းလည်းဖြစ်၍ ကွမ်ယုသည် ဟန်ရှင်စကားကို နားထောင်လိုက်သည်။ သူသည် ဟန်ရှင်ရှိရာသို့ လျှောက်လာပြီး သူမအနီးတွင် ထိုင်လိုက်သည်။

သူတို့သည် တောင်ရောက်မြောက်ရောက် စကားများကို ပြောပြီး သူလှမ်းကြည့်လိုက်သောအခါ သစ်တော်ပင်ကြီးတစ်ပင် အသီးများ ခိုင်ပြွတ်စွာ သီးဝေနေသည်ကို မြင်ရသည်။

"ဟာ ... ဟိုမှာ သစ်တော်သီးတွေ"

ကွမ်ယုသည် သစ်တော်ပင်ကြီးဆီသို့ ပြေးလွှားသွားလေသည်။ ကိုယ်ဖော့ခုန်လျက် အသီးများကို စိတ်ကြိုက်ခူးယူနေသည်။



သူသည် သစ်တော်သီးများကို ပွေ့ယူလျက် ဟန်ရှင်ထံသို့ ပြန်လျှောက်လာလေ၏။ ဟန်ရှင်သည် သူမ၏စားအိမ်တွင် ချပ်ချပ်ရပ်ရပ်ထိုးထားသော စားမြောင်ပါးကလေးဖြင့် အခွံသင်၍ ခွဲစိတ်ပေးသည်။ သစ်သီးများ မကြာမီ ကုန်သွားသည်။ ဟန်ရှင်ထံတွင်ရှိသော စားမြောင်မှာ ပဟုရာကြဲ့ချိုဖြစ်သည်။ ကြဲ့ချိုနက်ကို အဘရှုးက သူမအား လက်ဆောင်ပေးထားခြင်းဖြစ်သည်။

"အဘရှုးက ဒီစားမြောင်ကို အချစ်ဆုံးသူနဲ့ အမုန်းဆုံးသူအတွက်သာ အသုံးပြုရမယ်လို့ မှာထားတယ် အစ်ကိုရဲ့"

ဟန်ရှင်က ရှင်းပြလေသည်။ ဟန်ရှင်သည် သူမ၏ကြဲ့ချိုနက်စားမြောင်လေးကို တရိုတသေ သိမ်းဆည်းလိုက်၏။ ထိုစဉ် ခပ်လှမ်းလှမ်းတွင် မြက်စားနေသောမြင်းသည် ရုတ်တရက် ဟီလိုက်၏။ ဟန်ရှင်သည် ဇိုပ်ခနဲ လှုပ်ရှားသွားသည်။ သူမ၏မြင်းနံဘေးသို့ သိမ်းစွန်ငှက်တစ်ကောင်လို ဝဲကျသွား၏။

အဝါစက်နှင့်အနက်စက်ပြောက်ကျားရှိသော ကျားသစ်ကြီးတစ်ကောင်သည် ဟန်ရှင်၏ မြင်းလည်ကုပ်ဆီသို့ ခုန်အုပ်လိုက်သည်။ ကျားသစ်ကြီးမှာ မြင်းလည်ကုပ်ပေါ်သို့မရောက်ပေ။ သူမသည် လမ်းခုလတ်မှာပင် ကျားသစ်ကြီး၏လည်ပင်းဆီသို့ ခုတ်ချလိုက်သည်။

"ခွိုး"

ကျားသစ်ကြီးသည် ကျွမ်းပစ်ကာ မြေကြီးပေါ်သို့ ကျသွားလေ၏။

"ဗုန်း"

ဟန်ရှင်သည် ကျားသစ်ကြီး၏တူတင်ကိုအကြောကို ရိုက်ချလိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျားသစ်ကြီးမှာ မြင်းပေါ်သို့မရောက်၊ မြေပေါ်သို့ ရောက်ရှိသွား၏။ မိုးပေါ်သို့ ခြေထောက်များထောင်လျက် ကွေးချည် ဆန့်ချည် အကြောဆွဲနေသည်။

ကွမ်ယုသည် ကျားသစ်ကြီးအနီးသို့လျှောက်သွားပြီး ကျားသစ်ကြီး ခံစားနေရသောဝေဒနာကို မကြည့်ရက်သောကြောင့် ဓက်ပိုးကို လက်ဝါးဖြင့် သုံးချက်ပုတ်ပြီး အကြောဖြေပေးလိုက်၏။ ကျားသစ်ကြီး၏ အကြောဆွဲနေသော ခန္ဓာကိုယ်သည် တုံ့ခနဲရပ်သွားလေ၏။

ကျားသစ်ကြီးသည် ဤသူများကို ရန်ပြုရန်မဖြစ်တော့ကြောင်း တိရစ္ဆာန်တို့၏သဘောသဘာဝအရ သိသွားသည်။ သူသည် ဝုန်းခနဲ နောက်ကျွမ်းပစ်၍ ထွက်ခွာသွားလေသည်။ အလွန်ထိတ်လန့်နေသော မြင်းကြီးကို ဟန်ရှင်က ကျောသပ်ကာ ချော့မော့နေရ၏။ မြင်းကြီးသည် မကြာမီ ထိတ်လန့်မှုပြေပျောက်ကာ ငြိမ်သက်သွား၏။

ထိုအခါကျမှ ကွမ်ယုနှင့် ဟန်ရှင်တို့ ရယ်နိုင်ကြတော့သည်။ သူတို့ ပြုံးရယ်မှုမှာ တစ်ဝက်တစ်ပျက်နှင့် ရပ်တန့်သွားသည်။

အဘယ်ကြောင့်ဆိုသော် ... သူတို့နှင့် ခပ်လှမ်းလှမ်းမှ စကားပြောသံများ ကြားလိုက်ရသောကြောင့်တည်း။ ကွမ်ယုနှင့်ဟန်ရှင်တို့မှာ တစ်ဦးကိုတစ်ဦး ဖျတ်ခနဲ ကြည့်မိကြလေ၏။

ကွမ်ယုက မျက်ရိပ်ပြလိုက်သည်။

ဟန်ရှင်သည် လှစ်ခနဲ လှုပ်ရှားလေ၏။ မြင်းဇက်ကြိုးကိုဆွဲ၍ ချုံနွယ်ပေါင်းပင်များ ထူထပ်သော တောင်ဘက်လျှိုများအကြား တိုးဝင်သွားလေ၏။ ဟန်ရှင်နှင့် မြင်းကြီးကို မမြင်ရတော့ချေ။

ကွမ်ယုသည် ပျဉ်းမပင်ကြီး၏ ပင်စည်နောက်သို့ ပြေးကပ်လိုက်၏။ ပျဉ်းမပင်ကြီး၏ ပင်စည်လုံးပတ်မှာ ယောက်ျားကြီးငါးဦး



ဖက်လောက်ရှိသည်။

ထို့ကြောင့် ...

သစ်ပင်ကြီးနောက်၌ ကွမ်ယုမှာ ပျောက်ကွယ်သွားသည်။

"ဟီ ... ဟီ ... ဟီ"

မြင်းသံများကိုလည်း ကြားရသည်။ အသံ ... လူသံ။ ဟူအင်ချန်၏ အသံသည် အကျယ်လောင်ဆုံး ဖြစ်လေသည်။

"မြေပါကျင်လင်နေထိုင်တဲ့ နန်းတော်ဟောင်းရှိတဲ့နေရာနဲ့ နီးလာပြီဆိုရင် ကျွန်တော်တို့ သတိထားပြီး သွားသင့်တယ်၊ ကျင်လင်ဟာ သိုင်းပညာတော်သလောက် အင်မတန် ပရိယာယ်မာယာများတယ်၊ ဆရာမနဲ့အဒေါ်ချန် တွေ့ကြုံခဲ့တဲ့အဖြစ်အပျက်ကို ကျွန်တော်တို့ သင်ခန်းစာယူရမယ်"

အဒေါ်ချန်က ရယ်မောလျက် ပြောသည်။

"မင်း ဒီလောက်လည်း စိုးရိမ်မနေပါနဲ့"

"အဒေါ်ချန် ... ခင်ဗျားတို့ သင်ခန်းစာမယူရင် မှားသွားမှာပေါ့ဗျာ"

"ငါက သင်ခန်းစာ မယူတတ်လို့ ပြောတာ မဟုတ်ဘူးကွယ့်၊ မြွေဘုရင်လူတင်းက သူ့နောက်ကျောကို ပြင်းပြင်းထန်ထန် ရိုက်ခဲ့တယ်၊ ဒီကောင်မ အတွင်းဒဏ် ဖြစ်နေလို့ ခုချိန်ထိ အိပ်ရာထဲက တောင် ထနိုင်မယ် မထင်ဘူး"

ယီတာက ပြောလေ၏။

"အဒေါ်ချန် ... ကျင်လင့်ကို ဒီလောက်ထိ အထင်မသေးသင့်ဘူး။ သူ့ဖခင် အဆိပ်မင်းသားကြီး စမ့်ဟူး၏ ပညာတစ်ဝက်ကို ရထားတယ်ဆိုတာကပဲ သူဟာ ထိပ်တန်းသိုင်းသမားဖြစ်တယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



သိသင့်နေပြီ၊ သူရထားတဲ့အတွင်းဒဏ်ရာဟာ ဒီရက်ပိုင်းလောက်ဆိုရင် ပယ်ဖျောက်နိုင်ပါပြီ"

အဒေါ်ချန်က ...

"ဒီလိုသာ ဖြစ်ရိုးမှန်ရင် ကွမ်ယုကို ကျင်လင်က ဆက်ပြီး ထိန်းချုပ်ထားနိုင်တယ်၊ ကွမ်ယုတစ်ယောက် နန်းတော်ဟောင်းထဲမှာပဲ အကျဉ်းချခံရပဲ ဖြစ်လိမ့်မယ်"

အဒေါ်ချန်၏ ထင်မြင်ချက်ကို ယီတာက မည်သို့မျှ ထင်မြင်ချက် မပေးပေ။ အတန်ကြာမှ ယီတာက သက်ပြင်းချပြီး ပြောသည်။

"ကွမ်ယု ပြန်မလာတာ အကြောင်းရှိလိမ့်မယ် အဒေါ်ချန်"

"ဘာအကြောင်းများလဲ သခင်မရယ်"

"ကွမ်ယုက ကျွန်မကို စိတ်နာပြီး ပြန်မလာတာ နေမှာပေါ့"

မြွေဘုရင် လူတင်းက ...

"ကွမ်ယုက ယီတာအပေါ် ဘာတွေများ စိတ်နာစရာ ရှိလို့လဲဗျာ၊ ကျုပ်က ဇာတ်လမ်းအစအဆုံး သိမထားလေတော့ ဇာတ်ရည်မလည်ဘူးဗျာ၊ သိခွင့်ရှိရင် သိချင်ပါတယ်"

ယီတာက ပင့်သက်ချ၍ ရှင်းပြလေ၏။

"ဒီလိုပါ လူတင်း ... ကျွန်မက စေတနာနဲ့ လုပ်ဆောင်တဲ့ အလုပ်ပါ၊ ဒါပေမဲ့ စေတနာက ဝေဒနာဖြစ်သွားခဲ့ရတယ်၊ ကျွန်မဟာ ကွမ်ယု အတွင်းအား တိုးတက်အောင် စမ်းသပ်ဖော်စပ်ထားတဲ့ ဆေးတစ်မျိုးကို တိုက်လိုက်ပါတယ်၊ အဲဒီဆေးထဲမှာ အဆိပ်တစ်မျိုး ပါပါတယ်၊ အဲဒီအဆိပ်ကြောင့် ကွမ်ယုဟာ ဝေဒနာ အပြင်းအထန် ခံစားခဲ့ရပါတယ်"

"အဆိပ်ကို ဖယ်ထုတ်လို့ မရဘူးပေါ့"



"မရဘူးလေ၊ အဆိပ်က အတွင်းအားကိုလည်း တိုးစေတယ်၊ သူ့ခန္ဓာကိုယ်ကိုလည်း တစ်နည်းတစ်ဖုံ ဖောက်ပြန်စေတယ်"

"ဩော်"

"အဲဒီဝေဒနာကြောင့် သူ့ကိုယ်သူ သတိမရအောင် ဖြစ်ခဲ့တယ်၊ ကျွန်မ ဖြေဆေးဖော်စပ်နိုင်ခဲ့ပေမယ့် ကျွန်မရဲ့ဖြေဆေးကို ကျင်လင်ကယူပြီး တိုက်ကျွေးနိုင်ခဲ့ပါတယ်၊ ကျင်လင်ဟာ သူ့သာကယ်တင်ရှင်ဖြစ်တယ်၊ ကျွန်မကတော့ ကွမ်ယုကို အဆိပ်ကျွေးသူဖြစ်တယ်လို့ ပြောထားကောင်း ပြောထားနိုင်တယ်၊ နားသွင်းကောင်း နားသွင်းထားနိုင်တယ်၊ ကွမ်ယုကလည်း ယုံနိုင်တယ်လေ၊ သူတကယ်ခံစားသွားရတာ မဟုတ်လား၊ ကွမ်ယုဟာ ကျွန်မအပေါ် ကောင်းကောင်းအထင်လွဲသွားနိုင်တယ်"

"သခင်မတွေးတာ ဖြစ်နိုင်ပါတယ်"

အဒေါ်ချန်က ဝင်ရောက်ထောက်ခံလေ၏။

ယီတာတို့လေးဦးသည် မြင်းကိုယ်စီဖြင့် ကွမ်ယု ပုန်းကွယ်နေသည့် ပျဉ်းမပင်ကြီးကို ဖြတ်ကျော်သွားလေ၏။ ကွမ်ယုသည် ကိုယ်ထင် ထွက်မပြတော့ဘဲ အသာငြိမ်နေလိုက်သည်။

သူ ငြိမ်နေလိုက်ခြင်းမှာ အကြောင်းရှိသည်။

သူ့ဆရာမ ယီတာနှင့်ဟန်ရှင်မှာ တစောင်းစေးနှင့် မျက်ချေးဖြစ်နေသည် မဟုတ်ပါလား။

သူထွက်တွေ့လျှင် ဟန်ရှင်ကော ထွက်တွေ့ရမည်။ ရန်ဘက်နှစ်ယောက် မျက်နှာချင်းမဆိုင်စေချင်၍ ကွမ်ယု ငြိမ်နေလိုက်ခြင်းဖြစ်သည်။

"ကွမ်ယုကိုတွေ့ရင် ကျွန်တော်တို့လည်း ဝင်ရှင်းပြပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟူအင်ချွန်က ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

ကွမ်ယုသည် ဟူအင်ချွန်၏မျက်နှာကို လှမ်းကြည့်လိုက်သည်။ ဟူအင်ချွန်၏မျက်နှာမှာ အမာရွတ်များဖြင့် ရုပ်ဆိုးနေသည်ကို တွေ့ရသဖြင့် ကွမ်ယု အံ့အားသင့်သွားရသည်။

ယိတာကလည်း ရုပ်ဆိုးမားချားအိုအသွင် ရုပ်ဖျက်ထားသည်။ ယိတာက ...

"ကျွန်မကိုယ်တိုင်ကလည်း ကွမ်ယုကို တောင်းပန် ပြောဆိုရမယ့်အပြစ်တွေ ရှိနေပါတယ်၊ ကျွန်မကို ကွမ်ယုက ခွင့်လွှတ်သည်ဖြစ်စေ ခွင့်မလွှတ်သည်ဖြစ်စေ ကျင်လင့်ဆီမှာ သူ ဆက်မနေသင့်တဲ့ အကြောင်းတော့ ပြောရမှာပဲ"

အခေါ်ချွန်က ...

"ကျင်လင်ကို သခင်မ မတိုက်ခိုက်တော့ပါဘူးလို့ ကတိပေးထားတော့ သခင်မ သူ့ကို ဘယ်နယ်တိုက်မှာလဲ၊ ဒီကိစ္စဟာ အတော်ခက်တဲ့ ကိစ္စနော်"

သခင်မယိတာက တက်ခေါက်လိုက်၏။

"ဒီကျင်လင်အကြောင်း ကျွန်မ ထည့်မပြောချင်ပါဘူး၊ ဒါပေမဲ့ သူ့ဆီသွားနေရတဲ့ကိစ္စမို့ ထုတ်ပြောပြောနေရတာ၊ သူ့အကြောင်း စဉ်းစားမိရင် ကျွန်မ စိတ်နာတယ်၊ ကျွန်မ မမျှော်လင့်ဘဲနဲ့ သူ့ကို ရှုံးခဲ့ရတဲ့အတွက် ကျွန်မစိတ်ကို ကျွန်မ ဖြေလို့ကိုမရဘူး"

အခေါ်ချွန်သည် သခင်မယိတာ၏မျက်နှာကို ကြင်နာစွာ ကြည့်လေ၏။ ယိတာက ဆက်ပြော၏။

"ကျွန်မအနေနဲ့ သူ့ကို စ,ပြီးတိုက်ခိုက်စရာ မရှိပါဘူး၊ ဒါပေမဲ့ သူက စတိုက်ရင်တော့ ကျွန်မအနေနဲ့ ပြန်လည် ခုခံနိုင်စွမ်း ရှိတယ်လေ၊ အဲဒီအခါမှာတော့ ကျင်လင် နောင်တ အကြီးအကျယ်ရစေရမယ်၊ ကျွန်မ သူ့ကို အသေမသတ်ပါဘူး၊ သူ့မျက်နှာကိုပဲ ရုပ်ဆိုးအကျည်းတန်အောင် ကျွန်မ ဖျက်ဆီးပစ်မယ်"



ယိတာက ကြိမ်းဝါးလိုက်လေ၏။

ယိတာ့စကားကြောင့် အားလုံး အံ့အားသင့်သွားကြသည်။

ရန်သူ့အသက်ကို အသေမသတ်ဘဲ အဘယ်ကြောင့် မျက်နှာကို အကျည်းတန်အောင် ဖျက်ဆီးပစ်ရမည်နည်း။

သို့သော် ချက်ချင်းပင် သူတို့ သဘောပေါက်သွားကြ၏။

ယိတာသည် ကျင်လင်၏အဆိပ်မြှူကြောင့် မျက်နှာတစ်ခြမ်း အညိုအမည်းစွဲခဲ့ရသည် မဟုတ်ပါလော။

သူမသည် ကျင်လင့်ကို ထို့အတွက် အမြဲတမ်း နာကြည်းနေပေသည်။

ယခု မားချားအိုအဖြစ် ရုပ်ဖျက်ထားခြင်းမှာ သူမ၏မျက်နှာ ရုပ်ဆိုးနေခြင်းကို ဖုံးကွယ်ထားခြင်း ဖြစ်ပေသည်။

ယိတာ၏နာကြည်းမှုကို မည်သူမှ ပျောက်ဖျက်ပစ်နိုင်မည် မဟုတ်ချေ။

ယိတာတို့၏ စကားပြောသံများနှင့် မြင်းခွာသံများသည် တဖြည်းဖြည်းဝေး၍ တောနက်အတွင်း ပျောက်ကွယ်သွားလေတော့သည်။

မြေခုနှစ်ကောင်တောကြီးသည် ကိုက်နှစ်ဆယ်မျှ သွားရုံဖြင့် လူများ ပျောက်ကွယ်သွားရအောင် သစ်ပင်ဝါးပင်ကြီးများ ရှိလေသည်။

◈ ◈ ❦

www.burmeseclassic.com

www.burmeseclassic.com



## (၃၀)

ကွမ်ယုသည် ယီတာတို့ ထွက်သွားပြီးနောက် ပုဦးမပင်ကြီး အကွယ်မှ ထွက်လိုက်သည်။

ထို့နောက် လှိုဏ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည့် ဟန်ရှင်ကြားရန် ခပ်တိုးတိုး လေချွန်သံပြုလိုက်သည်။

"ရှီ ..."

အတန်ကြာသည်အထိ လှိုဏ်ထဲမှ ဟန်ရှင် ထွက်မလာပေ။ မြင်းကြီးလည်း ပေါ်မလာပေ။ ကွမ်ယုသည် သူ့လေချွန်သံ တိုးသည်ဟု ထင်သဖြင့် ခပ်ကျယ်ကျယ် လေချွန်လိုက်ပြန်သည်။

"ရှီ ..."

ဟန်ရှင် ထွက်မလာပါ။ ကွမ်ယုသည် လေချွန်သံ သုံးကြိမ်ပြုလိုက်၏။ မည်သည့်လှုပ်ရှားမှုမျှ မတွေ့ရပါ။ ကွမ်ယု အတွေးရခက်သွားသည်။ မည်သည့်အကြောင်းကြောင့် ဟန်ရှင် မထွက်လာသနည်း။ အတန်ကြာမှ ကွမ်ယု အတွေးပေါက်သွားသည်။

ယီတာနှင့်ဟန်ရှင်သည် မသင့်မြတ်ကြချေ။ ယီတာက ကွမ်ယုအကြောင်းများကို ပြောသွားသောကြောင့် ဟန်ရှင်သည် စိတ်ကောက်ပြီး လှိုဏ်ထဲက ထွက်မလာခြင်း ဖြစ်လိမ့်မည်ဟု ကွမ်ယု တွေးလိုက်မိသည်။ ကွမ်ယုသည် လှိုဏ်ရှိရာသို့ လျှောက်လာလေ၏။ ကွမ်ယု ပြုံးမိသည်။ မိန်းကလေးများသည် ဤသို့ ကြဲဖန်၍ စိတ်ဆိုးစိတ်ကောက်တတ်ကြပေသည်ဟု တွေးတောလာမိလေသည်။



ကွမ်ယုသည် လှိုဏ်ကိုကြည့်လိုက်၏။ လှိုဏ်ထဲ၌ သစ်ပင်များ ချုံနွယ်များ အခက်ချင်းယှက်ပေါက်နေကြောင်း တွေ့ရသည်။ ဤလှိုဏ်ထဲသို့ လူတစ်ယောက်ဝင်သွားလျှင် ရှာဖွေရန် မလွယ်ကြောင်း ကွမ်ယုသိသည်။ ကွမ်ယုသည် အသံခပ်အုပ်အုပ်ပြုလိုက်၏။

"ဟန်ရှင် ... ဟန်ရှင်"

ပြန်ထူးသံ မကြားရပေ။

"ဟန်ရှင် ... ဟန်ရှင်"

မည်သည့်အသံမျှ မကြားရပေ။ ကွမ်ယုသည် တဖြည်းဖြည်း ရှေ့သို့တိုးလာလေ၏။ ပတ်ဝန်းကျင်ကိုလည်း ကြည့်ရသည်။ မြင်းတိုးထားသဖြင့် ကျိုးကျနဲ့ရစ်သော ပိတ်ပေါင်းပင်များ ပြတ်သတ်ထွက်သွားသော နွယ်ပင်များကိုလည်းကြည့်သည်။

ဤလှိုဏ်ထဲသို့ ဟန်ရှင် အမှန်တကယ် ဝင်သွားသည်ကတော့ သေချာသည်။ သူသည် ပတ်ဝန်းကျင်ကိုကြည့်၍ ရှေ့သို့ တဖြည်းဖြည်း တိုးသွား၏။ သူသည် ရုတ်တရက်အံ့ဩသွား၏။

အလွန်ကြီးမားသော လိပ်ပြာကြီးများကို တွေ့လိုက်သောကြောင့်တည်း။ ရနံ့တစ်မျိုးသင်းနေသော ဂမုန်းရောင်စုံပင်များ၏ ဝတ်ရည်ကို သောက်သုံးကြသည့် လိပ်ပြာကြီးများသာတည်း။ ကွမ်ယုရှေ့သို့ တိုးလာသောအခါ အလွန်အံ့ဩသွားလေသည်။

အလွန်သစ်ပင်ထူထပ်သည်ဟု ထင်နေရသော လှိုဏ်ကြီး အလယ်တွင် ချုံပင်၊ သစ်ပင်ဟူ၍ လုံးဝမရှိဘဲ ဂမုန်းပန်းများသည် စုပြုံရောက်ရှိနေသည်ကို တွေ့ရလေ၏။

ကွမ်ယုသည် ထူးဆန်းသောမြင်ကွင်းကို ငေးကြည့်နေလေသည်။ သူသည် ဂမုန်းပင်ခြေရင်းကို ကြည့်လိုက်သောအခါ အံ့ဩ

www.burmeseclassic.com

www.burmeseclassic.com



တင်မက မျက်လုံးများပါ ပြူးကျယ်သွားသည်။

"ဟင်"

အာမေဋိတ်သံလည်း ထွက်သွားသည်။ ဂမုန်းပင်များ၏ ခြေရင်းများတွင် လိပ်ပြာကောင် ခြောက်မြားစွာ အတုံးအရုံး ကျသေနေသည်ကို မြင်လိုက်ရခြင်းပေတည်း။ ကွမ်ယု ထင့်ခနဲဖြစ်သွား၏။ သူ့ဦးခေါင်းထဲတွင် အန္တရာယ်အချက်ပေးသည့်အသံများ မြည်ဟည်းသွားလေ၏။ သူသည် ပတ်ဝန်းကျင်ကို ထပ်မံလေ့လာပြန်သည်။

ထိုအခါ မျောက်လေပွေသုံးကောင် လဲကျနေကြောင်း တွေ့ရပြန်သည်။ ဂမုန်းပင်များကြား၌ သမင်တစ်ကောင် လဲနေပြန်လေသည်။ သူ ဆက်ကြည့်လိုက်သောအခါ အလွန်ကြီးမားသည့် စပါးကြီးမြွေတစ်ကောင်သည်ပင် စင်းစင်းကြီး ငြိမ်သက်နေသည်။ သေနေသည်လား၊ သတိလစ်နေသည်လား ကွမ်ယု မသိပေ။

ကွမ်ယုသည် အတွင်းအားကို သတိဖြင့် ထိန်းချုပ်လိုက်သည်။ ဤဂမုန်းပင်ရနံ့သည် သတ္တဝါအပေါင်းကို လဲကျနေစေသည်။ ဤဂမုန်းပင်ရနံ့ပင် လူကို အန္တရာယ်ပြုပေလိမ့်မည်။ ထိုသို့စဉ်းစားပြီး လေထဲတွင်ပါလာသော ဂမုန်းပင်ရနံ့ကို စစ်ဆေးလိုက်၏။ အဆိပ်သင့်စေမည့်အနံ့ကို ကွမ်ယု လုံးဝရှာဖွေ၍မတွေ့ချေ။ ရနံ့ကြောင့် သွေးပြောင်းလဲမှုကိုလည်း မတွေ့ရပေ။

"ဟာ"

ကွမ်ယုသည် ထူးဆန်းလှသော မြင်ကွင်းကို တွေ့ရသဖြင့် ဟာခနဲ ဖြစ်သွားပြန်သည်။ လူသူလုံးဝမရှိဟု သူထင်နေခဲ့သော ဤလှိုဏ်ကြီးအတွင်းဝယ် လူများကို သူတွေ့လိုက်ရသောကြောင့် ဖြစ်သည်။ မိန်းမပျိုငါးဦးကို သူ တွေ့လိုက်ရပေသည်။



ထိုမိန်းမပျိုများကား အပြာရောင် ကိုယ်ကျပ်အင်္ကျီ၊ ပခုံးထက်တွင် အနီရောင်ပန်းဖွားများ၊ အစိမ်းရောင်လက်ကျပ်၊ အဝါရောင်ခါးစည်းများနှင့် အညိုရောင်ဖဲသားဘောင်းဘီပွကြီးများကို ဝတ်ဆင်ထားကြလေ၏။ သူတို့တွင် ခြင်းတစ်လုံးစီပါရှိကြ၏။

ထိုခြင်းများကား အဝါရောင် တောက်ပနေကြ၏။ ရွှေချည်မျှင်များနှင့် ရက်လုပ်ထားသလားဟု ထင်မှတ်ရလေ၏။ ရှေ့ဆုံးမှ အမျိုးသမီးသည် ကွမ်ယုကို တစ်ချက်လှမ်းကြည့်ပြီး မျက်လွှာချလိုက်သည်။ သူမသည် တိုးညင်းသော လေချွန်သံကို ပြုလိုက်၏။

ထို့နောက် ကွမ်ယုကို ဖုတ်လေသည့်ငါးပိ ရှိသည်မျှမထင်မှတ်တော့ဘဲ ဂမုန်းပန်းခင်းထဲ ဝင်သွားပြီး ခရမ်းရောင် ဂမုန်းပွင့်များကို ခူးဆွတ်ကြလေတော့၏။ သူတို့သည် ထိုပန်းများကို ရွှေခြည်မျှင်ခြင်းထဲသို့ သေချာစွာထည့်နေကြသည်။

သူမနောက်တွင်ပါရှိသော အမျိုးသမီးငယ်လေးယောက်ကလည်း သူမနည်းတူ ဂမုန်းပန်းများကို ဂရုတစိုက် ခူးယူကြ၏။ ရွှေခြည်မျှင်ခြင်းထဲသို့ ဂရုတစိုက် ထည့်သွင်းကြ၏။ သူတို့၏လှုပ်ရှားမှုများမှာ လိပ်ပြာများကဲ့သို့ ဖျတ်ခနဲ ဖျတ်ခနဲ ဖြစ်နေကြသည်။ အလွန် လျင်မြန်ကြသည်။ ကွမ်ယုမှာ သူတို့ကို ငေးမောကြည့်နေမိသည်။

ထိုမိန်းကလေးများသည် ကိုယ်ဖော့ပညာသုံး၍ ပန်းများကို ခူးနေခြင်း ဖြစ်လေသည်တကား။ ကွမ်ယုမှာ သူတို့ကို ငေးမောကြည့်နေမိသည်။ ထိုမိန်းကလေးများကို ထူးဆန်းအံ့ဩဖွယ်ရာ တွေ့နေရသဖြင့် ကျောက်ရုပ်ကြီးအလား ငေးမောနေမိသည်။

သူ့ခြေလှမ်းများကို လှုပ်ရှားရန် လုံးဝသတိမရပေ။ ထိုစဉ်အရိပ်တစ်ရိပ်သည် ကွမ်ယုရှေ့သို့ ဖျတ်ခနဲ ရောက်ရှိလာလေ၏။ ချော

www.burmeseclassic.com

www.burmeseclassic.com



မောလှပသော မိန်းကလေးတစ်ဦး ဖြစ်သည်။

ထိုမိန်းကလေးသည် သူမ၏သွယ်လျသော လက်ကလေးကို မြှောက်ကာ လက်ညှိုးတစ်ချောင်းနှင့် ကွမ်ယု၏နဖူးအလယ်တည့်တည့်ကို ဆတ်ခနဲ တောက်လိုက်၏။ ကွမ်ယုသည် သူ့ရှေ့သို့ လူရိပ်တစ်ရိပ် ရောက်လာသည်ကိုလည်း မြင်သည်။ ထိုလူရိပ်မှာ မိန်းကလေးဖြစ်သည်ကိုလည်း မြင်သည်။

ထိုမိန်းကလေး လက်မြှောက်လိုက်သည်ကိုလည်း မြင်သည်။ သူ့နဖူးကို တောက်လိုက်သည်ကိုလည်း မြင်သည်။ သို့သော် သူသည် လုံးဝလှုပ်ရှား၍မရဘဲ ဖြစ်နေလေသည်။ သူသည် နေရာ၌ ခွေခနဲလဲကျသွားတော့သည်။ ထိုမိန်းမချောလေးသည် ကွမ်ယု၏ ကိုယ်ခန္ဓာကို ပေါ့ပါးစွာပွေ့ယူလိုက်၏။

ကွမ်ယုမှာ လဲကျသွားသော်လည်း အသိရှိနေသည်။ မိန်းမချောလေး၏ရင်ခွင်ထဲသို့ ကွမ်ယု ကျရောက်သွားပြီး သူမ၏ ရင်ငွေ့အပူဓာတ်များကို ခံစားသိရှိနေရရာ ကွမ်ယုမှာ ရင်တလှပ်လှပ် ဖြစ်နေတော့၏။ ကွမ်ယုသည် စောစောက ဂမုန်းပင်ရနံ့များကို စစ်ဆေးခဲ့၏။ သူစစ်ဆေးခဲ့သလောက် ဂမုန်းရနံ့များတွင် အဆိပ်မပါဟု သူတွက်ခဲ့သည်။ စင်စစ် ဂမုန်းရနံ့တွင် အဆိပ်ပါပေသည်။

အဆိပ်ပါ၊ မပါကို သူ့အစွမ်းဖြင့် ခွဲခြား၍ မရနိုင်ချေ။ ကွမ်ယုသည် အလွန်သိမ်မွေ့သော ဂမုန်းရနံ့အဆိပ်များကို ခံစားထားရသည်။ ထို့နောက် ထူးခြားသော အကြောပိတ်နည်းဖြင့် အကြောပိတ်ခြင်းကိုပါ ခံစားရသည်။ သူ၏အကြောအမျှင်များကို လှုပ်ရှားကြည့်သည်။ မည်သည့်အကြောအမျှင်မျှ လှုပ်ရှား၍မရပေ။ ခွန်အားထုတ်၍ မရပေ။ သို့သော် အကြားအမြင် အတွေ့အထိ အနံ့ခံအာရုံများ



ကောင်းမွန်နေသည်။ သူ ဘာဖြစ်နေသည်ကို သူကောင်းစွာ သိသည်။

သူ့ကို အလွန်ချောမောသော အမျိုးသမီးတစ်ဦးက ပေါ့ပါးစွာ ဂမုန်းပန်းခင်းကို ဖြတ်ကာ သယ်ယူသွားကြောင်း သူသိနေသည်။ အခြားအမျိုးသမီးများကိုလည်း မြင်နေရသည်။ အမျိုးသမီးငယ်ကား ချောမောလှသည်။ သူတွေ့ဖူးသည့် ယီတာ၊ ဟန်ရှင်နှင့်မြွေပါကျင်လင်တို့ထက် ချောသည်။

သို့သော် ထိုချောမွေ့သော မျက်နှာပေါ်တွင် သူ့ အပေါ်၌ ဒေါသထွက်သော အမူအရာ သို့မဟုတ် သနားချစ်ခင်သည့် အမူအရာ တစ်စုံတစ်ရာကိုမျှ မတွေ့ရချေ။ အေးချမ်းငြိမ်သက်သည့် ကြည်လင်မှုကာ တွေ့နေရသည်။

သူမဝတ်ဆင်ထားသည့် အဝတ်အစားများမှာ အလွန်နူးညံ့သော ချည်ထည်ဖြင့် ရက်လုပ်ထားသည်ကို ကွမ်ယု သိရှိသည်။ အပေါ်ပိုင်း ရွှေဝါရင့်ဖြစ်ပြီး အောက်ပိုင်းတွင် အညိုမှိုင်းဖြစ်သည်။

ခေါင်းပေါ်မှဆံပင်ကို ကျစ်ဆံမြီးကျစ်ပြီး ခေါင်းပေါ်၌ ခွေတင်ထားသည်။ အမျိုးသမီးငယ်သည် ကွမ်ယုကို ပွေ့ချီထားပြီး ခုနစ်ပေခန့် အရှည်ရှိသော ချုံပုတ်တစ်ခုကို လွှားခနဲ ခုန်ကျော်သွားလေ၏။ ကွမ်ယု အကြီးအကျယ် အံ့သြသွား၏။

သူမ၏အလွန်နက်ရှိုင်းသော အတွင်းအားနှင့်အလွန်ကောင်းမွန်သော ကိုယ်ဖော့ပညာရှိကြောင်း သူသိလိုက်ပေပြီ။

အဘယ်ကြောင့်ဆိုသော် ကွမ်ယုကဲ့သို့သော ယောကျ်ားရင့်မာကြီးတစ်ဦးကို ချီပိုးသယ်ပြေးရာတွင် သစ်ရွက်ကလေးတစ်ရွက်ကို သယ်ပြေးသကဲ့သို့ရှိနေခြင်း၊ ခုနစ်ပေခန့်ရှိသော ချုံကြီးကို ခုန်ကျော်ခြင်းတို့မှာ တော်ရုံတန်ရုံအတွင်းအားရှိ၍ ကိုယ်ဖော့ပညာရှိရုံဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မလုပ်နိုင်ချေ။

ချုံ၏အပြင်ဘက်သို့ရောက်သောအခါ ကွမ်ယုမှာ သူ့မျက်စိကိုပင် မယုံနိုင်အောင် ဖြစ်သွားတော့၏။ ချုံများ၏တစ်ဖက်တောတန်းတွင် ရွှေအတိပြီးသော မြင်းရထားငါးစင်း ရပ်ထားသည်ကို တွေ့မြင်လိုက်ရသောကြောင့်တည်း။ ဤတောကြီးမှာ သစ်ဝါးများစေ့စေ့အောင် ပေါက်နေသောတောကြီးဖြစ်၏။

မြင်းရထားကြီး ငါးစင်းဝင်နိုင်သည်။ လမ်းကို ကွမ်ယု စဉ်းစား၍ မရပေ။ သူတို့သည် မည်သည့်လမ်းမှ ဝင်ရောက်ခဲ့ကြသနည်း။ မြင်းရထားကြီးများသည် ရွှေရောင်တဝင်းဝင်းနှင့်ဖြစ်သည်။ မြင်းကြီးများကတော့ သာမန်သက်ရှိမြင်းကြီးများ ဖြစ်ကြသည်။

ရှေ့ဆုံးမှ မြင်းရထားပေါ်တွင် အသက်ဆယ့်သုံးနှစ်ခန့်ရှိသော လုလင်ငယ်နှင့်လုံမငယ်နှစ်ဦးတို့ ထိုင်လျက်ရှိနေကြသည်။ သူတို့နှစ်ဦးစလုံး ကြည်လင်သောမျက်နှာထားရှိကြသည်။ မြင်းလှည်းမောင်းသူတစ်ဦးလည်း ရှိသည်။ ထိုသူ၏အသားအရေမှာ ကြေးညိုရောင်သန်းလျက်ရှိပြီး ကြွက်သားများ ဖုထစ်နေသည်။

ထိုမြင်းလှည်းမောင်းသူ၏ တစ်ကိုယ်လုံးတွင် လေးမြားဓားလှံ၊ သံကြိုးတပ်ဆူး စသည့်လက်နက်မျိုးစုံကို ချိတ်ဆွဲထားကြောင်း တွေ့ရှိရသည်။ လက်နက်မျိုးစုံမှ တကယ့်လက်နက်မျိုးစုံကို ချိတ်ဆွဲထားခြင်းဖြစ်သည်။

ဒုတိယမြင်းလှည်းသည်လည်း ရွှေရောင်ဝင်းနေသည်သာ။ သို့သော် မြင်းလှည်းမောင်းသူမှအပ နောက်တွင် မည်သူမျှ လိုက်စီးပုံမရကြပေ။ သေတ္တာသဏ္ဌာန် ပက်လက်ပွင့်နေသော မြင်းရထားကိုယ်ထည်ကြီးသာ မြင်းလှည်းအပြည့် ဖြစ်နေသည်။



ယင်းအချိန်မှာပင် ဂမုန်းပင်များ ဆွတ်ခူးလာသော အမျိုးသမီးငါးဦးသည် ရွှေခြင်းများကိုဆွဲ၍ ရောက်ရှိလာသည်။ သူတို့သည် ဒုတိယမြင်းလှည်း၏ ပုံသဏ္ဌာန်သေတ္တာကြီးထဲသို့ ဂမုန်းပင်များကို သွန်ထည့်လိုက်၏။ ထို့နောက် ဂမုန်းပန်းများ ဆွတ်ခူးရန် ထွက်ခွာသွားပြန်သည်။

ကွမ်ယုကို သယ်ဆောင်လာသော မိန်းကလေးသည် ပထမမြင်းရထားနှင့် ဒုတိယမြင်းရထားကို ဖြတ်ကျော်လာ၏။ တတိယမြင်းရထားနှင့် စတုတ္ထမြင်းရထားပေါ်တွင် ရွှေဝါရောင်အမျိုးသမီးနှင့် သက်တူရွယ်တူရှိမည်ဟုထင်ရသော အမျိုးသမီးများ အမျိုးသားများကို တွေ့မြင်ရလေသည်။

သူတို့ကိုယ်ပေါ်တွင် မည်သည့်လက်နက်မျှမရှိပါ။ သို့သော် သူတို့ကို ကွမ်ယု လုံးဝအထင်မသေးပါ။ သူတို့၏ကိုယ်နေဟန်ထားနှင့် တောက်ပစူးရှသော မျက်လုံးများက အလွန်အဆင့်မြင့်သော သိုင်းပညာရှင်များဖြစ်သည်ကို သူ ခန့်မှန်းသိရှိပါသည်။ ထိုသူများသည် တောက်ပသော အရောင်များကို ဝတ်စားထားကြသည်။

သူတို့ဝတ်စားထားသည်မှာ ပန်းနုရောင်၊ အပြာရောင်၊ မီးခိုးရောင်၊ ခရမ်းရောင်နှင့် မရမ်းရောင် အစရှိသည်များကို ဝတ်စားထားကြ၏။ ထိုအဝတ်အစားများမှာ သူမြင်နေကျ အရောင်များထက် အရောင်များ တောက်ပနေကြသည်။

ထိုတတိယမြင်းရထားနှင့်စတုတ္ထမြင်းရထားများမှာ အမျိုးသမီးနှင့်အမျိုးသားများသည် ရွှေဝါရောင်အမျိုးသမီးများ သယ်ဆောင်လာသော ကွမ်ယုကို ခေါင်းငုံ့ကာ ကြည့်ကြလေ၏။ သူတို့မျက်လုံးများ၌ အလွန်စိတ်ဝင်စားသည့် အရိပ်အယောင်ကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရလေ၏။

ရွှေဝါရောင် အမျိုးသမီးကလေးသည် ကွမ်ယုကို နောက်ဆုံး မြင်းရထားပေါ်သို့ တင်လိုက်လေ၏။ ကွမ်ယု အံ့အားသင့်သွားလေသည်။ ရင်ထဲမှ လွှတ်ခနဲအော်မိသည်။ သူ့အသံတော့ မထွက်နိုင်ပါ။ မြင်းရထားပေါ်၌ ဟန်ရှင်ကို ပျော့ခွေလဲနေကြောင်း တွေ့ရသောကြောင့်တည်း။ ကွမ်ယုသည် ယခုမှ အကွက်လည်သွား၏။

ဟန်ရှင်သည် မိမိနည်းတူ လူထူးလူဆန်းသိုင်းသမားများ၏ ဖမ်းဆီးခေါ်ဆောင်ခြင်းကို ခံခဲ့ရလေပြီ။ ကွမ်ယုမှာ ထူးဆန်းသလို ဖြစ်နေ၏။ သူသည် ချာအိုဇွမ်မြို့မှ လူချမ်းသာများကိုလည်း တွေ့ဖူးသည်။ ယခုကဲ့သို့ တောက်ပသော အဝတ်အစားမျိုးကို မတွေ့ဖူးပေ။

ယခု သူတွေ့ရသည်မှာ ဇာတ်ပွဲထဲက လူများ ဝတ်ဆင်ထားသည်နှင့်တူနေ၏။ မြင်းရထားပေါ်တွင် ဟန်ရှင်နှင့်ကွမ်ယုနှစ်ဦးတည်း ရှိနေသည် မဟုတ်ပေ။ မျောက်ဝံကြီးတစ်ကောင်လည်း ရှိနေ၏။ မြင်းရထားငါးစီးစလုံးမှာ ရထားလုံးများ မဟုတ်ပေ။

စစ်မြင်းရထားမျိုး ဖြစ်သည်။ မြင်းရထားအားလုံးသည် မြင်းများ တူတူညီညီ မရှိကြပေ။ မြင်းငါးကောင်ဆွဲသည့်ရထား၊ မြင်းခုနစ်ကောင်ဆွဲသည့်ရထား၊ မြင်းကိုးကောင်ဆွဲသည့်ရထား စသည်ဖြင့် ကွဲပြားသည်။ မြင်းရထားမောင်းသူ ရှေ့တွင် မြားကာရှိသည်။

မြားကာမှာ မြင်းလှည်းမောင်းသူ၏ရင်ဘတ်နှင့် တစ်တန်းတည်း ရှိသည်။ အမိုးမဲ့ရထားဖြစ်ငြားသော်လည်း ရှေ့နှင့်ဘေးတွင် မြားကာများ ရှိနေသည်။

ရထားတစ်စင်းလုံး ရွှေအတိပြီးသည်။ ကွမ်ယု လိုက်ပါမည့် မြင်းရထားမှာ မြင်းခုနစ်ကောင်ကသည့် ရထားဖြစ်သည်။ ရှေ့မြင်းများမှ မြင်းကောင်ရေ အမျိုးမျိုးဆွဲသည်။



မြင်းရထားပေါ်တွင်ရှိကြသော အမျိုးသား အမျိုးသမီးများမှာ မျက်နှာများ ကြည်လင်နေကြသည်။ ကွမ်ယုကို သယ်ဆောင်လာသည့် ရွှေဝါရောင်အမျိုးသမီးသည် ရှေ့ဆုံးမြင်းလှည်းပေါ်မှ အသက်ငယ်ရွယ်သည့် လုလင်ပျို့လုံမပျိုတို့နှင့် စကားပြောဖြစ်နေသည်။

သို့သော် အလွန်ရိုသေသော အမူအရာများနှင့် ပြောနေခြင်း ဖြစ်သည်။ လုလင်ငယ်သည် တစ်စုံတစ်ခုကို အမိန့်ပေးပြောဆိုနေဟန် ရှိသည်။ လုလင်ငယ်သည် အကြီးအကဲမျိုးရိုးမှ ဆင်းသက်သူဖြစ်ကြောင်း မြင်ရုံနှင့်သိနိုင်သည်။ ရွှေဝါရောင်အမျိုးသမီးသည် ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။

ထို့နောက် ရွှေဝါရောင်အမျိုးသမီးသည် ကိုယ်ကိုယ့်ကာ ပြန်ထွက်လာသည်။ ဂမုန်းပန်းခင်းဘက်သို့ ငေးမျှော်ကြည့်ရှုနေသည်။ သူတို့အားလုံးသည် ဂမုန်းပန်းများ လာခူးခြင်းဖြစ်ကြောင်း သူတို့ သိရှိကြ[illegible]။ ဟန်ရှင်နှင့်ကွမ်ယုတို့မှာ ဆွမ်းခံရင်း ငှက်သင့်သူများ ဖြစ်[illegible]သည်။ ကံမကောင်း အကြောင်းမလှရှာ။

သူတို့နှင့် တိုက်တိုက်ဆိုင်ဆိုင် တွေ့ဆုံရခြင်းဖြစ်သည်။ ထိုစဉ် ရွှေခြင်းလွယ် အမျိုးသမီးငါးဦးသည် ဂမုန်းပန်းများ ဆွတ်ခူးကာ တစ်ချို့ သယ်ဆောင်လာကြပြန်၏။ သူတို့သည် ပက်လက်ဖြစ်နေသော သေတ္တာသဏ္ဌာန်ထဲသို့ ဂမုန်းပန်းများကို ထည့်လိုက်ကြသည်။ ရွှေဝါရောင်အမျိုးသမီးက လက်မြှောက်၍ အချက်ပြလိုက်သည်။

"တော်ကြပြီကွယ်၊ တို့ ရွှေဒေသဆီ ပြန်ကြတော့မယ်၊ ပန်းတွေလည်း ကုန်သလောက် ရှိနေပါပြီ၊ ကဲ ... ကဲ ... မြင်းရထားပေါ် တက်ကြပေတော့"

www.burmeseclassic.com

www.burmeseclassic.com



သူမသည် အေးဆေးစွာ ပြောလေသည်။ သို့သော် သူမ၏ အသံသည် အမိန့်ပေးသံ ပါဝင်နေ၏။ ရွှေဝါရောင်အမျိုးသမီး ပြောဆိုသည့်အသံမှာ အလွန်ပင် သာယာနာပျော်ဖွယ် ရှိလှသည်။ ဂီတသံပမာ ချိုလွင်နေသည်။

ကွမ်ယု၏နားထဲသို့ သာယာချိုလွင်စွာ စီးမျောသွားသည်။ ရွှေခြင်းလွယ် အမျိုးသမီးများသည် အလွန်သွက်လက်သော ခြေလှမ်းများဖြင့် ပဌမမြောက် နောက်ဆုံးမြင်းလှည်းဆီသို့ လျှောက်လာကြသည်။ ငါးဦးစလုံး မြင်းရထားပေါ် တက်ကြသည်။

မြင်းရထားပေါ်ရောက်သောအခါ သူတို့သည် ကွမ်ယုကို စိတ်ဝင်စားစွာ ကြည့်ကြလေသည်။ ဟန်ရှင်ကိုမူ စိတ်မဝင်စားကြချေ။ ကွမ်ယုကို စိတ်ဝင်စားခြင်းမှ ဆန့်ကျင်ဘက်လိင်ဖြစ်သောကြောင့်ပေတည်း။ မိန်းကလေးတစ်ဦးသည် ကွမ်ယု၏ပါးကို လက်ဖဝါးကလေးနှင့် ကပ်ကြည့်သည်။ ယုယစွာပွတ်သပ်ပေးသည်။

သူမ၏လက်ဖဝါးကလေးမှာ လွန်စွာနူးညံ့လှသည်။ ကွမ်ယုကြက်သီး တဖြန်းဖြန်းထရလေသည်။ အခြားမိန်းကလေးတစ်ယောက်က ကွမ်ယု၏လက်ဖဝါးကို ကိုင်ကြည့်သည်။ လက်နှစ်ဖက်စလုံးကို ကိုင်ကြည့်ခြင်းဖြစ်သည်။

အရည်လဲ့နေသော မျက်လုံးရွှဲကြီးများဖြင့် စိုက်ကြည့်နေသည့် မိန်းကလေးတစ်ဦးကမူ ကွမ်ယုအင်္ကျီထဲသို့ လက်လျှိုကာ ကွမ်ယု၏ရင်ဘတ်အား ပွတ်သပ်စမ်းသပ်ကြည့်သည်။

ကွမ်ယု ရှက်နေသည်။ သူသည် မလုပ်ကြပါနဲ့ဟု အော်ချင်သော်လည်း တစ်ကိုယ်လုံး လှုပ်၍မရ။ အသံလည်းမထွက်နိုင် ဖြစ်နေသဖြင့် သူ့ခမျာ မျက်နှာများ နီရဲလျက် မျက်လုံးကြီး ဝိုင်းဝိုင်းလည်



အောင် ဖြစ်နေမိတော့သည်။

ကွမ်ယု၏မျက်လုံးထဲမှ ရှက်စိတ်ကို မြင်မိကြသော ထိုမိန်းကလေးများသည် တီးတိုးရယ်မောကြသည်။ အဖြစ်အပျက်များကို မတွေ့ချင် တွေ့မြင်လျက်သား-ဖြစ်နေသူမှာ ဟန်ရှင်ဖြစ်သည်။

ဟန်ရှင်၏မျက်နှာမှာ ဒေါသကြောင့် ရဲရဲနီနေလေ၏။ သူမသည် အံကြိတ်ထားသည်။ ဟန်ရှင်အနီးတွင် ထိုင်နေသောအမျိုးသမီးက ဟန်ရှင်၏အမူအရာကို တွေ့မြင်လေ၏။ သူမသည် ဟန်ရှင်ပါးကို ရိုက်ပစ်လိုက်လေ၏။

"ဖြန်း ... ဖြန်း"

ထိုစဉ် မမျှော်လင့်သော အဖြစ်အပျက်တစ်ခုသည် ဖြစ်ပေါ်လာ၏။ မြင်းရထားပေါ်မှ ရွှေခြင်းလွယ်သော မိန်းကလေးအားလုံး တုန်လှုပ်သွားကြသည်။ မည်သည့်အချိန်က မြင်းရထားဘေးသို့ ရောက်နေမှန်း မသိသော အမျိုးသမီးသည် လေချွန်သံတစ်ခုကို ပြုလုပ်လိုက်လေ၏။

"ရှီ ..."

လေချွန်သံမှာ အလွန်စူးရှ၏။ နားထဲတွင် ကျဉ်တက်သွားသည်။ ကွမ်ယုအား ပွတ်သပ်ကိုင်တွယ်နေကြသော အမျိုးသမီးကလေးများသည် ဆတ်ခနဲ မိမိတို့၏လက်များကို ရုပ်သိမ်းလိုက်ကြ၏။ သူတို့သည် ရွှေဝါရောင်အမျိုးသမီးအား ကြောက်လန့်တကြားကြည့်မိကြသည်။

ရွှေဝါရောင်အမျိုးသမီးမှာ လွန်စွာဒေါသထွက်နေသည်။ သူသည် သူမ၏ခါးမှ တစ်စုံတစ်ရာကို ဖြုတ်ယူလိုက်၏။ အဖြူရောင်ချည်မျှင်များဖြင့် ပြုလုပ်ထားသော ဖုန်ခါတံကလေးပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



ထိုဖုန်ခါတ်ကလေးဖြင့် လက်ဆော့မိကြသော မိန်းကလေးများ၏ ကျောပြင်အား တစ်ချက်ရိုက်လေ၏။

ထို့နောက် ချက်ချင်းပင် မြင်းရထား၏ အရှေ့ဘက်သို့ ထွက်ခွာသွားသည်။

မြင်းရထားကြီးသည် စတင်ထွက်ခွာလေတော့၏။

ကွမ်ယုသည် မြင်းရထားများ စတင်ထွက်ခွာပြီကို သိရှိသည်။

သို့သော် ... သူ့မျက်လုံးများသည် သူ၏မြင်းရထားပေါ်မှ မိန်းကလေးများဆီသို့သာ ရောက်နေတော့သည်။

ရွှေခြင်းလွယ် မိန်းကလေးများကား လက်ဆော့မိသည့်ဒဏ်အတွက် ဖုန်ခါတ်ကလေးဖြင့် ဖြည်းညင်းစွာ အရိုက်ခံလိုက်ရသည်။

သို့သော် တကယ်တမ်းခံရသူများမှာတော့ မသက်သာလှချေ။

မြင်းပေါ်ရှိ အရိုက်ခံလိုက်ရသည့် မိန်းကလေးတိုင်းမှာ တစ်ကိုယ်လုံး တွန့်လိမ်ကွေးကောက်နေကြ၏။

အသံထွက်ညည်းညူနေကြသည်။ သူတို့ကိုမြင်ရသူများမှာ အလွန်စိတ်မသက်မသာ ဖြစ်ကြရသည်။ သူတို့မှာ ချွေးသီးချွေးပေါက်များကျပြီး နာကျင်မှုကို ခံစားနေကြသည်။

မြင်းရထားများသည် မြေခုနစ်ကောင်တောကြီးအတွင်းမှ အထွက်တွင် မြင်းရထားများကို အပြင်းအထန် မောင်းနှင်သွား၍ မရပေ။ သစ်ပင်များ ထူထပ်သဖြင့် ဖြည်းညင်းစွာသာ ထွက်ရ၏။

သူတို့သည် မြင်းရထားမောင်း၍ရသော လမ်းကို သိရှိထားကြဟန်ရှိ၏။ ဤတောကြီးအတွင်းသို့လည်း မကြာမကြာ ရောက်ရှိဟန် တူသည်။



အမျိုးသမီးကလေးများမှာ အတော်ကြာမှ ဝေဒနာပြေလျော့သွားကြ၏။

ထိုအမျိုးသမီးကလေးများမှာ ကွမ်ယုနှင့် ခွာ၍ထိုင်ကြတော့၏။

သူတို့ လက်ဆော့မိသည့်ဒဏ်ကို သူတို့ ခံစားလိုက်ရပြီမဟုတ်ပါလား။

မြင်းရထားကြီးသည် မကြာမီ စိတ်လွတ်ကိုယ်လွတ် မောင်းနိုင်သောနေရာသို့ ရောက်ရှိလာသည်။ ထိုအခါ မြင်းရထားများသည် အရှိန်အဟုန်နှင့်မောင်းနှင်ကြလေတော့၏။

ကွမ်ယုနှင့်ဟန်ရှင်တို့မှာ အသိဉာဏ်မရှိသော မျောက်ဝံကြီးနှင့်အတူ အမည်မသိသော ဒေသစိမ်းနေရာစိမ်းတစ်ခုသို့ ဖမ်းဆီးသယ်ဆောင်ခြင်း ခံနေရသည်။

သို့သော် သူတို့မြင်းရထားပေါ်၌ ရွှေဝါရောင်အမျိုးသမီး ပါမလာပေ။

ဤမြင်းရထားများကို အုပ်ချုပ်သူမှာ ထိုရွှေဝါရောင်အမျိုးသမီး ဖြစ်ပုံရသည်။

အသက်ဆယ့်သုံးနှစ်ခန့်ရှိ လုလင်ပျိုနှင့်လုံမပျိုတို့မှာ အကြီးအကဲ ဖြစ်ဟန်ရှိသော်လည်း မြင်းရထားများကို လုံးဝစီမံပုံမရပေ။

သူတို့သည် မည်သည့်နေရာမှန်း မသိသော ဒေသတစ်ခုသို့ သွားနေကြပေပြီ။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



(၃၁)

## မျောက်စမ်းချောင်း ရွှေနယ်မြေ

ရွှေမြို့တော်ဟု ခေါ်ရပေမည်။ အဆောက်အအုံအားလုံး ရွှေဖြင့် အတိပြီးလျက် လမ်းအချို့တို့ပင် ရွှေပြားများ ခင်းထားပေသည်။ လူ့အသုံးအဆောင်များကလည်း ရွှေထည်ပစ္စည်းသာတည်း။

ပန်းကန်များ၊ တူများအားလုံး ရွှေထည်များပင်တည်း။ ဝင်းဝင်းလက်လက် ရွှေချည်းသာ ဖြစ်နေသည်။ အံ့ဘနန်း မြင်တွေ့နေရသော မြင်ကွင်းကို ကွမ်ယုသည် ငေးမောကြည့်နေ၏။

မြင်းရထားများသည် အလွန်ကြီးမားသော အဆောက်အအုံကြီးရှေ့တွင် ထိုးစိုက်ရပ်နားလိုက်၏။ ရပ်လျှင်ရပ်ချင်း ရွှေဝါရောင် အမျိုးသမီးသည် မြင်းရထားသို့ ရိပ်ခနဲရောက်ရှိလာ၏။ အပေါ်၌ လိုက်ပါလာသည့် မိန်းကလေးများကို လက်ရိပ်ပြလိုက်သည်။

အမျိုးသမီးကလေးများသည် ရိုကျိုးစွာ မြင်းရထားပေါ်မှ ဆင်းသွားကြလေ၏။ သူတို့သည် ထိုရွှေဝါရောင်အမျိုးသမီးကို အလွန်ကြောက်ရွံ့ကြကြောင်း ကွမ်ယု တွေ့ရှိရသည်။

သို့သော် ထိုအမျိုးသမီးကလည်း နေရာတကာ၌ အာဏာပြနေသည် မဟုတ်ပေ။ သူတို့အား ဖုံခါတံနှင့် ရိုက်နှက်ခြင်းမှာလည်း သူတို့၏ အပြုအမူ မဟုတ်သောကြောင့်သာ ဖြစ်သည်။ ရွှေဝါရောင် အမျိုးသမီးသည် သူ၏သွယ်ပျောင်းသော လက်ညှိုးဖြင့် ကွမ်ယု၏



နားထင်ကို အသာအယာပွတ်ပေးလိုက်၏။ ကွမ်ယုမှာ ခြေလက်များလည်း လှုပ်ရှား၍မရ စကားလည်း ပြော၍မရ ဖြစ်နေရာမှ တောင့်တင်းသော အကြောများ ပြေလျော့သွားလေ၏။

သူ၏ပိတ်နေသော အကြောများ ပွင့်သွားလေပြီ။ ဟန်ရှင်ကိုလည်း ထိုနည်းတူ အကြောဖြေပေးလေ၏။ ဟန်ရှင်လည်း အကြောများ ပြန်ဖွင့်သွားသည်။ သူမလည်း လှုပ်ရှား၍ရ၊ စကားပြော၍လည်း ရသွားပေပြီ။ အကြောပိတ်ခြင်း၊ အကြောဖွင့်ခြင်းတို့ကို ပြုလုပ်ရာတွင် လက်ညှိုးတစ်ချောင်းတည်းကို အသုံးပြုခြင်းဖြစ်သည်။

ဦးခေါင်းပိုင်း၌ အကြောပိတ်ခြင်း၊ ဖွင့်ခြင်းကို ပြုလုပ်သဖြင့် အလွန်အဆင့်မြင့်သော အကြောပိတ်ပညာရပ်တစ်ခုဖြစ်ကြောင်း ကွမ်ယု သိရှိရသည်။ ကွမ်ယုသည် ယိတာပြောဆိုခဲ့ဖူးသည်တို့ကို ကြားသိခဲ့ဖူးသည်။

ဤသည်မှာ ပန်းသုံးပွင့် အကြောပိတ်ပညာရပ်များပေတည်း။ ပန်းသုံးပွင့်အကြောပိတ်ပညာရပ်ကို ယိတာ ရှာဖွေနေသည်မှာ အတော်ကြာပေပြီ။ သို့သော် သူမ မတွေ့သေးပေ။ မကြာမီ ကွမ်ယုနှင့် ဟန်ရှင်တို့နှစ်ဦးမှာ လှုပ်ရှားလာနိုင်ကြသည်။

ရွှေဝါရောင်အမျိုးသမီးက လက်ဖြင့် အချက်ပြလိုက်သည်။ မြင်းရထားပေါ်မှ ဆင်းကြပါဟူသည့် အချက်ပြခြင်းတည်း။ ကွမ်ယုနှင့်ဟန်ရှင်တို့ အကြောပိတ်ခံထားရခြင်းမှာ အချိန်အတော်ကြာသည်။

အချိန်ကြာမြင့်စွာ အကြောပိတ်ခံထားရသူတို့ ထုံးစံအတိုင်း သူတို့သည် တွဲဆိုင်းနှေးကွေးနေကြသည်။ ကွမ်ယုက ဟန်ရှင်ကို ဖေးမ၍ မြင်းရထားပေါ်မှ ဆင်းစေသည်။ ဟန်ရှင်သည် ကွမ်ယုထက် ပို၍ အကြောများဆိုင်းငံနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆင်း ... ဆင်း ... ဖြည်းဖြည်းဆင်း"

"ဟုတ်တယ် ... ညီမ အကြောတွေ ဆိုင်းနေတယ်"

"သွေးကြောပိတ်ခံထားရတာကြာရင် ဒီလိုပဲ ဖြစ်တတ်ပါတယ်၊ ဘာမှ စိုးရိမ်စရာတော့ မရှိပါဘူး"

ရွှေဝါရောင်အမျိုးသမီးများသည် သူတို့နှစ်ဦး၏လှုပ်ရှားမှုကို စိတ်ရှည်လက်ရှည် စောင့်ကြည့်နေလေ၏။ ကွမ်ယုနှင့် ဟန်ရှင်သည် မြေပြင်ပေါ်သို့ ဖြည်းညင်းစွာ ဆင်းကြသည်။ မြေပေါ်၌ မတ်တတ်ရပ်နိုင်သောအခါ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုသည်။

ကြည့်လေရာရာ အဆောက်အအုံများသည် ရွှေသားအတိပြီးနေသဖြင့် သူတို့မျက်လုံးထဲ၌ အဝါရောင်ချည်းသာ တွေ့နေရသည်။ မြို့တော်တစ်ခုလုံးမှာ ဝင်းလက်ရွှန်းစိုကာ တောက်ပခန့်ညားနေသည်။ အချို့အဆောက်အအုံများမှာ အလွန်ကြီးမား၏။

ထို့ကြောင့် အခြားအဆောက်အအုံများထက် ရှေ့သို့ပိုရောက်ပြီး အရိပ်ပိုထားနေသည်။ ထိုအထဲတွင် နန်းတော်ကဲ့သို့ အဆောက်အအုံကြီးမှာ ထီးနေသည်။ ပထမရထားလေးစင်းမှာ နန်းတော်အဆောက်အအုံရှေ့တွင် ရပ်နားကြခြင်း ဖြစ်သည်။

ထိုရထားများပေါ်တွင် စီးနင်းလိုက်ပါလာကြသော အသက်ဆယ့်သုံးနှစ်ခန့်ရှိ လုလင်ပျို၊ လုံမပျိုကလေးသည် နန်းတော်အဆောက်အအုံကြီးသို့ တက်သွားကြလေပြီ။ သူတို့သည် အကြောပိတ်ထားသော မျောက်ဝံကြီးကိုလည်း သယ်ဆောင်သွားကြသည်။

မျောက်ဝံကြီးကို ဘာလုပ်ရမည်မှန်း ကွမ်ယု မသိပေ။ ထို့နောက် တတိယရထားတွဲနှင့် စတုတ္ထရထားတွဲ၌ပါသော အမျိုးသမီး၊ အမျိုးသားများသည် ဂမုန်းပန်းများကို ခြင်းများထဲသို့ထည့်ကာ



သယ်ဆောင်ကြတော့သည်။ သူတို့သည် နန်းတော်ထက်သို့ မတက်ကြပေ။ အဆောက်အအုံ၏ အုတ်လှေကားရှိရာသို့သာ သွားကြသည်။ သူတို့ အုတ်လှေကားရှေ့သို့ရောက်လာသောအခါ အုတ်နံရံအောက်ပိုင်းသည် နှစ်ယောက်ဝင်သာရုံ တံခါးဖြစ်သွားလေသည်။

သူတို့သည် ထိုအပေါက်ထဲသို့ ဂမုန်းပန်းများကို လက်ဆင့်ကမ်း သယ်ဆောင်ကြ၏။ ပြီးစီးသွားသောအခါ ထိုအမျိုးသမီး၊ အမျိုးသားများသည် ထိုတံခါးပေါက်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ တံခါးပေါက်လည်း ပိတ်သွားသည်။

ကွမ်ယုနှင့်ဟန်ရှင်သည် ဂမုန်းပန်းများသယ်နေကြသော အမျိုးသမီးများကို ငေး၍ကြည့်နေကြ၏။

"ရှင်တို့ကြည့်ချင်တာ ကြည့်ပြီးကြပြီလား"

ကွမ်ယုသည် ရွှေဝါရောင်အမျိုးသမီးကို လှည့်ကြည့်လေသည်။

"ရွှေနယ်မြေက ဖမ်းဆီးထားလိုက်တာ ဖြစ်ပါတယ်၊ ဒီအချက်ကို ရှင်တို့ ရှင်းရှင်းလင်းလင်းသိထားအောင် ပြောပြထားတာပါ"

ရွှေဝါရောင် အမျိုးသမီး၏အသံမှာ ဝဲနေသည်။ နားထောင်၍ ကောင်းသည်။

"ဒါ ... ဒါ ..."

ကွမ်ယုမှာ အလွန်အံ့ဩလွန်းသဖြင့် ဘာမျှဆက်မပြောနိုင်ချေ။ ရွှေဝါရောင် အမျိုးသမီးက ထောက်ပေးသည်။

"ဟုတ်ပါတယ်၊ ဒါဟာ မျောက်စမ်းချောင်း ရွှေနယ်မြေပါ"

ကွမ်ယုမှာ အတန်ကြာမှ ရေရွတ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဩော် .. ဒါဟာ မျောက်စမ်းချောင်းရွှေနယ်မြေဆိုတာကိုး"

ဟန်ရှင်ကတော့ ဘာမျှမသိပေ။

ကွမ်ယုမှာ သူတို့ကို ဖမ်းထားသည်ကိုပင် မေ့လျော့သွားပြီး မျောက်စမ်းချောင်းရွှေနယ်မြေဆိုသောဒေသကို မိမိရောက်ရှိနေသည်ကိုပင် မယုံမရဲဖြစ်နေမိသည်။

ရွှေရောင်တဝင်းဝင်း ... ရွှေရောင်တဝါဝါ။ ဟုတ်ပါပြီ ...သိုင်းလောကတွင်း၌ အလွန်နာမည်ကြီးနေသော ဒဏ္ဍာရီဆန်လှသည့် မျောက်စမ်းချောင်းရွှေနယ်မြေသည် ဤနယ်မြေပင် ဖြစ်ပါသည်။

ကြည့်လေရာ၌ တဝင်းဝင်း တဝါဝါ ဖြစ်နေလေသည်။

ဤနယ်မြေကိုမှ မျောက်စမ်းချောင်းရွှေနယ်မြေဟု မခေါ်လျှင် အခြားနေရာကို ခေါ်ဆိုရန် မရှိနိုင်တော့ပါ။ သိုင်းလောကတွင် အထွတ်အထိပ်သို့ရောက်ရှိလာကြသော သိုင်းကိုဏ်းခေါင်းဆောင်တော်တော်များများသည် ဒဏ္ဍာရီဆန်သော မျောက်စမ်းချောင်း ရွှေနယ်မြေသို့ အရောက်သွားလိုလှသည်။

သို့သော် မည်သူမျှ မရောက်ဖူးကြချေ။ မျောက်စမ်းချောင်းရွှေနယ်မြေသို့ရောက်ရှိရန် လမ်းပြမြေပုံတစ်ခုရှိသည်ဟု သိုင်းလောကအတွင်း၌ ပြောကြသည်။ သို့သော် ထိုမြေပုံကို မည်သူမျှ မမြင်ဖူးကြချေ။ ကွမ်ယုမှာ သိုင်းလောက ဗဟုသုတရှိသော ယီတာ၏ပြောကြားချက်များကြောင့်သာ ဤအကြောင်းကို သိရှိခြင်းဖြစ်သည်။

သူသည် မျောက်စမ်းချောင်း ရွှေနယ်မြေအကြောင်း သိထားသည့် အချက်တစ်ချက် ရှိပါသေးသည်။ ထိုအချက်မှာလည်း ယီတာပြောပြထားသည့်အချက် ဖြစ်ပါသည်။

တစ်ရံရောအခါက ဆရာကြီး ဟိုရီဝင်သည် မထင်မှတ်ဘဲနှင့်



မြေမြုပ်ကောင်တောင်တန်းကြီးပေါ်တွင် မျက်စိလည် လမ်းမှားသွားလေ၏။ သူသည် မည်သည့်အရပ်သို့ ပြန်ရမှန်း မသိတော့ချေ။

ထိုအခါ သူသည် တောင်ပေါ်သူ ထူးဆန်းသော သိုင်းသမတစ်ဦးနှင့် တွေ့ကြုံချစ်ကြိုက်ခဲ့လေ၏။ ထိုတောင်ပေါ်သူ သိုင်းသမလေး နာမကျန်းဖြစ်၍ သေဆုံးလုအချိန်တွင် ဖွင့်ဟပြောကြားချက်အရ နယ်မြေတစ်ခုလုံး ရွှေအတိပြီးသော မျောက်စမ်းချောင်းရွှေနယ်မြေသည် အမှန်တကယ်ရှိကြောင်း သိရှိခဲ့ရလေ၏။

သူမ၏ အရိုးများကို ထိုရွှေနယ်မြေသို့ ယူဆောင်သွားရန်။ ထိုရွှေနယ်မြေ၌ မြှုပ်နှံရန်။ ထိုရွှေနယ်မြေမှ ရွှေများကို ယူဆောင်ပြီး ပြန်ရန်တို့ကို သူမက မှာကြားခဲ့လေသည်။ ထိုရွှေနယ်မြေအကြောင်းကိုလည်း သူမက ပြောပြသွားသေးသည်။

ထိုရွှေနယ်မြေ၌ မည်သည့်နေရာကိုတူးတူး မြေအောက်လက်တစ်ဖောင်ကျော်သည်နှင့် ရွှေတုံးရွှေခဲများကို တွေ့ရမည်ဟုဆိုသည်။ မြေအောက်တစ်ကြောလုံး ရွှေသားပြင်ကြီးဖြစ်သည်ဟု သိုင်းသမကလေးက ဆိုသည်။ ဆရာကြီးဟိုရီဝင်သည် ထိုသိုင်းသမလေး သေဆုံးသောအခါ အရိုးများကို အိုးတစ်လုံးတွင် ထည့်ယူလေသည်။

သူမ ညွှန်ပြသည့်အတိုင်း ခရီးထွက်ခဲ့ရာ အံ့ဩဖွယ်ရာ မျောက်စမ်းချောင်း ရွှေနယ်မြေသို့ ရောက်ရှိသွားလေ၏။ သို့သော် ထိုရွှေနယ်မြေအတွင်းသို့ ရောက်ရှိသွားသည်နှင့် ထူးဆန်းသော သိုင်းသမများရောက်ရှိလာပြီး ဆရာကြီးဟိုရီဝင်ကို ဝင်ရောက်တိုက်ခိုက်ကြတော့သည်။ ထိုထူးဆန်းသော သိုင်းသမများ၏ သိုင်းကွက်များမှာ အမှန်တကယ်ပင် ဆန်းကြယ်လှသည်။ ဆရာကြီးဟိုရီဝေသည် သူ၏ သိုင်းပညာ အကုန်အစင် ထုတ်သုံးပြီး တိုက်ခိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အသက်စွန့်၍ပင် တိုက်ခိုက်၏။ နောက်ဆုံး သူသည် ထူးဆန်းသော သိုင်းသမများကို အရှုံးပေးခဲ့ရသည်။ ဆရာကြီးဟိုရိဝင်သည် ထူးဆန်းသော သိုင်းသမများ၏လက်တွင် အဖမ်းအဆီးခံရသည်။ သူတို့သည် သူ့ပခုံးပေါ်မှ အရိုးအိုးကို တွေ့ရှိသွားပြီး မေးမြန်းသောအခါ တောင်ပေါ်သူ ထူးဆန်းသော သိုင်းသမလေးအကြောင်းကို ဟိုရိဝင်က ပြောပြလိုက်သည်။

ဆရာကြီးဟိုရိဝင် တွေ့ကြုံခဲ့ရသော တောင်ပေါ်သူ ထူးဆန်းသော သိုင်းသမလေးမှာ မျောက်စမ်းချောင်းရွှေနယ်မြေသူ ဖြစ်နေလေသည်။ ထိုအခါ သူတို့သည် ဆရာကြီးဟိုရိဝင်အား သေဒဏ်မပေးကြတော့ချေ။

တောင်ပေါ်သူ ထူးဆန်းသော သိုင်းသမကလေး၏ အရိုးများကိုလည်း သူတို့လက်ခံယူပြီး ကောင်းစွာသင်္ဂြိုဟ်ပေးသည်။ ထို့နောက် ဟိုရိဝင်အား တစ်နိုင်စာ ရွှေတုံးများ သယ်ဆောင်စေလျက် လာလမ်းအတိုင်း ပြန်စေသည်။ ဆရာကြီး ဟိုရိဝင်အား တိုက်ခိုက်ကြသော သိုင်းသမကလေးများမှာ နယ်မြေကို စောင့်ရှောက်ရသော အစောင့်အရှောက်များ ဖြစ်ကြသည်။

မျောက်စမ်းချောင်း ရွှေနယ်မြေ၏ ထူးခြားချက်တစ်ခုမှာ ထိုဒေသတစ်ခုလုံး၌ မိန်းကလေးအရေအတွက်က မတန်တဆ များပြားနေခြင်းတည်း။

ယောကျ်ားသားအရေအတွက်မှာ အလွန်နည်းပါးသည်။ ထို့ကြောင့် ရွှေနယ်မြေအတွင်းရှိ အရွယ်ရောက်လာသော မိန်းကလေးများသည် ချစ်သွေးချစ်စိတ်မွှန်ထူလာသောအခါ ရွှေနယ်မြေ၏ စည်းကမ်းချက်ကို ဖောက်ဖျက်ပြီး နယ်မြေပြင်ပသို့ ပြေးထွက်လျက်



ချစ်သူ ရှာဖွေတတ်ကြ၏။ များသောအားဖြင့် ချစ်သွေးဆူးကြွစ ဆယ့်ခုနစ်နှစ် ဆယ့်ရှစ်နှစ် အရွယ်များသည် ရွှေနယ်မြေ အပြင်ဘက်သို့ ပြေးထွက်တတ်ကြသည်။

ဟိုရိဝင်နှင့်တွေ့ကြုံခဲ့ရသော တောင်ပေါ်သူ ထူးဆန်းသော သိုင်းသမလေးမှာ ထိုသို့အချစ်သွေးဆူပြီး ထွက်ပြေးခဲ့သောမိန်းကလေးပင် ဖြစ်ပါသည်။ ဆရာကြီး ဟိုရိဝင်သည် ကံကောင်းထောက်မစွာ မိမိ၏နယ်မြေသို့ ပြန်ရောက်ခဲ့လေသည်။

ရွှေနယ်မြေမှ ထူးဆန်းသော သိုင်းသမများနှင့် တိုက်ခိုက်ခဲ့သည့် သိုင်းကွက်များကို ပြန်လည်စဉ်းစားပြီး တိုက်ကွက်သစ်များကို ဖော်ထုတ်ရေးသားတော့သည်။

ထိုအခါ ချယ်ရီပွင့်ဒေသသိုင်းပဒေသာကျမ်းကြီး ပေါ်ထွက်လာတော့သည်။

ထိုသိုင်းကျမ်း၌ မျောက်စမ်းချောင်း ရွှေနယ်မြေသို့သွားနိုင်သောလမ်းပြမြေပုံတစ်ပုံကို အညွှန်းစကားဝှက်ဖြင့် ထည့်သွင်းရေးသားခဲ့သည်ဟု ဆိုကြသည်။

၎င်းလျှို့ဝှက်ချက်များသည် တစ်ဆင့်စကားဖြင့် တစ်ဆင့်ပျံ့နှံ့သွားခဲ့ရာမှ သိုင်းလောကတစ်ခုလုံး ဒဏ္ဍာရီတစ်ပုဒ်သဖွယ် ကျော်ကြားသွားတော့သည်။

ချယ်ရီပွင့်ဒေသ သိုင်းပဒေသာကျမ်းကိုလည်း ထိပ်သီးသိုင်းသမားများက ရရှိပိုင်ဆိုင်ရေးအတွက် အပြင်းအထန် ကြိုးစားခဲ့ကြသည်။

တောင်ပေါ်မြားနက်ဂိုဏ်း၏ ကြိုးစားမှုသည် ထိုကြိုးစားမှုများအနက် တစ်ခုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုအထိတော့ သိုင်းထိပ်သီးများသည် ချယ်ရီပွင့်ဒေသ သိုင်းပဒေသာကျမ်းကြီးကို မရရှိကြသေးပေ။ ထိုသိုင်းပဒေသာကျမ်းကိုရရှိလျှင် ရွှေနှယ်မြေသို့သွားသည့် ခရီးလမ်းကိုသာ သိရှိခွင့်ရမည်။

ရွှေနှယ်မြေမှ သိုင်းသမားများ၏ သိုင်းပညာကိုတော့ မိမည် မဟုတ်ပါချေ။ အဘယ်ကြောင့်ဆိုသော် ဟိုရိုဝင်တောင်မှ နယ်မြေစောင့်ရှောက်သည့် သိုင်းသမားများ၏ သိုင်းပညာကိုမမိဘဲ ဖြစ်ခဲ့သည် မဟုတ်ပါလား။

ယခုတော့ မထင်မှတ်ဘဲနှင့် ကွမ်ယုနှင့်ဟန်ရှင်မှာ သိုင်းလောက၏ဒဏ္ဍာရီတစ်ပုဒ်ဖြစ်နေသော မျောက်စမ်းချောင်း ရွှေနှယ်မြေသို့ ရောက်ရှိလာကြပေပြီ။ သို့သော် သူတို့ရောက်ရှိပုံမှာ လွတ်လွတ်လပ်လပ်တော့ မဟုတ်ပေ။ မျောက်စမ်းချောင်း ရွှေနှယ်မြေ၏ အကျဉ်းသား အဖြစ်သာတည်း။ ကွမ်ယုသည် အလွန်ရှည်လျားစွာ တွေးတောမိပြီးနောက် သက်ပြင်းရှည်ကြီး ချလိုက်မိလေ၏။ ထို့နောက် သူသည် ရွှေဝါရောင်အမျိုးသမီးကို ကြည့်ပြီးနောက် ...

"ဒါဆိုရင် ခု ကျွန်တော်တို့ဟာ ရွှေနှယ်မြေရဲ့ အကျဉ်းသားတွေ ဖြစ်နေပြီပေါ့"

"မှန်ပါတယ်ရှင်"

"ကျွန်တော်တို့ လွတ်လွတ်လပ်လပ်သွားလို့ မရဘူးပေါ့"

"ကျွန်မ ပြောပြပါ့မယ်၊ ဒီနယ်မြေမှာ စည်းကမ်းချက်တွေ ရှိပါတယ်"

ကွမ်ယုက ...

"အကယ်၍ ကျွန်တော်တို့က ကိုယ့်ကိုယ်ကိုယ် အကျဉ်းသားလို့ မသတ်မှတ်ဘူး။ တင်းကျပ်တဲ့ စည်းကမ်းတွေကိုလည်း မလိုက်နာဘူး ဆိုရင်ကော"



ရွှေဝါရောင် အမျိုးသမီးကြီး၏ ဦးခေါင်းသည် ထောင်မတ်လာလေ၏။

"အဲဒီလိုဆိုရင်တော့ ရှင်တို့ အလွန်ပြင်းထန်တဲ့ အပြစ်ဒဏ်ခံရတော့မှာပဲ၊ ကျွန်မအနေနဲ့ကတော့ ရှင်တို့ကို အဲဒီလိုမဖြစ်စေချင်ဘူး"

ရွှေဝါရောင် အမျိုးသမီးက ကရုဏာသံဖြင့် ပြောလေသည်။ ကွမ်ယုက ခေါင်းခါ၏။

"ကျွန်တော်တို့နှစ်ယောက်က ခင်ဗျား ထိန်းချုပ်နေတာကို ဒီအတိုင်း ကြည့်နေလိမ့်မယ်လို့ ခင်ဗျား ထင်နေသလား"

ရွှေဝါရောင်အမျိုးသမီးက ပြုံးသည်။

"ရှင်တို့ ကိုယ့်ကိုယ်လည်း ကိုယ်ပြန်ကြည့်စေချင်ပါတယ်၊ ရှင်တို့ဟာ အကျဉ်းသားတွေ ဖြစ်နေပြီလေ"

"ဒါက ခင်ဗျားထင်လို့ပါ"

"ဪ ... ရှင်တို့က ရှင်တို့ တတ်ထားတဲ့ သိုင်းပညာနဲ့ ကျွန်မတို့ကို ခုခံတိုက်ခိုက်မယ်လို့ ဆိုချင်တာလား"

"ဟုတ်တယ်လေ ... မြွေဆိုတာ အဆိပ်ကို အသုံးချရတယ်၊ ဒါမှလည်း လူတွေက ကြောက်ကြမှာပေါ့၊ အဆိပ်ကို အသုံးမချရင် တီကောင် ဖြစ်သွားမှာပေါ့"

ရွှေဝါရောင်အမျိုးသမီးက ကွမ်ယု၏ အပြောကို သဘောကျသွား၏။ နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်၏။

"ကဲပါလေ ... ရှင်တောင်းဆိုတဲ့အတိုင်း ကျွန်မနဲ့ ရှင်တို့နဲ့ သိုင်းပညာ ဖလှယ်ကြတာပေါ့၊ ကျွန်မက ရှင်တို့တောင်းဆိုတာကို

www.burmeseclassic.com

www.burmeseclassic.com



လိုက်လျှောပါတယ်၊ ကဲ ... ရှင်တို့ဘက်က နှစ်ယောက်စလုံး ဝင်ကြမှာလား၊ တစ်ယောက်စီ ဝင်မှာလား"

ဟန်ရှင် မျက်နှာကြောတင်းသွားသည်။

"ကျွန်မတို့က သူငယ်နှပ်စား သိုင်းသမားတွေ မဟုတ်ဘူးရှင့်၊ ကျွန်မတို့က ရှင့်ကို ဘာဖြစ်လို့ ညှပ်တိုက်ရမှာလဲ"

ဟန်ရှင်က မဲ့၍ ပြောလိုက်၏။ ရွှေဝါရောင် အမျိုးသမီးက ပြုံးရင်း ...

"ရှင်တို့ တိုက်ချင်သလို တိုက်ပါလေ၊ ကျွန်မ ကန့်ကွက်စရာမရှိပါဘူး"

ကွမ်ယုက ...

"ဟန်ရှင် ... မင်းမတိုက်နဲ့ဦး၊ ငါ အရင်တိုက်မယ်၊ ဒီမှာ ... အမျိုးသမီး ... ခင်ဗျားကို ကျွန်တော် အရင်တိုက်ပါမယ်"

ရွှေဝါရောင် အမျိုးသမီးသည် ခပ်အေးအေးပင် ...

"ရပါတယ် ... တိုက်ပါ၊ အချိန်မရွေး တိုက်နိုင်ပါတယ်"

"ခင်ဗျား သိုင်းကွက်မခင်းတော့ဘူးလား"

ရွှေဝါရောင် အမျိုးသမီးက ရယ်၏။

"ကျွန်မ မလိုပါဘူး၊ ရှင် တိုက်မှာသာ တိုက်ပါ"

ကွမ်ယုက ပြောသည်။

"ကဲ ... ကျွန်တော် တိုက်ပြီ"

ကွမ်ယု၏လက်များသည် အရိပ်ပေါင်းများစွာ ဖြစ်ပေါ်လာ၏။ အရိပ်များ ပွားများပုံမှာ ကြည့်၍ကောင်းလှသည်။

◈ ◈ ◈



## (၃၂)

## နယ်မြေစည်းကမ်း

ရွှေဝါရောင်အမျိုးသမီးသည် ကွမ်ယု၏လှုပ်ရှားမှုကို ငေးကြည့်နေလေ၏။ သူ့တိုက်ကွက်ကို တမေ့တမော ငေးကြည့်နေသည့် အမျိုးသမီးကို ကွမ်ယု မသက်ညှာနိုင်တော့ပေ။

ဤအမျိုးသမီးကို အလဲထိုးနိုင်ပါက သူတို့ ဤနယ်မြေမှ လွတ်မြောက်သွားမည် မဟုတ်ပါလား။ သူသည် လက်ဝါးစောင်းနှင့် လက်သီးကို တွဲ၍ထိုးလိုက်သည်။ အမျိုးသမီးကိုထိရန် ဆံခြည် တစ်မျှင်မျှအလိုတွင် သူမသည် နေရာမှ ရိပ်ခနဲပျောက်သွားသည်။

ကွမ်ယုသည် အမျိုးသမီးကို မထိခိုက်။ လေကိုသာ ထိုးမိသွား၏။ ရွှေဝါရောင်အမျိုးသမီးသည် အတွင်းအား ထုတ်လိုက်သည်။ အတွင်းအား ထုတ်သည်ဆိုသော်လည်း အဆင့်အမြင့်ဆုံးထုတ်သည် မဟုတ်ပါ။ ထုတ်သည်ဆိုရုံ ထုတ်ခြင်းဖြစ်ပါသည်။

သူမသည် သိုင်းကွက်တစ်ကွက်ကို စတင်လေတော့၏။ သူမ၏အရိပ်လေးခုသည် ကွမ်ယုကို ဝန်းရံတိုက်ခိုက်တော့သည်။ မည်သည့်အရိပ်သည် ရွှေဝါရောင်အမျိုးသမီးအစစ်ဖြစ်သည်ကို ကွမ်ယု မသိချေ။ ကွမ်ယုသည် မည်သည့်အရိပ်ကို တိုက်ခိုက်ရမည်နည်း မသိသဖြင့် သူ့တိုက်ကွက်သည် ရပ်ဆိုင်းသွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အရိပ်လေးခုသည် ဖျတ်ခနဲ ပေါင်းစပ်သွားလေ၏။

ရွှေဝါရောင် အမျိုးသမီး၏သွယ်ပျောင်းသော လက်ညှိုးကလေးသည် ကွမ်ယု၏လက်ဝဲဘက် ရင်အုံပေါ် လှစ်ခနဲ ရောက်ရှိလာလေ၏။ ကွမ်ယုသည် လက်ညှိုးလာနေသည်ကို မြင်သည်။ သူသည် လက်ညှိုးကို ရှောင်ရန်ကြိုးစားသည်။

သို့သော် လက်ညှိုးက လျင်မြန်လှသည်။ သူ မည်သို့မျှ မရှောင်နိုင်တော့ချေ။ သို့သော် ရွှေဝါရောင်အမျိုးသမီး၏ လက်ညှိုးသည် ကွမ်ယု၏နှလုံးသားတည့်တည့်ရှိ အင်္ကျီစကို ထိရုံသာထိ၏။ ရှေ့ဘက်ကို မလာတော့ချေ။ လက်ညှိုးရပ်သွားသည်။

ရွှေဝါရောင်အမျိုးသမီးသည် ကွမ်ယုကို ရန်သူလို သဘောထားပါက လက်ညှိုးဖြင့် ရှေ့ဆက်တိုးလိုက်ရုံသာ ရှိတော့သည်။ ကွမ်ယု တုံးခနဲကျသွားမည်ဖြစ်သည်။ သို့သော် သူမ မထိုးချေ။ သူမသည် ဤအကွက်ဖြင့် အနိုင်ရပြီဟူ၍သာ ပြလိုခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ သူသည် ရွှေဝါရောင် အမျိုးသမီးကြီးကို အကြီးအကျယ် ရှုံးနိမ့်ခဲ့ပြီးဖြစ်သည်။ သိုင်းပညာချင်းမှာ မယှဉ်သာချေ။ သူသည် အလွန်တရာနိမ့်ပါးလေသည်။ ဟန်ရှင်အလှည့်။

ကွမ်ယုအလှည့်ပြီးလျှင် ဟန်ရှင် အလှည့်ပေတည်း။ ဟန်ရှင်သည် အံကိုတင်းတင်းကြိတ်ကာ ရွှေဝါရောင်အမျိုးသမီးကို ကြည့်နေ၏။ ရွှေဝါရောင်အမျိုးသမီးက ခပ်အေးအေးပင်။

"ကဲ ... တစ်ယောက်ကတော့ ရှုံးသွားပြီ၊ နောက်တစ်ယောက်အလှည့်ပဲ၊ ရှင် ပြိုင်မလား"

ဟန်ရှင်က တင်းမာစွာပြော၏။



"ပြိုင်မယ် ... ကျွန်မ ပြိုင်မယ်"

ရွှေဝါရောင် အမျိုးသမီးကတော့ ခပ်ပြုံးပြုံးပင်။

"တိုက်ပွဲမစခင် ကျွန်မတို့အချင်းချင်း မိတ်ဆက်လိုက်ကြရအောင်"

ဟန်ရှင်က နှုတ်ခမ်းကိုကိုက်ကာ ရပ်နေ၏။ ရွှေဝါရောင်အမျိုးသမီးက ဆက်ပြော၏။

"ကျွန်မနာမည်ကို တောင်တင်းရယ်ပါ၊ ကျွန်မ ဟောဒီမျောက်စမ်းချောင်း ရွှေနယ်မြေရဲ့ လုံခြုံရေးကို စောင့်ကြပ်တဲ့ အကြီးအမှူးတစ်ယောက်ပါ၊ ရွှေနယ်မြေရဲ့ လုံခြုံရေးကို တာဝန်ယူရတဲ့အထဲမှာ ကျွန်မက တာဝန်အကြီးဆုံးပါ၊ အဲဒီအချက်ကိုထောက်ပြီး ရှင်တို့ ကျွန်မရဲ့ သိုင်းပညာအဆင့်ကို ထောက်ရှုသိသာနိုင်ပါတယ်၊ ကျွန်မအထက်မှာ နန်းတွင်းသိုင်းအဖွဲ့ရှိပါတယ်"

နန်းတွင်း သိုင်းအဖွဲ့ဆိုပါကလား။ ထိုအဖွဲ့၏သိုင်းပညာသည် ရွှေဝါရောင် အမျိုးသမီးကို သိုင်း ပညာထက် အဆမတန်သာနေပေလိမ့်မည်။

"အဲဒီ နန်းတွင်းသိုင်းအဖွဲ့ဟာ ကျွန်မထက် သိုင်းပညာအဆင့်မြင့်ပါတယ်၊ အဲဒါကြောင့် ရှင်တို့ဟာ ကျွန်မကို ရှုံးနိမ့်သော်လည်း ဂုဏ်ငယ်စရာ မဟုတ်ဘူးလို့ ပြောချင်ပါတယ်"

သူမ ပြောလိုက်သောအခါမှ ပိုဆိုးတော့သည်။ သူတို့၏ သိုင်းပညာမှာ အနိမ့်ဆုံးအဆင့်သို့ ရောက်သွားတော့၏။ ဟန်ရှင်က...

"ရှုံးနိမ့်မှုအားလုံးဟာ ဂုဏ်နိမ့်တာချည်းပါပဲ၊ ဘယ်လိုအကြောင်းနဲ့ပဲ ရှုံးနိမ့် ရှုံးနိမ့် ရှုံးနိမ့်တာဟာ ရှုံးနိမ့်တာပါပဲ၊ ကဲ...

www.burmeseclassic.com

www.burmeseclassic.com



ထားပါတော့၊ ရှင်က ကျွန်မတို့ကို မိတ်ဆက်စကားပြောရင် ကျွန်မတို့ကလည်း မိတ်ဆက်စကား ပြောရတော့မှာပေ့ါ၊ သူက ကျွန်မ သူငယ်ချင်းပါ ... ကွမ်ယုတဲ့"

သူမသည် ကွမ်ယုကို လက်ညှိုးထိုး၍ ပြောပြလိုက်၏။

"ကျွန်မနာမည်ကတော့ ဟန်ရှင်လို့ခေါ်ပါတယ်"

ရွှေဝါရောင်အမျိုးသမီးက ခေါင်းညိတ်လေ၏။

"ဟုတ်ကဲ့ ... ရှင့်နာမည်ကို ကျွန်မ မှတ်ထားလိုက်ပါပြီ၊ ဟန်ရှင် ရှင့်သိုင်းကွက်ကို ထုတ်နိုင်ပါပြီ၊ ရှင်တို့ကို စောင်တိုက်ခိုင်းတာကတော့ ရှင်တို့ကို ကျွန်မတို့က ညွှေသည်ကို ဦးစားပေးပါတယ်၊ ကဲ ... တိုက်ပါတော့"

တောင်တင်းရယ်သည် သူမ၏ခါးမှ ဖုန်ခါတံကလေးကို အသာအယာ ဖြုတ်ယူလိုက်၏။

သူမသည် ထိုဖုန်ခါတံကလေးဖြင့် ဟန်ရှင်ကို တိုက်ခိုက်မည်ဖြစ်သော်လည်း သူမသည် ထိုဖုန်ခါတံကလေးဖြင့် တစ်စုံတစ်ခုကို ဆောင်ရွက်မည့်အလား အေးဆေးစွာ ဖြုတ်ယူလိုက်ခြင်းဖြစ်သည်။

ဟန်ရှင်သည် သူ၏အတွင်းအားများကို အမြင့်ဆုံးစုစည်းလိုက်သည်။ ဥပေက္ခာရေစီးသိုင်းကွက်ကို အသုံးပြုရန် ပြင်ဆင်လိုက်သည်။ ပရိယာယ်အကြွယ်ဆုံး အပြင်းထန်ဆုံး သိုင်းကွက်ပင်ဖြစ်သည်။ သူသည် ဥပေက္ခာရေစီး အဆင့်တစ်၊ အဆင့်နှစ်တို့ကို မသုံးချေ။

ဥပေက္ခာရေစီးအဆင့်သုံးဖြင့် တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်။ ဟန်ရှင်သည် တောင်တင်းရယ်ကို မကြည့်ဘဲ မျက်နှာလွှဲကာ နောက်သို့ ခြေတစ်လှမ်းဆုတ်ရန် ဟန်ပြင်လိုက်၏။ ထို့နောက်



မထင်မှတ်သည့်အချိန်တွင် လက်ကိုဝှေ့ယမ်းလိုက်လေ၏။

သို့သော် သူ၏လက်ဝှေ့ယမ်းမှုမှာ အချည်းအနှီးဖြစ်သွားသည်။ တောင်တင်းရယ်၏ဖုန်ခါတံမှ ချည်မြှုများသည် သူ၏လက်ကို ရစ်ပတ်ထားလိုက်လေပြီ။

ဟန်ရှင်၏ သိုင်းကွက်များကို တောင်တင်းရယ်၏ ဖုန်ခါတံက ထိန်းချုပ်ထားခဲ့လေပြီ။ ဟန်ရှင်မှာ မတိုက်ခိုက်နိုင်ဘဲ ဖြစ်သွားတော့သည်။ ဟန်ရှင်သည် အရှုံးမပေးချေ။ သူမသည် မြက်ခင်းခွေးကန်ခြေဆန့်တိုက်ကွက်ဖြင့် သိုင်းကွက်ထုတ်၍ တိုက်ခိုက်လိုက်၏။

သို့သော် သူ့ခြေထောက်မှာ ဆန့်ထုတ်၍မရဘဲ ဖြစ်နေသည်။ စစ်ခနဲဖြစ်ပြီး အတွင်းအားများ ယုတ်လျော့သွားသည်။ ဖုန်ခါတံမှ ချည်မျှင်များက ခြေသလုံးကို ရစ်ပတ်ပြီးလေပြီ။

ဟန်ရှင်သည် ကျောကော့၍ နောက်ကျွမ်းပစ်ကာ ဖုန်ခါတံ၏ ထိန်းချုပ်မှုအောက်မှ ရုန်းထွက်လိုက်၏။

ထိုအခါ တောင်တင်းရယ်ကလည်း လေထဲ၌ ခုန်ပျံလိုက်၏။

ဟန်ရှင်၏အပေါ်မှလိုက်ပါရင်း ဟန်ရှင်၏ ပခုံးနှစ်ဖက်နှင့် တင်ပါးဆုံကို ဖုန်ခါတံနှင့် သုံးကြိမ်တိတိ အသာရိုက်လိုက်၏။

"ဝုန်း ..."

ဟန်ရှင်မှာ မြေပေါ်သို့ အလျားလိုက် လဲကျသွားလေ၏။

သူမသည် တွန့်လိမ်ကော့ပျံလျက် မျက်နှာတစ်ပြင်လုံးသွေးဆုတ်ဖြူရော်သွားသည်။

"ဟင်း ... ဟင်း ... ဟင်း"

"ကျွတ် ... ကျွတ် ... ကျွတ်"

www.burmeseclassic.com

www.burmeseclassic.com



သူမသည် စုတ်သပ်လျက် နာကျင်စွာ ညည်းညူမိလေ၏။ ဟန်ရှင် တုန်ယင်နေလေပြီ။

ကွမ်ယုမှာလည်း ခြေမကိုင်မိ လက် မကိုင်မိ ဖြစ်နေလေပြီ။

ဟန်ရှင်မှာ ရိုးတွင်းခြင်ဆီထဲမှ စိမ့်၍တက်လာသော နာကျင်မှုကို စူးစူးရဲရဲ ခံစားနေရသည်။ ထိုဝေဒနာကြီးသည် သွေးကြောများ တစ်လျှောက် ဖြာထွက်လာကာ အကြောများ၊ အသားများ ခန္ဓာကိုယ်အတွင်းရှိ အူ၊ အသည်း၊ ကလီစာများ ခန္ဓာကိုယ်အစိတ်အပိုင်းများအားလုံး မခံရပ်နိုင်အောင် တုန်ယင်ခံစားလာရသည်။

သူမသည် လမ်းပေါ်၌ ဆန့်ငင်ဆန့်ငင်ဖြစ်နေသည်။

ကွမ်ယုမှာ လွန်စွာစိုးရိမ် သွားသည်။

"သူ ... သူ"

တောင်တင်းရယ်က လက်ကာပြ၏။

"နေပါစေ၊ ခဏပါ၊ တော်ကြာ သက်သာသွားမှာပါ"

တောင်တင်းရယ်က ဟန်ရှင်အား ပညာပေးလိုက်ဟန်ရှိလေ၏။ ဟန်ရှင်၏အမှုအရာမှာ ပမာမခန့်နှင့် မာကျောသော အမူအရာရှိနေသည် မဟုတ်ပါလား။ ဟန်ရှင်မှာ တစ်ကိုယ်လုံး ချွေးများစို့ရွှဲနေပြီ။ ပွမ်းသုတ်ထားသည့် အရုပ်ကြီးလို ပျော့ခွေနေလေပြီ။

ကွမ်ယုက ဟန်ရှင်ကို ညင်သာစွာပွေ့ထူလိုက်၏။

တောင်တင်းရယ်မှာ ရုတ်တရက် မျက်နှာပျက်သွား၏။

ဝန်တိုမှုလား၊ ငြိုငြင်မှု လား မသိနိုင်ပေ။

"ရော့ ... ဟန်ရှင်ကို ဒီဆေးလုံး တိုက်လိုက်ပါ၊ သူက ကျွန်မကို သိပ်တိုက်ခိုက်ချင်နေတာကိုး။ ရှင်ကျတော့ ကျွန်မက တော်ရုံပဲ



ပညာပြတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ရှင်က မြေကြီးကို ဖြည်းဖြည်းရိုက်တာကိုး၊ မြေကြီးရဲ့ တုံ့ပြန်မှုကလည်း ဖြည်းဖြည်းပဲ၊ ရှင် အနာသက်သာတာပေါ့၊ သူက မြေကြီးကို ပြင်းပြင်းရိုက်တယ်လေ၊ ပြင်းပြင်းရိုက်တော့ သူပိုနာတာပေါ့၊ ကဲ ... ကဲ ... အဲဒီဆေးကို တိုက်လိုက်ပါ၊ သူ ချက်ချင်း လန်းလန်းဆန်းဆန်း ဖြစ်သွားပါလိမ့်မယ်"

တောင်တင်းရယ်က ကွမ်ယုအား အလွန်သေးငယ်သော ဆေးလုံးကလေးတစ်လုံးကို လှမ်းပေးသည်။

"ကျေးဇူးပါပဲဗျာ"

ကွမ်ယုက ရိုရိုသေသေ လှမ်းယူလိုက်၏။ သူသည် ဟန်ရှင်ပါးစပ်ထဲ ထည့်ပေးလိုက်၏။ ဆေးလုံး၏ အအေးဓာတ်သည် လျှာပေါ်ရောက်သည်နှင့် တစ်ကိုယ်လုံး ပျံ့နှံ့သွားလေ၏။ သွေးကြောများ၊ အသည်းကလီစာများဆီသို့ ပျံ့နှံ့သွားပြီး တစ်ကိုယ်လုံး လန်းဆန်းသွားသည်။

"ရှင် ဟန်ရှင်ကို ဆက်ပွေ့ထားစရာ မလိုတော့ပါဘူး၊ လွတ်လိုက်လို့ရပါပြီ"

တောင်တင်းရယ်၏အသံတွင် ဝန်တိုသည့် အရိပ်အယောင်များ ပါရှိနေသည်ဟု ဟန်ရှင် ထင်လေ၏။ ဟန်ရှင်က ...

"ဟုတ်ပါတယ် အစ်ကို၊ ညီမဘာသာ ထနိုင်ပါပြီ၊ ကောင်းသွားပါပြီ၊ တောင်တင်းရယ်ကို ကျေးဇူးတင်ပါတယ်၊ ရှင်ပေးတဲ့ဆေးက တကယ်စွမ်းပါတယ်"

သူက လေသံမှန်မှန်နှင့် ပြောပြီး ထရပ်လေ၏။ တောင်တင်းရယ်က မသိမသာ သက်ပြင်းချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ချက်ချင်းတွေဆြေဆည်လိုက်၏။

တောင်တင်းရယ်က ...

"ရှင်တို့နှစ်ယောက်ကို ကျွန်မ လေးလေးနက်နက် သတိပေးစရာ ရှိပါတယ်"

ကွမ်ယုနှင့် ဟန်ရှင်တို့ ခေါင်းထောင်သွားသည်။ တောင်တင်းရယ်က ...

"အခု ရှင်တို့နှစ်ယောက်ဟာ ရွှေနယ်မြေရဲ့ အကျဉ်းသားရိုးရိုး မဟုတ်ဘူး။ ကျွန်မရဲ့သိုင်းပညာယှဉ်ပြိုင်ခွင့်ရတဲ့ အကျဉ်းသားတွေဖြစ်နေပါတယ်၊ ဆိုလိုတာက ကျွန်မနဲ့ ယှဉ်ပြိုင်ခွင့်ရတဲ့ အကျဉ်းသားတွေဟာ ကျွန်မလိုပဲ ဒီနယ်မြေမှာ လွတ်လွတ်လပ်လပ် သွားခွင့်လာခွင့် ရှိပါတယ်၊ ကျွန်မနဲ့ တန်းတူယှဉ်ပြိုင်ခဲ့တဲ့ အကျိုးရလဒ်ဆိုပါတော့၊ ရှုံးတာ မယှဉ်နိုင်တာကတော့ တစ်ကဏ္ဍပေါ့လေ၊ သို့သော်လည်း ရှင်တို့ဟာ ကျွန်မရဲ့ ခွင့်ပြုချက်မရဘဲနဲ့ ဒီနယ်မြေက ထွက်ပြေးမယ်ဆိုရင်တော့ သေဒဏ်ပါပဲ"

ပြောလက်စ စကားကိုရပ်ပြီး ဟန်ရှင် တစ်ဦးတည်းကို တောင်တင်းရယ်က စိမ်းစိမ်းကြည့်လိုက်၏။

သူမသည် ဟန်ရှင်၏ ပမာမခန့် တုံ့ပြန်မှုကို တွေ့မြင်နေရသည်။ ဟန်ရှင်က မဲ့ပြုံးပြုံးရင်း...

"သေဒဏ် ... ဘယ်လိုသေဒဏ်လဲ"

တောင်တင်းရယ်က ပြုံးလိုက်၏။

"ပြေးလို့မလွတ်တဲ့ သေဒဏ်ပေါ့"

"ရှင်တို့ သေဒဏ်က ပြေးလို့ မလွတ်ဘူးတဲ့လား"



"ဟုတ်ပါတယ်၊ ပြေးလို့ မလွတ်တဲ့ သေဒဏ်ပါ။ ရှင်တို့ဟာ သေဒဏ်အမှတ်ခံရပြီးရင် ကမ္ဘာကုန်အောင် ပြေးသော်လည်း ပြေးလို့ မလွတ်တော့ပါဘူး။ ကျွန်မတို့ဟာ ရှင်တို့ ဘယ်နေရာရောက်ရောက် ရှင်တို့ကို အဆုံးစီရင်နိုင်ပါတယ်၊ ဒါကို မယုံမရှိပါနဲ့၊ တုံ့ပြန်ပြီး စကားနိုင်လုပြောဖို့လည်း မကြိုးစားပါနဲ့၊ မယုံရင် ရှင်တို့ ပြေးကြည့်ပေတော့၊ ကျွန်မက ရှင်တို့ကို စေတနာကောင်းနဲ့ သတိပေးတာလိုက်ပါ"

ကွမ်ယုသည် ဟန်ရှင် ဆက်စကားမပြောရန် မျက်နှာရိပ်မျက်နှာကဲ ပြလိုက်၏။ ဟန်ရှင် နှုတ်ဆိတ်သွားသည်။

ကွမ်ယုသည် အတန်ကြာ စဉ်းစားပြီးနောက် ...

"ကျွန်တော်တို့ဟာ ခင်ဗျားတို့ရဲ့ ရွှေနယ်မြေမှာ တစ်သက်လုံး အကျဉ်းသားအဖြစ်နဲ့ နေသွားရတော့မှာလား ခင်ဗျာ၊ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း နည်းလမ်းမရှိတော့ဘူးလား။ ရေထဲက ငါးကို ကုန်းပေါ်တင်ပေးလိုက်သလို ကျွန်တော်တို့အဖို့ အတော်အနေကျဉ်းကျပ်ရပါတယ်ဗျာ"

"လွတ်မြောက်လမ်း ရှိပါတယ်"

"ပြောပြနိုင်ရင် ပြောပြပါ၊ အလွန်သိချင်ပါတယ်"

ကွမ်ယုက သိချင်စောနှင့် မေးလိုက်၏။ တောင်တင်းရယ်က

"ပထမဆုံးအချက်ကတော့ ရှင်တို့ဟာ ဒီနယ်မြေကို တကယ်ချစ်ခင်မြတ်နိုးစိတ် ရှိဖို့ပဲ"

ကွမ်ယုသည် စိတ်ဝင်စားစွာ နားထောင်နေ၏။

"ဒီရွှေနယ်မြေက ထွက်ခွာခွင့်ရခဲ့ဖူးတဲ့သူတွေ ရှိပါတယ်၊ ရှင်တို့လည်း ထွက်ခွာခွင့် မရဘူးလို့ ဘယ်သူက ပြောနိုင်မှာလဲ၊ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



ဒီမြေက ထွက်ခွာသွားတဲ့ လူတွေဟာ ဒီနယ်မြေရဲ့ လျှို့ဝှက်ချက်တွေကို လိုလိုချင်ချင် ထိန်းသိမ်းရပါမယ်၊ ရွှေနယ်မြေရဲ့ ပျက်စီးရာ ပျက်စီးကြောင်း မလုပ်ဘူးလို့ နန်းတွင်းအဖွဲ့က ယုံကြည်ရပါမယ်"

တောင်တင်းရယ်သည် ကွမ်ယုနှင့် ဟန်ရှင်ကိုကြည့်လိုက်သည်။ လွန်စွာစိတ်ဝင်စားနေသည်ကို တွေ့ရသည့်အတွက် ဆက်လက်၍ ပြောပြသည်။

"ရှင်တို့ သိဖို့ဟာ ကျွန်မဟာ ဒီနယ်မြေရဲ့ စည်းကမ်းကို အခု ဖောက်ဖျက်နေပြီဆိုတဲ့ အချက်ပဲ"

"ဗျာ ..."

"ရှင် ..."

ကွမ်ယုနှင့် ဟန်ရှင်တို့မှာ အာမေဋိတ်သံများ ထွက်သွားသည်။ တောင်တင်းရယ်က ...

"ကျွန်မ အခု ပြောပြနေတဲ့ အချက်တွေဟာ ရှင်တို့လို သူစိမ်းတွေလို ဖွင့်ပြောခွင့်မရှိတဲ့ အချက်တွေပဲ၊ ဒါကြောင့် ဒီအကြောင်းတွေကို ရှင်တို့ရင်ထဲမှာပဲ သိမ်းထားစေချင်ပါတယ်"

ကွမ်ယုက ကျေးဇူးတင်စွာ ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ... စိတ်ချပါ တောင်တင်းရယ်၊ ကျွန်တော်တို့ ကတိပေးပါတယ်၊ ကျွန်တော်တို့ နှုတ်လုံပါမယ်"

"ကဲ ... ဒီလိုဆိုရင် ကျွန်မ ဆက်ပြောမယ်၊ ဒုတိယအချက်ကတော့ ဒီနယ်မြေမှာ ခြောက်လတစ်ကြိမ် ကျင်းပတဲ့ သိုင်းစွမ်းရည်ပြပွဲရှိတယ်၊ ဒီသိုင်းစွမ်းရည်ပြပွဲမှာ ရှင်တို့ ဝင်ပါချင်တယ်ဆိုရင် ဝင်ပါနိုင်ပါတယ်၊ ရှင်တို့ဟာ တစ်ခုံတစ်ယောက်ကို စိန်ခေါ်ပြီး နိုင်အောင်တိုက်



ရမယ်၊ ဒါပေမဲ့ တစ်ပွဲတည်းတော့ နိုင်လို့မဖြစ်ဘူး"

"ဘယ်နှစ်ပွဲ နိုင်ရမှာလဲ ခင်ဗျာ"

"ခြောက်လတစ်ကြိမ် ကျင်းပတဲ့ ပွဲသုံးပွဲ နိုင်ရမယ်၊ သုံးကြိမ်တိတိ ဆက်လက်အောင်ပွဲရရမယ်၊ ဒီအခါမှာ ရှင်တို့ဟာ နန်းတွင်းသိုင်းအဖွဲ့သားတစ်ဦးကို စိန်ခေါ်ခွင့်ရသွားမယ်၊ နန်းတွင်းသားက ရှင်တို့ကို သိုင်းကွက်သုံးကွက် တိုက်လိမ့်မယ်၊ ရှင်လွတ်အောင်ရှောင်နိုင်ရင် ရှင် ရွှေနယ်မြေက လွတ်မြောက်ပြီဆိုပါတော့၊ ရှင်တို့သိအောင်သာ ကျွန်မပြောပြရတာပါ။ တကယ်တော့ ကျွန်မ ကျောချမ်းပါတယ်"

"စိတ်ချပါ ခင်ဗျာ၊ ကျွန်တော်တို့ နှုတ်လုံပါတယ်"

ကွမ်ယုက ပြောပြီးသောအခါ ဟန်ရှင်ကလည်း ဝင်ရောက်ကတိပေးလေ၏။

"အခုလို ဖွင့်ဟအသိပေးတာကို ကျေးဇူးတင်ပါတယ် အစ်မတောင်တင်းရယ်၊ ကျွန်မတို့နှစ်ယောက် နှုတ်လုံတယ်ဆိုတာ မမ သိရပါလိမ့်မယ်"

ဟန်ရှင်က တောင်တင်းရယ်ကို မမဟု ခေါ်လိုက်သည်။ တောင်တင်းရယ်က ခေါင်းညိတ် အသိအမှတ်ပြုလိုက်သည်။

"အဲ ... အဲ ... ကျွန်မ နောက်တစ်ချက် သတိပေးစရာရှိသေးတယ်"

သူမမျက်နှာ နီမြန်းသွားသည်။

ကွမ်ယုနှင့် ဟန်ရှင်သည် သူမပြောမည့်စကားသည် အရှက်တရားနှင့် ပတ်သက်မည်ဖြစ်ကြောင်း သိလိုက်လေ၏။

"ဒီရွှေနယ်မြေမှာ အိမ်ထောင်မပြုရသေးတဲ့ အမျိုးသမီး

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးတစ်ဦးဟာ တစ်ဦးကိုတစ်ဦး လူရှေ့မြင်ကွင်းမှာ ထိတွေ့ကိုင်တွယ်ခြင်း မပြုရပါဘူး။ ဒါကြောင့် ရှင်တို့ဟာ သူငယ်ချင်းတွေပဲဖြစ်တယ်ဆိုရင် တစ်ဦးကိုတစ်ဦး ကိုင်တွယ်ယုယခြင်း မပြုကြဖို့ ကျွန်မ အသိပေးလိုပါတယ်"

ကွမ်ယုက ချက်ချင်းပင် ခေါင်းညိတ်လိုက်၏။ ထို့နောက် တုန်ယင်စွာပြောသည်။

"စိတ်ချပါ ... စိတ်ချပါ ... အဲဒီအချက်ကို ကျွန်တော်တို့ တိတိကျကျ လိုက်နာပါမယ်"

ဟန်ရှင်မှာလည်း ရှက်သွေးဖြန်းသွားတော့၏။ မျက်နှာတစ်ပြင်လုံး နီရဲသွားသည်။ တောင်တင်းရယ်က ဆက်ပြောသည်။

"အဲ ... ရှင်တို့အချင်းချင်း မေတ္တာမျှနေကြရင်တော့ ဘာမှအားနာစရာမရှိပါဘူးနော်၊ ယောကျ်ားလေးက ဖွင့်ဟကြေညာလိုက်ရုံပါပဲ၊ ကျွန်မတို့ရွှေနယ်မြေမှာ အဲဒီကိစ္စအတွက် အားလုံးပွင့်လင်းလွတ်လပ်ပါတယ်၊ ယောကျ်ားလေးဘက်က အတည်ပြု ကြေညာလိုက်တာနဲ့ ရွှေနယ်မြေသားအားလုံးဟာ ဝမ်းသာအားရ ထိမ်းမြားပွဲပြုလုပ်ပေးပါတယ်"

သူမက ဆက်၍ပြောပြပြန်သည်။

"ဒီနယ်မြေမှာမွေးတဲ့ကလေးကတော့ ရွှေနယ်မြေအပြင်ဘက်ကို ထွက်ခွာနေထိုင်ခွင့်မရှိတော့ပါဘူး။ ရှင့်အနေနဲ့ နောက်တစ်ခုသိထားဖို့က ဒီနယ်မြေမှာ ယောကျ်ားသားတစ်ဦးဟာ ဇနီးမယားမြောက်မြားစွာကို တရားဝင်ယူဆောင်ပိုင်ခွင့်ရှိတယ်ဆိုတာပါပဲ"

တောင်တင်းရယ်သည် ပြောပြီးနောက် မည်သည့်



အကြောင်းမှန်းမသိဘဲ ရှက်သွေးဖြန်းသွားလေသည်။

သူမ၏မျက်နှာကိုလည်း အောက်သို့ငုံ့လိုက်သည်။

ထိုအချိန်တွင် ရွှေနန်းတော်ပေါ်မှ တံပိုးခရာမှုတ်သံတစ်သံထွက်ပေါ်လာသည်။ အသံသည် ကျယ်လောင်ခြင်း မရှိလှသော်လည်း တောင်တင်းရယ်အနေဖြင့် ကောင်းစွာကြားနိုင်လေသည်။ တောင်တင်းရယ်သည် ထိုတံပိုးခရာသံကို ကြားသောအခါ တစ်ကိုယ်လုံး တုန်ခါသွားလေသည်။

"ဟော ... ဒါ ကျွန်မကို ခေါ်တဲ့အသံပဲ"

"ဘယ်လို ... ဘယ်လို"

ကွမ်ယုက မေးလိုက်သည်။

"ဒီတံပိုးခရာသံဟာ ကျွန်မကို သီးသန့်ခေါ်ယူတဲ့အသံပါ၊ မျောက်စမ်းချောင်း ရွှေနယ်မြေရဲ့ ဘုရင်မင်းမြတ်က ကျွန်မကိုတွေ့ချင်လို့ ဆင့်ခေါ်လိုက်တဲ့အသံပါ"

"ဩော် ... ဒီလိုလား"

"ကိစ္စကတော့ ထူးမယ်ထင်တယ်၊ ဘုရင်မင်းမြတ်ဟာ သက်တော်အတော်ကြီးနေပါပြီ တော်ရုံကိစ္စနဲ့ စကားပြောဆိုလေ့မရှိပါဘူး။ ကဲ ... လာကြ"

သူမသည် ရှင်းပြပြီး ရွှေနန်းတော် လှေကားကြီးများဆီသို့ ဦးတည်သွားတော့သည်။

ကွမ်ယုနှင့်ဟန်ရှင်တို့က နောက်မှလိုက်ပါသွားကြပါသည်။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



## (၅၃)

# ရွှေမြေနန်းတော်

ထိုအချိန်တွင် ...

ရွှေနန်းတော်အောက်မြေတိုက်တံခါးမှာလည်း ပွင့်သွားသည်။

အချို့သော အမျိုးသားများ ထွက်လာနေကြသည်။

ထိုတံခါးသည်ပွင့်နေရာ အထဲသို့လှမ်းကြည့်သောအခါ ဂမုန်းပန်းခူးသည့် အမျိုးသမီးကလေး ငါးယောက်ကို တွေ့လိုက်ရသည်။

သူတို့သည် ကွမ်ယုကိုလှမ်းကြည့်နေသည်။

သူတို့၏မျက်လုံးများတွင် ကွမ်ယုအား တပ်မက်သော မျက်လုံးများကို တွေ့ရသည်။ ဟန်ရှင်သည် ထိုမိန်းကလေးများကို မျက်စောင်းထိုးလေသည်။

"ကဲ ... တက်ကြပါ၊ နန်းတော်ထဲကို တော်ရုံတန်ရုံလူမဝင်ရဘူး"

တောင်တင်းရှယ်က ပြောလိုက်သည်။

ထိုအခါ ကွမ်ယုနှင့် ဟန်ရှင်တို့သည် မိန်းကလေးများကို မကြည့်တော့ဘဲ နန်းတော်အထက်သို့ တက်လိုက်ကြလေသည်။



သူတို့သည် နန်းတော်ထဲသို့ ရောက်ရှိလာကြသည်။

နန်းရင်ပြင်ကား ကြီးကျယ်ခန့်ညားလှသည်။

မည်သည့်နေရာကိုကြည့်ကြည့် မြင်သမျှသည် ရွှေသားအတိ ဖြစ်နေသည်။ တိုင်လုံးကြီးများတွင် ထွင်းဖော်ထားသည့် ပန်းကနုတ်နှင့် ခြူးနဂါးကြီးများမှာလည်း အသက်ဝင်လှသည်။

ထိုအရာအားလုံးမှာ ရွှေသားများချည်းသာ ဖြစ်သည်။

ရွှေညောင်စောင်းတစ်ခုပေါ်တွင် လုလင်ငယ်နှင့် လုံမငယ်တို့ ပြုံးရွှင်စွာထိုင်နေကြသည်။

သူတို့ လွတ်လပ်စွာနေသည့်သဘောကို ကြည့်ပါက သူတို့သည် ဘုရင့်ဆွေတော်မျိုးတော်ထဲမှဖြစ်ကြောင်း စဉ်းစား၍သိရှိနိုင်ပေသည်။

သူတို့သည် လွတ်လပ်စွာနေကြသော်လည်း စကားကိုမူ တီးတိုးပြောဆိုကြသည်။

ထိုနန်းတော်ရင်ပြင်၌ ကွမ်ယုကို မြင်ဖူးနေခဲ့သောလူကြီးကို မြင်ရ၏။ ထိုသူကား ကြွက်သားများ ဖုထစ်ကြွရွနေပြီး လက်နက်မျိုးစုံကို ချိတ်ဆွဲထားသော လူထွားကြီးပင်တည်း။

လူထွားကြီးသည် တောင်တင်းရှယ်အား တစ်ခုသောနံရံသို့ ညွှန်ပြလေ၏။ တောင်တင်းရှယ်သည် ကွမ်ယုနှင့်ဟန်ရှင်တို့ကို မေးငေါ့ပြလေ၏။ သူတို့ကို မည်သို့လုပ်ရမည်နည်းဟု မေးသည့်သဘော။ လူသန်ကြီးက ခေါ်သွားရန် လက်ဟန်ခြေဟန်နှင့် ပြသလေ၏။

တောင်တင်းရှယ်က နံရံကြီးဆီသို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကွမ်ယုနှင့်ဟန်ရှင်လည်း သူမနောက်မှ လိုက်ပါသွားရလေ၏။ တောင်တင်းရယ်သည် နံရံကြီးဆီသို့ တူရူလျှောက်သွားသည်။

သူမသည် သူမနှင့်နံရံတိုက်မိမည်ကို စိုးရိမ်ခြင်းလုံးဝမရှိဘဲ လျှောက်သွားနေသည်။

ကွမ်ယုစိတ်ထဲတွင် တောင်တင်းရယ်သည် နံရံနှင့် ဝင်တိုက်မိတော့မည်ဟု ထင်လိုက်သည်။

သို့သော် တောင်တင်းရယ် အနားသို့ရောက်လာသည်နှင့် အပေါက်တစ်ပေါက် လှစ်ခနဲ ပွင့်သွားသည်။

တောင်တင်းရယ်သည် ထိုအပေါက်မှအတွင်းသို့ ဝင်သွားရသည်။ ကွမ်ယုနှင့်ဟန်ရှင်တို့လည်း ထိုအပေါက်မှ ဝင်လိုက်ရသည်။

တောင်တင်းရယ်က လေသံတိုးတိုးဖြင့် ပြောသည်။

"ဒါ အတွင်းနန်းတော်ပဲ၊ အရေးကြီးတဲ့ လူတွေမှန်သမျှ အတွင်းနန်းတော်ထဲမှာရှိတယ်"

ကွမ်ယုနှင့် ဟန်ရှင်တို့သည် တောသူတောင်သားများသဖွယ် တောင်ငေးမြောက်ငေးဖြင့် ကြည့်ရှုကြ၏။ အတွင်းနန်းတော်ရင်ပြင်ကြီး၏ အဆုံးတွင် အလွန်ကြီးမားသည့် ရတနာပလ္လင်ကြီးတစ်ခုကို တွေ့ရ၏။ ကျောက်နီ၊ ကျောက်စိမ်းစသော ရတနာမျိုးစုံဖြင့် စီခြယ်ထား၏။ ရွှေအတိပြီးသည့် ရွှေပလ္လင်ကြီးပင်တည်း။

ထိုရတနာပလ္လင်ပေါ်၌ ဆံမုတ်ဆိတ်များ ဆွတ်ဆွတ်ဖြူနေသည့် အသက်အရွယ် အိုမင်းရင့်ရော်လှပြီဖြစ်သော ဘုရင်မင်းမြတ်ကို တွေ့ရလေ၏။

ဘုရင်မင်းမြတ်ကား ရတနာပလ္လင်ပေါ်၌ ခန့်ညားစွာ ထိုင်



နေသည်။ သူသည် အသက်အရွယ်အိုမင်းပြီဖြစ်သော်လည်း သူ၏မျက်လုံးများကား ဉာဏ်ပညာကြီးခြင်းကို ဖော်ပြလျက်ရှိသည်။

သူ၏အသက်အရွယ်သည် အတွေ့အကြုံများစွာကို ဖြတ်သန်းခဲ့ပြီးဖြစ်၍ ဘဝအတွေ့အကြုံ ပြည့်စုံခဲ့ပြီး ဖြစ်ပေသည်။

သူ၏ ဘေး၊ ရတနာပလ္လင်၏ဘေး၌ မျက်လုံးများ စူးရှတောက်ပြောင်လှသည့် မိန်းကလေးနှစ်ဦး ရှိနေသည်။

သူတို့၏မျက်လုံးများသည် သိမ်းငှက်ကဲ့သို့ စူးရှလှသည်။

သူတို့သည် မည်သည့်လက်နက်ကိုမျှ ကိုင်ဆောင်ထားခြင်းမရှိသော်လည်း ထိုမိန်းကလေးနှစ်ဦးထံမှ အေးစိမ့်သော အငွေ့အသက်များ ပျံ့လွင့်လျက်ရှိနေသည်။

ထိုမိန်းကလေးနှစ်ဦးသည် ကွမ်ယုနှင့်ဟန်ရှင်တို့ကို ကျားရဲက သားကောင်ကို စောင့်ကြည့်နေသကဲ့သို့ ကြည့်နေလေသည်။

ရတနာပလ္လင်အနီးသို့ ရောက်သောအခါ တောင်တင်းရယ်က လက်တား၍ ကွမ်ယုတို့ကို ရပ်နိုင်းလေ၏။

ကွမ်ယုတို့သည် နောက်ဆုတ်ပြီး ရပ်နေလိုက်ကြသည်။

တောင်တင်းရယ် တစ်ဦးတည်းသော ရတနာပလ္လင်ရှေ့သို့ တိုးကပ်သွားသည်။ သူမသည် ရတနာပလ္လင်ရှေ့ ကျောက်စိမ်းလေးကို ဦးညွှတ်အရိုအသေပေးသည်။

ပတ်ဝန်းကျင်၌ အစောင့်များစွာရှိသော်လည်း ထိုအစောင့်များသည် မျက်လွှာချလျက် ရပ်နေကြသည်။ တောင်တင်းရယ်ကို ဘုရင်မင်းမြတ်က စူးစူးစိုက်စိုက်ကြည့်လေ၏။

"အသင် တောင်တင်းရယ် ... သင်သည် သူစိမ်းနှစ်ဦးကို

www.burmeseclassic.com

www.burmeseclassic.com



ရွှေနယ်မြေအတွင်းသို့ ဖမ်းဆီးခေါ်ဆောင်လာသည်ဟု ကျွန်ုပ် သိရသည်၊ အကျိုးအကြောင်းကို ရှင်းလင်းပါလေ"

ဘုရင်မင်းမြတ်က မိန့်ကြားလေသည်။

တောင်တင်းရယ်သည် ဘုရင်မင်းမြတ်အား မော်ကြည့်ရင်း ဤသို့ လျှောက်ထားလေ၏။

"မှန်ပါသည် ဘုရင်မင်းမြတ် ... သူစိမ်းနှစ်ဦးမှာ ဤသူများဖြစ်ပါသည်၊ ကွမ်ယုနှင့် ဟန်ရှင်ဟု ခေါ်ပါသည်။ သူတို့နှစ်ဦးကို ဤနယ်မြေသို့ ဖမ်းဆီးခေါ်ဆောင်လာခြင်းမှာ အကြောင်းရှိပါသည်။ အဘယ်ကြောင့်နည်းဆိုသော် သူတို့သည် ရွှေနယ်မြေအတွက် နှစ်စဉ်လိုအပ်နေသော အိပ်ပျော်မွေ့ဂမုန်းပန်းခင်းကြီးကို မမျှော်လင့်ဘဲ တွေ့မြင်သိရှိသွား၍ ဖြစ်ပါသည်။ ကျွန်တော်မျိုးမမှာ သူတို့နှစ်ယောက်အား လွှတ်ပေးလိုက်ရပါမည်လော၊ လွှတ်မပေးနိုင်ပါ၊ ထို့ကြောင့် သူတို့နှစ်ဦးကို ဖမ်းဆီးခေါ်ဆောင်လာခဲ့ခြင်း ဖြစ်ပါတယ် ဘုရင်မင်းမြတ်"

ဘုရင်မင်းမြတ်က ခေါင်းညိတ်လေ၏။

"ကောင်းလှပေပြီ ... သင်၏အကြောင်းပြချက်သည် နိုင်ငံပေသည်၊ ယခု သင်ဖမ်းဆီးလာသော အကျဉ်းသားများကို မည်သည့်အဆင့်အတန်း သတ်မှတ်မည်နည်း"

ဘုရင်မင်းမြတ်ထံမှ ထိုမေးခွန်း ထွက်ပေါ်လာသောအခါ အတန်ကြာသည်အထိ တောင်တင်းရယ်သည် အဖြေမပေးနိုင်ခဲ့ချေ။

◈ ◈ ◈



# (၃၄)

သူမသည် တွေ့ဆိုင်းနေ၏။

ထို့နောက်မှ အသံခပ်တိုးတိုးဖြင့် ပြောကြားလာလေသည်။

"အဖြစ်ပေးလျှောက်လည်း ခံရပါမည် ... အရှင်မင်းမြတ်၊ ကျွန်တော်မျိုးမသည် အကျဉ်းသားနှစ်ဦးကို မြင်လျှင်မြင်ချင်း ချစ်ခင်တွယ်တာပါသောစိတ်ဓာတ်ဖြင့် ကျွန်မအား သိုင်းပညာယှဉ်ပြိုင်ခွင့်ပြုစေခြင်း ဖြစ်ပါသည်၊ အမှန်မှာ သူတို့အား ကျွန်တော်မျိုးမ စေတနာထားမိခြင်း ဖြစ်ပါသည်။ စင်စစ် သူတို့၏သိုင်းပညာမှာ ကျွန်တော်မျိုးမကို မည်သို့မျှ မမီပါ၊ သို့သော် ကျွန်တော်မျိုးမသည် သူတို့ကို ဤနယ်မြေ၌ လွတ်လွတ်လပ်လပ်သွားစေလိုက်ပါသည်။ ထို့ကြောင့် ကျွန်တော်မျိုးမ၏ သိုင်းပညာကို မမိမှန်းသိသော်လည်း ယှဉ်ပြိုင်ခွင့်ပြုခဲ့ခြင်း ဖြစ်ပါသည်။ ယခု ကျွန်တော်မျိုးမနှင့်အဆင့်တူ သွားလာခွင့်ရှိသော အကျဉ်းသားများအဖြစ် ကျွန်တော်မျိုးမ သတ်မှတ်ခဲ့ပါသည် အရှင်"

သူမသည် အမှန်အတိုင်း ဖြေလိုက်ရ၏။

သူမ အမှန်အတိုင်း မဖြေ၍လည်း မရချေ။

တောင်တင်းရယ် ဒူးထောက်ထိုင်နေသော ကျောက်စိမ်းလေးထောင့်ကွက်သည် သာမန် ကျောက်စိမ်းကြမ်းပြင် မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



အလွန်ထူးဆန်းသော ကျောက်သားပြင်ဖြစ်၏။

လူတစ်ဦး၏စိတ်ထဲ၌ မမှန်မကန်စိတ်များဖြင့် ညစ်ထေး ရှုပ်ပွေနေလျှင် ကျောက်စိမ်းကြမ်းပြင်သည်လည်း စိမ်းမနေဘဲ မည်း မှောင်သွားမည်ဖြစ်သည်။

တောင်တင်းရယ် လိမ်ညာခဲ့လျှင် ကျောက်စိမ်းကြမ်းပြင် မည်းမှောင်သွားမည်တည်း။

ထိုသို့လိမ်ညာပြောသည့်အတွက် အပြစ်ဒဏ်ကား မည်သို့ ပေနည်း။

ထို့အတွက် အပြစ်ဒဏ်ကား သေဒဏ်တည်း။

ဘုရင်မင်းမြတ်က ...

"သင် အမှန်အတိုင်း ဝန်ခံခဲ့ပေသည်၊ ထို့အတွက် ကျွန်ုပ် အပြစ်မဆိုတော့ပေ၊ သို့သော် သင်မသိသေးသော အကြောင်းအရာ များ ရှိပေသည်၊ သင်သည် နယ်မြေလုံခြုံရေးကို ဆောင်ရွက်နေရ သော သူဖြစ်၍ ဤအကြောင်းများကို သင် သိခွင့်ရှိပေသည်"

တောင်တင်းရယ်သည် ခေါင်းထောင်သွားလေ၏။

ဘုရင်မင်းမြတ်က ...

"ကျွန်ုပ်တို့ရွှေနယ်မြေကို မြေပြန့်သားသိုင်းသမားများသည် လောဘသတ္တာရများဖြင့် ရောက်ရှိလာကြသည်ကို သင် အသိပင် ဖြစ်သည်၊ ၎င်းတို့အနက် ဂိုဏ်းတစ်ဂိုဏ်းသည် ကျွန်ုပ်တို့နယ်မြေကို တစ်စွန်းတစ်စ ရိပ်မိနေပေပြီ၊ ထိုသိုင်းဂိုဏ်းကား တောင်ပေါ်မြား နက်ဂိုဏ်းပေတည်း။ သူတို့၏ သူလျှိုများ အထောက်တော်များသည် ဤနယ်မြေအနီးအပါးသို့ပင် ရောက်ရှိနေကြလေပြီ"



ဘုရင်မင်းမြတ်သည် ပြောလက်စ စကားကို ရပ်ထားလိုက် သည်။

ကွမ်းယူနှင့်ဟန်ရှင်တို့ထံသို့ မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက် သည်။

"ထို့ထက် စိုးရိမ်စရာကောင်းသောသတင်းမှာ တရုတ်ပြည်မ ကြီး၏ ဘုရင်မင်းမြတ်၏ နန်းတော်တွင်းမှာပင် ကျွန်ုပ်တို့ ရွှေနယ်မြေ သတင်းကို စုံစမ်းနေပြီဖြစ်ကြောင်း သတင်းအခိုင်အလုံ သိရပေသည်၊ ဤသတင်းများကို သင် မသိရသေးဟု ကျွန်ုပ်ယူဆပေသည်"

ဘုရင်မင်းမြတ်၏ စကားကိုကြားလျှင် တောင်တင်းရယ် အလွန်တုန်လှုပ်သွားလေ၏။ သူမက ...

"တရုတ်ပြည်မကြီး၏ ဘုရင်မင်းမြတ် ကိုယ်တော်တိုင်က စိတ်ပါဝင်စားတာပါလား အရှင်မင်းကြီး"

ဘုရင်မင်းမြတ်သည် တည်ကြည်စွာ ပြောလေ၏။

"ထိုအကြံအစည်တွင် ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ပါဝင် ခြင်း ရှိမရှိတော့ ကျွန်ုပ်မသိရချေ၊ သို့သော် သေချာသည့် အချက် တစ်ချက်တော့ ရှိသည်၊ ဘုရင်မင်းမြတ်၏ သွေးသားထဲမှ အရေးပါ သော နန်းတွင်းအင်အားစုကတော့ ပါဝင်နေပြီဆိုတာကို ကျွန်ုပ် တိတိ ကျကျ သိရပေသည်၊ သို့ဖြစ်၍ သူစိမ်းများအပေါ် အယုံအကြည် မလွယ်ရန် သင့်ကို ကျွန်ုပ် သတိပေးထားမှ သင့်လျော်ပေလိမ့်မည်"

"မှန်လှပါ ... ဘုရင်မင်းမြတ်သဘောတော်အတိုင်း ဖြစ်စေ ရပါမည်"

တောင်တင်းရယ်သည် ဦးခိုက်ပြောကြားလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မင်းမြတ်က ခေါင်းညိတ်သည်။

"ကောင်းလှပေပြီ ... သူစိမ်းများကို ကျွန်ုပ်ကြည့်လို၏။ သူတို့ ရှေ့တိုး ခစားကြပါစေ"

ဘုရင်မင်းမြတ်၏စကားကို ကြားသောအခါ တောင်တင်းရယ် မျက်နှာပျက်သွားလေသည်။

အခြေအနေတစ်ခုခု ထူးခြားမည်ကား အမှန်ပင် ဖြစ်တော့သည်။ သူမက တုန်ယင်သောအသံဖြင့် ...

"ကွမ်ယုနှင့်ဟန်ရှင် ... ကျွန်ုပ်မထိုင်နေတဲ့ ကျောက်စိမ်းလေးထောင့်ကွက်မှာ လာထိုင်ကြပါ၊ ဘုရင်မင်းမြတ်ကို ရှိခိုးဂါရဝပြုပါ"

သူမသည် ကျောက်စိမ်းကြမ်းပြင်ပေါ်မှ ထပေးလိုက်သည်။ ကွမ်ယုနှင့်ဟန်ရှင်တို့မှာ ကျောက်စိမ်းကြမ်းပြင်ပေါ်၌ ထိုင်ချလိုက်လေသည်။

သူတို့သည် ဘုရင်မင်းမြတ်ကို ဂါရဝပြု ဦးညွတ်ကြသည်။

ထိုအခါ၌ အံ့ဩဖွယ်ရာ ထူးဆန်းသောအချင်းအရာကို မြင်ရတော့သည်။

ကွမ်ယုနှင့်ဟန်ရှင်တို့ ဒူးထောက်ထိုင်နေသည့် ကျောက်စိမ်းကြမ်းပြင် မည်းနက်ညိုမှောင်လာခြင်းပေတည်း။

"ဟင်း"

တောင်တင်းရယ်ထံမှ အာမေဋိတ်သံ ထွက်ပေါ်လာတော့သည်။

ကျန်ရှိသော အစောင့်အရှောက်များသည်လည်း ထိုအချင်းအရာကို မြင်ရသည်။



ထိုအခါ ကွမ်ယုနှင့်ဟန်ရှင်ကို စိမ်းစိမ်းကြည့်နေကြလေတော့သည်။

ဘုရင်မင်းမြတ်သည် ကျောက်စိမ်းကြမ်းပြင်ကို လက်ညှိုးညွှန်၍ ပြောသည်။

"ကိုင်း ... သင်တို့ ဘာပြောချင်ကြသေးသနည်း။ သင်တို့၏ သဘောထားအမှန်ကို ကျောက်စိမ်းကြမ်းပြင်က ဖော်ပြနေပေပြီ၊ သင်တို့သည် ကျွန်ုပ်တို့၏ ရွှေနယ်မြေအပေါ်တွင် စိတ်ဆိုးစိတ်ယုတ်များ ရှိနေကြောင်း ပေါ်လွင်နေလေပြီ၊ သင်တို့ မည်မျှလိမ်ညာ၍ မရပေ။ သင်တို့ သေဒဏ်ထိုက်သင့်နေပေပြီ၊ သင်တို့နှစ်ဦး မည်သည့် အကြောင်းများ ချေပချင်သေးသနည်း"

ဘုရင်မင်းမြတ်၏လေသံမှာ ခက်ထန်နေပေသည်။

ကွမ်ယုမှာ ကျောက်စိမ်းကြမ်းပြင်အား ကြည့်လိုက်၏။

တောင်တင်းရယ် ထိုင်စဉ်က စိမ်းမြနေသော ကျောက်စိမ်းကြမ်းပြင်သည် ယခုအခါ အံ့ဩစဖွယ် မည်းမှောင်နေပေ၏။

ကွမ်ယုသည် စကားပင်မပြောနိုင်ဘဲ မှင်တက်နေမိတော့သည်။

တောင်တင်းရယ်က ချောင်းဟန့်သံပြုလိုက်မှ ကွမ်ယု သတိဝင်လာတော့သည်။

"ဘုရင်မင်းမြတ် ... ကျွန်ုပ်တို့သည် ကျေးတောသားများ ဖြစ်ပါသည်၊ ကျွန်ုပ်တို့သည် မြို့ကြီးပြကြီးကို ရောက်ဖူးသူများ မဟုတ်ကြပါ၊ ဘုရင်မင်းမြတ်၏ ရွှေနန်းတော်ကြီးသည် အလွန်ကြီးကျယ်ပြီး အလွန်စိတ်လှုပ်ရှားစရာကောင်းပါသည်၊ ကျွန်ုပ်တို့မှာ

www.burmeseclassic.com

www.burmeseclassic.com



လွန်စွာ စိတ်လှုပ်ရှားနေကြပါ၏။ အကယ်၍ ကျွန်ုပ်တို့စိတ်ဓာတ်များ ပြန်လည်တည်ငြိမ်အောင် ထိန်းချုပ်နိုင်ရန် အချိန်အနည်းငယ် ပေးပါလျှင် ကျောက်စိမ်းမျက်နှာပြင် ညစ်နွမ်းမှုပြန်လည် ပျောက်ကင်းသွားပါလိမ့်မည်"

ကွမ်ယုသည် အရဲစွန့်၍ လျှောက်ထားလိုက်သည်။

ဘုရင်မင်းမြတ်သည် ကွမ်ယုကိုလည်းကောင်း ဟန်ရှင်ကိုလည်းကောင်း တစ်လှည့်စီကြည့်၍ အမိန့်ချလိုက်သည်။

"ကောင်းပြီ ... သင်တို့ကို အချိန်အနည်းငယ်ပေးမည်၊ သင်တို့ ကြိုးစားကြည့်လိုက ကြိုးစားကြည့်ပါလေ"

ကွမ်ယုသည် ဟန်ရှင်ကို အချက်ပေးပြီး တင်ပျဉ်ခွေထိုင်လိုက်သည်။

ဟန်ရှင်ကလည်း ကွမ်ယုနှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်သည်။

သူတို့သည် လက်များကို ဆန့်တန်းကာ လက်ဖဝါးချင်းထိဆက်လိုက်သည်။

◈ ◈ ◈



## (၃၁)

ထိုအခါ ဘုရင်မင်းမြတ်သည် ရှောင်းဟန်နှင့်ပြီး ချက်ချင်းတားမြစ်လေသည်။

"ကျွန်ုပ်တို့ ရွှေနယ်မြေ၏ စည်းကမ်းကို တောင်တင်းရယ်က ပြောပြမထားပါသလော၊ ဤနယ်မြေ၌ သွေးသားမတော်စပ်သော အမျိုးသားနှင့် အမျိုးသမီးတို့ တစ်ဦးကိုတစ်ဦး ခန္ဓာကိုယ်ချင်း ထိတွေ့ခွင့်မရှိချေ။ သင်တို့ရပ်လော့"

ကွမ်ယုက ချက်ချင်းပင် လျှောက်ထားလေသည်။

"ကျွန်ုပ်၏ရှေ့တွင် ထိုင်နေသော ဟန်ရှင်ဟူသည့် အမျိုးသမီးကို ကျွန်ုပ်က တရားဝင်လက်ထပ်ယူမည်ဖြစ်ကြောင်း ဤရွှေနယ်မြေအတွင်း၌ ဤသို့ကြေညာလိုက်လျှင် ကျွန်ုပ်တို့ ထိတွေ့ခွင့်ရပြီဟု ထင်ပါသည် ဘုရင်မင်းမြတ်"

ဟန်ရှင်၏မျက်နှာတစ်ပြင်လုံး ရှက်သွေးများ ရဲတက်သွား၏။

သို့သော် သူမက မကန့်ကွက်ချေ။

တောင်တင်းရယ်မှာမူ မျက်နှာညိုးသွားပြီး ဦးခေါင်းငုံ့ချလိုက်လေ၏။

"ကောင်းပြီ ... သင်သည် ဤအမျိုးသမီးငယ်ကို ကိုင်ခွင့်ရှိပေပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မင်းမြတ်က ခွင့်ပြုလိုက်လေ၏။

ကွမ်ယုနှင့်ဟန်ရှင်တို့သည် လက်ချင်းထိဆက်ပြီး နှစ်ဦးသား အတွင်းအားများကို ထိန်းချုပ်ကြ၏။

သို့မှသာ စိတ်များ တည်ငြိမ်မည် မဟုတ်ပါလား။

ကွမ်ယုက ဟန်ရှင်အား ...

"ဟန်ရှင် ... မင်းစိတ်ထဲမှာ ဒီနယ်မြေကို ကိုယ့်တိုင်းပြည် ကိုယ့်နိုင်ငံလို သဘောထားပြီး ချစ်ခင်မြတ်နိုးစိတ်တွေ မွေးလိုက်ပါ"

သူသည် တိုးညင်းစွာ သတိပေးလိုက်၏။

ဟန်ရှင်သည် သူမ၏စိတ်ကို ကွမ်ယု ညွှန်ကြားသည့်အတိုင်း ထိန်းချုပ်ပြုပြင်လိုက်၏။

ကျောက်စိမ်းကြမ်းပြင်ပေါ်မှ မည်းညစ်မှု အချို့သည် ဆုတ်ယုတ်ပျက်ပျယ်ပြယ်သွားလေ၏။ ကွမ်ယုက ...

"ရွှေနယ်မြေရဲ့ ဘုရင်မင်းမြတ်ကို လေးမြတ်ရိုကျိုးတဲ့စိတ် မွေးမြူလိုက်ပါ"

ကွမ်ယုပြောသည့်အတိုင်း ဟန်ရှင်သည် သူမ၏စိတ်ကို ကြိုးစားပြုပြင်လိုက်ရ၏။

ဘုရင်မင်းမြတ်ကို ကြည်ညိုသည့်စိတ်များ မွေးမြူလိုက်ရသည်။ ဘုရင်မင်းမြတ်မှာ လေးစားရုံလောက်သာရှိသည့် ဥပမိရုပ် ရှိပေသည်။

ကျောက်စိမ်းကြမ်းပြင်ပေါ်မှ အမည်းကွက်အချို့ ပြေပျောက်သွားပြန်၏။ သို့သော် ဟန်ရှင်ထိုင်နေသည့် ပတ်လည်တွင်မူ အမည်းကွက်အချို့ ကျန်နေသေးသည်။



ကွမ်ယုက ...

"ဟန်ရှင် ... မင်းစိတ်ထဲမှာ တောင်တင်းရယ်အပေါ် ကြည်ညိုစိတ်တွေ ကျန်နေသေးတယ်၊ တောင်တင်းရယ်ဟာ တို့အပေါ် တကယ်ခင်မင်တယ်ဆိုတာ စောစောက ထုတ်ဖော်ပြောပြသွားပြီပဲ၊ လိမ်ညာလို့ မရဘူး။ သူ့ကို မင်း အစ်မတစ်ယောက်လို ချစ်ခင်မွေးမြူစိတ် မွေးလိုက်စမ်းပါ"

အတန်ကြာသည်အထိ မည်သို့မျှ ထူးခြားမလာချေ။

ကွမ်ယုက ...

"ဟန်ရှင် ... မင်းစိတ်ကို ပြုပြင်လိုက်ပါ၊ မင်းစိတ်ကို တင်းမထားပါနဲ့၊ မင်းထိုင်နေတဲ့ ကျောက်စိမ်းကြမ်းပြင်က မင်းရဲ့တင်းမာတဲ့စိတ်ထားတွေကို ဖော်ပြနေတယ်၊ အားလုံးက သိမြင်နေကြတယ်၊ မင်းစိတ်တွေကို လျှော့မချနိုင်ရင်တော့ ငါတို့ အသက်ခံရတော့မှာပဲ"

ကွမ်ယုက တိုးညင်းစွာ သတိပေးလိုက်၏။ ဟန်ရှင် သက်ပြင်းချသည်။ သူမသည် စိတ်ကို ပြုပြင်လိုက်သည်။

ကျောက်စိမ်းကြမ်းပြင်မှ အမည်းစက်များ တစ်ကွက်မကျန်အောင် သန့်စင်သွားလေပြီ။

ဘုရင်မင်းမြတ်သည် ကျောက်စိမ်းကြမ်းပြင်ကို ကြည့်၍ ပြုံးရယ်လေ၏။

"သင်တို့နှစ်ယောက်ကို ကျွန်ုပ် ချီးကျူးပေသည်။ သင်တို့၏စိတ်ဓာတ်များသည် သန့်ရှင်းဖြူစင်သွားပြီဖြစ်သောကြောင့် တောင်တင်းရယ်နှင့်အတူ လွတ်လပ်စွာ နေထိုင်ခွင့်ရှိသွားပေပြီ။ သင်တို့ သွားပေလော့"

www.burmeseclassic.com

www.burmeseclassic.com



တောင်တင်းရယ်၏မျက်နှာသည် ဝင်းလက်သွားလေ၏။

သူတို့အားလုံးသည် ဘုရင်မင်းမြတ်ကို ဦးညွှတ်အရိုအသေပြုလိုက်သည်။

တောင်တင်းရယ်ကား ဝမ်းအသာဆုံးလူ ဖြစ်နေလေသည်။

ဘုရင်မင်းမြတ်က သူတို့အားလုံးကို လက်ကာပြလိုက်၏။ ထွက်ခွာသွားကြစေဟု အချက်ပြလိုက်ခြင်း ဖြစ်သည်။

တောင်တင်းရယ်၊ ကွမ်ယုနှင့် ဟန်ရှင်တို့သည် နန်းတော်ထဲမှ ကောင်းစွာပြန်ထွက်လာနိုင်ကြလေ၏။

သူတို့ ကောင်းမွန်စွာထွက်လာသည်ကို တွေ့ရသော လူသန်ကြီးသည် အလွန်အံ့ဩသွားလေ၏။

တောင်တင်းရယ်က ပြုံးရယ်ပြီး လူသန်ကြီးကို နှုတ်ဆက်လေ၏။

"ချန်ခြူးရေ ... ဒီက မိတ်ဆွေနှစ်ယောက် မှတ်ထားပါကွယ်၊ ဘုရင်မင်းမြတ်က ငါ့နည်းတူ လွတ်လပ်စွာ သွားလာခိုင်းလိုက်ပါပြီ၊ သူက ကွမ်ယုတဲ့၊ သူကတော့ ဟန်ရှင်တဲ့၊ သူတို့နှစ်ယောက်ဟာ ဘုရင်မင်းမြတ်ရှေ့မှာ လက်ထပ်ဖို့ကြေညာထားတဲ့ လူနှစ်ယောက်ဖြစ်ပါတယ်၊ ကွမ်ယုနဲ့ဟန်ရှင်တို့ကလည်း ချန်ခြူးကို မှတ်ထားကြပါ၊ ချန်ခြူးဟာ နန်းတွင်းသိုင်းသမားများရဲ့ အကြီးအမှူးပါ"

ချန်ခြူးသည် သူ၏ဦးခေါင်းကို မညွှတ်ချင် ညွှတ်ချင်နှင့် ဂါရဝပြု နှုတ်ဆက်လိုက်ရ၏။

ကွမ်ယုနှင့်ဟန်ရှင်တို့ကလည်း သွက်လက်စွာ ပြန်လည်ဦးညွှတ်လိုက်လေ၏။



သူတို့သည် တောင်တင်းရယ်၏ စိတ်သဘောကို သိရှိလိုက်ကြသည်။

တောင်တင်းရယ်က သူတို့အား ချန်ခြူးနှင့် ပြေပြေလည်လည်ဖြစ်စေလိုသည့် သဘောရှိကြောင်း သူတို့ရိပ်မိကြသည်။

ချန်ခြူးသည် ဤနယ်မြေ၌ အရေးပါသူ တစ်ဦးဖြစ်မည်မှာ မုချပင်။

သို့သော် ကွမ်ယုသည် ချန်ခြူးကိုကြည့်၍ အလွန်အံ့ဩနေ၏။

ဤမျှ သန်မာထွားကျိုင်းသောခန္ဓာကိုယ်ကြီး၌ အဘယ်ကြောင့် လက်နက်မျိုးစုံကို ချိတ်ဆွဲကိုင်ဆောင်ရသနည်း။

ကွမ်ယု၏စိတ်ထဲ၌ ခိုးလိုးခုလုကြီး ဖြစ်နေတော့သည်။

သူတို့သည် ချန်ခြူးကို နှုတ်ဆက်ပြီးနောက် လှေကားနန်းတော်မှ ဆင်းသက်သွားကြ၏။

နန်းတွင်းသိုင်းသမားများ၏အကြီးအမှူး ချန်ခြူးသည် ကွမ်ယုနှင့် ဟန်ရှင်ကို စိမ်းစိမ်းကြည့်လျက် ကျန်ရစ်လေတော့သည်။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



(၃၆)

## ရွှေနယ်မြေ၏ အခြေအနေ

ကွမ်ယုနှင့် ဟန်ရှင်တို့ကား ရွှေနယ်မြေပြည်သူပြည်သားများကဲ့သို့ လွတ်လပ်သောသူများ ဖြစ်နေပေသည်။

သူတို့သည် ရွှေနယ်မြေမှ ထွက်ပြေးရန် မကြိုးစားသမျှ လွတ်လပ်သူများ ဖြစ်နေကြလေပြီ။

တောင်တင်းရယ်သည် ကွမ်ယု နေထိုင်ရန်အတွက် ရွှေနယ်မြေတွင် အိမ်ငယ်တစ်လုံးကို လိုက်လံပြသပြီး နေရာချထားပေးသည်။

ဤရွှေနယ်မြေ၌နေထိုင်သူများမှာ တစ်ဦးနှင့်တစ်ဦး မတူညီကြပေ။

ဤနယ်မြေ၌ နေထိုင်သူများမှာ အဆင့်အတန်းသုံးမျိုး ရှိကြောင်း တောင်တင်းရယ်က ရှင်းပြလေ၏။

ပထမအမျိုးအစားမှာ ဘုရင်မင်းမြတ်နှင့်တကွ နန်းတွင်းသူ နန်းတွင်းသား နန်းတော်အသိုင်းအဝိုင်း ဖြစ်လေ၏။

သူတို့သည် အစဉ်သဖြင့် ဘုရင့်မျိုးနွယ်မှ ဆင်းသက်သူများ ဖြစ်ကြရသည်။

ခြွင်းချက်အရ ...



အချို့လူများလည်း နန်းတော်အသိုင်းအဝိုင်း၌ ပါခွင့်ရသည်။

သူတို့အားလုံး သိုင်းပညာထူးချွန်အောင်၊ အထူးချွန်ဆုံးဖြစ်အောင် လေ့ကျင့်ထားကြရသည်။

ရွှေနယ်မြေ၏ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ကိစ္စအဝဝကို နန်းတော်ကြီးကို ဗဟိုပြု၍ စီစဉ်ဆောင်ရွက်ကြရသည်။

သူတို့အနေဖြင့် အခြားမည်သည့်ကိစ္စကိုမျှ ဆောင်ရွက်ရန် တာဝန်မရှိချေ။

သူတို့ဘဝတွင် နန်းတော်ကြီး သာယာရေးကိစ္စမျှကိုသာ ဆောင်ရွက်ကြရသည်။

သို့ဖြစ်၍ သူတို့တွင် အချိန်များစွာ ပိုလျှံနေ၏။

ထိုပိုလျှံနေသော အချိန်များစွာကို သူတို့သည် သိုင်းပညာ လေ့ကျင့်ခြင်းဖြင့် ကုန်ဆုံးစေသည်။

သိုင်းပညာကို ထူးချွတ်သထက် ထူးချွန်အောင် လေ့ကျင့်ကြရသည်။ ဤကား ပထမအမျိုးအစား ဖြစ်လေ၏။

ဒုတိယအမျိုးအစားမှာ နန်းတော်တွင်းမှ ဆုံးဖြတ်လိုက်သော ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရသည့် အကြီးအကဲအုပ်စုဖြစ်လေ၏။

အကြီးအကဲအုပ်စုမှာ မျောက်စမ်းချောင်း ရွှေနယ်မြေတစ်ခုလုံးတွင် နေထိုင်ကြသော မြို့သူမြို့သားများကို ကိုယ်ထိလက်ရောက် ကိုင်တွယ်အုပ်ချုပ်ရလေသည်။

ရွှေနယ်မြေအား ထိပါးလာမည့် ရန်သူများ၊ လူဆိုးများ၊ သူလျှိုများနှင့် အထောက်တော်များကို ဖမ်းဆီးဖော်ထုတ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေနယ်မြေအပေါ် ကျရောက်လာမည့် ဘေးအန္တရာယ်များကို စီမံကာကွယ်ရသည်။

ရွှေနယ်မြေ မြို့သူမြို့သားများအတွက် စားစရာရိက္ခာ အဝတ်အထည်၊ လူသုံးပစ္စည်းများကို ဝယ်ယူပေးရသည်။ အခြားအထွေထွေကိစ္စများကို ဆောင်ရွက်ပေးရသည်။

ထိုဒုတိယအမျိုးအစား အကြီးအကဲအုပ်စုတွင် တောင်တင်းရယ်သည် ထိပ်ဆုံးခေါင်းဆောင်ဖြစ်လေသည်။

တတိယအမျိုးအစားမှာ ရွှေနယ်မြေ၏အင်အားအများစုဖြစ်သော မြို့သူမြို့သားများပေတည်း။

ရွှေနယ်မြေ မြို့သူမြို့သားများ၏ အဓိကတာဝန်များမှာ လုံခြုံရေးတပ်သားများအဖြစ် အလျင်အမြန် ပြောင်းလဲနိုင်ရခြင်း၊ မြို့ကို တာဝန်ယူစောင့်ကြပ်ရခြင်း၊ ရိက္ခာဝယ်ယူရေးအဖွဲ့များဖွဲ့ကာ ရွှေနယ်မြေပြင်ပသို့ ထွက်ခွာရခြင်း၊ တရုတ်ပြည်တစ်ဝှမ်း မြေပြန့်မြို့များသို့ ထွက်ခွာကာ မြို့သူမြို့သားများ စားသောက်ဝတ်ဆင် သုံးစွဲနိုင်ရေးအတွက် ရိက္ခာ၊ အသုံးအဆောင်၊ ပစ္စည်းများဖြင့် ဖြန့်ခွဲဝေရခြင်းတို့ကို ဆောင်ရွက်ရသည်။

ထိုသို့ ဆောင်ရွက်ရာ၌ သတိကြီးစွာထားရသည်။

သူတို့သည် အစုလိုက်အပုံလိုက် အများအပြား မဝယ်ကြချေ။ မဝယ်ဝံ့ခြင်း ဖြစ်သည်။

သူတို့ အစုလိုက်အပုံလိုက် အများအပြားဝယ်ပါက ရွှေနယ်မြေအား သတင်းအနံ့ခံနေသော မြေပြန့်သိုင်းသမားများ ရိပ်မိသွားနိုင်၍ဖြစ်သည်။



သူတို့သည် ထိုတာဝန်များအပြင် သိုင်းပညာလေ့ကျင့်ကြရခြင်း၊ နန်းတွင်းသူ နန်းတွင်းသားများနှင့် အကြီးအကဲအုပ်စုအတွက် အစားအသောက်များ ချက်ပြုတ်စီမံပေးရခြင်း တာဝန်များ ထမ်းဆောင်ရသေးသည်။

နယ်မြေအား မျောက်စမ်းချောင်း ရွှေနယ်မြေဟု ခေါ်ရခြင်းမှာ အကြောင်းမဲ့ မဟုတ်ချေ။

နယ်မြေတစ်ခုလုံး ရွှေအတိပြီးနေသဖြင့် ရွှေနယ်မြေဟု ခေါ်ဆိုရခြင်းဖြစ်သည်။

ရွှေကို တရုတ်ပြည်တစ်ပြည်လုံး နှစ်ခြိုက်ကြသည်။ ရွှေရှိလျှင် ငွေရှိသည်။

သူတို့အတွက် လိုအပ်သော စားနပ်ရိက္ခာမှအစ အဝတ်အစား လက်နက်အဆုံး ပစ္စည်းများကို ထုတ်ယူရန် မကြိုးစားကြတော့ဘဲ တရုတ်ပြည်တစ်ဝှမ်းလုံးရှိ မြို့များမှသာ ဝယ်ယူသုံးစွဲကြသည်။

ရွှေနယ်မြေ၌ ...

ရိက္ခာမျိုးစုံရှိသည်။ ကုန်ခြောက်မျိုးစုံ ရှိသည်။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



## (၇၇)

သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များကိုမူ ရွှေနယ်မြေအား ဝန်းရံထားသည့် နက်ရှိုင်းသော တောကြီးများအတွင်းမှရရှိသည်။

အဝတ်အထည်များသည်လည်း တရုတ်ပြည်အနှံ့မှ ဝယ်ယူတင်သွင်း လေရကား တရုတ်ပြည်အနှံ့ သုံးစွဲသော အဝတ်အစားမျိုးစုံ ရှိသည်။

ခေတ်မီသော အဝတ်အထည်များပင် ရှိသည်။

လက်နက်များကိုလည်း ကြည့်ပါဦး။

ရွှေနယ်မြေရှိ လူဦးရေနှင့် လက်နက်ပင်မမျှ ဖြစ်ရသည်။ ဓား၊ လှံ၊ လေး၊ မြား၊ ချိန်းကြိုးတပ်စူး၊ မိုန်း၊ ခက်ရင်းခွ၊ အဆိပ်လက်နက်ပုန်း၊ အဆိပ်အပ်ပြောင်းနှင့် ထည့်မှုတ်ရသောမြား အစရှိသည့်လက်နက်များ ရှိသည်။

လက်နက်အမျိုးအမည် များပြားလှသဖြင့် အကုန်အစင် ရေးသားတင်ပြရန် မဖြစ်နိုင်ချေ။

ရွှေနယ်မြေတစ်ခုလုံးရှိ မြို့သူမြို့သားများအားလုံးသည် သိုင်းပညာကို လေ့ကျင့်ကြရသည်။

သိုင်းပညာလေ့ ̈ ̈ ̈ရေးသည် အားလုံး၏တာဝန် ဖြစ်သည်။

သို့သော် မြို့သူမြို့သားများမှာ သိုင်းပညာကို ထိပ်တန်းအထိ မတတ်မြောက်ကြချေ။



မတတ်မြောက်ခြင်းမှာ အခြေအနေကလည်း မပေးသောကြောင့် ဖြစ်သည်။

သူတို့ထမ်းဆောင်ရသည့် တာဝန်များမှာ များပြားလှသဖြင့် သိုင်းပညာလေ့ကျင့်ရေးတစ်ခုတည်းကိုသာ ဖောင်းပေးမလေ့ကျင့်နိုင်ကြချေ။

သိုင်းပညာ ထိပ်တန်းပေါက်မြောက် အောင်မြင်သူများမှာ နန်းတွင်းအုပ်စုနှင့် အကြီးအကဲအုပ်စုတို့သာ ဖြစ်သည်။

ယေဘူယျအားဖြင့် နန်းတွင်းအုပ်စုသည် အကြီးအကဲအုပ်စုထက် သိုင်းပညာ သာလွန်ကြသည်။

သို့သော် ...

အကြီးအကဲအုပ်စုသည် လျှို့ဝှက်သိပ်သည်းစွာ သိုသိုသိပ်သိပ် အစဉ်အမြဲကြိုးစားကြသည်။

အချို့သည် ...

နန်းတွင်းအုပ်စုထက် သိုင်းပညာ သာလွန်ခဲ့သော်လည်း ထိုသာလွန်မှုကို ဖော်မပြကြချေ။ လျှို့ဝှက်ထားကြသည်။

ထိုအချက်ကိုလည်း နန်းတွင်းအုပ်စုက သိသည်။

ထိုကြောင့် သိုင်းပညာကို ပို၍လေ့ကျင့်ကြသည်။

အကြီးအကဲအုပ်စုကို အမြဲတမ်း စောင့်ကြည့်အကဲခတ်နေသည်။

မည်သည့်အခါမျှ သိုင်းပညာနှင့်ပတ်သက်၍ အကြီးအကဲအုပ်စုကို အထင်မသေးဘဲ ရှိနေကြသည်။

ရွှေနယ်မြေတွင် သိုင်းပညာ ဆန်းစစ်ပွဲရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြောက်လတစ်ကြိမ် ဆန်းစစ်သဖြင့် အချိန်အလွန်နီးကပ်သည်ဟု ထင်ရသော် လည်း တကယ်တမ်းတွင် သိုင်းပညာချည်းသာ လေ့ကျင့်နေကြရသော ရွှေနယ်မြေတစ်ခုလုံးအတွက် နီးကပ်သည်ဟု မသတ်မှတ်နိုင်ချေ။

သူတို့အတွက် အားထားမျှော်လင့်ရန်မှာ ထိုသိုင်းပညာဆန်းစစ်ပွဲသာ ဖြစ်သည်။

သိုင်းပညာ ဆန်းစစ်ပွဲတွင် မြို့သူမြို့သားများ၏ ပြိုင်ပွဲနှင့် နန်းတွင်းသားအုပ်စုနှင့် အကြီးအကဲအုပ်စု ရောနှောပြိုင်ပွဲဟူ၍ နှစ်မျိုးနှစ်စားရှိ၏။

သိုင်းပညာဆန်းစစ်ပွဲ၌ သုံးကြိမ်ဗိုလ်စွဲသော မြို့သူမြို့သားများသည် အကြီးအကဲအုပ်စုအတွင်းသို့ ပါဝင်ခွင့်ရရှိသည်။

ထို့ကြောင့် မြို့သူမြို့သားများသည် ထိုပြိုင်ပွဲကို စိတ်ဝင်စားကြခြင်း ဖြစ်သည်။

နန်းတွင်းသားအုပ်စုနှင့် အကြီးအကဲအုပ်စု ရောနှောပြိုင်ပွဲတွင် အကြီးအကဲအုပ်စုမှ တစ်စုံတစ်ယောက်သည် ပြိုင်ပွဲတွင် ဗိုလ်စွဲပြီ ဆိုပါစို့။

ထိုသူသည် အလိုဆန္ဒရှိလျှင် အကြီးအကဲအုပ်စုမှ နန်းတွင်းအုပ်စုသို့ ပြောင်းလဲခံယူနိုင်ခွင့် ရှိလေသည်။

အကြီးအကဲအုပ်စုမှ ဗိုလ်စွဲသူများစွာ ရှိခဲ့ဖူးပါသည်။

သို့သော် ...

နန်းတွင်းအုပ်စုသို့ ပြောင်းလဲသူ အလွန်ရှား၏။

အနည်းအကျဉ်းသာ ပြောင်းလဲခံယူဖူးသည်။



အကြီးအကဲအုပ်စုသည် ဤမျှ ကျစ်ကျစ်လျစ်လျစ်ရှိပေသည်။

အကြီးအကဲအုပ်စုသည် ရွှေနယ်မြေတစ်ခုလုံးကို လက်တွေ့ကိုင်တွယ်အုပ်ချုပ်စီမံရသောလုပ်ငန်းကို လုပ်ဆောင်ရသဖြင့် ဩဇာအာဏာသည် ထိုအမျိုးအစား၏ လက်ထဲတွင်သာ ရှိသကဲ့သို့ ဖြစ်နေသည်။

ထို့ပြင် သူတို့သည် သူတို့၏တာဝန်အပေါ် ဂုဏ်ယူစိတ် ကြီးမားကြသဖြင့် နန်းတွင်း၌ ထိုင်ပြီးနေရသော အုပ်စုကို စိတ်မဝင်စားကြတော့ချေ။

ဤကား ...

ရွှေနယ်မြေအတွင်းရှိ အလွှာသုံးလွှာ၏ အခြေအနေတည်း။

တောင်တင်းရယ်၏ရှင်းလင်းပြမှုကြောင့် ကွမ်ယုနှင့်ဟန်ရှင်တို့သည် ရွှေနယ်မြေ၏ အကြောင်းများကို သိတန်သမျှ သိခွင့်ရကြလေ၏။

◈◈◈

www.burmeseclassic.com

www.burmeseclassic.com



## (၃၈)

တောင်တင်းရယ်က ...

"ရှင်တို့ လိုအပ်ချက်ရှိရင် ကျွန်မကို ပြောပါ၊ ကျွန်မ စီစဉ်ပေးပါ့မယ်၊ အခု ရှင်တို့လိုအပ်နေတာကတော့ ဝမ်ကျစ်ပဲ"

ဝမ်ကျစ်သည် မြို့သူမြို့သားများ၏ အကြီးအကဲ ဖြစ်သည်

သူသည် ကွမ်ယုတို့အတွက် အစားအသောက်များ၊ အဝတ်အထည်များကို စီစဉ်ပေးမည့်သူ ဖြစ်လေ၏။

"ကဲ ... ကျွန်မတို့ နက်ဖြန်ကျမှ တွေ့ကြတာပေါ့၊ အဲဒီအခါမှာ လိုအပ်ချက်တွေ ပေါ်လာရင်လည်း ကျွန်မကို ပြောပြပေါ့၊ ကျွန်မ သွားမယ်"

တောင်တင်းရယ်သည် ကွမ်ယုနှင့် ဟန်ရှင်တို့ကို နှုတ်ဆက်ထွက်ခွာသွား၏။

ကွမ်ယုနှင့်ဟန်ရှင်တို့မှာ ရွှေအိမ်ကလေး၌ နားနားနေနေ နေထိုင်ခွင့် ရရှိကြလေပြီ။

တောင်တင်းရယ် ထွက်ခွာသွားသောအခါ ကွမ်ယုနှင့် ဟန်ရှင်တို့မှာ တစ်ဦးမျက်နှာတစ်ဦး မကြည့်ဝံ့ကြတော့ပေ။

သူတို့သည် မျက်နှာချင်းလွှဲ၍ တစ်ဦးနှင့်တစ်ဦး ခပ်ကွာကွာ နေထိုင်ကြလေ၏။

ဤသို့ဖြစ်ရခြင်းမှာ နန်းတော်တွင်း၌ သူတို့နှစ်ဦး လက်ထပ်မည်ဟု ကွမ်ယုက ကြေညာလိုက်သောကြောင့် ဖြစ်ပေသည်။



ရွှေအိမ်ကလေးမှာ အလွန်သေးငယ်၏။ နှစ်ဦးသားအတွက် နေသာရုံသာ ရှိသည်။ အိပ်ခန်းက တစ်ခန်းတည်းရှိပြီး ဧည့်ခန်းကလည်း တစ်ခန်းတည်း ရှိသည်။ အခန်းနှစ်ခုစလုံး ခပ်ကျဉ်းကျဉ်းပင်။

ကွမ်ယုနှင့်ဟန်ရှင်တို့မှာ အမှန်တကယ် တိတိလင်းလင်း ချစ်ခင်နေသူများ ဖြစ်နေလျှင်တော့ ဤရွှေအိမ်ကျဉ်းကျဉ်းကလေးကို ကျယ်ဝန်းမည်ဟုပင် ထင်နေလိမ့်မည်။

ယခုမှာ ကွမ်ယုမှာ မိန်းကလေးများကို သာမန်မျှသာ စိတ်ဝင်စားသူဖြစ်၍ ဤအိမ်မှာ မူလအခြေအနေအတိုင်းပင် ဖြစ်နေတော့သည်။

မလွှဲမကင်းသာသော အခြေအနေအကြောင်းကြောင့် ဘုရင်မင်းမြတ်ရှေ့၌ ဟန်ရှင်ကို လက်ထပ်ယူမည် သူ့ကြင်ယာလောင်းဟု ကြေညာခဲ့ရသော်လည်း ဟန်ရှင်၏ စိတ်ထဲ၌ မည်သို့ရှိနေမည်မှန်း ကွမ်ယု မသိရှိခဲ့ချေ။

ယခု နှစ်ဦးတည်းရှိနေသောအခါ၌ ထိုပြဿနာသည် ကွမ်ယု၏ ဦးခေါင်းထဲသို့ ဆောင့်တက်လာတော့၏။ ရင်ဝတစ်ခုလုံး တဒိန်းဒိန်း မြည်ဟည်းလာသည်။ အသက်ရှူမဝနိုင်ဘဲ မောဟိုက်လာသည်။

ဟန်ရှင်ထံမှ ချောင်းဟန့်သံ ထွက်ပေါ်လာပြီး ...

"အစ်ကို"

ဟန်ရှင်၏အသံကလည်း ခြောက်ကပ်ကပ်ပင်။

"ဟင် ... ဟန်ရှင်၊ အစ်ကို့ကို ခေါ်သလား"

ကွမ်ယုကလည်း တစ်ဆို့ဆို့ပင် ပြန်မေးသည်။

"အစ်ကို ဘာဖြစ်နေတာလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဟို ... ဘာမှမဖြစ်ပါဘူး။ အစ်ကိုစဉ်းစားနေတာက ညအိပ်ဖို့ပါ"

"အို ..."

ဟန်ရှင်ထံမှ ရှက်ရွံ့ထိတ်လန့်သော အသံ ထွက်လာသည်။ ကွမ်ယုက ပျာပျာသလဲရှင်းပြသည်။

"မဟုတ်ပါဘူး ... မဟုတ်ပါဘူး ... ညအိပ်တဲ့အခါမှာ အစ်ကိုက အရှေ့ဘက်ဧည့်ခန်းမှာ အိပ်မယ်လို့ စဉ်းစားတဲ့အကြောင်း ပြောတာပါ"

ဟန်ရှင်ကလည်း ...

"အစ်ကိုရယ် ဒါကမခက်ပါဘူး၊ ညီမ ထွက်အိပ်လည်း ဖြစ်ပါတယ်"

"မဟုတ်တာ ... ညီမက မိန်းကလေးပဲ အိပ်ခန်းထဲမှာ အိပ်ပါ၊ အစ်ကိုက ယောကျ်ားကလေးပဲ ... ဧည့်ခန်းမှာ အိပ်မှာပေါ့"

"ဪ ... ဒါနဲ့ အစ်ကို့ကို တစ်ခုမေးရဦးမယ်"

"မေးလေ ညီမ ... ဘာကိုမေးမှာလဲ"

"ဘုရင်မင်းမြတ်ရှေ့မှာ အစ်ကို ပြောခဲ့တဲ့စကားဟာ အစ်ကို့ စိတ်ထဲက အစ်ကို့ဆန္ဒကို ပြောလိုက်တာလားဟင်"

ကွမ်ယုက သူ့ကို ဟန်ရှင် စိတ်ဆိုးနေပြီထင်ကာ ပျာပျာသလဲ ရှင်းပြသည်။

"အဲဒီအတွက် ညီမ စိတ်ဆိုးနေမယ်လို့ အစ်ကိုထင်ပါတယ်၊ အစ်ကိုကလည်း မလွှဲမရှောင်သာလို့ ပြောလိုက်ရတယ်၊ ညီမရဲ့ ဂုဏ်သိက္ခာကို ထိခိုက်တဲ့အတွက် အစ်ကို တောင်းပန်ပါတယ်၊ ဘုရင်မင်းမြတ်ရှေ့မှာ အဲဒီစကားကိုမပြောရင် ညီမနဲ့အစ်ကို လက်ချင်းထိလို့



ရမှာ မဟုတ်ဘူး"

ဟန်ရှင်က သက်ပြင်းချလိုက်သည်။

"တောင်းပန်ဖို့ မလိုပါဘူး အစ်ကိုရယ်၊ ညီမက စိတ်လည်း မဆိုးပါဘူး၊ ညီမ သိချင်တာက အစ်ကို့ရင်ထဲက ... ကဲပါလေ ဒါတွေ ထားလိုက်ပါတော့၊ အခု အစ်ကို မဆာဘူးလားဟင်"

ဟန်ရှင်၏စကားအဆုံးတွင် တံခါးခေါက်သံ ပေါ်လာလေသည်။

'ဒေါက် ... ဒေါက် ... ဒေါက်'

ဟန်ရှင်က တံခါးကို သွားရောက်ဖွင့်ပေးလိုက်လေသည်။

တံခါးဖွင့်လိုက်သောအခါ ခေါင်းတုံးပြောင်အောင် ရိတ်ထားသော လူဝ ကြီးတစ်ဦးကို မြင်တွေ့လိုက်ရလေသည်။

သူ့နောက်တွင် အစားအစာများ ထည့်ထားသည့် လင်ပန်းကိုကိုင်ထားသည့် အမျိုးသမီးတစ်ဦးနှင့် အဝတ်အစားများကို ပွေ့ပိုက်ယူလာသည့် ကလေးမငယ်တစ်ဦးကို တွေ့ရှိရလေသည်။

ခေါင်းတုံးပြောင်ပြောင်လူဝကြီးက ဦးညွှတ်ဂါရဝပြုလိုက်ပြီး ...

"ကျွန်တော်ဟာ မြို့တော်သူ မြို့တော်သားများရဲ့ အကြီးအကဲ ဝမ်ကျစ်ဖြစ်ပါတယ်၊ မိတ်ဆွေတို့နှစ်ဦးအတွက် အစားအသောက်နဲ့ အဝတ်အစားတွေ စီစဉ်ပေးဖို့အတွက် ကျုပ်ရောက်ရှိလာခြင်းဖြစ်ပါတယ်၊ ဒီမှာ အစားအသောက်အတွက်လည်း ဘာမှမပူရပါဘူး။ အဝတ်အစားအတွက်လည်း ဘာမှမပူရပါဘူး။ အားလုံးအပြည့်အစုံရှိပါတယ်"

ကွမ်ယုသည် တောင်တင်းရယ်က ရှင်းပြထားသဖြင့် ကွမ်ယု

www.burmeseclassic.com

www.burmeseclassic.com



နယ်မြေ၏ရိုက္ခာအခြေအနေနှင့် အဝတ်အထည်များ အခြေအနေကို အားလုံးသိပြီးလေပြီ။

သို့သော် သူသည် တည်ငြိမ်စွာ နားထောင်နေလေ၏။

ဝမ်ကျစ်က ဆက်ပြောသည်။

"အခု ကျုပ်နဲ့ပါလာတာကတော့ ရှန်ချီအကြီးနဲ့ ရှန်ချီအငယ် ဖြစ်ပါတယ်၊ နောက်ရက်များမှာ သူတို့ဟာ မိတ်ဆွေတို့နှစ်ဦးကို သူတို့က ကူညီကြမှာဖြစ်ပါတယ်၊ မိတ်ဆွေတို့ လိုအပ်သမျှကိုပြောပါ၊ သူတို့ စီစဉ်ပေးကြပါလိမ့်မယ်"

ဟန်ရှင်က ဖိတ်ခေါ်လိုက်သည်။

"အထဲကို ဝင်ထိုင်ပါဦးလားရှင့်"

သူမ ဖိတ်ခေါ်၍သာ ဖိတ်ခေါ်လိုက်သည်။

ဝမ်ကျစ်ခေါ် လူဝကြီးသာ အိမ်ထဲသို့ဝင်ခဲ့လျှင် ဧည့်ခန်း တစ်ခုလုံး သူနှင့်သာ ပြည့်နေပေလိမ့်မည်။

ဝမ်ကျစ်က သိသည်။ သူသည် ဟက်ဟက်ပက်ပက် ရယ် မောရင်း ...

"ကျုပ် မထိုင်တော့ပါဘူးဗျာ၊ ကျုပ်က သိပ်အလုပ်များပါ တယ်၊ ဒါကြောင့် ကျုပ်ကို ခွင့်ပြုပါဦး။ ရှန်ချီတို့က မိတ်ဆွေတို့ လိုအပ် တာတွေကို ဆက်လက်လုပ်ကိုင်ပေးကြပါလိမ့်မယ်၊ အကယ်၍ ..."

သူသည် ရှန်ချီတို့အား တစ်ချက် လှည့်ကြည့်လိုက်သည်။

"အကယ်၍ ရှန်ချီတို့ရဲ့ ဆောင်ရွက်ချက်အပေါ် မကျေနပ် တာများ ရှိခဲ့ရင် ကျုပ်ကို တိုင်ကြားနိုင်ပါတယ်၊ ကဲ ... ကျုပ်ကို ခွင့် ပြုပါဦး"

သူသည် ဦးညွတ်ပြီးနောက် ချာခနဲ လှည့်ထွက်သွားလေ



တော့သည်။

ချန်ချီအကြီးနှင့်အငယ်တို့ကား သေးကွေးကြလှ၏။ သူတို့သည် ဧည့်ခန်းအတွင်းသို့ ဝင်ရောက်လာကြလေ၏။ ရှန်ချီအကြီး သည် စားပွဲပုကလေးကို ရွှေ့လိုက်သည်။ ထို့နောက် စားစရာသောက် စရာ လင်ပန်းကိုတင်သည့် အစားအသောက်များကို ပြင်ဆင်နေချိန်၌ ရှန်ချီအငယ်သည် အိပ်ခန်းတွင်းသို့ဝင်ကာ ပါလာသည့် အဝတ် အထည်များ၊ အိပ်ရာခင်းများ၊ စောင်များကို နေရာတကျ ချထား ပေးလေတော့သည်။

အတန်ကြာသောအခါ အိပ်ရာခင်းကျင်းသည့်လူလည်း ပြီး စီး အစားအသောက်ပြင်ဆင်သည့်လူလည်း ပြီးစီးသည်ဖြစ်၍ ရှန်ချီ တို့သည် ကွမ်ယုတို့ကို အရိုအသေပြု နှုတ်ဆက်၍ ထွက်ခွာသွားကြ လေသည်။

ဟန်ရှင်က အစားအသောက် စားပွဲထိုးကို မျက်စပစ်ပြီး ကွမ်ယုအား လှမ်းပြောလေသည်။

"အစ်ကို ... ဘာကို စောင့်နေတာလဲ"

ကွမ်ယုသည် ရယ်မောလိုက်သည်။

"ညီမလည်း ဆာနေပြီ၊ အစ်ကိုလည်း ဆာနေပြီ၊ သေရမယ့် ကိန်းဆိုက်နေတုန်းကတော့ ဆာရကောင်းမှန်း မသိဘူး။ အခုတော့ ဗိုက်တကြုတ်ကြုတ် ဖြစ်နေပြီ ... စားကြစို့"

သူတို့နှစ်ယောက်သည် အစားအသောက်များကို အားပါး တရ စားသောက်ကြတော့သည်။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



## (၃၉)

"အစ်ကို ... အစ်ကိုက ညီမကို ရင်ခွင်ထဲ ပွေ့ထားတာ တကယ်စိတ်ပါလို့လားဟင်၊ အခြေအနေအရ ဟန်ဆောင်ပွေ့ဖက်တာများလားဟင်"

ကွမ်ယုက မည်သည့်စကားမှ မပြောဘဲ တိုး၍သာဖက်၏။

ဟန်ရှင်သည် သူမ၏မျက်နှာကို ကွမ်ယု၏ရင်ဘတ်ထဲတွင် ဝှက်ထားလိုက်ရသည်။

ဟန်ရှင်သည် ကွမ်ယုကို တင်းတင်းကျပ်ကျပ် ပြန်ဖက်လိုက်ရာ ကွမ်ယုမှာ ပျောက်သွားတော့သည်။

သူမသည် အမှောင်ထုကို ဖက်မိလျက်သား ဖြစ်နေလေ၏။

"အစ်ကို ... အစ်ကို"

သူမ၏နှုတ်မှ ကျယ်လောင်စွာ အသံထွက်သွားသည်။

"ညီမ ဘာဖြစ်တာလဲ၊ ညီမ ... ညီမ ... အစ်ကို့ကို ခေါ်သလား"

ဧည့်ခန်းအတွင်းမှ ကွမ်ယု၏အသံသည် ထွက်ပေါ်လာလေသည်။

ဟန်ရှင်သည် သူမ ဘာဖြစ်ခဲ့သနည်းဟု ပြန်လည်စဉ်းစားကြည့်သည်။

အမှန်မှာ ...



သူမသည် တစ်ဦးတည်း အိပ်ခန်းထဲတွင် အိပ်နေရင်း အိပ်မက်မက်ခဲ့ခြင်းသာ ဖြစ်လေသည်။

အိပ်မက်ထဲတွင် ကွမ်ယုသည် သူမကို ပွေ့ဖက်ထားခဲ့၏။

ထို့နောက် ကွမ်ယုသည် ပျောက်ကွယ်သွားသည်။

သူမ၏ အထိအတွေ့မှာ အိပ်မက်သာလျှင် ဖြစ်နေတော့သည်။ ကွမ်ယုသည် ဧည့်ခန်းတွင် အိပ်သည်။ သူမက အတွင်းခန်းတွင် အိပ်သည်။ သူမနှင့်ကွမ်ယုသည် တစ်ခန်းစီ ခွဲအိပ်ကြသည်။

ယခု အိပ်နေရာမှ လန့်နိုးပြီး အစ်ကို ... အစ်ကို ... ဟု ယောင်ယမ်းခေါ်နေသည်။ ကွမ်ယုက ...

"ညီမ ... ညီမ ... ဘာဖြစ်သလဲ၊ ခုနက အစ်ကို့ကို လှမ်းခေါ်နေတယ် မဟုတ်လား"

စိုးရိမ်တကြီး အသံပြုနေသော ကွမ်ယု၏အသံကို ဟန်ရှင် ကြားရသည်။

ဟန်ရှင်က ဘာပြန်ပြောရမည်မှန်းမသိ ဖြစ်သွားသည်။

အဖြစ်မှန်ကို သူမ ပြန်မပြောပြနိုင်ပေ။

မည်မျှရှက်စရာ ကောင်းလေမည်နည်း။

ရုတ်တရက် ဟန်ရှင် အကြံရသွားသည်။

"အစ်ကို ... ညီမကို တစ္ဆေခြောက်လို့ပါ၊ ညီမကြောက်သွားပြီး အစ်ကို့ကို လှမ်းခေါ်မိတာပါ"

ကွမ်ယုက ...

"ဟုတ်ရဲ့လား ညီမရယ်၊ ညီမ အိပ်မက်မက်ပြီး ယောင်နေတာများလား"

www.burmeseclassic.com

www.burmeseclassic.com



ကွမ်ယု၏စကားကို ကြားလိုက်ရသောအခါ ဟန်ရှင် ရင်ဖို သွားသည်။ ဟန်ရှင်က ရင်ကလေးကိုဖိရင်း ...

"မဟုတ်ပါဘူး။ တစ္ဆေခြောက်တာပါ ... ဖြူဖြူကြီး၊ ညီမ ခုတင်အောက်က ထွက်လာတာ"

"အခု အဲဒီတစ္ဆေဖြူကြီး ရှိသေးသလား"

"အခုတော့ မရှိတော့ပါဘူး"

"ညီမကြောက်ရင် အပြင်ထွက်ခဲ့လေ"

"အို ... အစ်ကိုကလည်း ညီမ ကြောက်လို့ပါဆိုနေမှ ခုတင် အောက်ကိုတောင် ညီမ မဆင်းရဲဘူး"

"ဒီလိုဆိုရင် အစ်ကိုဝင်ခဲ့မယ်"

မကြာမီ အခန်းတံခါးပွင့်လာပြီး လက်ဆွဲမီးအိမ်ကလေးကို ကိုင်မြှောက်ဝင်လာသော ကွမ်ယုကို တွေ့ရလေ၏။

သူ့မျက်လုံးများက ဟန်ရှင်ကို မကြည့်ချေ။

တစ္ဆေဖြူကြီး ထွက်လာသည်ဆိုသော ခုတင်အောက်သို့သာ ကြည့်နေပါသည်။ သူသည် တစ္ဆေဖြူကြီးကို ရှာလို၍ မဟုတ်ပါ။ ဟန်ရှင်ကို မကြည့်ရဲ၍သာ ဖြစ်ပါသည်။

"ညီမ အခန်းထဲမှာ မအိပ်ရဲရင် အပြင်ဧည့်ခန်းမှာထွက်အိပ် လေ"

ကွမ်ယုက ဆက်ပြောလိုက်သည်။

"အပြင်ဧည့်ခန်းမှာတော့ ဘာတစ္ဆေမှ မရှိတာ သေချာတယ်၊ အစ်ကို ဒီအခန်းထဲမှာ စောင့်အိပ်ပေးမယ်၊ ဒီလောက် အိမ်ကျဉ်းကျဉ်း လေးထဲမှာ ဘယ်က တစ္ဆေများ ဝင်နေပါလိမ့်"



ဟန်ရှင်မှာ ငိုအားထက် ရယ်အားသန်မိချင်တော့သည်။ ကွမ်ယု၏အတွေးကို မဲ့ပြုံးပြုံးမိလေ၏။

"အစ်ကိုစောင့်အိပ်နေတုန်း တစ္ဆေက ကုပ်ချိုးသွားမှာ အစ်ကို မကြောက်ဘူးလား"

"ဟား ... ဟား ... ဟား"

ကွမ်ယုက အားရပါးရ ရယ်မောလေ၏။

"အစ်ကို ဘာကိုရယ်တာလဲ"

"ညီမက ကလေးတွေး တွေးနေတာကိုး။ ဘယ်တုန်းက တစ္ဆေက ကိုယ်ထိလက်ရောက် လူတွေကိုသတ်ဖူးလို့လဲ၊ တစ္ဆေ ခြောက်တာပဲ ကြားဖူးတာပါ၊ တစ္ဆေသတ်တာကို မကြားဖူးကြပါဘူး။ တစ္ဆေဟာ သူ့ကိုမကြောက်တဲ့လူဆိုရင် သူက ကြောက်သွားရော"

"အစ်ကိုက မဟုတ်တာ ပြောရှော့မယ်၊ ညီမတော့ ကြောက် တယ်၊ ဖြူဖြူကြီး ခုတင်အောက်က ထွက်လာတာ၊ နောက်ပြီး ပျောက်သွားရော"

"အစ်ကိုကတော့ ဘယ်တစ္ဆေကိုမှ မကြောက်ဘူး။ တစ္ဆေ တွေ့ရင် အစ်ကိုက သူ့ကိုပြန်ဖမ်းလိုက်မှာပဲ၊ လူလူချင်းတောင် အစ်ကိုက မကြောက်တာ တစ္ဆေဆိုရင် ပိုပြီးတောင် မကြောက်သေး တာပေါ့။ ကဲ ... ညီမ ဒီအခန်းထဲမှာ အိပ်ရတာကို ကြောက်တယ် မဟုတ်လား။ ဒီလိုဆိုရင် အပြင်ထွက်အိပ်တော့၊ မှန်အိမ်လည်း ထွန်း ပေးထားမယ်၊ အစ်ကိုကတော့ ဒီတစ္ဆေဆိုတဲ့ကောင်ကိုတွေ့ရင် ဖမ်းပြီး မနက်ကျမှ အရက်နဲ့ ကောင်းကောင်းမြည်းပစ်လိုက်ဦးမယ်"

ဟန်ရှင်သည် မသိမသာ သက်ပြင်းကို ခိုးချလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုက မဟုတ်တာ ပြောရှော့မယ်"

"အစ်ကိုက မဟုတ်တာပြောတာ မဟုတ်ဘူး။ ညီမစောင့်ကြည့်နေ၊ မနက်ကျရင် အစ်ကို ဘယ်တစ္ဆေကိုမှ ဖမ်းထားနိုင်မှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ တစ္ဆေကကြောက်နေပြီလေ၊ သူ့ကို ဖမ်းမယ့်သူ အခန်းထဲရောက်နေပြီဆိုတော့ သူ ပြေးပြီပေါ့"

ကွမ်ယုသည် ပြောပြီး ရယ်နေလေ၏။

ဟန်ရှင်သည် အခန်းပြင်သို့ထွက်ကာ အခန်းထောင့်အိပ်ရာခင်းပေါ်သို့ လှဲချအိပ်စက်လိုက်ရသည်။

ကွမ်ယုသည် အခြားသော လူမှုရေးရာကိစ္စများတွင် အကင်းပါးသလောက် အချစ်ရေး မေတ္တာရေးတွင်မူ အရိပ်ပြ အကောင်မထင်တတ်သူဖြစ်နေချေသည်တကား။

ဟန်ရှင်၏ သူ့အပေါ် တိမ်းညွတ်မှုများကို ကွမ်ယုသည် အကောင်းမထင်တတ်ခဲ့ချေ။

တစဉ် (၃) ပြီး၏။

တစဉ် (၄) ကို ဆက်လက်ပတ်ရှုပါရန်။

တက္ကသိုလ်နေလင်းအောင်

BURMESE CLASSIC .com

www.burmeseclassic.com